www.burmeseclassic.com



www.burmeseclassic.com


# လမင်းမိုမို

## ချစ်သူချန်ထားရစ်သောရုပ်ကြွင်းပုတ္တာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၄၄၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၂၂၀၁၀၉

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၁၈၈၇) [illegible] စာပေ
အမှတ်(၅၉), ၃၄ လမ်း၊ [illegible]မြို့နယ်၊
ရန်ကုန်၊

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၄) [illegible] OFFSET
အမှတ်(၅၉), (၁၃)လမ်း၊ ရန်ကုန်၊


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေး[illegible] အခြေခံ၍ [illegible] စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်[illegible]ည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို




စိစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## "နှင်းဆီတင်"

ရုံးခန်းထဲကိုမို့ သူဝင်လာပြီဆိုလျှင် နှစ်လက်မ ဒေါက်ဖိနပ်မှ မြည်တဲ့အသံ တခွပ်ခွပ်သည် စည်းချက်ကျနလွန်း၍ ကြားရတဲ့လူတိုင်းဟာ အလိုအလျောက်ပင် "တစ် … နှစ် … သုံး … လေး"စသဖြင့် ခွာသံဆုံးတဲ့အထိ လိုက်လံရေတွက်မိကြသည်။ သူတို့ရဲ့ဘော့စ် "မမနှင်းဆီ"ဟာ ဒေါက်ဖိနပ်တစ်ရံ ဝယ်ပြီးလျှင် ဒေါက်ရဲ့အခြေလေးမှာ တပ်ဆင်ထားတဲ့ ရာဘာ သို့မဟုတ် ကော် သို့မဟုတ် ဖိုင်ဘာလို အသားတစ်မျိုးမျိုးမှာ "ခွာ"ကလေးကို ခွာပစ်ပြီး အောက်က သံချောင်းများပေါ်အောင် အမင်တကာ ဖော်ထားသလားရယ်လို့ အလစ်မှာ ဒေါက်ဖိနပ်ကို အောက်လှန်ကြည့်မိလုအောင် ထိုတခွပ်ခွပ်သံက အရာရောက်လှသည်။

အသက်သုံးဆယ့်ရှစ်နှစ်လို့ သူတို့အားလုံးသိထားတဲ့ နှင်းဆီတင်ဟာ အပျိုကြီးပီပီ ရှိရင်းစွဲအသက်ထက်တော့ နုနေသိပါ

www.burmeseclassic.com



သည်း လှပသော ကိုယ်လုံးကိုယ်ပေါက်နှင့် တင်ပါးကြီးကြီးများဟာ သူ့ အမြဲဝတ်ဆင်တဲ့ မြန်မာဆန်ဆန် ရင်စေ့ရင်ဖုံးအင်္ကျီလက်စကလေးတို့နှင့် အင်မတန် တင့်တယ်လိုက်ဖက်လှပါသည်။

မျက်နှာတင်းတင်း မာနကြီးကြီးနှင့် တော်ရုံတန်ရုံယောကျ်ား သူ့လောက်မှ တော်တဲ့ မထင်လှပုံဟာ တောက်ပနေတဲ့ မျက်ဝန်းများထဲ အစိုးပွားယှ်ဖော်ဆောင်နေပါသည်။ ဝန်ထမ်းတွေထဲမှာတောင် ယောကျ်ားနှင့်မိန်းမတို့တွင် မိန်းကလေးများကိုသာ ပိုပြီးအရေးပေးတတ်၍ ယောကျ်ားလေးတွေဟာ ပိုပြီးအချောမာန်အကြိမ်းမောင်းခံရတတ်ရာ အမျိုးသားဝန်ထမ်းတို့မှာ ဒေါ်နှင်းဆီတင်ကို ရွံ့ရှိန်ထိတ်လန့်ကြရမြဲ။

ယောကျ်ားမုန်းဝါဒီလို့ ထင်ရလောက်ပြီး ဒီအသက်အရွယ်ရောက်တဲ့တိုင် ဒီအသက်အရွယ်နှင့် လိုက်ဖက်တဲ့ အိမ်ထောင်ဖက်လောင်းလျာ အတော်များများရဲ့ ကမ်းလှမ်းတောင်းဆိုမှုတွေကို ခံယူနေရဆဲ ဖြစ်သော်လည်း ဘယ်လောက်ကောင်းမွန်ပြည့်စုံနေတဲ့ ယောကျ်ားမျိုးကိုဖြစ်စေ ...

"ကျွန်မ စိတ်မဝင်စားသေးပါဘူး" လို့ ယဉ်ယဉ်ကျေးကျေး ယတိပြတ်ငြင်းချတတ်တဲ့သူ ဖြစ်လေရာ မရတာကိုမှ ပိုတန်ဖိုးထားတတ်သော ခက်ခက်ကိုမှ လိုချင်သူ ယောကျ်ားသားတို့ဟာ နှင်းဆီတင် နံဘေး ခုထိ ထွန့်ထွန့်လူးလူး ယောက်ယက်ခတ်နေကြဆဲ။





တစ်နည်းအားဖြင့်တော့ ဒီအသက် ဒီအရွယ်ရောက်တဲ့တိုင် နှင်းဆီတင်ရဲ့ခေတ် မကုန်သေးလို့ ဆိုရမှာဖြစ်ပါသည်။

❋ ❤ ❋

"ခွပ် ... ခွပ် ... ခွပ် ... ခွပ် ..."

အပြင်ဘက်စကြြတစ်လျှောက် မှန်မှန်ထွက်ပေါ်လာတဲ့ ဒေါက်ဖိနပ်သံကြားလျှင် ရုံးခန်းထဲက ဝန်ထမ်းမလေးတို့ဟာ ...

"မမ လာပြီ"

"မမ လာပြီဟေ့"

တစ်ယောက်ကိုတစ်ယောက် တစ်ဆင့်ပြီးတစ်ဆင့် သတင်းစကားပါးကြလျှင် နှင်းဆီတင်ရဲ့အတွင်းရေးမှူးမလေးဖြစ်သော ရွှေဝါသည် အပြေးအလွှားနှင့် တံခါးမကြီးအပေါက်ဝသို့ အရောက်ဆီးကြိုကာ နှင်းဆီတင် လက်ထဲမှ သတင်းစာလောက်အရွယ် တုံးလုံးသားရေအိတ် အညိုရင့်လေးကို လက်ကမ်းယူလိုက်ပါသည်။

မတ်တတ်ရပ်သော ဦးညွှတ်သော ဝန်ထမ်းများတို့ကို ခေါင်းလေးတညိတ်ညိတ်နှင့် ချောမွန်နေသော မျက်နှာတည်တည် ကိုယ်လုံးအိအိကလေးနှင့် နှင်းဆီတင်ရဲ့သွင်ပြင်က ေ ကြည့်ချင်စရာ ကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ရုံးခန်းထဲက သူ့ရဲ့စားပွဲနောက်မှာ နှင်းဆီ တင် ဝင်ထိုင်မိပြီးလျှင် ...

"ဒီနေ့ ဘာတွေရှိတုန်း ရွှေဝါ"

"မနက်ပိုင်းက လှိုင်သာယာဘက် သွားရပါမယ် 'မမ၊ အသစ်ထုတ်တဲ့ အချိုရည်ဘူးတွေ ဒီနေ့ မမကိုယ်တိုင်လာ ပြီး စစ်ဆေးညွှန်ကြားမယ်လို့ စက်ရုံမန်နေဂျာကို ပြောထား ပါတယ်"

"ဟိုတစ်ရက်က ရေသန့်ဘူးကြီးတွေရဲ့ ကွန်ပလိန်ပြဿနာ က ပြီးသွားပြီလား"

"အဆင်ပြေသွားပါပြီ၊ မနေ့က မန်နေဂျာ ကိုမျိုးမင်း နှုတ်ကလည်း ရှင်းပြသွားပါတယ်၊ ဒီမှာ စာနဲ့လည်း ဖြစ် စဉ်ရေးတင်သွားပါတယ်၊ စက်ရုံဘက်အမှား မဟုတ်ပါဘူး မမ"

"အင်း ... ကောင်းတယ်၊ နောက်ကော"

"မွန်းလွဲနှစ်နာရီမှာ ယိုးဒယားဘက်က အထည်ကိုယ်စား လှယ်နဲ့ စာချုပ်ချုပ်ဖို့ ရှိပါတယ်"

"လစဉ်ပုံမှန် (...)ယူဖို့ လက်ခံလား"

"လက်ခံထားပါတယ် မမ"

"ဘယ်လိုနေလဲ၊ အဲဒီအန်တီကြီးနဲ့ ဆက်ဆံရတာ"

"မဆိုးပါဘူး မမ"



"တို့တော့ နှစ်နှစ်ပဲ အလွန်ဆုံး ချုပ်ချင်တယ်၊ သူတောင်း သလောက် လေးနှစ်တော့ မချုပ်ချင်ဘူး၊ အဲဒီအန်တီကြီး က ကြေးထူလွန်း အပြစ်ရှာလွန်းတယ်၊ 'လွန်မွန်'နဲ့လုပ်ရ တုန်းက စိတ်ချမ်းသာတယ်၊ ဘယ်တတ်နိုင်မလဲလေ၊ လွန်မွန်ကလည်း မိုက်တာကိုး၊ လောင်းကစားသွားဖက် တာကိုး၊ စီးပွားပါ ပျက်တဲ့အထိပဲ၊ ရွှေဝါ အဲဒီအန်တီကြီး ကို လေးနှစ်တော့ မချုပ်ဘူးဆိုတာ ကြိုပြောထားဦး၊ အဆင်ပြေရင်တော့ နှစ်နှစ်တစ်ကြိမ် စာချုပ်သွားတာပေါ့"

"ဟုတ်ကဲ့"

"တခြားရော"

"မမ ... ဒီရုံးမှာပဲ အချိုရည်အတွက်က Department တစ်ခု အသစ်ခွဲပြီး ဝန်ထမ်းလေးဦးလောက် အသစ်ထပ် ခန့်မယ် ပြောထားတာ ရှိပါတယ်၊ အဲဒီကိစ္စ စီစဉ်မယ်ဆို ရင် စီစဉ်ဖို့အချိန်ပါ မမ"

"ဒီနေ့ လှိုင်သာယာသွားရင်း စက်ရုံမန်နေဂျာနဲ့လည်း ညှိ ကြည့်ဦးမယ်၊ သူ့ဘက်ကို ထပ်ဖြည့်ပေးဖို့ လူမလိုဘူးဆို ရင် နှစ်ယောက်လောက်ပဲ ခန့်တော့မယ်၊ Account အတွက် တစ်ယောက်၊ General တစ်ယောက်ပေါ့၊ ဒီမှာလည်း နေရာက သိပ်ရှိတော့တာ မဟုတ်ဘူး"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှိသေးလဲ"

"ဒါကတော့ မနေ့က စာအဝင်တွေပါ မမ"

ရွှေဝါက စာအိတ်တစ်ထပ်ကို နှင်းဆီတင်ရှေ့ ထိုးပေးရင်း ...

"ဒါက စက်ရုံမန်နေဂျာရဲ့ Report ၊ ဒါက ဖိတ်စာတစ်စောင်ပါ၊ လုပ်ငန်းရှင် အစည်းအဝေးတစ်ခုပါ၊ ဒါက ကုမ္ပဏီဖွင့်ပွဲ ဖိတ်စာတစ်ခုပါ မမ၊ ဒါက ကျန်းမာရေးဝန်ကြီးဌာနနဲ့ FDA က နှိုးဆော်စာတွေပါ၊ ဒါကတော့ Personal စာဖြစ်နေလို့ ရွှေဝါ ဖောက်မထားပါဘူး မမ"

"Personal ?"

"ဟုတ်ကဲ့၊ စာအိတ်ကလည်း အဝါနု၊ Address က ကွန်ပျူတာရိုက်ထားတာမျိုး မဟုတ်ဘဲ လူလက်ရေး၊ နောက်မှာပေးပို့သူအမည်လည်း မပါဘူးဆိုတော့ Personal စာပဲထင်လို့ပါ"

"ကောင်းပြီ၊ ရွှေဝါ လုပ်စရာရှိတာ လုပ်တော့"

"မနက်က မမဖုန်း မဖွင့်သေးလို့ဆိုပြီး ကိုစည်သူအောင်ဆီကဖုန်း ဒီကိုလာပါတယ်၊ ဒီညနေ ညနေစာ ..."

"ရွှေဝါပဲ ဖုန်းပြန်ဆက်လိုက်ပါ၊ တို့ ဒီညနေမအားပါဘူးလို့"

"ဟုတ်ကဲ့ပါ"





ရွှေဝါက ခေါင်းညွတ်ကာ နှင်းဆီတင်ရဲ့အခန်းထဲမှ ထွက်ခွာသွားပါသည်။ ဂျပ်ခနဲ တံခါးစေ့သံကြားပြီးမှ နှင်းဆီတင်က စာအိတ်ဝါကို ကောက်ကိုင်လိုက်ပါသည်။ Personal စာဆိုတာက ဘာလဲ။ ကိုယ့်ဆီ စာရေးမယ့်သူမှ လောကမှာမရှိတာ။ ဘာလဲ ... ရည်းစားစာလား။ အဟား ...။

နှင်းဆီတင်က နှုတ်ခမ်းတစ်ဖက် တွန့်ရုံရယ်ရင်း စာအိတ်ကို ထောင်ကိုင်ကာ လိပ်စာကို ဖတ်လိုက်ပါသည်။

"ဟင်"

"ဒေါ်နှင်းဆီတင်

Managing Director ...

နှင်းဆီတင် ကုမ္ပဏီလီမိတက်၊

အမှတ်(...)၊ (... ... ...)လမ်း၊ ရန်ကုန်မြို့"

လိပ်စာက သူ့ရဲ့ဇစ်ဇစ်တင်းကတ်ထဲက အတိုင်းပင်။ လူကိုတုန်လှုပ်သွားစေတာက လက်ရေး။ ဒီလက်ရေး။ ဒီလက်ရေးကို နှင်းဆီတင် သိနေသည်။ နှင်းဆီတင်ရဲ့ဘဝမှာ မှတ်မှတ်မိမိ သေချာသိတဲ့ လက်ရေးဆယ်မျိုးထက် မပိုပါ။ ဖေဖေ့လက်ရေး၊ မေမေ့လက်ရေး၊ ကိုယ့်လက်ရေးကိုယ်။ ပြီးတော့ ရုံးက အကောင့်တင့် ဒေါ်စိစိ လက်ရေး။ နောက် ... ရွှေဝါ လက်ရေး။ ပြီးတော့ ငယ်ငယ်တုန်းက သူငယ်ချင်း ဟိုမိန်းမနှစ်ယောက်ရဲ့လက်ရေး။ ဒါ့အပြင်တော့ ဒီလက်ရေး။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီခင်က စာအိတ်ကို သပ်သပ်ရပ်ရပ် ဖောက်မနေနိုင်ဘဲ ကမန်းကတန်း ဆုတ်ဖြဲလိုက်ပါသည်။ အထဲက ထွက်လာတဲ့ အဝါဖျော့ဖျော့ စာရေးစက္ကူကို ဖြန့်လိုက်လျှင် ...။ ၄

"Rosie လေး"

"ဟင်"

နှင်းဆီတင်သည် လက်ထဲက ဖျတ်ခနဲ ပြုတ်ကျသွားတဲ့စာရွက်ကို ယောင်ယောင်မှားမှားနှင့် လှမ်းဆုပ်ခြေလိုက်ပြီးမှ ကမန်းကတန်း ပြန်ဆွဲဆန့်ဖြန့်ကာ နောက်တစ်ခေါက် ပြန်ဖတ်ရင်း နှလုံးသားက ဒိန်းခနဲ ဒိန်းခနဲ အကြီးအကျယ် ဆောင့်ကာဆောင့်ကာ ခုန်လာသည်။

"Rosie လေး ...

လက်ရေးမြင်တာနဲ့ ဘယ်သူလဲဆိုတာ သိမှာပါ။

မင်းကို ဒီသိပ်ချစ်လို့ မင်းအနားကလွဲပြီး တခြားမနေနိုင်လို့၊ ကိုယ် တစ်ခေါက်ပြန်လာခဲ့ပါတယ်။

မကြာခင် မင်းအနားနား ရောက်လာခဲ့မယ်။

မင်းကိုသိပ်ချစ်တဲ့ ...

ကိုကိုမောင် ..."

"အား ..."

နှင်းဆီတင်သည် ခပ်အုပ်အုပ် တစ်ချက်အော်လိုက်မိပြီး စာရွက်ကို သရဲသဘက်အလား ဝေးရာတစ်နေရာကို လွှင့်





ပစ်လိုက်ပါသည်။ တလွင့်လွင့်နှင့် ကျောက်ပြားခင်းကြမ်းပေါ်ကျသွားတဲ့ စာရွက်ဝါကို စိုက်ကြည့်နေရင်း ရင်တွေ မြင့်ချည်နိမ့်ချည်နေအောင် မောဟိုက် အသက်ရှူမှားလာပါသည်။

"မဖြစ်နိုင်တာ၊ ဟုတ်မှ မဟုတ်တာ"

ကယောင်ချောက်ချားနှင့် ပါးစပ်က တတွတ်တွတ်ရေရွတ်လိုက်မိပြီးနောက် ဝိုင်းစက်ပြူးကျယ်သော မျက်ဝန်းနှင့် စားပွဲပေါ်ကျန်နေတဲ့ စာအိတ်ပေါ်က လက်ရေးကို ဆက်ပြီးစိုက်ကြည့်နေမိပါသည်။ တစ်ယောက်ယောက် သူ့ကို နောက်ပြီ။ အခြေအမြစ်မရှိတဲ့ ကြားဖူးနားဝ တစ်ခုခုနှင့် သူ့ကို ကျီစယ်တာလား၊ ခြောက်လှန့်တာလား တစ်ခုခုပင်။

ကိုကိုမောင်နှင့် နှင်းဆီတင်ရဲ့ နှလုံးသားရေးရာကို သိတဲ့သူဟာ လောကကြီးမှာ အပြင်လူနှစ်ယောက်ပဲရှိတာ။ ဟိုမိန်းမနှစ်ယောက်။ ထိပ်ထားထွေးနဲ့ စိမ်းသက်မီ။ သင်းတို့နှစ်ယောက်ကကော ဘာအကြောင်းကိစ္စ ရှိတာကြောင့် ခုလို ကျီစယ်ခြောက်လှန့်စရာ ရှိရမှာလဲ။ ပြီးတော့ သူတို့လက်ရေးတွေမှလည်း မဟုတ်ဘဲနဲ့။

"ဒါဘာသဘောလဲ၊ ဘယ်ကလဲ၊ တောက် ...၊ ငါ့ကိုဘယ်သူ့ အရူးလာလုပ်တာလဲ"

နှင်းဆီတင်က ခပ်ဆတ်ဆတ်ရေရွတ်ပြီး ထိတ်လန့်ခြင်းများအကြား ဒေါသက စိမ့်ခနဲထိုးဖောက် ဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာရာစစ … ငါ့ကို ပစ်စာနဲ့ ခြောက်လား လှန့်လား အရှုးလုပ်လားနဲ့ ဘယ်သူပါလိမ့်။

ဒါ … ဒါပေမဲ့ …။

"Rosie လေး"ဆိုတဲ့ အခေါ်အဝေါ်ဟာ လောကမှာ သူနဲ့ကိုယ် နှစ်ယောက်တည်းသာ သိခဲ့တဲ့ အခေါ်အဝေါ်ပဲလေ။ ဘယ်သူမှမသိဆို အရင်းချာဆုံး သူငယ်ချင်း ဟိုနှစ်ယောက်တောင် မသိတာ။ ခုချိန်မှာတော့ ကိုယ်ကိုယ်တိုင်ကလွဲပြီး တခြားဘယ်သူမှ မသိနိုင်တော့တဲ့ အခေါ်အဝေါ်။ ဒါကို ဘယ်သူက သိနေတာလဲ။

"ကိုယ် တစ်ခေါက်ပြန်လာခဲ့ပါတယ်"

"မကြာခင် မင်း အနားနား ရောက်လာခဲ့မယ်"

ကြည့်စမ်း။

ဒီစာသားတွေက ဘာသဘောလဲ။ ဘာအဓိပ္ပာယ်လဲ။ ဘာမှအခြေအမြစ်မရှိ၊ အဓိပ္ပာယ်မရှိ၊ သူက ဘယ်လိုလုပ်ပြီး ကိုယ့်အနားကို တစ်ခေါက်ပြန်လာနိုင်လို့ ရမှာလဲ။ လုံးလုံးကို အဓိပ္ပာယ်မရှိတာ။ နှင်းဆီတင်က တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်ပစ်လိုက်ပါသည်။

ဒီစာမျိုး ထပ်လာရဲလာကြည့်။ ဘယ်သူရေးမှန်းများ သိလို့ကတော့ကွာ။ ခြိမ်းခြောက်နှောင့်ယှက်မှုနဲ့ တရားကိုစွဲပစ်လိုက်မယ်။ နှင်းဆီတင်ကိုများ ဘယ်လိုမိန်းမစား ထင်နေလို့လဲ။ ပျော့ညံ့ညံ့ ရှုးနှမ်းနှမ်းနဲ့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကလို မအူ





မလည်နဲ့ မျက်စိမှာ အချစ်တိမ်သလ္လာတွေဖုံးပြီး စုံလုံးကန်းနေတဲ့ ဆယ်ကျော်သက်မလေး ဖြစ်နေတုန်းပဲများ ထင်လို့လား။

နှင်းဆီတင်က စာရွက်နှင့် စာအိတ်ကို ကောက်ယူ ရောလုံးကာ အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်ပါသည်။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## "ထိပ်ထားထွေး"

ဝါဒ်ထဲက လူနာတွေကတော့ သူ့နာမည်ကိုမသိလျှင် အလွယ်တကူပင် "ဟို ... ပိုးဟပ်ဖြူဆရာဝန်မလေး" ရယ်လို့ သုံးနှုန်းတတ်ကြပါသည်။ ဂျပန်မင်းသမီးလေး၊ ကိုရီးယားမင်းသမီးလေးရယ်လို့လည်း ဝိသေသပြုတတ်ကြပါသည်။

ဒေါက်တာထိပ်ထားထွေးသည် ငါးပေခုနစ်လက်မ မြင့်သော အရပ်တွင် ခန္ဓာကိုယ် အလေးချိန်မှာ ပေါင်တစ်ရာ တစ်ဆယ်သာရှိရာ ပိန်လှပ်လှပ်ကလေးရယ်ပင်။ သူ့ပိန်ပုံက အရိုးငေါင်ဂင်ကျမနေဘဲ အရိုးသေးသေးသွယ်သွယ်ပေါ်မှာ ဖြူဖွေး နုနယ်သော အသားအိအိကလေးတွေ ဖုံးထားတာမျိုးဖြစ်ရာ အဆင် အမြစ်မပေါ်ဘဲ ချစ်စရာကောင်းလှပေသည်။

အသားအရေက ဖြူအားကြီးပြီး လင်းလက်တ ကြွေပန်းကန်ရောင် တောက်နေသေးသည်။ ဝတ်လိုက်ပြီလား ရင်တော့ ဖျော့တော့တဲ့ ပန်းနုလေး၊ ဖျော့ဖွေးတဲ့ ဖက်ဖူးစိမ်းလေး





ဖျော့မှုန်တဲ့ မီးခိုးနုလေး၊ ဖျော့လွင့်တဲ့ ကောင်းကင်ပြာရောင်လေး။ အရောင်ဖျော့ဖျော့ အကျီလုံချည် ဝမ်းဆက်ဖြောင်ကလေးများသည် ထိပ်ထားထွေးရဲ့အဆင်အယင်ပင်။

ငယ်ငယ်ကတည်းက အပွင့်အခက်တို့ အစက် အပြောက်တို့ အစင်းအခြစ်တို့ စသည်ဖြင့် အဆင်ပါရင် မဝတ် တတ်ဘဲ ဖြောင်ဖြစ်မှ ဝတ်တတ်လေရာ အပေါ်ဖြောင်ဖျော့ဖျော့ အောက်ဖြောင်ဖျော့ဖျော့နှင့် ထိပ်ထားထွေး သဏ္ဍာန်လေးက ဖျော့ဖျော့လေး လင်းနေတတ်ပါသည်။

အပေါ်က ဂျူတီကုတ်ဖြူဖြူလေး ထပ်ဝတ်ထားလျှင် တော့ လမ်းလျှောက်လာလျှင် ဂျူတီကုတ်ရဲ့အောက်နားလေးက နောက်ဘက်သို့ ဖားဖားလွင့်လွင့် တဝဲဝဲနှင့် ပဝါဖြူလေးတစ်စ တပ်ပြီး မျောလွင့်လာသလိုနှင့် တူလှသည်။ ဖြူဥပြီး သွေးခြည်ဥ နေတတ်တဲ့ ခြေဖဝါးကလေးတွင်တော့ သဲကြိုးသေးသေးနှင့် စလစ်ပါဖိနပ်ပါးပါး ဖြူဖြူကလေး အမြဲဝတ်လျက်သားပင်။

ဘဲဥပုံ မျက်နှာကလေးတွင် အသက်သုံးဆယ့်ကိုး နှစ်ထဲ ဝင်တဲ့အထိ အပြစ်ကင်းစင်သော မျက်ဝန်းကလေးများရှိ နေတုန်းပင်။ ထိုမျက်ဝန်းကလေးများ၏ ရိုးသားသန့်စင်လွန်းမှု ကြောင့် ထိပ်ထားထွေးကို ဘယ်သူကမှ ရှိရင်းစွဲအသက်အတိ မှန်းနိုင်ပါ။ "သုံးဆယ်လောက်တော့ ရှိရောပေါ့၊ ရှိပြီလားဟင်" ဟု မရဲတရဲ မေးယူရအောင်ပင် ထိပ်ထားထွေးက နုနယ်သည်။

www.burmeseclassic.com



ထိုနုနုစင်စင် ဆရာဝန် အပျိုကြီးမ,လေးကို ခုချိန်ထိ ချစ်မြတ်နိုးသူတွေ တစ်ပုံတစ်ပင်။ ဆေးရုံကို ဟောက်စ်ဆာဂျင်အသစ်ကလေးတွေ ရောက်လာတိုင်းလည်း ထိုအသက်နှစ်ဆယ့်သုံးနှစ် နှစ်ဆယ့်လေးနှစ်ပတ်လည် ဟောက်ဆာဂျင်ကလေးတွေထဲမှာ ဒေါက်တာထိပ်ထားထွေးကို "မမ" "မမ"နှင့် လေးငါးနှစ်ကြီးမယ်ထင်ကာ ပိုးပန်းချင်တဲ့ အရိပ်အယောင်တွေ ပြတတ်သူတချို့ ပါလာတတ်မြဲပင်။

ထိုအခါတို့တွင် ထိပ်ထားထွေးသည် ကလေးရုပ်မစင်ချင်သေးတဲ့ သူ့မျက်နှာလေးသူ တင်းမှုန်လျက် ...

"ဟိုကျောင်းသား၊ အထဲက ရုပ်အင်္ကျီကို ကြယ်သီးအပေါ်တပ်စမ်း၊ ဘာလဲ ... ရင်ဘတ်ဟာပြနဲ့၊ နင့်ကိုယ်နင် ပရက်စလေ ထင်နေလား၊ နောက်တစ်ကြိမ် ဖိုသီဖတ်သီတွေ့ရင်နားရင်းတီးပစ်မယ် ... နားလည်လား"

စသဖြင့် အာကြမ်းကြမ်း ဆရာဝန်မမကြီးတွေလေသံတုရှ် ဖြဲခြောက်ရသည်။ ပါ့ထ်တူးတန်းမှာ စာသင်တဲ့ဆရာတစ်ယောက်နာမည်ကို ထည့်ထည့်သုံးကာ ...

"နင်တို့ဆရာ နေထွန်းက ငါတို့အောက်တစ်တန်းကယ်မှတ်ထား၊ သူတောင် ငါ့ကို အသေကြောက်တာ၊ သူ့တပည့်နင်တို့တော့ ပြောနေစရာတောင် မလိုဘူး၊ အပိုးကျိုးကျိုးနေကြ"





ဟု ရုပ်ကလေးနဲ့မလိုက် အိုပုံအိုပန်းဖမ်းကာ သူ့အရွယ်ကို အမှန်သိအောင် လုပ်ထားရပါသည်။ သို့ပေမယ့် နေမြဲနေစဉ် ပုံမှန်အကိုင်းဆိုရင်တော့ ဒေါက်တာထိပ်ထားထွေးဟာ မျက်နှာလေးချိုချို၊ စေတနာလေးပိုပိုနှင့် သဘောကောင်းတဲ့ ပိုးဟပ်ဖြူဆရာဝန်မလေးရယ်လို့ပဲ လူတိုင်း အမှတ်တရရှိကြရတာပင်။

ရင်နှီးခင်မင်တဲ့ ဆရာဝန် ဆရာဝန်မ အငယ်လေးတွေ နှစ်စ်လေးတွေက ...

"မမရယ် ... မမ ဒီလောက် နုနယ်ပြီး လှပနေတာ၊ ဆာဖြစ်လို့ အိမ်ထောင်မပြုတာလဲဟင်၊ မမကို ကြိုက်တဲ့သူတွေလည်း ပုံလို့ရှိရက်နဲ့များ၊ မမ တစ်ခါမှ ရည်းစားမထားခဲ့ဘူးလား ... ဟုတ်လား"

ထိုသို့မေးကြလျှင် ထိပ်ထားထွေးက ခပ်ရှင်းရှင်းပင် ...

"တို့ သိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ သူ သေသွားပြီးကတည်းက နောက်ထပ် ဘယ်သူ့ကိုမှ ချစ်လို့မရတော့လို့ အိမ်ထောင်မပြုတော့တာပါ၊ ဘယ်တော့မှ ပြုတော့မှာ မဟုတ်ဘူး"

ဤသို့ စကားကုန်ပိတ်ကာ ပြောပစ်လိုက်တတ်ပါသည်။

*❤*



www.burmeseclassic.com

www.burmeseclassic.com



"နော်စမ်းမေရေ"

"ရှင် ... မမ"

"နေ့လယ်က ကျွန်မဖို့ ရောက်လာတယ်ဆိုတဲ့ စာအိတ်ရော ပြပါဦး၊ ဖိတ်စာလား နော်စမ်းမေ"

နေ့လယ်က ထိပ်ထားထွေး အလုပ်နည်းနည်းရှုပ်နေ စဉ် နော်စမ်းမေက ...

"မမအတွက်တဲ့၊ လူတစ်ယောက် စာလာပို့တယ် မမ"

"စာ ! "

"ဟုတ်ကဲ့၊ စာအိတ်တစ်အိတ်"

"ကျွန်မ စားပွဲပေါ် ထားလိုက်ပါ နော်စမ်းမေ၊ တခြား ဘာပြောသေးလဲ"

"မပြောဘူး မမ၊ ဒေါက်တာထိပ်ထားထွေးကို ပေးပါလို့ ပြောတယ်"

"လာပေးတဲ့သူရော"

"ပြန်သွားပြီ မမ"

"ဒါဖြင့် ထားလိုက်ပါ"

အလုပ်နည်းနည်းပါးမှ နေ့လယ်က စာဆိုတာ သတိရကာ သူနာပြု နော်စမ်းမေကို လှမ်းမေးမိလျှင် ...





"အဲဒီစားပွဲမှာပါ မမ၊ စာအိတ်အဝါလေး"

ဘောလ်ပင်ထည့်သည့်ခွက်နှင့် ဖိထားသော စာအိတ် ဝါလေးကို ထိပ်ထားထွေးက လှမ်းဆွဲယူလိုက်ပါသည်။ စာအိတ် ကို ဖိကိုင်ကြည့်တော့ အထဲမှာ ဖိတ်စာဖြစ်နိုင်ချေရှိသည့် ကတ်ထူ မျိုး မဟုတ်ဘဲ စာရွက်ပါးပါးသာ ပါတာသိရသည်။ စာအိတ်ပေါ် မှာ ရေးထားသည့်စာကို ထိပ်ထားထွေးက ဖတ်ကြည့်လိုက်ပါသည်။

"ဒေါက်တာထိပ်ထားထွေး

**M.B.,B.S., M, Med. Sc . (Int . Med) ၊**

အထွေထွေရောဂါကုသမားတော်"

ဒီစာသားဟာ ထိပ်ထားထွေးထိုင်တဲ့ ဆေးခန်းတွေ ရဲ့ သူနာခန်းအဝမှာသော်လည်းကောင်း၊ ထိပ်ထားထွေးရဲ့အိမ်မှာ သော်လည်းကောင်း ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်က စာသားဂုဏ် ထူးပင်။

ထူးခြားမှုက လက်ရေး။

ထိပ်ထားထွေးသည် နှုတ်ခမ်းကလေး ပွင့်ဟကာ ကြက်သေ,သေပြီး စာအိတ်ကို ငိုင်ငိုင်ကြီး စိုက်ကြည့်နေမိပါသည်။ လူမှာ ရုတ်တရက် သတိလက်လွတ်နှင့် shock ရသွားတာလိုမျိုး။ ဆတ်ဆတ် မလှုပ်ရှားနိုင်ဘဲ ဒက်စတော့ပ်အုပ်ချလိုက်သလို ရောက် နေရာ၌ ဖြစ်ရာပုံစံနှင့် မလှုပ်မယှက် ငြိမ်သေသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်ရေးကို ထိပ်ထားထွေး သိသည်။ ဘယ်တော့မှမမေ့၊ ဘယ်တော့မှ မမှတ်မိဘဲ နေမှာမဟုတ်။ အခုထိအောင်ပဲ ဒီလက်ရေးနှင့် စာလေးတချို့ကို ထိပ်ထားထွေး သိမ်းဆည်းထားဆဲဖြစ်ကာ အမှတ်တရ ရှိလာတိုင်း တသသထုတ်ပြီး ကြည့်မိတုန်း။ အဲဒီစာလေးတွေရဲ့သက်တမ်းက နှစ်နှစ်ဆယ်ရှိခဲ့ပေမယ့် ထိပ်ထားထွေး အဖို့တော့ လွန်ခဲ့တဲ့ နှစ်လလောက်ကတောင် တစ်ကြိမ် ပြန်ထုတ်ပြီး ကြည့်ဖြစ်ခဲ့ပါသေးသည်။

ထိပ်ထားထွေးသည် အသက်ရှူဖို့ ပြန်သတိရကာ ဖျတ်ခနဲ ပြန်လည်လှုပ်ရှားမိသည်နှင့် တစ်ဖြိုင်နက် ...

"နော်စမ်းမေ၊ နော်စမ်းမေ၊ ဟေး ... နော်စမ်းမေကို တစ်ယောက်လောက် ခေါ်ပေးကြပါဦး"

သူ့စိတ်တွေ မြန်လာပြီ ဆိုရင်တော့ ဖြူဥနုထွေးတဲ့ သဏ္ဌာန်လေးနဲ့မှမလိုက်တဲ့ အသံခပ်ကြီးကြီးနှင့် အော်ကြီးဟစ်ကျယ် ဖြစ်တတ်သည်ကို သိကြတဲ့ အနားက ထဘီနီသူနာပြုကလေးသည် အခန်းပြင်ထွက်ကာ ခပ်လှမ်းလှမ်းရောက်နေတဲ့ နော်စမ်းမေကို လက်ခုပ်လက်ဝါးတီးခေါ်ရသည်။

"မမ ခေါ်နေတယ်"

"လာပြီ ... လာပြီ"

အခန်းထဲ သုတ်သုတ်ကလေး ပြေးဝင်လာသော နော်စမ်းမေကို ထိပ်ထားထွေးက စာအိတ်ဝါကလေး မြှောက်ကိုင်၍ တဲ့ဆတ်ဆတ် လှုပ်ခါပြရင်း ...



"ဒါ ... ဒါ ... ဘယ်တုန်းက ..."

"နေ့လယ်ကလေ မမ၊ မမကို ကျွန်မ လာပြောတယ်လေ"

"ဘယ်သူ လာပေးတာလဲ"

"လူတစ်ယောက်ပဲ မမ"

"ယောကျ်ားလား မိန်းမလား မေးတာလေ"

"ယောကျ်ား ... မမ"

"ဘယ်လိုပုံစံလဲ"

"ဟို ... ရိုးရိုးပုံစံပါပဲ မမ"

"သူ ဘာပြောသေးလဲ"

"ဒေါက်တာထိပ်ထားထွေးကို ပေးပေးပါလို့ပဲ ပြောပါတယ်"

"အဲဒီတုန်းက ကျွန်မက ဘယ်မှာလဲ"

"ဝါ့ဒ်ထဲမှာပါပဲ၊ ဒေါ်အုန်းရီကို အောက်ဆီဂျင်ပေးဖို့ မမ အလုပ်များနေတုန်းပါ"

ထိပ်ထားထွေးသည် ဒီထက်ပိုပြီး ဘာမှ ထပ်သိနိုင်စရာ မပေါ်တဲ့အတွက် နော်စမ်းမေကို ဆက်မမေးတော့ဘဲ စာအိတ်ဝါလေးကို ဗြိခနဲ ဆွဲဆုတ်ဖောက်လိုက်လေသည်။ အတွင်းမှ စာရွက်ဝါဝါ။ ထိပ်ထားထွေးက စာရွက်ကို ကမူးရှူးထိုးဖြန့်ကိုင်ပါသည်။

"စနေမ,လေး"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားထွေးသည် တုန်ခနဲနေအောင် လန့်ဖျပ်သွားပြီး စာရွက်ကို တခြားသူတွေ မြင်မှာ ဖတ်မှာစိုးသလို ပြန်ပြီး ချိုးခေါက်လိုက်မိပါသည်။ ချက်ချင်း ချွေးစေးတွေ လက်ဖဝါးမှာ စို့စွတ်စေးကပ်လာပြီး တစ်ကိုယ်လုံး အေးစက်စက်ချမ်းစိမ့်စိမ့် ဖြစ်လာပါသည်။

စနေမ,လေးတဲ့။

ကမ္ဘာပေါ်မှာ ကိုယ်ကလွဲရင် "သူ"တစ်ယောက်ပဲသိတဲ့ အခေါ်အဝေါ်။ စနေသမီး ထိပ်ထားထွေးကို နာမည်စာလုံးတိုင်း စနေနံမို့ သူက ချစ်စနိုးနှင့် "စနေမလေး"လို့ ခေါ်ပုံကို အင်မတန် ထူးဆန်းနှစ်သက်ခဲ့တာလေ။ ထိပ်ထားထွေးကို စနေမလေးလို့ မိဘကလည်းမခေါ်၊ သူငယ်ချင်းတွေကလည်း မခေါ်။ ဘယ်သူမှ မခေါ်ခဲ့။ သူ တစ်ယောက်သာ။

သူ ဒီလိုခေါ်တတ်တယ် ဆိုတာကို အရင်းနှီးအချစ်ခင်ဆုံး (အဲဒီတုန်းက)ပေါင်းခဲ့တဲ့ သူငယ်ချင်း နှင်းဆီတင်တို့ စိမ်းသက်မီတို့တောင်မှ မသိခဲ့ဘူးလေ။ ဘယ်သူ့ကိုမှ ပြောမပြကြရဘူးလို့ ကတိထားထားခဲ့ကြတာ။ တကယ်လည်း မပြောခဲ့။ ဒီအခေါ်အဝေါ်ကိုသုံးကာ သူ့လက်ရေးနှင့် ရေးလာသည့်စာဟာ ...။

ထိပ်ထားထွေးသည် နဖူးစပ်က ချွေးဥလေးတွေကို တစ်ရှူးတစ်ရွက် ဆွဲယူသုတ်ပစ်ကာ အသက်ပြင်းပြင်း ရှူလိုက်ရင်း စာရွက်ကို ပြန်ပြီးဖွင့်ဖတ်လိုက်ပါသည်။



"စနေမ,လေး ...

လက်ရေးမြင်တာနဲ့ ဘယ်သူလဲဆိုတာ သိမှာပါ။

မင်းကို သိပ်ချစ်လို့၊ မင်းအနားကလွဲပြီး တခြားမနေနိုင်လို့ ကိုယ် တစ်ခေါက်ပြန်လာခဲ့ပါတယ်။

မကြာခင် မင်းအနားနား ရောက်လာခဲ့မယ်။

မင်းသိပ်ချစ်တဲ့ ...

ကိုကိုမောင် ..."

"ဘုရား ... ဘုရား ... ဘုရား"

ထိပ်ထားထွေးသည် ပါးစပ်မှ ဖွင့်ဟ၍ပင် ဘုရားသုံးကြိမ် တ,လိုက်မိပြီး ကတုန်ကယင် ဖြစ်လာပါသည်။ စာကိုခေါက်ပြီး စာခေါက်ကို စာအိတ်ထဲ ထိုးထည့်တာပင် အပေါက်လမ်းက မတည့်ချင်။ တော်တော်နှင့် ရှောရှောရှူရှူမဝင်။ နောက်ဆုံး ဝင်သွားတဲ့အခါ ထိပ်ထားထွေးက စာအိတ်ကို စားပွဲအံဆွဲဆွဲဖွင့်ပြီး ပစ်ထည့်ကာ ပြန်ဆောင့်ပိတ်ပစ်လိုက်ပါသည်။

ဘာလဲ ...။ ဘာအဓိပ္ပာယ်နဲ့ ဘယ်သူက သူ့အပေါ် ခြောက်လှန့်ရတာလဲ။ ကိုကိုမောင်မှ မရှိတော့တာ။ မရှိတော့တဲ့ ကိုကိုမောင်က ဘယ်လိုလုပ် စာရေးနိုင်ပြီး ဘယ်လိုလုပ် ထိပ်ထားထွေး အနား ပြန်ရောက်လာမှာတဲ့လဲ။ ကြောက်လန့်တုန်လှုပ်စိတ်နှင့် ထိပ်ထားထွေး တစ်ကိုယ်လုံး ဇောချွေးတွေပြန်ကာ မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့်အုပ်ပြီး ငြိမ်သက်နေလိုက်မိပါသည်။

www.burmeseclassic.com



ရင်တွေက ပေါက်ထွက်မတတ် ပြင်းထန်စွာ ခုန်နေကာ လှုက် မှုးမိုက်ပြာနှမ်းလာ၍ စားပွဲပေါ် မျက်နှာမှောက်ချပြီး တစ်ခဏ အသက်မှန်မှန်ရှူကာ ငြိမ်သက်နေလိုက်ရပါသည်။

* ❤ *



## "စိမ်းသက်မီ"

ဘ၀ဆိုတာဟာ ကိုယ်က ကောင်းမွန်ထင်လို့ ရွေးချယ်လုပ်လိုက်တိုင်းလည်း ကောင်းချင်မှကောင်းကာ ကံဆိုးရင် အမှားအယွင်း ဖြစ်ချင်ဖြစ်သွားတတ်တာပဲလို့ စိမ်းသက်မီက ထင်ပေသည်။

ခုနေခါများ ကိုယ်နှင့် မြိုင်တူထပ်တူ အသည်းကွဲခဲ့ကြတဲ့ သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ နှင်းဆီတင်နှင့် ထိပ်ထားတွေးတို့ ခုထိ အိမ်ထောင်မပြုသေးဘဲ အပျိုကြီးတွေအဖြစ်နှင့် ဘ၀ကို ဖြတ်သန်းနေတာ တွေ့မြင်ရတဲ့အခါတိုင်း ကိုယ့်နံဘေးက ကိုးနှစ်အရွယ်သားလေး "သက်ထွင့်မောင်" ကို သက်ပြင်းတစ်ချက်နှင့် ကြည့်မိသည်။

ငါလည်း အိမ်ထောင်မပြုမိခဲ့ရင် ကောင်းသားလို့ တွေးမိလိုက်သလိုရှိရင်တော့ ထိုအတွေးကို ခေါင်းခါထုတ်ကာ...

"ဟင့်အင်း ... မဟုတ်ဘူး၊ အိမ်ထောင်သာ မပြုခဲ့ရင် ဒီလောက်ချစ်စရာကောင်းတဲ့ သားကလေးကို ဘယ်ရနိုင်ပါ့

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ ဘာပဲဖြစ်ဖြစ် သားရဲလေးကို ရခဲ့တဲ့အတွက် တစ်ခု တည်းနဲ့ အိမ်ထောင်ပြုခဲ့တာ မမှားဘူး”?

ဤသို့ ဖွတ်ပြန်တွေးမိသည်။ “မုဆိုးမ”ဆိုတဲ့ နာမည် တစ်လုံးနဲ့ လဲယူလိုက်ရတဲ့ ဒီဘဝမှာ သားလေးကို ပိုင်ဆိုင်ခဲ့ရ တာဟာ အမြတ်ပေါ့။

သားလေးရဲ့အမည်ထဲက “သက်”သည် စိမ်းသက်မီ ကို ကိုယ်စားပြုကာ “ထွန်း”ကတော့ သားရဲ့အဖေ ဦးမင်းထွန်းကို ကိုယ်စားပြုသည်။ “မောင်”ကတော့ ...။

“သက်မင်းထွန်း ဆိုလည်း ရတာပဲ သက်ကလေးရယ်၊ မောင်က ဘယ်ကပါလာရတာလဲ”

သူ့အဖေ ပြောတုန်းက ...

“ယောက်ျားလေး နာမည်နောက်မှာ ‘မောင်’ထည့်မှည့်တာ ကို သက်က ကြိုက်လို့ပါ အစ်ကိုကြီးရယ်”

သား ခြောက်နှစ်သားမှာ အစ်ကိုကြီး ဆုံးသည်။ အစ်ကိုကြီးက စိမ်းသက်မီထက် အသက်ဆယ့်ငါးနှစ်ကြီးပေမယ့် ကွယ်လွန်ဖို့ရာတော့ အသက်ငါးဆယ်ဆိုတာ ငယ်လွန်းပါသေး သည်။ အသည်းရောဂါနှင့် အစ်ကိုကြီး ဆုံးတဲ့ လွန်ခဲ့တဲ့ သုံးနှစ် က စိမ်းသက်မီ သုံးဆယ့်ငါး သုံးဆယ့်ခြောက်တွင်း။ ခုတော့ ... အသက်က သုံးဆယ့်ကိုးထဲဝင်ပြီ။ အသက်သုံးဆယ့်ကိုးမှာ သားက ကိုးနှစ်ဆိုတော့ အရွယ်ကွာခြားလှသည်။





သို့ပေမယ့် အိမ်ထောင်ပြုတာကိုက ဆွေမျိုးမိဘတို့ က ထက်ထက်သန်သန် နားချတိုက်တွန်းကြလွန်းလို့ နှစ်ရှည်ဆွဲ ငြင်းဆန်နေရာက နှစ်ဆယ့်ရှစ်နှစ်ကျမှ စိတ်လျှော့ခေါင်းညိတ်လိုက် တော့တာ။ ဒီတော့ သားကို အသက်သုံးဆယ်ပြည့်လုနီးမှ မွေး ပါသည်။ ကိုယ့်အပေါ်ချစ်မြတ်နိုးလှတဲ့ အသက်ကြီးကြီး ခင်ပွန်း သည်နှင့် သားကလေးနှင့် ပြည့်စုံကြွယ်ဝတဲ့ အခြေအနေမှာ သူ့ ဘဝဟာ လုံခြုံအခြေကျပြီလို့ ထင်မှတ်ခဲ့ပေမဲ့ မမျှော်လင့်ဘဲ သူ တော်ကောင်း ခင်ပွန်းသည်ကြီးက ဆုံးသွားကာ သူ့မှာမုဆိုးမ ဖြစ်ခဲ့သည်။

အပျိုကြီးတို့နဲ့ယှဉ်တော့ မုဆိုးမဆိုတာ မျက်နှာပဲ ငယ်စရာလိုလိုပင်။ သို့သော် သားအတွက် တစ်သက်တာ မပူရ အောင် ပြည့်စုံလျှံပယ်တဲ့ ပိုင်ဆိုင်မှုတို့နှင့် ရတနာဆိုင်တစ်ဆိုင် ကျန်ရစ်တဲ့ အနေအထားကြောင့်တော့ သူ့မှာ ဘာမှမပူပင်ရ။ တကယ်တော့ စိမ်းသက်မီရဲ့ ငယ်ဘဝဟာ ခုလိုမပြည့်စုံပါ။ သူငယ်ချင်းသုံးယောက်တွဲထဲမှာ နွမ်းပါးမျက်နှာငယ်ရသည်။ ဆိုင် တယ် မဆိုင်ဘူး မသိပေမယ့် ကိုကိုမောင့်အချစ်ကို သူ တစ်ယောက် တည်း အပြည့်အဝ မပိုင်ဆိုင်ခဲ့ရသည်မှာ နွမ်းပါးမှုကြောင့်လား လို့ အမြဲတွေးသည်။

ကိုယ့်ကိုတော့ သူက တကယ်ချစ်တာ၊ ဟိုဟာတွေ အပေါ်တော့ သူ့ငွေသမီးတွေမို့ စိတ်လည်သလို ဖြစ်သွားတာလို့

စေတနာ ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စိမ်းသက်မီက အမြဲဖွတ်တရွတ် တွေးပါသည်။ ဟုတ်တယ်လေ။ လူဆိုတာတော့ ဆင်းရဲမလား ချမ်းသာမလား မေးရင် ချမ်းသာမယ် ဖြစ်မယ့်သူချည်းပေါ့။

သူဌေးသမီးယူမလား၊ ဆင်းရဲသား,သမီးယူမလား မေးရှင် သူဌေးသမီး လိုချင်တဲ့သူချည်းပေါ့။ ချစ်စိတ်ကို မလွန်ဆန်နိုင်လို့သာ မပြည့်စုံသူကိုရွေးရင် ရွေးရမည်၊ ချစ်စိတ်ဆိုတာ မပါဘဲ ဆိုရင်တော့ ပြည့်စုံသူကိုပဲ ရွေးချင်ကြမှာပေါ့။

ဒါကြောင့် စိမ်းသက်မီသည် သူ့ဘဲ့သူငယ်ချင်းသုံးယောက်အကြား လှည့်ဖြားခဲ့တဲ့ ကိုကိုမောင်ကို ဘယ်တုန်းကမှ စိတ်မနာနိုင်ပေ။

သူ့ခမျာ ငါ့လို ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ ကောင်မလေးကိုပါ မပြတ်ရက်ဘဲ ရှိခဲ့တာဟာ တကယ်ချစ်ရှာလို့ပဲပေါ့။ ဤအတွေးက အတော်စိတ်ချမ်းသာဖို့ကောင်းကာ ဘဝရဲ့ခဲယဥ်းပင်ပန်းတဲ့ အချိန်အတော်များများတွင် ဤအတွေးကို အားဆေးတစ်ခုအဖြစ် သုံးစွဲခဲ့ရပေသည်။

ခုတော့ ကုဋေကုဋာရတနာဆိုင်ပိုင်ရှင် ဒေါ်စိမ်းသက်မီ။ ရှန်းလက်တောက်ပဆဲ အလှတို့ဖြင့် တင့်တယ်ပွဲတိုးသော သူဌေးမ မုဆိုးမလေး ဒေါ်စိမ်းသက်မီ။ အနည်းငယ် အထီးကျန်ဆန်သလိုရှိတဲ့ဘဝနှင့်ပင် သူဌေးမ မုဆိုးမတစ်ယောက်ရဲ့အန္တရာယ်ရန်စွယ်တို့ကို ကြုံကြုံခံရသည်။





ဘဝမှာ ယောကျ်ားတစ်ယောက်ကို အသက်နဲ့ထပ်တူ ချစ်ဖူးပြီ။ ယောကျ်ားတစ်ယောက်ကိုတော့ ကြည်ညိုအားကိုးခဲ့ပြီးပြီ။ နောက်ထပ် ယောကျ်ားတစ်ယောက်ဆိုတာ သူ့ဘဝမှာ ရှိကိုမရှိသင့်တော့ဘူးလို့ စိတ်ဒုန်းဒုန်းချ ယုံကြည်ထားသူ ဖြစ်လေသည်။

✻ ❤ ✻

စိမ်းသက်မီ ကားကိုခြံဝင်းထဲ မောင်းဝင်လိုက်သည်နှင့် အိမ်ကအလုပ်သမားနှစ်ယောက် သုံးယောက်ဟာ ခြံထဲရောက်နေကြတာ သတိပြုလိုက်မိပါသည်။ တစ်ယောက်တလေမဟုတ်ဘဲ အားလုံးဟာ ခြံစည်းရိုးစပ်နား ရောက်နေတာ။ ခြံတံခါးဖွင့်ပေးတဲ့ ခြံစောင့်မာလီ ဦးထွန်းက စိမ်းသက်မီရဲ့ကားနောက် ပြေးလိုက်လာပါသည်။

စိမ်းသက်မီက ပေါ်တီကိုအောက် ကားရပ်ကာ တံခါးဖွင့်ဆင်းရင်း ...

"ဘာဖြစ်တာလဲ ဦးထွန်း"

နေကာမျက်မှန်ကို ဆံပင်ပေါ် တွန်းတင်ရင်း မေးလိုက်ပါသည်။

"ဟိုဘက်ခြံက ကျွန်တော်တို့ သရက်ကိုင်းကို ခုတ်ပေးလိုက်လို့ပါ ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းက စိမ်းသက်မိကို ဆရာမဟု ခေါ်တတ်သည်။ စိမ်းသက်မိက မျက်ခုံးပင့်ကာ ...

"ဟို ... မချစ်စုကိုင်းကို !"

"ဟုတ်ကဲ့"

"ဟင် ... ဒီလောက် အသီးတွေ ဝေဝေဆာဆာ ညွတ်နေတာကို"

"ဟုတ်ကဲ့၊ ကိုင်းက သူတို့ဘက်ခြမ်းထဲလည်း ယိမ်းနေတော့ သရက်သီးတွေကို ရှဥ့်ကကိုက်ပစ်ရင် သရက်သီးတွေက သူတို့ခြံထဲဘက် ကြွေကျပြီး သူတို့သံမံတလင်းမှာ အနစ်တွေလာပြီး ပေပွနေတယ်တဲ့၊ မပြောမဆိုနဲ့ ခုတ်ချနေလို့ ကျွန်တော်တို့ သွားပြောနေတာ"

စိမ်းသက်မိက ခြံသောဘက် ခြံစည်းရိုးဆီ လျှောက်လာခဲ့ပါသည်။ မချစ်စုသရက်သီး ကြိုက်တဲ့သူမို့ တကူးတက စိုက်ခဲ့တဲ့အပင်ပါ။ ခုလိုမိုးဦးရာသီကစပြီး စိမ်းစိမ်းလေးခူးပြီး ... တားနှင့်ပေါက်ကာ ပုစွန်ခြောက်မှုန့် ဆီချက်လေးနှင့် သုပ်စား ... လား။ ဝင်းရောင်မှာခူးပြီး အစိတ်ရှည်တွေခြမ်းကာ ငါးပိထောင်း ... လေးနဲ့ တို့စားမလား။ အပင်ပေါ် အမှည့်ခံပြီး ခွဲစိတ်ရေခဲသေတ္တာ ... ထဲ အေးအောင်ထားကာ ထမင်းစားအပြီး အစာပိတ် အချိုတည်း မလား။



ကိုယ်မက်မက်မောမောစားတဲ့ သရက်ပင်မို့ ဒေါက ... အစာပွမှုနှင့် ခြံစည်းရိုးနား ရောက်သွားသော်လည်း အိမ်နီးနား ... င်းတွေဆိုတဲ့ ထောက်ထားရမယ့် မျက်နှာလည်း ရှိသေးရာ ... ဝ်လည်းရန်မစွာလိုပဲ ...

"ဘာများဖြစ်လို့လဲရှင်"

ဟိုဘက်ခြံတွင်းက အိမ်ရှင်ယောကျ်ားနှင့် အလုပ် ... အားတို့ကို လှမ်းမေးလိုက်သည်။ အဲဒီအိမ်ဟာ ပြောင်းလာတာ ... လေးလသာရှိသေးပြီး စိမ်းသက်မိနှင့် မခင်မင် မကျွမ်းဝင်ပါ။ ... တက်ခွမ်းကျူးကိုတော့ လက်ဆောင်အလှထားပန်းအိုးကြီး ... လုံးပေး၍ သွားစားလိုက်ဖူးပြီး ဒီနောက်တော့ အဆက်အဆံ ... ကူးအလူးလည်း မရှိခဲ့ကြ။

အိမ်ရှင့်လင်မယားရဲ့ မျက်နှာတွေပင် မေ့တော့တော့။ ... ခင်းလည်း ဒီဘက်အခြမ်းကို ရောက်ခဲလှပြီး ပန်းအိုးတွေ ... Lawn မြက်ခင်းလေးရှိတဲ့ ဟိုဘက်အခြမ်းကိုပဲ ရောက်တာက ... ခဲလရာ သူတို့ကိုလည်း ခြံထဲသိပ်မမြင်ဖြစ်မိ။ သရက်သီးခူး ... ည်း အိမ်ကအလုပ်သမားတွေသာမို့ ဒီနှစ်သရက်သီးတွေ စ,သီး ... ထွက်ခဲလာချိန်မှာ ညွတ်နေတဲ့ သရက်သီးတွေကို တစ်ခါတစ်ရ ... ကြည့်မိတတ်တာထက်အပြင် ခြံစည်းရိုးနားတော့ မကပ်မိ။

စိမ်းသက်မိ အမေးကြောင့် ကျောပေးနေတဲ့ အိမ် ... ယောကျ်ားက လှည့်ကြည့်လာပြီး ဘာမှမဖြစ်သလို ...

www.burmeseclassic.com



"ဩော် ... အသီးတွေက ရှဉ့်တွေဖောက်လိုက် ကိုက်ဖြတ်ချလိုက်နဲ့ ဒီဘက်မှာ ပြုတ်ကျကွဲပြီး ညစ်တီးညစ်ပတ်တွေ ဖြစ်ဖြစ်နေလို့ ဒီကိုင်းခုတ်ပစ်တာပါ"

"ရှင်"

စိမ်းသက်မီသည် ထောင်းခနဲ ဒေါသထွက်သော်လည်း အံ့ဩတကြီးသာ အာမေဋိတ်သံပြုနိုင်ကာ သူတို့ခြံထဲခုတ်ချပြီးဖြစ်တဲ့ သရက်ကိုင်းတွေရော အသီးတွဲလောင်းတွေကိုပါ လှမ်းကြည့်လိုက်မိပါသည်။

"ဒီသရက်သီးတွေ လိုချင်လို့များ မထင်နဲ့နော်၊ မောင်တူးပြီးရင် အသီးတွေချွေပြီး သူတို့ဘက် ပြန်ပေးလိုက်"

"ဒီမှာ ... ဒီမှာရှင့်"

ထိုသူက စိမ်းသက်မီကို လှည့်ကြည့်လာသည်။ စိမ်းသက်မီက လှေကားနှစ်ခွထောက်ထားတဲ့အပေါ်ထိုင်ကာ ခုတ်နေတဲ့လူကို လှမ်းကြည့်ရင်း ...

"ဒီမှာ ... ရှင်လည်း ခုတ်တာ တစ်ဆိတ်ရပ်ထားပါဦး။ သရက်သီးကြွေကျလို့ ဒီသရက်ကိုင်းကို ခုတ်ပစ်တယ်ဆိုတာကတော့ ရှင်တို့လုပ်ရပ် မဟုတ်သေးဘူးထင်တယ်"

"သရက်သီးကြွေကျတယ်ဆိုတာက ပြောတော့ ပေါ့ပေါ့လေးကိုဗျ၊ တကယ်တမ်းက ရှဉ့်ကကိုက်ဖောက်စားတော့ သရက်သီးတွေက အပင်ပေါ်မှာတင် ပောင်းလောင်းပေါက်ဖြစ်ပြီး





ပုပ်နေပြီ၊ ပြုတ်ကျတော့ ဗျတ်ဆိုကွဲအက်ပြီး အနှစ်တွေက ဟိုစဉ် ဒီစဉ် ဗျက်ပြဲဖြစ်ပြီး ရွံဖို့သိပ်ကောင်းတာ"

"ဒါပေမဲ့ ... ဒါ ... ကျွန်မသရက်ပင်လေ၊ ရှင်တို့ခုတ်ခွင့်မရှိဘူး"

"မခုတ်ရင် ဒီတိုင်းဆက်ဖြစ်နေတော့မှာပေါ့ဗျ၊ ကိုင်းက ဒီဘက်ခြံထဲ လာကျူးနေတာ"

"ကျူးနေပေမယ့် ကျွန်မဘက်ခြမ်းက ကျွန်မပိုင်တဲ့အပင်လေ၊ ခုတ်ချင်ရင်တောင် ရှင်တို့ ကျွန်မကို အရင်ပြောဆိုခွင့်တောင်းရမှာလေ"

"ခင်ဗျားဘက်က အပင်ကို ဘာမှမလုပ်ဘူး"

"ဟာ ... ဒီလိုပြောလို့ မရဘူးလေ၊ ဒီကိုင်းဟာ ဒီအပင်ကပဲ၊ ဒီအပင်ဟာ ကျွန်မခြံကပဲ၊ ကျွန်မရဲ့ကိုင်းပဲ"

"ဒီဘက်ထဲ ကျူးကျော်နေလို့ ခုတ်တာလေ"

"ခုတ်ကို မခုတ်ရဘူး၊ ကျွန်မကို ရှင်တို့ အရင်ပြောရမယ်၊ ခင်ဗျားအပင်က အသီးကြွေကျလို့ ခြံထဲ ညစ်ပတ်တယ်ပေါ့၊ တစ်ခုခု ကြည့်လုပ်ပါဆိုရင် ကျွန်မက ကိုင်းကိုဒီဘက်ထဲ ကြိုးနဲ့ပြန်ဆွဲရင် ဆွဲထားမယ်၊ အသီးအားလုံး အဲဒီကိုင်းက ခူးပစ်လိုက်တာမျိုး လုပ်ရင်လုပ်မယ်၊ ခုတ်ရင်လည်းခုတ်မယ်၊ ကျွန်မဘာသာ ဆုံးဖြတ်ပြီး ကြည့်လုပ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ တစ်ခါတလေ သရက်သီးလာခူးနေတာပဲ ဒီဘက်ထဲ ကြွေကျနေတာ ခင်ဗျားရဲ့ဒီအလုပ်သမားတွေ မြင်နေသားပဲ၊ သူများခြံထဲ လာညစ်ပတ်နေတာကို အရေးတယူမှ မလုပ်တာ။ ဒီတော့ ကိုယ့်ဘာသာ လုပ်ရတာပေါ့ဗျ"

လေသံမာနှင့် ရန်တွေ့တဲ့ ထိုယောကျ်ားကို စိမ်းသက်မီက မျက်မှောင်တွန့်ကာကြည့်ရင်း ...

"ရှင် ဘာပဲပြောပြော၊ ကျွန်မကို မခုတ်ခင် ခွင့်တော့တောင်းကိုတောင်းရမယ်"

"ဘာဆိုင်လို့လဲ၊ ခင်ဗျားခြံထဲဘက်ကို ဘာမှလုပ်တာမှ မဟုတ်တာ"

"ရှင် စကားပြောတာ လက်ပေါက်ကတ်လှချည်လား"

"အဲဒီတော့ ... ခင်ဗျားက ဘာဖြစ်ချင်လဲ"

"ဟာ"

"ပြော ... ဘာဖြစ်ချင်လဲ၊ ပြဿနာမရှိ ပြဿနာလာရှာနေတယ် ... ကျွတ်"

"ဟာ ... ရှင် တော်တော်ယဉ်ကျေးမှုမဲ့ပါလား"

"ဘာ ...၊ ယဉ်ကျေးမှုမဲ့တယ် !!,"

"ဟုတ်တယ်"

"ခင်ဗျားသာရိုင်းတာ၊ ကိုယ့်ဘက်က အမှိုက်သရိုက် သူများခြံဘက် ပြုတ်ကျပေပွနေတာကိုတော့ မသိချင်ယောင်ဆောင်ပြီး သူ့သရက်ကိုင်းထိတော့မှ ဖြစ်နေလိုက်တာ"





"ဖြစ်မှာပေါ့၊ ကိုယ့်သရက်ကိုင်းကို ခွင့်မတောင်းဘဲ ခုတ်ချတာ ဘယ်သူက ဘာမှမဖြစ်ဘဲ နေမှာလဲ"

"ဘာလဲ ... ကျုပ်က လုပ်စရာရှိတာ လုပ်ဖို့အရေး ခင်ဗျားကို လာလာပြီး တိုင်ပင်လိုက် ခွင့်တောင်းလိုက် လုပ်နေရမှာလား၊ ပြောထား၊ ခင်ဗျားကို အရေးတယူ လာလာပြောမကြိုက်တတ်ရင် နောင်ပြောပါ့မယ်ဗျာ"

"ဘာပြောတယ်ရှင့်၊ ရှင် တော်တော် ... တော်တော် မိုက်ရိုင်းပါလား"

"ခင်ဗျား ဘာလုပ်ချင်လဲ၊ လုပ်ချင်ရာလုပ်"

စိမ်းသက်မီသည် တစ်ဖက်ခြံကလူကို စိမ်းတောက်တဲ့မျက်လုံးများနှင့် စူးစူးရဲရဲ စိုက်ကြည့်နေပြီးမှ မထေမဲ့မြင်ပြန်ကြည့်နေတဲ့ သူ့ပုံစံကို ချာခနဲ မျက်နှာလွှဲလှည့်ထွက်ခဲ့ပါသည်။ ဆက်ပြောလေ ကိုယ်သိက္ခာကျလေပဲ။ ပြောလေ ဆိုးလေ စကားထဲဝိစရာ နင်းစရာ အထအန ကောက်စရာပါလျှင် ဒီလူက ထပ်၍ ရှိသဲ့သဲ့ ပြောဆိုနေဦးမည်။

အိမ်မှာက မိန်းမသားတွေချည်း။ ယောကျ်ားဆိုလို့ ဦးထွန်းနှင့် သားလေးပင်။ မိန်းမသားထဲကတောင် မေမေ တစ်ယောက် အင်အားလျော့နေသေးသည်။ တရားစခန်းသွားဝင်နေ၍ ရာကြီးသူမ အဟိတ်အဟန့်လည်းမရှိ။ တစ်ခါတရံတွင် ဓားကားခေါ်ကားနိုင်ချင်လှတဲ့ ယောကျ်ားတို့ကို စိမ်းသက်မီ ရွံရှာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယ့်နောက်မှာ ကျောထောက်နောက်ခံ မရှိတာသိ၍ အနိုင်ကျင့် ရန်စောင်ရဲကြသည်။

စိမ်းသက်မီသည်လည်း တကယ်တမ်းကျ သူတင်ကိုယ်တင် ပြဿနာပြိုင်မဖြစ်ရဲပါ။

တစ်ခုခုဆိုရင် အားငယ်ပြီး မျက်ရည်က အရင်ရစ်ဝဲချင်လာတတ်သည်။

"တောက် ... တော်တော်လူပါးဝတဲ့သူ"

စိမ်းသက်မီက ညှော်ခန်းမှာ ဝင်ထိုင်ရင်း ခြေမလက်ပစ် မှီပစ်လိုက်ပါသည်။

"မမ ... ရေ"

အကြည်က သောက်ရေအေးအေး ထည့်ယူလာပေးသည်။

"ကျွန်မတို့လည်း ဒုတ် ... ဒုတ်နဲ့ ခုတ်နေသံကို ဘယ်ကဘာသံလဲလို့ ဇဝေဇဝါနဲ့ နားစွင့်နေတာ၊ နောက်မှဂျုတ်ခနဲ ဝုန်းခနဲ ပြုတ်ကျသံကြားမှ ထွက်ကြည့်ရတာ မမရဲ့"

"တော်ပြီ ... တော်ပြီ ... ဆက်မကြားချင်ဘူး၊ ငါ့စိတ်ထိုလျှော့လိုက်မယ် အကြည်ရယ်၊ ပြဿနာဆက်ဖြစ်နေရင် ဒီလူ့ပါးစပ်က ရမ်းရမ်းကားကားပြောမယ့်ပါးစပ်၊ ကိုယ်က ယောကျ်ားရှိတာမဟုတ်ဘူး မုဆိုးမ၊ နာစရာရှိ ကိုယ်ပဲနာပြီး သိက္ခာကျရမှာ"





စိမ်းသက်မီက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။ ရေအေးအေးကို မော့သောက်ရင်း ညှော်ခန်းရဲ့ထောင့် စားပွဲအသေးကလေးပေါ်တင်ထားတဲ့ စာအိတ်ဝါဝါလေး တစ်အိတ်ကိုမြင်မိလျှင် ...

"ဟိုဟာ ဘာလဲ၊ ဘာစာအိတ်လဲ"

"ဪ ... နေ့လယ်က စာတိုက်ကလာတာ မမ၊ စာပို့သမား လာပို့သွားတာ"

အကြည် သွားယူလာပေးတဲ့ စာအိတ်ကို တအံ့တသြ လှမ်းယူလိုက်ပါသည်။ အိမ်ကို စာတွေ ဘာတွေ လာလေ့မရှိတာ။ စာအိတ်ပေါ်က လိပ်စာကို ဖတ်လိုက်လျှင် ...

"ဒေါ်စိမ်းသက်မီ
အမှတ်(...)၊ ရွှေတောင်ကြားရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။"

"ဟင်"

စိမ်းသက်မီရဲ့ မှီထိုင်နေတဲ့ ခန္ဓာကိုယ်က မတ်သွားရပါသည်။

"ဒါ ... ဒါ ... ဒါ ..."

"ဘာဖြစ်လို့လဲ မမ"

"စာတိုက်ကလာတာ ဟုတ်လား"

"ဟုတ်ကဲ့ မမ"

"ဘာ ... ဘာပြောသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



အကြည်က ဇဝေဇဝါလေးနှင့် ...

"ဘာမှမပြောဘူးလေ မမ၊ စာပို့သမားက ခြံတံခါးက စာ
ပုံးထဲပဲ ထည့်သွားတာပါ၊ ကျွန်မက စာပို့သမားကို အိမ်
ထဲက လှမ်းမြင်လိုက်လို့ စာတွေ ဘာတွေလည်း လာ
မရှိတော့ ဆင်းသွားပြီး ချက်ချင်းပဲ သွားယူကြည့်လိုက်
တော့၊ မမနာမည်နဲ့စာဆိုတော့ ဒီမှာထားထားတာ"

အင်းလေ ...။ စိမ်းသက်မီမှာ ကိုယ့်ဟာကိုယ်
ကယောင်ကတန်းနှင့် ယောင်ယောင်မှားမှား မေးချင်ရာ လျှောက်
မေးမိတာ။ စာလာပို့တာကို စာပို့သမားက ဘာများပြောစရာ
သေးလို့လဲ။

အကြည်က အိမ်မှာ သားလေးတစ်သက် နေလာ
လူယုံလူရင်း ဖြစ်နေပြီမို့ စိမ်းသက်မီကို စိုးရိမ်ပူပန်သလို ...

"ဘာဖြစ်လို့လဲ မမ၊ ဘာစာမို့လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး၊ စာတွေ ဘာတွေ လာလေ့မရှိလို့
အူကြောင်ကြောင် မေးမိတာပါ၊ သွား ... သွား ကိစ္စ
ဘူး၊ သားလေး ကျူရှင်ဆရာမ ရောက်နေလား၊ ဟုတ်
လား"

"ဟုတ်ကဲ့ ... အခန်းထဲမှာ စာသင်နေပါပြီ၊ ဆရာမ
ပြောတယ်၊ သူ ခေါ်ပေးမယ်ဆိုတဲ့ ပန်းချီသင်ပေးမယ့်
ဆရာက မသင်ဖြစ်တော့ဘူးတဲ့၊ နယ်ကိုပြောင်းတော့မှာ
လို့တဲ့ မမ"



"အင်း ... အင်း၊ ဒါဖြင့် နောက်မှ တခြားက ရှာပေးရတာ
ပေါ့၊ နှင် လုပ်စရာရှိတာ သွားလုပ်တော့ အကြည်"

"ဟုတ်ကဲ့"

စိမ်းသက်မီသည် သူ ရင်းရင်းနှီးနှီး သိနေတဲ့ စာ
အိတ်ပေါ်က လက်ရေးကို တစ်ချက်စိုက်ကြည့်နေပြီးမှ စာအိတ်
ကိုဖောက်ကာ အထဲက စာရွက်ဝါလေးကို ဆွဲဖြန့်ဖတ်လိုက်ပါ
သည်။

"မြက်ခင်းစိမ်းလေး"

အမယ်လေး ... ဘုရား ... ဘုရား။ စိမ်းသက်မီ
သည် တဒိတ်ဒိတ်ခုန်လာတဲ့ ရင်ကိုဖိကာ တစ်ကိုယ်လုံး ကြက်သီး
မွေးညင်း ရှိန်းရှိန်းထလျက် ချက်ချင်းမတ်တတ်ငိုချလိုက်မိတော့
မလို မွန်ထူကြေကွဲသွားပါသည်။

"စိမ်းက သူတို့နဲ့ယှဉ်တော့ မိုးနဲ့မြေပါ ကိုမောင်ရယ်၊
စိမ်းက မြေကြီးပါ၊ အောက်ကပါ"

စိမ်းသက်မီ ဝမ်းပန်းတနည်း ပြောမိစဉ်တုန်းက
သူ့ကိုရွှန်းရွှန်းစားစား မျက်ဝန်းများနှင့်ကြည့်လျက် ...

"စိမ်းက မြေကြီးတော့ မြေကြီး၊ ဒါပေမဲ့ ရိုးရိုးမြေပြင်တော့
မဟုတ်ဘူး၊ မြေပြင်ပေါ်က မြက်ခင်းစိမ်းလေး၊ အေးမြစိမ်း
လန်းတယ်၊ စိတ်ကြည်နူးချမ်းမြေ့စေတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကစပြီး ကိုယ့်ကို "မြက်ခင်းစိမ်းလေး"လို့ ကိုမောင် အမြတ်တနိုးခေါ်ခဲ့တယ်ဆိုတာ ကိုယ်ကလွဲရင် ဘယ်သူမှမသိပါ။ ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါ။ သူ့ဘက်မှာလည်းပဲ သူ ဘယ်သူ့ကိုမှ မပြောခဲ့ဘူးဆိုတာ စိမ်းသက်မိသိသည်။ နှစ်ဦးတည်းသိတဲ့ အခေါ်အဝေါ်လေး။ ဒါကို နှစ်ပေါင်းနှစ်ဆယ်အကြာမှာ ဘယ်သူတစ်ဦးတစ်ယောက်က သိစရာအကြောင်းရှိလို့လဲ။

"မြက်ခင်းစိမ်းလေး ...

လက်ရေးမြင်တာနဲ့ ဘယ်သူလဲဆိုတာ သိမှာပါ။

မင်းကို သိပ်ချစ်လို့ မင်းအနားကလွဲပြီး တခြားမှာမနေ

နိုင်လို့ ကိုယ်တစ်ခေါက် ပြန်လာခဲ့ပါတယ်။

မကြာခင် မင်း အနားနား ရောက်လာခဲ့မယ်။

မင်းသိပ်ချစ်တဲ့ ...

ကိုကိုမောင် ..."

စိမ်းသက်မိသည် စာရွက်လေးကို ရင်မှာဖျက်ခဲ့ ကပ်ကာ ချက်ချင်း မျက်ရည်တွေ ရစ်ဝဲတက်လာပါသည်။ ဘာ အဓိပ္ပာယ်လဲ။ ဘယ်ကလဲ ... ဘယ်သူလဲ။ ကိုကိုမောင်က ရှိ မရှိတော့ပဲ။ တကယ်ပဲ ကိုကိုမောင် အစစ်များ ပြန်လာမယ်ဆို လို့ကတော့ ဝမ်းသာအားကိုးအားထားစွာ ပြေးဖက်ဆီးကြိုလိုက် မှာပဲ။

* ❤ *



"Rosie လေး ...

ကိုယ် ဒီနေ့ ဘယ်ကိုရောက်ခဲ့လဲ သိလား။

Rosie လေးကို ကိုယ် ကားမောင်းစသင်ပေးခဲ့တဲ့ အာစီတူး ကျောင်းဝင်းထဲကိုပေါ့။ မရောက်တာကြာလို့ အမှတ်တရနေရာလေးတွေကို ပြန်တွေ့ရနိုးနိုး ကိုယ်သွားရှာဖွေတယ်။

ကျောင်းဝင်းထဲမှာ ကလေးလေးတွေ ကျောင်းတက်နေကြတာကို တွေ့ခဲ့ရတယ်။ အများကြီးပဲ ပြောင်းလဲသွားခဲ့ပြီနော်။

ကိုယ်နဲ့ Rosie လေးနဲ့ မကြာမကြာ အတူထိုင်ဖူးတဲ့ ကုက္ကိုပင်ကြီးကို မှတ်မိသေးရဲ့လား။ အမြစ်ဆုံအကြီးကြီးတွေနဲ့ ကိုယ်တို့နှစ်ယောက် ထိုင်စရာ မျက်နှာချင်းဆိုင်ခုံကလေးနှစ်ခု လုပ်ပေးထားသလိုပဲလို့ Rosie လေးပြောခဲ့ဖူးတဲ့ အပင်ကြီးလေ။

အပင်ကြီးရဲ့ ပင်စည်သားမှာ Rosie လေး ထောက်ဆူးချွန်လေးနဲ့ အထပ်ထပ်ခြစ်ပြီး ရေးထားတဲ့ "ကိုမောင်" ဆိုတဲ့ စာလုံးလေးကိုများ ပြန်များတွေ့ရဦးမလားလို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှာကြည့်မိသေးတယ်။ မတွေ့ရတော့ဘူး Rosie လေး။

နှစ်နှစ်ဆယ်ဆိုတဲ့ အချိန်ကာလနဲ့ ရာသီဥတုတိုက်စားမှုကြောင့် အဲဒီစာလုံးလေး ပျက်ပြယ်သွားပြီ။ အဲသလိုပဲ ခုလောက်ဆို Rosie လေးရဲ့ရင်ထဲမှာ ခတ်နှိပ်ထားတဲ့ ကိုယ့်ရဲ့အမည်လေးလည်း မှေးမှိန်ပျောက်လွင့်သွားပြီလား။ ဒါကိုတွေးရင်း ကိုယ် ကြေကွဲခဲ့တယ်။

ဘယ်လိုမှ အပျောက်ပျက် မခံနိုင်ဘူး Rosie လေး။ မင်း ကိုယ့်ကို မမေ့နိုင်တာ ကိုယ်သိပါတယ်။ ကိုယ်လည်း Rosie လေးကို သိပ်ချစ်တဲ့ စိတ်ခွန်အားနဲ့ မင်းရှိတဲ့ကမ္ဘာကို မရောက်အရောက် မရမက ပြန်လာခဲ့တာကို ကြည့်ပါလား။

ကိုယ် မင်းကို လက်မလွှတ်ဘူးနော်။ ဒါကို မင်း သိပါတယ်။ သိပ်မကြာခင် မင်းအနားကို ကိုယ်ရောက်လာပြပါ့မယ်။

မင်းသိပ်ချစ်တဲ့ ...

ကိုကိုမောင် ...

စာခေါက်ကို စာအိတ်ထဲ ပြန်ထည့်ရင်း နှင်းဆီတင်သည် နိမ့်ချည်မြင့်ချည် လှုပ်ရှားနေတဲ့ရင်ကို ငြိမ်သက်အောင် ကြိုးစားဆောက်တည်ရင်း စားပွဲပေါ်က ဘဲလ်လေးကို နှိပ်လိုက်ပါသည်။ ချက်ချင်း တံခါးဖွင့်ဝင်လာတဲ့ ရွှေဝါကို မော့ကြည့်ရင်း ...

"ရွှေဝါ ... ဒီစာက ဘယ်လိုရောက်လာတာလဲ"

ရွှေဝါက စာအိတ်ဝါလေးကို လှမ်းကြည့်ရင်း ...

"ဟိုတစ်နေ့ကလိုပဲ စာပုံးထဲမှာ ရှိနေတာပါ၊ ဘာဖြစ်လို့ပါလဲ မမ၊ အနှောင့်အယှက်တစ်ခုခုပြုတဲ့ စာများလား"

ဒီအဆောက်အအုံကြီးရဲ့ အောက်ဆုံးထပ် ဓာတ်လှေကားအိမ်အပြင်ဘက်က နံရံကျယ်ကြီးမှာ တစ်တိုက်လုံးက အခန်းနံပါတ်တို့နှင့်အညီ စာပုံးလေးတွေ အစီအရီ ချိတ်ဆွဲတပ်ဆင်ထားပါသည်။ ကိုယ့်နံပါတ်နှင့် စာပုံးထဲ ကိုယ်နှင့်သက်ဆိုင်တဲ့စာရောက်တတ်မြဲပင်။ အပေါ်က ရုံးခန်းအထိ တက်လာပေးစရာမလိုပါ။ ဒီအဆောက်အအုံဟာလည်း အပေါ်ဘက်တွေမှာ ကုမ္ပဏီကြီးတွေ ... ဆိုင်းစုံတို့ရဲ့ ရုံးခန်းပေါင်းစုံတွေများသည်။ လူနေခန်းက ဟိုးအောက်ဘက် အထပ်တချို့မှာသာ။

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး၊ ဟို ... သူငယ်ချင်းတစ်ယောက်ကိုရဲ့စာ ဖြစ်နေလို့ပါ၊ သီးသန့်များ လာပေးလားလို့ပါ"

"မဟုတ်ဘူး မမ၊ စာပုံးထဲက သိမ်းလာတာတွေနဲ့ တူတူပါပဲ"

"ရပြီ ရွှေဝါ"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

နှင်းဆီတင်သည် စာနှင့် စာအိတ်ကို ပိုက်ဆံအိတ်ကြီးဖွင့်ကာ ပစ်ထည့်လိုက်ရင်း ပိုက်ဆံအိတ်ကိုလွယ်ပြီး ထိုင်ရာမှ ထလိုက်ပါသည်။ စားပွဲပေါ်ကကားသော့ပါ ကောက်ယူပြီး ဆိုးဆိုးဆတ်ဆတ် စိတ်မြန်မြန်ပင် သူ့အခန်းတံခါးကို ဖွင့်ထွက်လိုက်ပါသည်။ ရွှေဝါက သူ့စားပွဲမှ ထရပ်လိုက်ကာ ...

"မမ"

"တို့ အပြင်ခဏသွားလိုက်ဦးမယ် ရွှေဝါ"

နှင်းဆီတင်ရဲ့မျက်နှာ ခပ်မှိုင်းမှိုင်းကိုမြင်လျှင် ရွှေဝါ မကြည်လင်လှတာကို တန်း၍သိသော်လည်း ...

"မမ ... အချိုရည်ကို မြန်မာပြည်အထက်ပိုင်းကိုယ်စားလှယ်ပေးဖို့ မမ လူနစ်ယောက် တွေ့စရာရှိတာ နောက်တစ်နာရီကျော်ကျော်ဆိုရင် ..."

"ဖျက်လိုက်"

"ဟုတ်"

"ခုပဲ ဆက်လိုက်၊ အချိန်ကို နည်းနည်းနောက်ဆုတ်ရင်ဆုတ်၊ မရရင် နောက်တစ်နေ့ပြောင်းချိန်းလိုက်တော့"

"ဟုတ်ကဲ့"

ဒေါက်ဖိနပ်သံ ခွပ် ... ခွပ် ... ခွပ် ... ခွပ်နှင့် ကိုယ်လုံးအိအိကလေးကို လှုပ်ယမ်းတဲ့အထိ စိတ်လိုက်မာန်ပါ အရှေ့





ထကြီးထွက်သွားတဲ့ သူတို့ရဲ့ဘော့စ်ကို ရုံးခန်းထဲက သူတို့အားလုံး ငေးမော၍ပဲ ကျန်ခဲ့ကြရပါသည်။

နှင်းဆီတင်က ပါကင်မှ ကားကိုထုတ်မောင်းလာရင်း လက်ကနာရီလေးကို တစ်ချက်ကြည့်လိုက်ပါသည်။ ဆယ့်နှစ်နာရီခွဲ။ အို ... ဘယ်နှနာရီပဲရှိရှိပါ။ ဘာကိစ္စပဲရှိရှိပါ။ သူ့ရင်မှာ တုန်ယင်လှုပ်ရှားနေပြီမို့ ခုချက်ချင်း ထ,မသွားဘဲ မနေနိုင်တော့လို့ပါ။

ချက်ချင်း ထမသွားလည်း ဘာမှမဖြစ်။ ချက်ချင်း ထသွားလည်း ဘာမှမထူး။ ဒါပေမဲ့ အဲဒီကုက္ကိုပင်ကြီးဆီကို ခုချက်ချင်း ထသွားချင်တဲ့စိတ်က တစ်မဟုတ်ချင်း ပေါ်ပေါက်လာသို့။ ချက်ချင်းမှ ထမသွားရရင် စိတ်ထဲကသိကအောက် အနှောင့်အယှက်နှင့် နေလို့ထိုင်လို့မရ ဖြစ်တော့မှာမို့ ကိုယ့်ကိုယ်ကိုယ် [illegible]သည်။

ဘယ်သူလဲ ...

ရှင် ဘယ်သူလဲဟင်။

အဲဒီအသေးစိတ်ကလေးတွေကို လုံးစေ့ပတ်စေ့သိနေတဲ့သူဟာ ကိုကိုမောင် ကိုယ်တိုင်ကလွဲရင် ဘယ်သူမှကို မဖြစ်နိုင်တာ။ "ဒီအမြစ်လေးနှစ်ခုက Rosie နဲ့ ကိုမောင့်အတွက် ချစ်နှာချင်းဆိုင် ခုံလေးနှစ်ခု တမင်လုပ်ထားတာလိုပဲနော်"လို့ သူ ပြောခဲ့ဖူးတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ဟာ ကိုယ့်ချစ်သူအကြောင်း သူငယ်ချင်း အပေါင်းအသင်းကို ပြန်ပြောပြဖူးတယ်ပဲ ထားပါဦး။ သိပ်ပြီး အသေးစိတ်စိတ် လုံးစေ့ပတ်စေ့ စကားတစ်ခွန်းမကျန် တော့ ပြောနိုင်ပါ့မလား။ အင်မတန်မှ ကိုယ့်ကိုယ်ကိုယ် စိတ်ခံတတ် နိုင်ကျည်းမာကျောလှတယ်ထင်တဲ့ နှင်းဆီတင်သည် ကားမောင်း ရင်း စတီယာရင်ကို ထုကာ ထုကာ နှုတ်ခမ်းကိုကိုက်၍ စိတ် ထိန်းရသည်။

ဝဲပြီး ပြုတ်ကျလာတော့မယ့် မျက်ရည်တွေကို မျက် တောင်ပုတ်ခတ် ထိန်းရသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ကြိမ် ပဲ ယောကျ်ားတစ်ယောက်ကို ချစ်ဖူးပြီး တစ်ယောက်ဆို ဆို သလောက် အသက်နဲ့ထပ်တူ ဆတ်ဆတ်တုန် ချစ်လိုက်ရတာ ဆိုတာ။ အသက်အရွယ်ကလည်း ဆယ့်ခုနှစ် ဆယ့်ရှစ်လေ။ တကယ့်ကို အရွှးအမူး မျက်ကန်းတောတိုးနဲ့ ရင်နှစ်ခြမ်း ဖြန်း ဖြန်းကွဲအောင်ကို ချစ်ခဲ့တာမျိုးလေ။

ကိုမောင် သေတော့ ရင်ကွဲလုအောင် ရူးမတတ် အသေအလဲ ခံစားခဲ့ရတာလေ။ ဒီဝေဒနာ ဒီဒဏ်ရာဟာ သေရာ ပါ။ ဒါကြောင့် ခုထိတောင်မှ နောက်ထပ် ယောကျ်ားတစ်ယောက် ယောက်ကို အချစ်ကြီး ချစ်နိုင်ဖို့ မပြောနဲ့ စိတ်တောင်မဝင်စား နိုင်အောင် ဖြစ်နေတာ။ ဒီအဖြစ်ကို အံ့လည်းအံ့သြရပါသည်။





နုနယ်တဲ့ နှလုံးသားကလေးထဲမှာ ငယ်ချစ်ဦးရဲ့ပုံရိပ် ဟာ နက်နက်ရှိုင်းရှိုင်းကြီး နစ်ဝင်စွဲထင်ခဲ့တာပါ။ နာလန်ထူဖို့ကို အတော်ကြီးအဖတ်ဆယ်ခဲ့ရပြီး ဗုန်းဗုန်းလဲမှ အတော်နှင့်မထူနိုင် မထနိုင်ခဲ့။ လူမမာကြီးလုံးလုံး ဖြစ်ခဲ့ရတာပင် နှစ်နှင့်ချီ။ မိဘများ ခမျာ နှင်းဆီတင်ကြောင့် အတော်ပင် ဗြောင်းဆန်ခဲ့ကြပါသေး သည်။

လုံးစုံပတ်စေ့ ရင်ဖွင့်ဖို့လူလည်းမရှိ။ အချစ်ဆုံးသူ ငယ်ချင်းသုံးဦးဟာ ဒီကိစ္စကြောင့်ပဲ သွင်သွင်စီမ်းကားခဲ့ကြရတာ မဟုတ်လား။ ဒါနဲ့များတောင် ဒီယောက်ျားကို ဘယ်သူကမှ မခုန်းနိုင် မနာနိုင်ဘဲ အချင်းချင်းသာ လှည့်ပတ်နာကြည်းနေခဲ့ ကြပါသည်။ မခေါ်နိုင် မပြောနိုင်လိုက်ကြတာ အနှစ်နှစ်ဆယ်လုံး သုံးတိုင်ခဲ့ပြီ။ နောက်ထပ်တောင် သူငယ်ချင်းအရင်းအချာရယ်လို့ ထပ်မထားမိတော့ပါ။ သူငယ်ချင်းဆိုတဲ့ ပတ်သက်မှု အပေါ်တောင် စိတ်ကုန်သွားတဲ့အထိ။

ဤယောက်ျားဟာ ကိုယ့်ဘဝကို ဤမျှအထိ အလဲလဲ အပြိုပြို ဖြစ်စေခဲ့တာ သိသိကြီးနှင့်ပင် မနာကြည်း မမေ့ပျောက် နိုင်သည်သာမက ခုလို ဘာမှန်းမသိတဲ့ စာတွေလက်ခံရတဲ့အချိန် မှာ လူက ဆတ်ဆတ်တုန် သည်းအူပြောင်းဆန်အောင် ခံစားဖို့လိုက် နေရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေ ဇလတွေနှင့်ပင် နှင်းဆီတင်ရဲ့ကားလေးက အာစီတူးကျောင်းဝင်းရှိရာ ရောက်လာခဲ့ပြီ။ ဟင် ... ကားတွေ ကားတွေပါလား။ ကိုယ်တို့ ဒီမှာကျောင်းတက်နေခဲ့စဉ်တုန်းကလည်း ဒီလိုပဲ ကျောင်းဝင်းထဲမှာ ကားတွေက ရှုပ်ယှက်ခတ်ကာ ကျပ်တောက်နေတတ်ခဲ့မြဲ။

ခုတော့ တီတီစီက ကလေးတွေ ကျောင်းတက်နေကြဆဲနေရာ။ ဒီနေ့လောက် ကားတွေရှုပ်ထွေးများပြားနေပုံထောက်ရင် ကလေးတွေ ကျောင်းဆင်းချိန် ထင်ပါရဲ့။ နှင်းဆီတင်က ကားကို ကွေ့ပတ်မောင်းဝင်လာခဲ့ပါသည်။ သူ့ရဲ့ဦးတည်ရာက သူတို့နှစ်ယောက် အမှတ်တရ ထိုင်ဖူးကြတဲ့ ကုက္ကိုပင်ကြီးရှိရာဆီ။

တကယ်တော့ နေရာတိုင်းဟာ အမှတ်တရပါ။ ဒီတစ်ဝင်းလုံးအနှံ့ ကားဘီးရာတွေရော ခြေရာတွေပါ ပျံ့နှံ့ခဲ့တာ။ မှတ်မှတ်ရရ နှင်းဆီတင်သည် ကိုကိုမောင် သင်ပေးခဲ့၍ ကားစမောင်းတတ်ခြင်းပင်။ ဒက်ဒီကလည်း ဆယ့်ရှစ်နှစ်ကျော်မှပဲ သင်ပေးမည်ဆိုတာ သင်မပေးခဲ့။ အစ်ကိုအရင်းတစ်ယောက်ရှိတာကလည်း ကားမောင်းသင်ခိုင်းရင် ရှုပ်လိုက်တာဆိုပြီး အော်တောင်အော်ငေါက်လွှတ်တတ်တယ်ဖြစ်ရာ ကိုယ့်ကားကလေး ကိုယ်မောင်းပြီး ဟော့ရှော့လုပ်ချင်တဲ့ နှင်းဆီတင်ဟာ ရူပွ ရူပွနှင့် မကျေမချမ်း။





"ကိုယ် သင်ပေးမှာပေါ့ Rosie လေးရယ်" ဆိုတဲ့ ကိုကိုမောင့်ကို ချစ်လိုက်ရသည် ဆိုသည်မှာ။ ကိုကိုမောင်ရဲ့ပတ်ဘလစ်ကာ ကားလေးနှင့်ပဲ နှင်းဆီတင် ကားမောင်းစသင်ခဲ့ပါသည်။ အို ... ဘာကိုမှ မမေ့နိုင်ပါဘူးလေ။ ရင်ထဲမှာနှင့်နေအောင် စွဲနေခဲ့တာပါ။

နှင်းဆီတင်က ကားကို တစ်နေရာမှာ ထိုးရပ်လိုက်တာ ရှေ့မြင်ကွင်းထဲက ကုက္ကိုပင်အိုကြီးကို ကားထဲမှ ခဏငေး ...က်ကြည့်နေမိပါသည်။ ရင်တွေလည်း တဒိန်းဒိန်းမြည်ဟည်းလာပြီ။ မျက်စိထဲမှာတောင် မြင်ယောင်လာသည်မှာ ဒိုင်ယာနာပုံစံ ဆံပင်ဖောင်းဖောင်းလေးနှင့် အရပ်မြင့်မြင့် ကောင်မလေးဟာ သူမရဲ့နံဘေးက စတစ်ကော်လာရှပ်ဖြူ ကချင်ကွက်ပုဆိုးမှောင်မှောင်နှင့် ကချင်လွယ်အိတ် အနီရောင်လေးကို လွယ်ထားတဲ့ ...င်မတန် စွဲမက်ယစ်မူးဖွယ် ရုပ်ရည်သွင်ပြင်ရှိသော လူတစ်ယောက်ရဲ့လက်မောင်းကို အတင်းဖက်ချိတ်ထားခဲ့တာ။

"ကိုမောင် ... Rosie ဒီနေရာကို ပြန်ရောက်လာပြီ ကိုမောင်ရေ"

နှင်းဆီတင်က နှုတ်က တိုးတိုးဖွဖွကလေး ရေရွတ်ရင်း ကားထဲက ဆင်းလိုက်ပါသည်။ ကုက္ကိုပင်ကြီးရှိရာ တစ်လှမ်းချင်း တိုးလျှောက်လာခဲ့ရင်း ရင်ထဲ ဖြောင်းဆန်တုန်လှုပ်နေခဲ့ပါသည်။ အတိတ်က အဖြစ်အပျက်ပုံရိပ်တို့က မျက်စိထဲမှာ ရုပ်ရှင်ပြကွက်တွေ အလားပင်။



www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုပင်ကြီးအနား တိုးကပ်လာခဲ့တဲ့ နှင်းဆီတင်က
အမြစ်ဆုံတစ်နေရာမှာ ဝင်ထိုင်ချလိုက်ရင်း မျက်စိနှင့် ရှေ့ပြင်ည
တစ်ပြေးတည်းလောက်က ပင်စည်သားနေပါမှာ တစ်စုံတစ်ရာ
အရှုးအမှုး ရှာဖွေနေခဲ့မိသည်။ "ကိုမောင်"ဆိုတဲ့ စာလုံးကလေး
ကိုလေ။

"ဟင်"

ဒိတ်ခနဲ ရင်ထဲတုန်ခါသွားကာ နှင်းဆီတင်က
လုံးအသစ်ကလေးတချို့အပေါ် ငေးစိုက်ကြည့်ရင်း ကြက်သေ
နေမိပါသည်။

"ကိုယ် ပြန်ရောက်လာမယ် Rosie လေး"

ဟင့်အင်း။ ဟင့်အင်း။ အဲဒါ ... အဲဒါ မဖြစ်နိုင်ပါဘူ

* ❤ *

"စနေမလေး ...

မင်းက မသိပေမယ့် မင်းရဲ့ပတ်ဝန်းကျင်မှာ အ
ကလေးတစ်ခုလို ကိုယ် ရှိနေတတ်တာ အချိန်ကာ
မနည်းတော့ဘူး။ မင်းအနားနားကို ရောက်လာဖို့ အချိ
ကိုယ် ဘယ်လောက်ထိ စောင့်မျှော်ခဲ့ရသလဲဆိုတာ
သိမှာမဟုတ်ပါဘူး စနေမလေးရယ်။



ကိုယ့်ရဲ့စနေမလေးက အထူးကုဆရာဝန်မကြီးတစ်ယောက်တောင် ဖြစ်နေခဲ့ပြီနော်။ ကိုယ် နေမကောင်းတဲ့အခါတိုင်း ပျာပျာသလဲ ပွပန်နေတတ်ခဲ့တဲ့ ကျောင်းသူကလေးက ခုတော့ လူနာတွေအများက အားကိုးအားထားပြုရတဲ့ ဆရာဝန်မကြီး။

မှတ်မိသေးလား စနေမလေး။ မင်းလည်း မေ့နိုင်မှာ မဟုတ်ပါဘူးကွယ်။ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကတည်းက မင်းလေးက ကိုယ့်ရဲ့ဆရာဝန်မလေးပါနော်။ ကိုယ်ခေါင်းတွေကိုက်ခဲ့တဲ့အခါတိုင်း ကိုက်နေတဲ့ နဖူးပြင်ပေါ် "ဥုဖူ ခေါင်းကိုက်ပျောက်"ဆိုပြီး တစ်ချက်မွှေးရှိုက်လိုက်တဲ့အခါ ဝေဒနာတစ်ဝက်မက သက်သာခဲ့ရတာတွေ ကိုယ် အားလုံးမှတ်မိနေတယ် စနေမလေးရယ်။

ဖြူစင်တဲ့ မင်းရဲ့အကြည့်လေး၊ နူးညံ့တဲ့မင်းရဲ့လက်ဖဝါးအထိအတွေ့လေး၊ ကြင်နာတဲ့မင်းရဲ့အပြုအမူလေးတွေကို ဟိုဘက်ဘဝကနေ ဒီဘက်ဘဝထဲအထိ ကိုယ့်ရင်ထဲထည့်သယ်လာခဲ့တယ်။ တစ်နေ့တော့ မဖြစ်မနေ အရောက်လာခဲ့ဖို့ဆိုတာ ကိုယ့်ရဲ့မျှော်လင့်ချက်ပဲ။

အခုတော့ မင်းရဲ့အနီးအနား ကိုယ်ရောက်နေပြီ စနေမလေး။ ဟိုတစ်နေ့ကတောင် သူငယ်ချင်းတစ်ယောက်ရဲ့ ညီလေးကို သူငယ်ချင်းနဲ့အတူ ကျောင်းကြိုသွားရင်း ဆေးတက္ကသိုလ်လိပ်ခုံးကို တစ်ခေါက်ပြန်ရောက်ခဲ့ပါတယ်။

www.burmeseclassic.com



ကိုယ်တို့ အတူထိုင်ခဲ့တဲ့ အဆည် လေ့ကား ဒုတိယ အကွေ့နေရာလေးကို မင်းလည်း မှတ်မိနေမှာပေါ့နော် နံရံပေါ်မှာ စနေမလေး ရေးခဲ့တဲ့ စာသားလေးကိုရော မင်း မေ့မယ်မထင်သေးပါဘူး။ ဒါပေမဲ့ အဲဒီစာသားလေး ကတော့ မရှိတော့ဘူး စနေမလေးရယ်။

မင်းရင်ထဲမှာကော ကိုယ်ရှိမှ ရှိပါသေးရဲ့လားလို့ ပူပန်စိတ်မောခဲ့ရတယ်။ ကိုယ့်ရင်ထဲမှာတော့ တစ်ဘဝချစ် ငြိမ်းတာတောင်မှ နောက်တစ်ဘဝအထိ မင်းက အခိုင်အမာ ရှိနေဆဲပါ။

ကိုယ် မင်းကို လက်မလွှတ်ဘူးနော်။ ဒါကို မင်း သိပါတယ်။ သိပ်မကြာခင် မင်းအနားကို ကိုယ် အရောက် လာပြပါ့မယ်။

မင်းကို သိပ်ချစ်တဲ့ …

ကိုကိုမောင် …

"မိဂျမ်း … မိဂျမ်း"

ထိပ်ထားထွေးသည် အိပ်ရန်းတံခါးကို အပြေးဖွင့် ကာ အခန်းပြင်ကို အသံကျယ်နှင့် ကုန်းဟစ်အော်ခေါ်လိုက်ပါ သည်။

"ဟဲ့ … သမီး … ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး မေမေ"





"ဘာတုန်းသမီးရဲ့၊ ဒီလောက် အလန့်တကြား ခေါ်ရတာ က"

မေမေက ထိပ်ထားထွေး လက်ထဲက စာအိတ်ဝါ လေးကို လှမ်းကြည့်လိုက်တာမို့ ထိပ်ထားထွေးက ဟန်ပန်မပျက် ကို ပြင်ဆင်လိုက်ရင်း …

"ဪ … ဒီစာ ဘယ်တုန်းကရသလဲ မေးမလို့ပါ မေမေ"

"ဒီနေ့ပဲ ရတာလေ၊ မနက်က မိဂျမ်းက သတင်းစာထွက် ယူရင်း စာပုံးထဲမှာ သတင်းစာနဲ့ ဒီစာအိတ် ရောထိုးထည့် ထားတာ တွေ့တာနဲ့ သူယူလာတာ။ မေမေကလည်း သမီးနာမည်မို့ သမီးအခန်းထဲ သွားထည့်ထားလိုက်တာ၊ ဘာဖြစ်လို့လဲ၊ ဘာစာမို့လဲ"

"ဪ … ဟို … ဘာစာမှ မဟုတ်ပါဘူး၊ ငယ်ငယ်က သူငယ်ချင်းတစ်ယောက်ပါ"

"ငယ်ငယ်က သူငယ်ချင်း !! … ဘာတွေရေးထားလို့လဲ"

"ဟို … မဟုတ်ပါဘူး မေမေ၊ သူ့စာက သူဘယ်သူလဲ မှတ်မိလား ပဟေဠိဖွက်ထားတာပါ၊ သမီးက တစ်ယောက် ယောက် လာထည့်သွားတာလား စာတိုက်ကလာတာလား မေးမလို့ပါ"

"စာတိုက်က လာတာပေါ့၊ ထောင့်မှာ တံဆိပ်ခေါင်းနဲ့ ဟာ၊ စာတိုက်ရဲ့တံဆိပ်တုံးလည်း ထုထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ထိပ်ထားထွေးက မျက်စိလျှမ်းပြီး မတွေ့တဲ့ တံဆိပ်ခေါင်းကို ငုံ့ကြည့်လိုက်မိပါသည်။ စာတိုက်တံဆိပ်တုံးမှာ ကမာရွတ်စာတိုက်တဲ့။ ထိပ်ထားထွေးတို့က ကမာရွတ်မြို့နယ်ထဲမို့ ဒီနားအထိ လာထည့်ခဲ့တဲ့ သဘောပင်။ ကိုယ့်ဟာနှင့်ကိုယ် တုန်တုန်ယင်ယင် ဖြစ်နေတဲ့ ထိပ်ထားထွေးက ခေါင်းလေးတဆတ်ဆတ်ညိတ်လိုက်ကာ အိပ်ခန်းထဲ ပြန်လှည့်ဝင်လိုက်သည်။

"သမီး ... ညနေမှ ဆေးခန်းပဲ သွားရမှာမို့လား"

မနေ့က နှစ်ဆယ့်လေးနာရီ ဂျူတီယူပြီး ဒီမနက်စောစောမှ အိမ်ပြန်ရောက်လာတဲ့ ထိပ်ထားထွေးက ရေမိုးချိုးပြီး ထိုးအိပ်သွားခဲ့တာ။ သူ အိပ်ပျော်နေတုန်း စာရောက်လာတာဖြစ်မည်။ အခုတော့ အချိန်က ဆယ့်တစ်နာရီသာသာ။

"သမီး ခဏအပြင်ထွက်ဦးမှာ မေမေ"

"ဘယ်တော့လဲ"

"အခုပဲမေမေ"

"ဘယ်သွားစရာကိစ္စရှိလို့လဲ သမီးရယ်၊ နားပဲမနားရဘူး"

"ခဏလေးပါ မေမေ၊ ဒီနားလေးတင်ပဲ၊ လိပ်ခုံးကိုသွားမလို့ပါ၊ ကိစ္စလေးတစ်ခုရှိလို့ပါ"

"ဪ ... လိပ်ခုံးတင်လား၊ မြန်မြန်သွား မြန်မြန်ပြန်ဦး သမီး"

"ဟုတ်ကဲ့"



ထိပ်ထားထွေးက အဝတ်အစားကို တော်ရုံလျော်ရုံ သော်သာ လဲလှယ်လိုက်ပြီး ကမန်းကတန်း ထွက်လာသည်။

"ကားဖြည်းဖြည်းမောင်း"

"ဟုတ်ကဲ့ မေမေ"

ထိပ်ထားထွေးက ကားကို အမြဲဖြည်းဖြည်းပဲ မောင်းပါသည်။ ခြေတံလက်တံရှည်ရှည်လေးတွေနှင့် ထိပ်ထားထွေးဟာ ငယ်ငယ်ကတည်းက ခြံကလည်းကျယ် အိမ်မှာလည်း ကားတစ်စီးစီးက အမြဲအသင့်ရှိနေတာမို့ တက်တက်စမ်းသပ်မောင်းကြည့်နေရင်း လူကြီးတွေ တဟုံဟုံအော်တဲ့ကြားကပင် ဆယ့်သုံးလေးနှစ်သမီးကတည်းက ကားမောင်းတတ်ခဲ့တာ။

သို့ပေမယ့် ကိုမောင် သေဆုံးပြီးကတည်းက ကားမောင်းရမှာကို စိတ်ထဲက ဝန်လေးပင်ပန်းနေခဲ့ပြီး တော်ရုံနှင့် သိပ် မောင်းချင်ဘဲ ဖြစ်သွားခဲ့တာ။ မောင်းကျင့်ပျက်မသွားအောင်တော့ ရံဖန်ရံခါ ဖောက်ပြီးမောင်းတတ်သည်။ ခုထိ တစ်ခါတစ်ရံသာ ကိုယ်တိုင်မောင်းပြီး ဆေးရုံသွားတတ်ကာ တစ်ခါတစ်ရံတွေတော့ အိမ်ကဒရိုင်ဘာကိုပဲ ပို့ခိုင်း ကြိုခိုင်းတာမျိုး ရှိပါသေးသည်။

ကိုယ်တိုင်မောင်းတိုင်းလည်း သတိဝီရိယနှင့် ခပ်ဖြည်းဖြည်းသာ။ ကားတိုက်မှုသတင်းတွေကြားတိုင်းလည်း ရင်တုန်ပန်းတုန် ကတုန်ကယင် ဖြစ်ရတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း စိတ်မြန်မြန်နှင့် ချက်ချင်းသာ ထွက်လာရမယ့် ထိပ်ထားထွေး တစ်ကိုယ်လုံး ကာတုန်ကယင် ဖြစ်နေပါသည်။ ချွေးစေးတွေလည်း တစ်ကိုယ်လုံး အေးစက်အောင် ပြန်နေသည်။

"... ဟိုဘက်ဘဝကနေ ဒီဘက်ဘဝထဲအထိ ကိုယ့်ရင်ထဲ ထည့်သယ်လာခဲ့တယ်"

ဒါဟာဘာအဓိပ္ပာယ်ပါလဲ။

ဟိုဘက်ဘဝ။ ဒီဘက်ဘဝ။ သူ ဘာကိုဆိုလိုချင်တာလဲ။ ကိုမောင့် လက်ရေးမှန်း သေချာတဲ့လက်ရေးနဲ့ ရောက်ရောက်လာတဲ့စာတွေဟာ ထိပ်ထားထွေးကို ဘယ်သူက ဘာသဘောနှင့် ရေးပို့နေတာလဲ။

ပြီးတော့ ... ဘုရား ... ဘုရား။

သူဟာ ဘာကြောင့်များ အဆမတန် အသေးစိတ်စိတ် သိနေရတာလဲ။ "ကိုယ် ခေါင်းတွေကိုက်ခဲတဲ့အခါတိုင်း ကိုက်နေတဲ့ နဖူးပြင်ပေါ် ဥဪ ခေါင်းကိုက်ပျောက် ဆိုပြီး တစ်ချက်မွေးရှိုက်လိုက်တဲ့အခါ ဝေဒနာတစ်ဝက်မကာ သက်သာခဲ့ရတာတွေ ..."တဲ့။ ကြည့်စမ်း။

ရှက်ဖို့ကောင်းလိုက်တာ။ ဒီအဖြစ်အပျက်မျိုး အတွင်းရေးတွေကို တခြားသူ တစ်ယောက်က သိနေတယ်ဆိုရင် ဘယ်လောက်တောင် ရှက်စရာကောင်းသွားလိုက်သလဲ။ ထိပ်ထားထွေး



သည် ဖြူဥနုဖွေးသော မျက်နှာကလေး နီမြန်းလာတဲ့အထိ စိတ်တွေလှုပ်ရှား ရှက်သွေးဖျန်းကာ နှုတ်ခမ်းကလေးကို ရှက်ရှက်နှင့် တအားဖိကိုက်ထားမိသည်။

လိပ်ခုံးက အဆည္လေ့ကားထစ်များကို သူကရောက်သေးတယ်တဲ့။ အဲဒီလှေကားထစ်တွေရဲ့ ဒုတိယမြောက်ကွေ့ချိုးမှာ ထိပ်ထားထွေးနှင့် ကိုမောင် ထိုင်နေကျလေ။ လှေကားထစ်လေးတွေရဲ့ ဘေးအုတ်နံရံမှာလည်း စာရေးဖူးခဲ့ပါရဲ့။ မှတ်မှတ်ရရ အဲဒီနေ့က ထိပ်ထားထွေး မွေးနေ့။ သူတို့သုံးဦးအကြားက ကိုမောင်ရဲ့ မတည်ကြည်မှုကို အရိပ်အမြွက် သိခဲ့ရတဲ့နေ့။

ထိပ်ထားထွေး ရင်ထဲ ဝမ်းနည်းနေခဲ့သည်။ သူ့ရဲ့ သရုပ်မှန်ကို ရိပ်မိတာတောင်မှ ဒေါသစိတ် မဖြစ်နိုင်ဘဲ ဝမ်းနည်းကြေကွဲ ယူကျုံးမရခြင်းသာ ရင်ထဲမှာ မုန်တိုင်းလိုမွှေခဲ့တာပါ။ မျက်ရည်လည်း ကျခဲ့ရသေးတာလေ။

"မငိုပါနဲ့ စနေမလေးရယ်၊ ကိုယ်က စနေမလေးကို တကယ်ချစ်တာပါ"

"ဟင့်အင်း ... မယုံဘူး၊ ကိုမောင့်ကို ထွေး မယုံဘူး"

"စနေမလေးကိုပဲ ကိုယ်က တကယ်ချစ်တာ၊ ကိုယ့်ရင်ထဲမှာ တကယ်ရှိတာ စနေမလေးပါ"

"ဒါဖြင့် ဘာဖြစ်လို့ သူတို့နှစ်ယောက်ကို ..."

"သူတို့က ကိုယ့်ကို အိပ်ချစ်နေကြတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"အို ... သူတို့ကချစ်တိုင်း ကိုမောင်က ...."

"စနေမလေးက ကိုယ့်ချစ်သူပဲကွယ်၊ သူတို့က ကိုယ့်ရဲ့ ချစ်သူတွေမှ မဟုတ်ဘဲ၊ သူတို့ကိုတော့ ကိုယ်က အားလည်းနာ၊ သနားလည်းသနားတဲ့စိတ်နဲ့ မိတ်မပျက် ဆက်ဆံနေရပါ စနေမလေးရယ်"

"ဟင့်အင်း ... မရဘူး၊ သနားလည်း မသနားရဘူး၊ တွေ့ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ကြည့်တောင်မကြည့်ရဘူး၊ ဆက်လည်း မဆက်ဆံရဘူး"

"အင်းပါ ... အင်းပါ ... အင်းပါ၊ မင်းရဲ့လက်သီးဆုပ်နုနုလေးတွေ နာလှပါပြီ စနေမလေးရယ်"

ထိပ်ထားတွေးရဲ့ ထုနက်နေတဲ့ လက်သီးဆုပ်တို့ကို ဖမ်းကိုင်ရင်း ကိုမောင်က ချော့မော့တောင်းပန်ခဲ့သည်။ အဲဒီနေ့က ပေါ့။ အားက အုတ်နံရံမှာ ...

"မထားခဲ့ပါနဲ့ ကိုမောင်ရယ်"ဆိုတဲ့ စာလေးကို ထိပ်ထားတွေး ရေးခဲ့မိပါသည်။ အဲဒီအကြောင်းတွေကို ကိုမောင်မဟုတ်တဲ့ ဘယ်သူက သိနေတာလဲ ဆိုတာကို ရင်တွေပေါက်ထွက်မတတ် သိချင်စိတ် ပြင်းပြလှသည်။ အဲဒီစာကလေး မရှိတော့ဘူးလို့ ဆိုပေမယ့် ရှိနေလို့များ သူများတကာတွေ တွေ့သွားတာလားလို့ ကိုယ့်ဘာသာကိုယ်ကျ မြင်ချင်လာမိလို့ပင်။





လိပ်ခုံးဆေးတက္ကသိုလ်ဘက်ကို ကားချိုးကွေ့ဝင်လိုက်မိလျှင် ထိပ်ထားတွေးရဲ့ အသည်းနှလုံးများ တဆတ်ဆတ်တုန်ခုန်လာပါသည်။ ကိုယ်ကျက်စားခဲ့တဲ့ ကျောင်းပရဝုဏ်လေး။ အဲဒီအချိန်ကာလတွေတုန်းက အပူအပင်ကင်းကင်းနဲ့ ပျော်ရွှင်စရာကောင်းလှတဲ့ ကျောင်းသူဘဝ။

ငယ်ငယ်ရွယ်ရွယ်မှာပင် ချစ်သူရယ်လို့ ဒီတစ်ယောက်ကိုသာ အဦးဆုံးထားလိုက်မိပြီး အသည်းပေါက်မတတ်ချစ်ရသော အဲဒီချစ်ဦးသူနှင့်လည်း လွဲခဲ့ရ၍ ကျောင်းသူသက်တမ်းနောက်ပိုင်းကာလတွေရော ဆရာဝန်ဖြစ်ပြီးချိန်မှာပါ ဘယ်သူ့ကိုမှလည်း ထပ်မချစ်နိုင်။ အချစ်သစ်လည်း မရှာနိုင်၊ အချစ်ဟောင်းလည်း မမေ့နိုင် ဆိုသလို ရင်ထဲက သူ ထွက်မသွားသေးတော့ နောက်တစ်ယောက်ကို အစားထိုး ထည့်သွင်းလို့ကို မရခဲ့ပါ။

ဝိုင်းအုံပျော်ခဲ့တဲ့ပျား၊ ပိတုန်း၊ လိပ်ပြာ များစွာတို့ကို ရေခဲတုံးလို အေးစက်နေတဲ့ နှလုံးသားနှင့် မလှုပ်မယှက် ခေါင်းခါငြင်းခဲ့သည်။ နှစ်ပေါင်းနှစ်ဆယ်ကြာမှ အခုလို သူနှင့်ပတ်သက်ကာ ယောက်ယက်ခတ် စိတ်လှုပ်ရှားရဦးမည်မှန်းလည်း ကြိုမတွေးခဲ့မိ။

ကားပေါ်မှဆင်းကာ အဆည့်လှေကားတွေဘက် လျှောက်လာတဲ့ ထိပ်ထားတွေးသည် စိတ်နှင့်လူ မကပ်သလိုရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင် ... ရှင်"

ရုတ်တရက် ရှေ့နားက လူတစ်ယောက်က နှုတ်ဆက်လိုက်၍ ထိပ်ထားထွေး လန့်ဖျပ်မော့ကြည့်လိုက်မိသည်။ မြင်ဖူးသလိုလိုရှိသော အမျိုးသားတစ်ယောက်က ခေါင်းညွှတ်ပြုံးရယ်ကာ ...

"မမ ... ဘယ်လာတာလဲ"

"ဪ ... ဟို ... ဒီကိုပဲ၊ ကိစ္စလေးတစ်ခုရှိလို့"

အမျိုးသားက ခေါင်းညိတ် ဖြတ်ကျော်သွားပါသည်။ ဆေးရုံက တခြားဝါဒ်တစ်ခုခုက ဆရာဝန်တစ်ယောက် ထင်ပါရဲ့။

ထိပ်ထားထွေးက လူသိထပ်မံမတွေ့အောင် ခပ်သွက်သွက်လျှောက်ကာ အဆည်လှေကားထစ်ကြီးများရဲ့ ဒုတိယကွေ့ကို ခပ်မြန်မြန် ရောက်လာခဲ့ပါသည်။

မျက်စိထဲမှာ လှေကားထစ်မှာ ထိုင်နေတဲ့ မဆောက်ပုံ ဆံပင်ဖြောင့်လေးနှင့် ဖြူဖွေးသွယ်ပြောင်းသော ကောင်မလေးတစ်ယောက်ရယ်၊ ရှပ်ဖြူလည်ကတုံး ကချွင်ဆင့်ပုဆိုးနှင့် ကချင်လွယ်အိတ် အနီရဲလေး ပိုက်ထားတဲ့ လူရွယ်တစ်ယောက်ရယ်ကို မြင်ယောင်လိုက်မိသလို ရှိသည်။



ရင်ထဲ တင်းကျပ်ဝမ်းနည်းလာကာ အုတ်နံရံပေါ် မျက်လုံးလေး ဝေဝဲရာဖွေကြည့်မိသည်။

တစ်နေရာမှာ ခပ်ဆတ်သတ် စာတန်းလေးတစ်ခုပါလား ...။

"မထားခဲ့ပါနဲ့ စနေမလေးရယ်"

ထိပ်ထားထွေးသည် ဒူးတွေ ညွှတ်ခွေလာကာ လှေကားထစ်မှာ ထိုင်ချလိုက်ရသည်။

❋ ❤ ❋

"မြက်ခင်းစိမ်းလေးရေ ...

ကိုယ်ချစ်တဲ့ မြက်ခင်းစိမ်းလေး ထန်းလန်းစွင့်စွင့် တင့်တင့်တယ်တယ် စိမ်းမြအေးချမ်းနေတာကို မြင်ရတဲ့အတွက် ရင်ထဲမှာ ဖော်မပြနိုင်အောင် စိတ်တွေချမ်းသာနေခဲ့မိတယ်။ ဘဝမှာ လောကဓံဆိုတာ ရှိကြစမြဲပဲ။ မမျှော်လင့်ဘဲ လက်တွဲဖော်အာ သေကွဲခွဲပြီး လက်တွဲဖြုတ်သွားပေမယ့် မင်းမှာ ချစ်စရာကောင်းတဲ့ သားကလေးတစ်ယောက်နဲ့ မဆောင့်တ မကြောင့်ကြရမယ့် ပိုင်ဆိုင်မှုတွေ ရှိနေတာကြောင့် အားတင်းနိုင်စရာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလည်း ချမ်းသာချင်တယ် ကိုမောင်ရယ်"လို့ မျက်လုံးကလေးတွေ တဖျပ်ဖျပ်တောက်ပြီး ပြောခဲ့တဲ့ စကားလေးကို ကိုယ်မမေ့ဘူး။ နုလို ပြည့်စုံတဲ့ မြက်ခင်းစိမ်းလေးရဲ့ အနေအထားကို မြင်ရတာ ဝမ်းသာတယ်။ မင်းမသိပေမယ့် မင်းနဲ့မနီးမဝေး မလှမ်းမကမ်းတွေမှာ ကိုယ်ရှိနေတယ် မြက်ခင်းစိမ်းလေး။

မင်းကိုချစ်ခဲ့တဲ့ ကိုယ့်ရဲ့အချစ်စိတ်က မင်းအနားကို ရောက်လာနိုင်တဲ့ တန်ခိုးသတ္တိစွမ်းအားတွေကို မွေးဖွားပေးခဲ့တယ် ထင်တယ်။ အရင်ဘဝက ကိုယ်တို့ဝေးကွာခဲ့ကြပေမယ့် ခုဘဝတော့ နီးစပ်ချင်ပါတယ် မြက်ခင်းစိမ်းလေးရယ်။

ကိုယ်တို့ ရွှေတိဂုံဘုရားကို သွားခဲ့ကြတဲ့ တစ်နေ့ကို မြက်ခင်းစိမ်းလေး မှတ်မိဦးမှာပေါ့။ မင်း ဘာဆုတောင်းလဲလို့ ကိုယ်ကမေးခဲ့တော့ "ဘဝဆက်တိုင်း ကိုမောင်နဲ့ ဆုံတွေ့ပါရစေ၊ ကိုမောင်နဲ့ ပေါင်းပါရစေ"လို့ ဆုတောင်းတယ်လို့ မင်းက ဖြေခဲ့တယ်လေ။ အဲဒီတုန်းက ကိုယ့်ဆုတောင်းဟာ မင်းရဲ့ဆုတောင်းနဲ့ တစ်ထပ်တည်းပဲလို့ ကိုယ်ပြောခဲ့တာရော မှတ်မိသေးလား။

ဘဝဆက်တိုင်း မြက်ခင်းစိမ်းလေးနဲ့ ဆုံတွေ့ပါရစေလို့ ကိုယ်က ဆုတောင်းခဲ့တာလေ။ ဒါဖြင့် အခုကိုယ့်





ရဲ့ဆုတောင်းဟာ ပြည့်ခဲ့တယ်လို့ ပြောလို့ရတာပေါ့နော်။ ကိုယ့်ရဲ့အသိစိတ် မှတ်ဉာဏ်ထဲမှာ မြက်ခင်းစိမ်းလေးကို ပြန်ပြီးသတိရတာနဲ့ တစ်ပြိုင်နက်ပဲ ကိုယ့်နှလုံးသားတွေဟာ အသစ်တစ်ဖန် ပြန်ခုန်လာခဲ့ရတယ်။ မြက်ခင်းစိမ်းလေးနဲ့ ပြန်ပြီးဆုံတွေ့ပါရစေဆိုတဲ့ ဆုတောင်းကို ငယ်ငယ်ကတည်းကနေ ခုထိ တောင်းနေကျပါ။

ကိုယ် မင်းကို လက်မလွှတ်ဘူးနော်။ ဒါကို မင်းသိပါတယ်။ သိပ်မကြာခင် မင်းအနားကို ကိုယ် အရောက်လာပြပါမယ်။

မင်းကိုသိပ်ချစ်တဲ့ ...

ကိုကိုမောင်"

စိမ်းသက်မိသည် စာရွက်ကို ရင်ခွင်မှာ အပ်ရင်း ခေါင်းအုံးပေါ် မျက်နှာမှောက်ချလျက် တစ်ခဏ ငြိမ်သက်နေမိသည်။

ငြိမ်သက်နေတုန်းပင် မျက်ဝန်းအိမ်မှ စိမ့်ထွက်လာသော မျက်ရည်ပူပူနွေးနွေးတို့က ခေါင်းအုံးထဲ ဖြတ်သန်းစိမ့်စီးဝင်ကုန်ကြလေသည်။

ကိုမောင် ...။

ကိုမောင် ...။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကကျိတ်ပြီး တိတ်တိတ်ဆိုးတိုးကလေး ခေါ်နေမိသည်။ ရင်နှင့်အောင် ချစ်ခဲ့ရတဲ့ တစ်ဦးတည်းသော ယောကျာ်းမို့ သူနှင့်ပတ်သက်ပြီး ခံစားခဲ့ရသမျှကို မမေ့နိုင်ပါ။ ဘယ်လောက်ထိအောင် ချစ်ခဲ့ရတာလဲဆိုတော့ ဒီလူဟာ ကိုယ့်ရဲ့အချစ်ဆုံး သူငယ်ချင်းနှစ်ဦးနှင့်လည်း ငြိတွယ်နေတယ်လို့ သံသယဝင်ရောက တစ်ဆင့် သေသေချာချာ ရိပ်မိလာရတဲ့ထိတိုင်အောင်ပင် သူ့ကို စိတ်ထဲမနာကြည်း မပစ်ခွာနိုင်တဲ့ အထိပါ။

"မင်းတစ်ယောက်ကိုပဲ ကိုယ်က အချစ်ဆုံးပါ" ဆိုတဲ့ စကားတစ်ခွန်းကိုပဲ မိုက်မိုက်မဲမဲ ယုံကြည်ခဲ့လေသည်။ လူဆိုတာ ပြည့်စုံမှုကို မက်မောတတ်မြဲပဲ။ စိမ်းသက်မိ ကိုယ်တိုင်ပင် ကိုမောင့်ကို "စိမ်းလည်း ချမ်းသာချင်တယ် ကိုမောင်ရယ်" လို့ တကယ်ပြောထွက်ခဲ့တာပဲ။

အဲဒီတုန်းက စိမ်းသက်မိ ဆိုတဲ့ မိန်းကလေးဟာ ရုံးမှာ ရုံးအုပ်အဆင့်လောက်မျှသာရှိတဲ့ အခြေအနေ မှုလတန်းပြ ဆရာမ အမေတို့မှ မွေးဖွားထားတဲ့ သမီးကလေး။ မိသားစုသုံးဦးတည်းမှာ မေမေက စနစ်ကြီးတဲ့အတွက် ခြိုးခြံရတဲ့တိုင်အောင် သူတစ်ပါးဆီမှာတော့ ကြွေးတွေ ဘာတွေ မတင်ရ မျက်နှာမငယ်ရပါ။

ကိုယ့်ထမင်း ကိုယ်စားနေလို့ မျက်နှာငယ်စရာ အကြောင်းမရှိဘူးလို့ ပြောနိုင်ပေမယ့် တကယ်တမ်းတော့ မျက်နှာ





ငယ်ရ အားငယ်ရတာလေးတွေ ရှိခဲ့ပါသည်။ ငါးတန်း ခြောက်တန်း အလယ်တန်း အရွယ်ကတည်းက စပေါင်းခဲ့တဲ့ အရင်းနှီး အချစ်ခင်ဆုံး သူငယ်ချင်းနှစ်ယောက်က ပြည့်စုံကြွယ်ဝချမ်းသာခဲ့သူတွေဖြစ်၍ သူတို့နှင့်ယှဉ်တော့ ညှိုးမှိန်နေရတဲ့ ကိုယ့်ကိုယ်ကိုယ် အမြဲကျိတ်ပြီး စိတ်အားငယ်နေခဲ့ပါသည်။

နှင်းဆီတင်ရော ထိပ်ထားရွှေရောက စိမ်းသက်မိအပေါ် အမြဲကြင်နာညှာတာကာ စေတနာလည်း ပိုကြရှာပါသည်။ ပစ္စည်းသစ်လေး သူတို့နှစ်ယောက်ဆင်တူဝယ်လျှင် စိမ်းသက်မိအတွက်ပါ တစ်ခုကို တစ်ယောက်ယောက်က စိုက်ထုတ်ဝယ်တတ်မြဲ။ ဘယ်လိုပဲငြင်းငြင်း မရခဲ့။ ကိုယ့်အပေါ် သူတို့ ချစ်ခင်စေတနာရှိလှတယ်ဆိုတာ သိခဲ့၍ စိမ်းသက်မိကလည်း သူတို့ကို ကိုယ်တတ်နိုင်တဲ့ဘက်က အမြဲစေတနာထားခဲ့ ကူညီခဲ့ပါသည်။

စာကူးစရာတွေရှိရင် စိမ်းသက်မိကပဲ ဒိုင်ခံကာ အားလုံးကို ကူးပေးခဲ့တာမျိုး။ သူတို့ရဲ့ပစ္စည်းပစ္စယတွေကို ကူသယ်ပေးတာမျိုး။ သူတို့အိမ်တွေမှာ စာစုကျက်ရင်း တစ်ခုခုစားသောက်ပြီးစီးရင် ပန်းကန်တွေ ကူဆေး၊ ကူသိမ်း၊ ကူရှင်းပေးတာမျိုး။ ရှုပ်ပွနေတဲ့ သူတို့ရဲ့အခန်းတွေကို ရှင်းသန့်တောက်ပြောင်နေအောင် ရှင်းလင်းလှည်းကျင်းပေးတာမျိုး။

သူတို့က ဒီလိုမလုပ်စေချင်ပါ။ တားဆီးကြပါသည်။ သို့ပေမဲ့ တစ်ဦးမေတ္တာ တစ်ဦးကို၊ တစ်ဦးစေတနာ တစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com

ရောင်ပြန်ဟပ်သလို အချင်းချင်းဟာ တစ်ယောက်သည်းညည်း တစ်ယောက်အနွံတာခံကာ တစ်ယောက်ရဲ့လိုအပ်ချက်ဟာ ကျန် နှစ်ယောက်ဖြည့်ဆည်းပေးရမယ့် အရာလို့ သတ်မှတ်ခဲ့တဲ့အထိ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စည်းလုံးခဲ့ကြတာ။

အဲဒီချစ်ခင်စည်းလုံးမှုဟာ "ကိုကိုမောင်"ဆိုတဲ့ လူ တစ်ယောက်ကြောင့် ဝါးအစည်းပြေသလို ပျက်ပြယ်ခဲ့ရတာပါ။ သို့ပေမဲ့ သူတို့တွင်တော့ ဘယ်လိုရှိခဲ့တယ်မသိ။ စိမ်းသက်မီက တော့ သူငယ်ချင်းတွေနှင့် ကွဲခဲ့ရတဲ့တိုင်အောင်ပင် ကိုမောင့်ကို တော့ မနာကြည်းနိုင်။

သူတို့လည်း ဒီတိုင်းသာနေမှာ။ ဒါကြောင့်သာ ခုထိအပျိုကြီးတွေ လုပ်နေကြတာနေမှာပေါ့။ သူတို့လို ပြည့်စုံသူ တွေမှာ ရွေးချယ်စရာတွေ တစ်ပုံကြီးရှိမှာဖြစ်တဲ့ကြားက ကိုမောင့် လို ချစ်နိုင်သူ ထပ်မတွေ့တော့လို့သာ အချစ်သစ်မရှာကြတော့တာ ဖြစ်မှာပေါ့။

ကိုမောင့်ကိုကျ စိတ်မနာနိုင်ခဲ့ကြဘဲ ကိုယ့်အချင်း ချင်းကြားမှာသာ "ငါနဲ့ချစ်နေပါလျက်နှင့် သူက လုချစ်ရက်တယ်" လို့ ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ကြတာ။ အစစအရာရာ သည်းခံ အနွံတာခံနိုင်ခဲ့ကြတဲ့ သူငယ်ချင်းသုံးယောက်ဟာ နှလုံးသား ရေးရာ နှင့် ပတ်သက်လာတော့ ဘယ်သူမှ ခွင့်မလွှတ်နိုင်၊ မညှာတာနိုင်၊ နောက်မဆုတ်နိုင်၊ မကြည်ဖြူနိုင်တော့ပါပေ။





ခုချိန်ထိကို ပြန်ပြီးမခေါ်မပြောနိုင်ခဲ့ကြတော့တာ ကြည့်ပါလား။ ကိုယ့်နှယ်ပယ်မှာကိုယ် တွင်ကျယ်မျက်နှာပွင့်လန်း သူချည်းမို့ တချို့သော ပွဲလမ်းအလှူတို့မှာ သူလည်းဖိတ်ကြားခံရ၊ ကိုယ်လည်းဖိတ်ကြားခံရ သွားဆုံနေတတ်တာမျိုး ရှိပါသည်။

အဲဒီအခါ သူလည်း ခပ်တည်တည်မို့ ကိုယ်လည်း ခပ်တည်တည်။ ဆယ်နှစ်သမီးလောက်ကစပြီး ခုနစ်နှစ် ရှစ်နှစ် ကျစ်လျစ်ခိုင်မာခဲ့တဲ့ သူတို့သုံးယောက်ရဲ့ ချစ်ခင်ရင်းနှီးခြင်း မျက်နှာကို နှလုံးသားက မထောက်ထားခဲ့ပါ။ ဘယ်တုန်းကမှ မခင်မင်ခဲ့ မတွေ့ခဲ့ဖူးသလို ခပ်စိမ်းစိမ်းကလေးတွေ နေလိုက်ကြ တာပင်။

"ဒေါက်ဒေါက် ... ဒေါက်ဒေါက်"

တံခါးခေါက်သံနှင့်အတူ ...

"မေမေ"

ခေါ်သံလေးက အပြင်ဘက်မှ ပေါ်လာသည်။ သော့ မချဘဲ ပိတ်ထားတဲ့ တံခါးကို ဒီတိုင်းဖွင့်မဝင်ဘဲ ခေါက်ကာ ခွင့် တောင်းနေပုံအရ နောက်မှာ အကြည် ပါလာတာ ဖြစ်နိုင်သည်။ အကြည်က စိတ်ချအားကိုးရတဲ့ တပည့်ရင်းပီပီ သားလေးကို တံခါးအရင်ခေါက်စေဖို့ သင်တာဖြစ်မည်။

"လာ ... သားလေး၊ မေမေ တံခါးဖွင့်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်တဲ့အတိုင်းပင် သားလေးနောက်က အကြည် ပါလာပါသည်။

"မေမေ ... သားအတွက် ပန်းချီဆရာ ထပ်ရှာပေးမယ်ဆို"

"ရှာပေးမယ်၊ မေမေ ရှာပေးပါ့မယ် သားရယ်၊ မေမေ ဟိုဟိုဒီဒီလည်း မေးထားပါတယ်၊ အိမ်မှာလိုက်သင်တဲ့ ပန်းချီဆရာက သိပ်မရှိလှဘူး သားရဲ့"

အမေ့တွေဘာ့လို့ပဲ ပြောရမလား။ သားလေးက ပန်းချီဝါသနာပါပါသည်။ သူ့ဟာနှင့်သူ အရုပ်လေးတွေဆွဲ၊ ဆေးရောင်ခြယ်နှင့်ပင် အတော်ဟုတ်နေကာ သူတို့ကျောင်းက ရသချိန်မှာ ပန်းချီသင်ပေးတဲ့ ဆရာကပင် "ကလေးကို ထူးထူးချွန်ချွန်ဖြစ်အောင် သင်တန်းလေး ဘာလေး တက်ခိုင်းသင့်တယ်ဗျ"ဟု အကြံပေးခဲ့တာ။

မူလတန်းချင်းပြိုင်ရတဲ့ ရောင်စုံခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲလေးတွေမှာလည်း သားလေးက အမြဲဆုရိတ်သည်။ ပန်းချီသင်တန်း ပို့ဖို့ကျတော့လည်း နွေရာသီမှာတော့ ကလေးပန်းချီသင်တန်းတွေကြားဖူးပြီး ရိုးရိုးအချိန်တွေမှာ ဖွင့်တယ်လို့ မသိရ။ စိမ်းသက်မီကလည်း အိမ်ကို ဆရာခေါ်သင်ဖို့ပဲ စိတ်ကူးခဲ့သည်။

သူငယ်ငယ်တုန်းကလည်း ပန်းချီဆရာကို အိမ်ခေါ်သင်ခဲ့ဖူးတာ မဟုတ်လား။ ဆယ်တန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်မှာ သူငယ်ချင်းသုံးယောက်စလုံး ပန်းချီသင်ချင်ကြ၍





နှင်းဆီတင်တို့အိမ်ကို ရုပ်သွတ်မှတ်ပြီး ပန်းချီဆရာတစ်ယောက် ခေါ်သင်လိုက်ရာကအစပြုကာ "ကိုကိုမောင်၊ နှင်းဆီတင်၊ ထိပ်ထားထွေးနှင့် စိမ်းသက်မီ"တို့ရဲ့ လေးပွင့်ဆိုင် ချစ်ဇာတ်လမ်းဟာ ရှုပ်ထွေးခဲ့ရတာလေ။

"မေမေ မြန်မာဟိုင်းမ်ဂျာနယ်ထဲမှာ ကြော်ငြာထည့်ခေါ်ဖို့ လုပ်ထားတယ် သားရဲ့။ မကြာခင် ဆရာရမှာပါ"

ပထမတစ်ယောက် သားရဲ့ကျူရှင်ဆရာမကတစ်ဆင့် မိတ်ဆက်ပေးမယ့် ပန်းချီကျောင်းဆင်းပြီးတဲ့ လူရွယ်တစ်ယောက်က နယ်ကို သူ့အလုပ်ကိစ္စနှင့် ပြောင်းရွှေ့ရဖို့ ဖြစ်လာကာ လာသင်မယ်ပြောပြီးမှ မသင်ဖြစ်တော့ပါ။ ခုတစ်ကြိမ်တော့ ဂျာနယ်ကတစ်ဆင့် ကြော်ငြာတိုလေး ထည့်တော့မည်။ အကြီးအပို့လုပ်ပေးစရာမလိုဘဲ အိမ်လိုက်သင်ပေးမယ့် ပန်းချီဆရာတစ်ယောက် အလိုရှိသည်လို့ ကြော်ငြာရမှာပင်။

"မေမေ မြန်မြန်ကြော်ငြာထည့်ပေး"

"အေး ... အေး ... ထည့်ပေးမှာပေါ့၊ ကဲ ... ငါ့သားလည်း ကြည့်ရတာ ပျင်းနေတယ်၊ မေမေတို့ ရွှေတိဂုံဘုရားသွားကြမလားတော့"

"ဟေး ... သွားမယ်"

"အကြည်ရေ ... ဦးထွန်းပဲ ထားခဲ့ပြီး ငါတို့အားလုံး ဘုရားသွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

ဤသို့နှင့် စိမ်းသက်မီတို့ သားအမိ၊ အိမ်ကအကြည်အပေါ်အဝင် အဖော်ကသုံးယောက် ရွှေတိဂုံဘုရားကို ရောက်ခဲ့ကြပါသည်။ သားလေး ပျင်းနေတယ်ထင်တယ်လို့ သားနှာမည်တပ်လိုက်ပေမယ့် တကယ်တမ်းက သူကိုယ်တိုင်က ဘုရားလာချင်နေတာပါ။

စာထဲမှာပါတဲ့ အတိတ်ပုံရိပ်တွေက စိမ်းသက်မီရင်ကို လှုပ်ရှားတုန်ယင်စေခဲ့တယ်လေ။ ဘယ်တော့မှ မမေ့နိုင်ပေမယ့် တသသ ပြန်တွေးမနေမိအောင်တော့ အတတ်နိုင်ဆုံး ကြိုးစားမေ့ဖျောက်ထားတဲ့ ပုံရိပ်တွေ။

စိမ်းသက်မီရဲ့ အင်္ဂါထောင့်မှာပဲ အမြဲဘုရားဝတ်ပြုမြဲပါ။ ချည်သားအကျီလုံချည် ဝမ်းဆက်ကလေးနှင့် ဖြောင့်စင်းတဲ့ခါးဝှေလောက်ဆံပင်လေးကို ရိုးရိုးကလေး စုစည်းထားတတ်တဲ့ ချောချောမှုန်မှုန် မိန်းမငယ်လေးတစ်ယောက်နှင့် ရုပ်ဖြူလက်ရှည်လည်ကတုံးကို လက်ခေါက်ဝတ်ပြီး ကချင်ကွက်ပုဆိုးနှင့် ကချင်လွယ်အိတ်အနီလေး လွယ်ထားတဲ့ လူရွယ်ကလေးတို့ ဘုရားပေါ်အတူလက်တွဲတက်လာတတ်ပြီး အင်္ဂါထောင့်မှာ အတူယှဉ်တွဲထိုင်ကာ ဝတ်ပြုတတ်တဲ့ မြင်ကွင်းကို အခုပဲ မျက်စိထဲ ပြန်လည်မြင်ယောင်လာပါသည်။





စိမ်းသက်မီသည် ဒီနေ့အဖို့တော့ ဘုရားရှိခိုးပြီးတဲ့အခါ ဘာဆုတောင်းများ တောင်းရပါမလဲကို ငိုင်တွေကာ အဖြေမရဘဲ ရှိတော့သည်။ ခုချိန်မှာ ပုံမှန်အားဖြင့် ဆုတောင်းမိမြဲ ဖြစ်တတ်တာကတော့ သားလေးရှေ့ရေးအတွက် ကိုယ့်ရဲ့စီးပွားရေးအတွက် မေမေ့ရဲ့ကျန်းမာရေးအတွက်။ ဒါတွေအပြင် ကွယ်လွန်ခဲ့ကြပြီဖြစ်တဲ့ ဖေဖေ၊ အစ်ကိုကြီး၊ ကိုကိုမောင်တို့ ကောင်းရာသုဂတိကိုရောက်ကြဖို့ အမြဲပဲ ဆုတောင်းမိမြဲပါ။

နှစ်နှစ်ဆယ်အထိ ကိုကိုမောင် ကောင်းရာမွန်ရာနေရာကို ရောက်ပါစေကြောင်း မမေ့မလျော့ မပျက်မကွက် ဆုတောင်းခဲ့မြဲပါ။ ခုတော့ ဘာဆုကို ပြောင်းတောင်းရင်ကောင်းမလဲ။ သူ့စာထဲက အရင်ဘဝ ခုဘဝ စတဲ့ အသုံးအနှုန်းတွေကြောင့် သူဟာ အခုဘဝထဲမှာလည်း လူတစ်ယောက်အဖြစ် ပြန်ပြီးဝင်စားကျင်လည်နေတယ်လို့ ယူဆရမှာလား။

ဒီလိုမျိုးတွေ စိမ်းသက်မီ ဉာဏ်မမီပါ။ သူ ဘာကိုဆိုလိုတယ် တိတိပပ အဓိပ္ပာယ်ဖော်မရဘဲ ရင်တွေသာ ပရမ်းပတာ ကတုန်ကယင် ဖြစ်နေမိတာ။ သူ ဘယ်သူလဲ။ ဒီလောက်အသေးစိတ်အားလုံး သိနေသူဟာ ဘယ်သူမို့လဲ။ ဘယ်သူကများ ဘာအဓိပ္ပာယ် ဘာရည်ရွယ်ချက်နဲ့ စာတွေ တစ်စောင်ပြီးတစ်စောင် ရေးပို့နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပြုပြီး အဲသလို ပဒေဟင်္ဂရတွေ လုပ်မနေစမ်းပါနဲ့။ သူဟာ ဘယ်သူပဲဖြစ်ဖြစ် ဘာသဘောနဲ့ဆောင်ဆောင် စိမ်းသက်မိကတော့ လာမယ့်ဘေး ပြေးမတွေ့ ပါနဲ့ ထက်ထက်မဲ ရင်ဆိုင်ခံတွေ့ လိုက်ချင်တော့သည်။

Rosie လေး ...

... ... ... ...

... ... ... ...

... ... ... ...

မင်းကို သိပ်ချစ်တဲ့

ကိုကိုမောင်။

စနေမလေးရေ ...

... ... ... ...

... ... ... ...

... ... ... ...

မင်းကို သိပ်ချစ်တဲ့

ကိုကိုမောင်။





မြက်ခင်းစိမ်းလေး ...

... ... ... ...

... ... ... ...

... ... ... ...

မင်းကို သိပ်ချစ်တဲ့

ကိုကိုမောင်။



www.burmeseclassic.com

www.burmeseclassic.com



                                                   ၁

အဆက်မပြတ် လာနေတဲ့ စာကလေးတွေရဲ့နောက်တွင် သူမတို့ သူငယ်ချင်းသုံးယောက်သည် တစ်စထက်တစ်စ စိတ်တွေလှုပ်ရှားဂိုလိုက်လာကြပါသည်။ ဒီအကြောင်းကိစ္စတွေကို သိထားတဲ့သူဟာ ဘယ်သူဖြစ်နိုင်မလဲ ဆိုတာကိုလည်း စဉ်းစားလို့မရပါ။

ပထမအစောင်တုန်းက လန့်ဖျပ်ပြီး ရင်တွေပန်းတွေ တုန်ကြရ၊ ဒုတိယတစ်စောင်ကျတော့ အံ့အားသင့် တုန်လှုပ်ရ။ ဤသို့နှင့် တတိယအစောင် စတုတ္ထအစောင် စသဖြင့် ရောက်လာတဲ့ စာလေးတွေ များလာတဲ့အခါ စာပို့နေသူဟာ တစ်ကြိမ်တလေလောက် သူတို့ကို နောက်ပြောင်ခြောက်လှန့်တာမျိုးမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိနှင့် တစ်ခုခုကြောင့် ပို့နေတာရယ်လို့ ယူဆလာရပါသည်။





သူ့စာတွေထဲက အကြောင်းအရာတွေ အားလုံးဟာ တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်၊ တကယ်ပြောခဲ့တဲ့ စကားတွေချည်းပင်။ အဖြီးအဖြန်းတစ်ခုမှမဟုတ်။ ဒါ့အပြင် တချို့အဖြစ်အပျက် တချို့စကားတွေက အထူးတလည် လျှို့ဝှက်ချက်အဖြစ် လျှို့ဝှက်ထားတာ မဟုတ်စေကာမူ ကိုယ့်ဘာသာ နှစ်ဦးကြား နှစ်ကိုယ်ကြားထဲမှာ ဖြစ်ပျက်ပြောဆိုခဲ့တဲ့ သီးသန့်အပြုအမူ စကားလုံးတွေမို့ ဘေးလူသိဖို့ဆိုတာ တော်ရုံမဖြစ်နိုင်ပါ။

ကြာလာလေ အဲဒီစာလေးတွေရဲ့ တစ်ခုတည်းသော ညွှန်းဆိုရာဟာ တစ်မျိုးတည်း ခိုင်မာလာလေ။ ဘာကိုညွှန်းနေသလဲဆိုတော့ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ကွယ်လွန်ခဲ့သော ကိုကိုမောင်သည် တစ်ဘဝတစ်ဖန် အသစ်ရှင်သန်ခဲ့ကာ အရင်ဘဝရဲ့ အဖြစ်အပျက် အားလုံးတို့ကို အသေးစိတ် အကုန်အစင် မှတ်မိသိရှိနေတယ်ဆိုတဲ့ အခြေအနေတခုကိုပင်။

ဤသို့ ယူဆထင်မြင်ဖို့သာ ဖြစ်လာတဲ့ အခြေအနေမှာ နှင်းဆီတင်၊ ထိပ်ထားထွေးနှင့် စိမ်းသက်မီတို့ သုံးယောက်စလုံးဟာ တုန်လှုပ်ချောက်ချားလာကြပါသည်။ ဒါဟာ သဘာဝကျသလား။ ဖြစ်ကောဖြစ်နိုင်သလား။ ဒီလူဟာ ဘယ်သူလဲ။

ထို့အပြင် သူတို့အသိချင်ဆုံး မေးခွန်းတစ်ခုမှာ အားလုံးကို သိနေတဲ့ ကိုကိုမောင်ပါလို့ ဆိုနေတဲ့ ဤလူဟာ ကိုယ့်တစ်ယောက်ဆီကိုသာ ဤစာတွေပေးပို့နေတာလား။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ကိုယ်မဟုတ်တဲ့ ... နှစ်ယောက်ဆိုကိုရော ဒီလိုစာတွေ ရောက်နေသလား။ မရောက်ဘူးလား။

တစ်ယောက်နှင့် တစ်ယောက်ကို မခေါ်မပြော အဆက်အသွယ် မရှိကြတဲ့အတွက် အလွယ်တကူ လှမ်းမေးလိုက်ဖို့ကလည်း မဖြစ်နိုင်ပေ။ သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် မခေါ်ကြတာသည် ကိုကိုမောင် မကွယ်လွန်ခင် အချိန်ကာလတွေဆီကတည်းက။ တစ်ယောက်အပေါ်တစ်ယောက် မကျေနိုင် မချမ်းနိုင်၊ မနာလိုဝန်တို မစ္ဆရိယတွေနှင့် ခါးခါးသီးသီး နာနာကြည်းကြည်း ဖြစ်ခဲ့ကြတာ။ မကြည့်ချင်အောင် မုန်းခဲ့ကြတာ။

ခုဆို အနှစ် နှစ်ဆယ်။

အနှစ် နှစ်ဆယ်ဆိုတဲ့ အချိန်ကာလဟာ နည်းတာမဟုတ်ပါ။ အဲဒီတုန်းက အသက်ထက် နောက်ထပ်တစ်ပြန်မက ကျော်လွန်ခဲ့ပြီဆိုတဲ့ အချိန်မှာ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ခါးသီးနာကြည်းတုန်းလား၊ တွေးနေအောင် မုန်းတုန်းလားဆိုတာလည်း မေးလို့တော့ မဟုတ်တော့ပါ။

ခါဖြင့် ခွင့်လွှတ်နိုင်ပြီလား ဆိုတော့လည်း မဟုတ်ပြန်ပါ။ စိတ်ထဲမှာတော့ ကိုယ်စီအသီးသီးဟာ ကျန်နှစ်ယောက်အပေါ် သင်းတို့နှစ်ယောက် ဝင်ရှုပ်လို့ ငါနဲ့ ကိုကိုမောင် ကွဲခဲ့ရတာလို့ မကျေချမ်းနိုင်တုန်းပင်။ သို့ပေမဲ့ ဒီအသက် ဒီအရွယ် ရောက်... ယခုပါက ရည်းစားကိစ္စကြောင့် သူငယ်ချင်းချင်း





ခုထိမခေါ်သေးဘူးလို့ အကြောင်းသိများက မေးငေါ့ပြက်ရယ်စရာကိုလည်း ရှက်တက်တက် ရှိကြသည်ပင်။

လူကြီးတစ်ယောက်ရဲ့ စိတ်သဘော ရင့်ကျက်ပြည့်ဝမှုမျိုး မရှိဘူးလို့လည်း အထင်မြင် မခံချင်ပါ။ သို့ပေမယ့် မတော်တဆ ဆုံစည်းကြတဲ့ ပွဲတွေ လမ်းတွေမှာလည်း အကြိမ်တိုင်းမှာ ခပ်တည်တည် မမြင်ချင်ယောင်ဆောင် မသိကျွမ်းပုံဖမ်းခဲ့ကြတာချည်းဖြစ်ရာ အလွယ်တကူနှင့် ကိုယ့်ဘက်က စ,မာနချ၊ လက်ကမ်းဖို့ရာကလည်း ခက်ပါသည်။

ဘယ်လောက်ပဲ အငြိုးမပြေကြသေးဘူးဆိုဆို အခုဒီကိစ္စပေါ်ပေါက်လာတဲ့ အချိန်မှာတော့ သုံးဦးစလုံးသည် စိတ်ထဲမငြိမ်နိုင် ကျန်တဲ့နှစ်ယောက်ဘက်ခြမ်းက အခြေအနေကို သိချင်လာသည်။ သူတို့ဆီရော ဒီစာမျိုးတွေ ရောက်သလား။ သူတို့ရော ဘယ်လိုဖြစ်နေသလဲ။

ကိုယ်ခံစားလျှင် စိတ်တွေလှုပ်ရှားတုန်း အနည်မထိုင်နိုင်တုန်းရှိတာ သူတို့ရော ကိုကိုမောင်နှင့် ပတ်သက်တဲ့ကိစ္စကို ဘယ်လိုမှ မတုန်လှုပ်တော့ဘဲ ခပ်ပေါ့ပေါ့ သဘောထားနိုင်သွားကြပြီလား။ သူတို့အတွက် အရေးပါတဲ့ကိစ္စတစ်ခုတော့ ဖြစ်နိုင်ပါဦးမည်လား။

အခု ကိုယ်သိချင်နေသလို ... ဒီစာပို့သူ ... တပြေ ... စိတ်ဝင်တစား သိချင်နေသေးရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကတော့ နှင်းဆီတင် ထိပ်ထားထွေးနှင့် စိမ်းသက်မိတို့ သုံးဦးရဲ့ ရင်ထဲမှာ ကသောင်းကနင်း ပရမ်းပတာ ဖရိုဖရဲ ဖြစ်နေရတဲ့ အတွေးစ အပြန့်ကျဲများပင် ဖြစ်ပါသည်။

❋ ❤ ❋

"ဟယ် ... နှင်းဆီတို့ကတော့ လှနေတာပဲဟယ်၊ ဘယ်တော့တွေ့လိုက်တွေ့လိုက် အမောပြေတယ်ဟယ်"

"ပြီးတော့ နုလည်း အရမ်းနုတာပဲ၊ တကယ်မနာလို့ဘူး"

နှင်းဆီတင်က လှပသော အပြုံးလေးနှင့် ...

"သြော် ... ဒါကတော့ ကိုယ်က ရှင်တို့လို အိမ်ထောင်သားမွေးဒုက္ခမှ မရှိတာ"

"လင့်ဒုက္ခ သားဒုက္ခ မခံရတော့ နုနိုင်တာပေါ့လေ"

"ဒါပေမဲ့ တကယ်တမ်းကျတော့ အသက်ကြီးလာတဲ့အခါ သူတို့က သားတွေ သမီးတွေ အားကိုးစရာ တစ်ပုံတစ်ပင်နဲ့ အားရှိစရာကြီးပါကွယ်၊ အဘွားကြီးဖြစ်လာတော့လည်း နုတာတွေ လှတာတွေက ဘာမှအသုံးမကျပါဘူးဟယ်"

"အမယ်လေး ... ပြောတတ်တယ်၊ ခုလောလောဆယ်တော့ အိုကြီးအိုမလည်း မဖြစ်သေးတော့ ယူ့ကိုကြည့်လိုက်ရင် အမြဲလွတ်လပ်ပေါ့ပါ၊ စတိုင်ကျပြီး နုနေတာ အားကျတာပဲဟော့"





တစ်ယောက်တစ်ပေါက် ဆီးကြိုနှုတ်ဆက်ကြတဲ့ ငယ်သူငယ်ချင်းဟောင်းတွေ ကြားထဲမှာ နှင်းဆီတင်က ခပ်ပြုံးပြုံးလေး တုံ့ပြန်နေရင်းက မျက်လုံးတွေက ဟိုဟိုဒီဒီ ဝေ့ဝဲကာ သူတွေ့ချင်တဲ့သူတွေကို ရှာဖွေနေမိပါသည်။

"နှင်းဆီရေ ... ဒီစားပွဲထိုင်လိုက်"

"ဟုတ်ကဲ့"

သူတို့တက်ခဲ့တဲ့ အထက်တန်းကျောင်းရဲ့ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ဖြစ်ပါသည်။ ကျယ်ဝန်းတဲ့ Restaurant ကြီးတစ်ခုမှာ ကျင်းပမြဲဖြစ်တဲ့ သူတို့ကျောင်းသားဟောင်း ဆရာကန်တော့ပွဲနှင့် မိတ်ဆုံပွဲက အမြဲစည်ကားသိုက်မြိုက်လှပါသည်။

ကျောင်းသူကျောင်းသားဟောင်းတွေဟာ တစ်နှစ်တစ်ခါ ဆုံတွေ့ကြရတဲ့ ဒီပွဲကို တော်ရုံတန်ရုံ မပျက်ကွက်ကြပါ။ နှင်းဆီတင်တို့လို စိမ်းသက်မိတို့လို ချမ်းသာကြွယ်ဝနေကြတဲ့ ကျောင်းသားဟောင်းတို့က အလှူငွေများများ ထည့်ဝင်နေကျဖြစ်၍ မျက်နှာလည်း ပွင့်လန်းလှပါသည်။

နှင်းဆီတင်က သူ့နံဘေးက ပွဲစီစဉ်သူတွေထဲ ပါဝင်သူဖြစ်တဲ့ မမြင့်မြင့်ဦး ဆိုတဲ့ အစ်မကြီးကို ပြုံးပြရင်း ...

"မမဦးရေ ... ထိပ်ထားထွေးတို့ စိမ်းသက်မိတို့များ တွေ့မိလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်နှစ်တိုင်း ပွဲဖြစ်မြောက်အောင် စီစဉ်သူအဖွဲ့ထဲကမို့ တစ်အိမ်တက်ဆင်း ဆက်သွယ်၊ အလှူကောက်၊ ငွေစု၊ ပစ္စည်းဝယ် စသဖြင့် ဝေယျာဝစ္စ အကုန်လုံးလိုလို တက်တက်ကြွကြွ ဆောင်ရွက်တတ်တဲ့ မမြင့်မြင့်ဦးဟာ ကိုယ်နှင့် ဘက်ချိတူတူ မတူတူ ကျောင်းသူကျောင်းသားဟောင်း အတော်များများနှင့် သိကျွမ်းသူ ဖြစ်ပေသည်။

ကျောင်းသား ကျောင်းသူဟောင်းတွေကို သိရုံတင်မက ဘယ်သူနဲ့ ဘယ်သူတွေက တစ်အုပ်စု၊ ဘယ်သူနဲ့ ဘယ်သူက ကြိုက်ခဲ့တာ၊ ပြတ်သွားတာ၊ ယူဖြစ်တာ၊ ဘယ်သူကတော့ ဘယ်သူ့အမျိုးနဲ့ သွားဖူးစာဆုံတာ၊ ဘယ်လင်မယားတော့ ကွဲသွားပြီ စသဖြင့် သတင်းစုံကိုလည်း သိတဲ့သူပီပီ မမြင့်မြင့်ဦးက နှင်းဆီတင်ရဲ့အမေးကို မျက်ခုံးပင့် အံ့အားသင့်သွားပါသည်။

နှင်းဆီတင်၊ ထိပ်ထားထွေး၊ စိမ်းသက်မိတို့ သုံးယောက် ကျောင်းတုန်းက အချစ်ကြီးချစ် အတွဲကြီးတွဲကြပြီး ဆယ်တန်းအောင်ပြီးတဲ့နောက် ဒုတိယနှစ်လောက်ရောက်ကြမှ တစ်ယောက်အပေါ်တစ်ယောက် မခေါ်မပြောနိုင် စိမ်းကားမုန်းတီးသွားကြတာကိုလည်း သိခဲ့၍ပင်။

အကြောင်းရင်းကိုတော့ ကျောင်းသူကျောင်းသားဟောင်းတွေထဲမှာ သိတဲ့သူ သိပ်မရှိပါ။ မသိဆို သူတို့က သုံးယောက်တည်းပေါင်းပြီး အတွင်းစကား အပြင်ကိုမှ မရောက်တော့တာ။ သူတို့ မခေါ်ကြတော့တဲ့အတွက် ကျောင်းသားဟောင်း





ရောက်နဲ့တော့ပွဲကို သုံးယောက်လုံး လေး,ငါးနှစ်လောက်ရှောင်ယ်ခဲ့ကြပါသည်။

အတော်ကြာမှ သူငယ်ချင်းဟောင်းတချို့ကလည်း တင်းဆွဲခေါ်ကြတာနှင့် တဖြည်းဖြည်း ပြန်ပြီးပါဝင်လာကြသည်။ မပိုင်းတော့ "သူတို့ရောက်နေပြီလား" လှမ်းစုံစမ်းတာ အချိန်ပြီး လာတာမျိုး၊ ခပ်မြန်မြန် ပြန်ကြတာမျိုးတွေ လုပ်ကြသည်။ တို့ အဲသလိုလုပ်ပါမှ သူတို့သုံးယောက် မခေါ်ကြမုန်း ဘေးလူတွေ တစ်စတစ်စ သိကုန်ကြတာပါ။

"ဘယ်လိုဖြစ်ကြတာလဲဟယ်၊ နှင်တို့ ဒီလောက်ချစ်ကြတာ" စသဖြင့် အစောပိုင်းတုန်းက စပ်စုမိကြသော်လည်း သုံးယောက်လုံးက မတိုင်ပင်ဘဲ အလွန်နှုတ်လုံကြတဲ့အတွက် ဘယ်သူ့ဆီကမှ ဘာမှမသိရပါ။

ကြာတော့လည်း သိလိုသူတွေပင် မေ့လျော့ပြီး မသိကြတော့ဘဲ ရိုးသလိုရှိသွားခဲ့တာ။

ကြာလာတော့လည်း သူတို့သုံးယောက်ကိုယ်တိုင်က ချင်းချင်း တကူးတက ရှောင်မနေတော့။ တစ်ပြိုင်နက် သုံးယောက်စလုံး ရောက်ချင်လည်း ရောက်နေကာ ဝိုင်းချင်းဝေးဝေး ရာယူလျက် မခင်မင်ဖူးတဲ့သူတွေလို စိမ်းစိမ်းတန်းတန်းပဲ နေကြပုံဟာ ဘယ်သူ့အတွက်မှ အမြင်မဆန်းတော့ဘဲ သူတို့သုံးယောက် အတွဲကြီး အတွဲညီခဲ့ကြတာကိုပင်လျှင် မြန်ပြီးမေ့တော့ ဖြစ်ရတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလို နှင်းဆီတင်က ပြန်အစဖော်တာ ကျန်[illegible]

ယောက်ကို မေးလိုက်တော့ မြင့်မြင့်ဦးက အကြီးအကျယ် အံ့အ[illegible]

သင့်သွားရခြင်း ဖြစ်ပါသည်။

"ဘာဖြစ်နေတာလဲ မမဦးရဲ့"

"ဟဲ့ ... ငါ အံ့ဩသွားလို့ပါ၊ နင်တို့ ပြန်ခေါ်သွားကြ[illegible]

လားဟင်"

နှင်းဆီတင်က နှာခေါင်းလေးရှုံ့ရင်း ...

"မခေါ်သေးပါဘူး မမဦးရယ်"

"ထိပ်ထားထွေး ရောက်ပြီဟဲ့၊ ခုနက ဟိုးဘက်က တီ[illegible]

ဒေါ်စောစောတို့ဝိုင်းမှာ တွေ့ခဲ့တယ်၊ ဆရာမတွေ သူ့[illegible]

ခုန ပရက်ရှာတိုင်းခိုင်းနေကြတာ လက်မလည်အော[illegible]

တိုင်းနေကြတယ်"

နှင်းဆီတင်က အဲဒီဘက်ကို လည်ပင်းလေးရှည်[illegible]

လှမ်းမျှော်ကြည့်နေ၍ ...

"ဟဲ့ ... နှင်းဆီ၊ ငါ ထိပ်ထားထွေးကို သွားခေါ်ပေ[illegible]

မလား"

"ဟင့်အင်း ... မခေါ်ပါနဲ့"

"ခေါ်လိုက်ပါဟယ်၊ နင်တို့သုံးယောက် ဒီနေ့ ဒီပွဲမှာ [illegible]

ခေါ်သွားရင် ငါ အရမ်းပျော်မှာပဲ၊ တခြားသူငယ်ချင်း[illegible]

လည်း ပျော်ကြမှာ၊ နော် ...၊ ငါ ဒီကိုခေါ်လာခဲ့မယ်[illegible]





"နှင်းဆီက ခေါ်တယ်ဆိုပြီး ဒီကိုလှမ်းခေါ်ရင် ထိပ်ထားထွေး

က စိတ်ဆိုးသွားဦးမှာ၊ နေပါစေ"

"ဒါဖြင့် ခေါ်မယ်ဟာဘူး၊ ဒါပေမဲ့ နင့်ကို နှင်းဆီတင်ကမေး

နေတယ် ဆိုတာတော့ သွားပြောလိုက်မယ်လေ"

"မပြောပါနဲ့တော့၊ အင်း ... နောက်မှပဲ နှင်းဆီဘာသာ ..."

"နေ ... နေ ... ငါသွားပြောပေးမယ်၊ ရတယ်"

မြင့်မြင့်ဦးက သွက်သွက်ထ,ပြေးသွားပါတော့သည်။

[illegible]ဝေးဝေးက စားပွဲတစ်ဝိုင်းမှာ ထိုင်နေတဲ့ ထိပ်ထားထွေး အနား

[illegible]မြင့်မြင့်ဦး မရောက်ခင်မှာပင် မာလာ ဆိုသော သူငယ်ချင်းတစ်

[illegible]ယောက်က မြင့်မြင့်ဦးလက်ကို ဖမ်းဆွဲကာ ...

"ဟဲ့ ... နင် ဟိုဘက်က လာတာ၊ ဟိုဘက်မှာ စိမ်းသက်မီ

တို့ နှင်းဆီတင်တို့ ရှိသလား"

"နှင်းဆီတင် ရှိတယ်"

"ဒီမှာ ထိပ်ထားထွေးက မေးနေလို့ ငါ သွားကြည့်မလို့"

"ဟုတ်လား၊ သူတို့ ပြန်ခေါ်တော့မလို့တဲ့လား"

"ဘာမှတော့ မပြောဘူးဟ၊ ဒီလိုသတင်းမေးတာနဲ့တင်

ထူးခြားနေပြီဆိုတော့ ငါလည်း ဝမ်းသာအားရ ထ,ပြေး

ကြည့်တာ"

"လာ ... ထိပ်ထားထွေးကို သွားပြောပြလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်ဦးနှင့် မာလာက ထိပ်ထားထွေး အနားက
ကာ ...

"ထိပ်ထားထွေး၊ ဟိုဘက်မှာ နှင်းဆီတင် ရောက်နေတယ်
သူကတောင် နှင်ရောက်နေလားမေးလို့ ငါ ဒီဘက်လာကြ
တာဟဲ့၊ ဒီမှာ မာလာက နှင်ကလည်း မေးနေတယ်ဆိုတ
နဲ့ လာပြောပြတာ၊ နှင်တို့ တူတူစုထိုင်လိုက်ကြပါလာ
ပျော်စရာကြီးဟယ်"

ထိပ်ထားထွေးက ကလေးလို အပြစ်ကင်းတဲ့ မျက်
ကလေးများ တွေစိုက်၍ တစ်ခဏ စဉ်းစားနေပါသည်။ သူ့
ထဲမှာဖြစ်နေတဲ့ ဆန္ဒအမှန်ဟာ နှင်းဆီတင်၊ စိမ်းသက်မိတို့
အတူထိုင်၍ စကားတွေ အားရပါးရ ပြောလိုက်ချင်တဲ့ ဆ
ပင်။

မေးချင်တာတွေ သိချင်တာတွေ ရှိနေတာကို
ဒါပေမဲ့ သူတို့နှစ်ယောက်က ကိုယ့်ကို ပြန်ခေါ်ချင် မခေါ်ချ
မသေချာတာမို့ ဘလိုင်းကြီးတော့ သွားပြီး ကိုယ်ကစ မခေါ်
အခု နှင်းဆီတင်က သူ့ကိုမေးတယ်ဆိုတော့ သေချာပြီ၊ သူ့မ
လည်း ပြောစရာတွေ မေးစရာတွေ ရှိနေပြီ။

အရင်နှစ်တွေက တစ်နှစ်မှ ခုလို မေးမြန်းတာမျိုး
မရှိခဲ့ဘဲ ခုမှမေးတယ်ဆိုတော့ ခုမှ အခြေအနေ ထူးခြားမှုတစ်ခု
ရှိလာလို့။ အဲဒါ ဘာဖြစ်မလဲ။ သေချာတယ်လေ။ ကိုကိုမော





အမည်နှင့် ရောက်လာတဲ့ စာတွေကြောင့်ပဲ ဖြစ်နေမှာပေါ့။ နို့မို့
လို့ကတော့ မာနအိုးကွဲ နှင်းဆီတင်ဟာ သူကစပြီး ထိပ်ထားထွေး
သတင်း မေးတယ်ဆိုတာ ဘယ်ရှိလိမ့်မလဲ။

ကြည့်စမ်း ...။

ဘဝသစ်ကို တစ်ဖန်ပြန်လည် ဝင်စားရှင်သန်လာ
တယ်ဆိုတဲ့ ကိုကိုမောင်ဟာ ထိပ်ထားထွေးကိုသာမက နှင်းဆီတင်
ကိုပါ ဆက်သွယ်တာ သိသာပြီ။ ထိပ်ထားထွေးသည် မကျေမချမ်း
အောင့်သက်သက် ဖြစ်သွားရပြီး ချက်ချင်းပဲ မျက်နှာကလေးညို
လာသည်။

"ဟင် ... ထိပ်ထားထွေး၊ လာပါဟယ် ... နှင်တို့ တူတူ
စုထိုင်လိုက်ကြပေါ့၊ နှင်းဆီတင်က နှင်နဲ့တူတူ ထိုင်ချင်တာ၊
ဒါပေမဲ့ လာထိုင်ဖို့ သူကခေါ်တယ်ဆိုရင် နှင်ကလာချင်
မှာ မဟုတ်ဘူး ထင်နေတာ"

"ဟုတ်လို့လား မမြင့်မြင့်ဦးရယ်"

"ဩော် ... ဘုရားစူးပါစေဟယ်၊ တကယ်ပြောနေတာ၊
သူ့ကိုကြည့်ရတာ ဒီနေ့မှ ထူးထူးခြားခြား နှင်တို့နှစ်ယောက်
ကို စကားပြောချင်နေပုံပဲ"

ထိပ်ထားထွေးက တစ်ခဏငိုင်ကာ စဉ်းစားသည်။
ခုနေ သူတို့မရမက ဆွဲခေါ်တဲ့နောက် ယက်ကန်ယက်ကန် ပါ
သွားရတာက ကိုယ့်ဟာနဲ့ကိုယ် နှင်းဆီတင်ရဲ့စားပွဲကို သွားဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ရမှာနဲ့စာရင် မိုပြီး အသက်ရှုချောင်သည်။ ဘေးလူတွေ ဝန်းဝန်းဝိုင်းဝိုင်း တိုက်တိုက်တွန်းတွန်းနဲ့ တွန်းပို့ဆွဲခေါ်လို့ ပါလာရပါတယ်ပေါ့။

"ဟုတ်လို့လား"

"ဪ ... ဟုတ်ပါတယ်ဆို၊ ထ,လာ"

မမြင့်မြင့်ဦးနှင့် မာလာက ထိပ်ထားတွေးကို ဆွဲထူ ထ,လိုက်ကြပါသည်။

"အဲ ... တွေးက သူ့ဆီသွားရတာ ကောင်းပါ့မလား"

"ဘာမကောင်းစရာရှိလဲ၊ နင်တို့သုံးယောက်က တကယ်တော့ အချစ်ဆုံးသူငယ်ချင်းတွေပဲဟာ၊ မခေါ်ကြတာလည်း နှစ်ပေါင်းမနည်းတော့ဘူး၊ လူကြီးတွေဖြစ်လာကြပြီပဲဟယ်၊ ရင့်ကျက်လာပြီပဲဟာ၊ နော်ဟယ် ...၊ စိတ်သဘောထားတွေ ပြည့်ဝရတော့မယ့်အရွယ် တစ်ယောက်ကို တစ်ယောက် ခွင့်လွှတ်ရမယ့်အရွယ်တွေ ရောက်ပြီလေဟာ"

ပြောလည်းပြော လက်မောင်းတစ်ဖက်တစ်ချက်ဆီ ကလည်းတွဲကာ မြင့်မြင့်ဦးနှင့် မာလာက ထိပ်ထားတွေးကို ဟိုးတစ်ဖက်စားပွဲဝိုင်းရှိရာ အတင်းဆွဲခေါ်လာပါသည်။ အချို့သော စားပွဲတွေမှ ထိုမြင်ကွင်းကို အထူးတဆန်း ကြည့်နေကြကာ သူတို့သုံးယောက် မခေါ်မှန်းသိတဲ့သူတချို့က "ဟေး"ခနဲအော်ကာ လက်ခုပ်စတီးလာပါသည်။





လက်ခုပ်သံ အော်သံတွေကြောင့် အာရုံမစိုက်မိသေးတဲ့သူတွေ စိုက်မိ၊ မမြင်သေးတဲ့သူတွေ လှည့်ကြည့်ဆဲ စားသောက်ဆိုင်ရဲ့ ဟိုးဝင်ပေါက်ဝတစ်ဖက်ဆီက ဝင်လာတဲ့ စိမ်းသက်မိကို အခြားကျောင်းသူနှစ်ဦးက အခုလိုပဲ လက်အတင်းတွဲ ဆွဲခေါ်လာတာ ...

"ဟေး ... ဒီမှာ စိမ်းသက်မိလည်း လာပြီဟေ့"

ဝင်ပေါက်ဝမှာကတည်းက သူငယ်ချင်းတချို့ကို "နှင်းဆီတင်နဲ့ ထိပ်ထားတွေး ရောက်နေကြပြီလား"လို့ မေးလိုက်မိတဲ့ စိမ်းသက်မိဟာ "ရောက်နေပြီ ရောက်နေပြီ"ဆိုတဲ့ အားတက်သရော ဖြေသံတွေနှင့်အတူ အထဲကို တွဲခေါ်ခြင်းခံခဲ့ရတာပါ။

လမ်းတစ်ဝက်မှာတင် ဟိုးတစ်ဖက်စွန်းက ဆွဲခေါ်လာရတဲ့ ထိပ်ထားတွေးကိုလည်းမြင်ကာ အော်ဟစ်ကြ လက်ခုပ်တီးကြသံတွေကလည်း ပိုပြီး စိတ်လှုပ်ရှားချင်စရာ ကောင်းလာတော့တာ။ စိမ်းသက်မိသည် ဝမ်းနည်းသလိုလိုကြီးပင် ဖြစ်လာပါသည်။ သူတို့အပေါ် မကျေချမ်းတာကလည်း မကျေချမ်းတာ။ ဆိုးငယ်ငယ်ကတည်းက ချစ်စိတ်သံယောဇဉ်ကိုလည်း ပြန်လည်သွမ်းဆွတ် သတိရလာတာပါ။

နှင်းဆီတင်သည် သူ့ရှေ့တည့်တည့်မှ ရောက်လာမယ့် ထိပ်ထားတွေးကိုလည်းကောင်း၊ သူ့ရဲ့ဘေးတစ်ဖက်မှ



www.burmeseclassic.com

www.burmeseclassic.com



နီးကပ်လာတဲ့ စိမ်းသက်မိကိုလည်းကောင်း တစ်လှည့်စီကြည့်က
သူတို့နှစ်ယောက်ရဲ့ ယက်ကန်ယက်ကန်ပုံစံတွေကို မအောင့်နိုင်
ဘဲ ပြုံးစိစိ ဖြစ်မိသည်။

ထိပ်ထားထွေး မျက်နှာဆို ရဲတွတ်နေကာ စိမ်းသက်
မျက်နှာက ငိုချင်သလိုလိုကြီး။ နှင်းဆီတင် ရင်ထဲမှာလည်း
လှိုက်လှဲဆွတ်ပျံ့လာပါသည်။

"ဟော့ ... ဖယ် ဖယ်၊ စားပွဲရှင်း ... စားပွဲရှင်း"

"မခင်လေးကြည် နည်းနည်းဖယ်လိုက်၊ ဒီဘက်က သန္တာခို
လည်း ပလိစ်နော် ... မလိစ်၊ အချစ်ဆုံး မုန့်သူကြီးသုံး
ယောက် ပြန်ပြီးပေါင်းဖက်တဲ့ ပွဲပါခင်ဗျား ... ဟား ဟား"

"ဒီမှာထိုင် ... လာ ... လာ၊ လာပါ ... စိမ်းရဲ့"

"ထိပ်ထားထွေးက ဒီဘက်မှာထိုင်"

အော်သံ ဟစ်သံ ရယ်သံ လက်ခုပ်သံ ဆူဆူညံညံ
ကြားတွင် သုံးယောက်သားဟာ ခပ်အမ်းအမ်းနှင့် တစ်ယောက်
အကဲ တစ်ယောက်ခတ်ကာ ပြုံးမလို မဲ့မလို ရှိနေကြပါသည်။

* ❤ *





တန်တော်ကြီးရေစပ်ကို ကားဦးတိုက်ပြီး သူတို့ရဲ့
ကားသုံးစင်းကို ရပ်ထားကြပါသည်။ သုံးယောက်သားကတော့
ကားပြင်ထွက်ကာ တစ်နေရာမှာ သုံးယောက်ရင်ဘောင်တန်းပြီး
ရပ်နေကြပါသည်။

**Restaurant** မှာတုန်းကတော့ စကားအနည်းငယ်
ပြောဆိုခဲ့ကြပြီးပါပြီ။ ပြန်ခါနီးကျမှ နှင်းဆီတင်က စတင်ကာ ...

"ငါတို့ တစ်ရက်ပြန်ချိန်းကြရအောင်၊ ငါ နင်တို့ကိုစကား
ပြောစရာရှိတယ်"

ထိုအခါ စိမ်းသက်မိက ...

"ငါမှာလည်း နင်တို့ကို ပြောစရာရှိနေတယ်"

နှင်းဆီတင်က စိမ်းသက်မိကို အကဲခတ်သလိုကြည့်
လိုက်ပြီးမှ ထိပ်ထားထွေးဘက်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ရော"

ထိပ်ထားထွေးက မျက်လွှာချရင်း ...

"အင်း ... ရှိတယ်"

"ဒါဖြင့် ငါတို့သုံးယောက်လုံးမှာ ကျန်တဲ့နှစ်ယောက်ကို ပြောချင်တဲ့စကား ရှိနေပြီပေါ့၊ ဒါဆိုရင် သိမ်အချိန်ဆွဲနေလို့ မလိုပါဘူး၊ မြန်မြန်ပြောလိုက်တာ ကောင်းတယ်"

စိမ်းသက်မိက ဒီစကားကို ပြောရဖို့ ကြားရဖို့ စိတ်စောနေပုံရပါသည်။

"ဒါဖြင့် ဒီကအပြန်ပဲ တစ်နေရာရာ သွားစကားပြောကြမလား၊ ဘယ်လိုလဲ"

နှင်းဆီတင်က ဆိပ်ထားထွေးကို မေးဆတ်မေးလိုက်သည်။

"ကောင်းတာပေါ့၊ မြန်မြန်ပြောစရာရှိပြော၊ မြန်မြန်ရှင်းတာပေါ့"

"နင်တို့နှစ်ယောက် အိမ်က မိုးချုပ်လို့ရရဲ့လား"

"အဟား ... အောင်မာ ... မိစိမ်း၊ နင်က အိမ်ရှင်မကြီး၊ ငါတို့ထက် ဝါရင့်ကြီးပေါ့လေ၊ မရစရာ ဘာရှိလဲ"

"မဟုတ်ပါဘူး နှင်းဆီရယ်၊ နင်ကို့က အပျိုတွေဆိုတော့ မိဘတွေ လက်အောက်ပဲ ရှိသေးတာ မဟုတ်လား၊ ဒါကြောင့် ရရဲ့လားလို့ ငါက မေးတာပါ"





"အိမ်ထောင်မရှိလို့ အပျိုကြီးဖြစ်နေပေမယ့် အသက်က လေးဆယ်နားကပ်နေပြီဟဲ့၊ ကိုယ့်ကိစ္စ ကိုယ်ဟာကိုယ် ဆုံးဖြတ်နေတဲ့အရွယ်၊ ငါ့တစ်ယောက်တည်း နိုင်ငံခြားသွားစရာရှိတောင် သွားနေတဲ့ဥစ္စာ၊ အိမ်ပြန်နောက်ကျလို့ အခုခံထိနေစရာလား ...

ဒါပေမဲ့ ... အခု အိမ်မှာ ငါ့အဖေနဲ့အမေ မရှိကြဘူး၊ အင်္ဂလန်ကိုသွားနေကြတယ်၊ ငါ့အစ်ကိုဆီမှာ ခြောက်လတောင်နေမှာ၊ နင် မေးချင်ရင် ထွေးကို မေးလိုက်၊ သူ့ရ မရ"

ထိပ်ထားထွေးက နှင်းဆီတင်ကို မျက်စောင်းတစ်ချက်ရွယ်ရင်း ...

"ငါကတော့ ဘာဖြစ်လို့ မရရမှာလဲ၊ မိုးချုပ်မယ် နောက်ကျမယ်ဆိုတာ အိမ်ကို တစ်ခါတည်း ပြောခဲ့ပြီးသား၊ အပြင်မှာ ညမအိပ်ရင် ထပ်ပြောစရာ မလိုပါဘူး"

"ဒါဖြင့် ဘယ်ကိုသွားမလဲ"

"စားသောက်ဆိုင်တွေက နားငြီးမျက်စိနောက်စရာ"

"ကန်တော်ကြီးရော၊ ဒီအချိန် အေးတယ်၊ စကားပြောဖို့လည်း လွတ်လပ်တယ်"

"ကောင်းတယ်၊ ရေစပ်မှာပဲ လေညင်းခံရင်း ပြောရအောင်"

"ဒါဖြင့် သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့် သူတို့သုံးယောက် မိတ်ဆုံစားပွဲကနေ အဆောကြီးထ,ထွက်လာခဲ့ကြတာပါ။ ခုဆိုရင် ရေစပ်မှာ သူတို့ တိတ်တိတ်ဆိတ်ဆိတ် ရင်ဘောင်တန်းပြီး ရပ်နေကြတာ ဆယ်မိနစ်မျှ ရှိပေပြီ။

ပထမဆုံး စိမ်းသက်မီက အရင် စကားလှုပ်ရှားလာပါသည်။

"ကဲ ... ငါတို့ ဘာလုပ်နေကြတာလဲ၊ ပြောစရာရှိတာ ပြောကြစို့၊ ငါ အရင်ပြောရမလား"

"ငါ အရင်ပြောမယ်"

"နှင်းဆီ ... နင်ဟာလေ ခုနကတော့ ငြိမ်ပြီးမေရပ်နေပြီးတော့ ငါပြောမယ်ဆိုမှ နင် အရင်ပြောမယ်လုပ်တယ်၊ ထွေး ... နင်ကော မပြောဘူးလား"

"ငါ နောက်မှပြောမယ်၊ နင်တို့နှစ်ယောက်သာ လုပြောကြ"

"လုပြောစရာ မလိုပါဘူး၊ ဒီတိုင်းဆိုရင် ငါတို့ပြောမယ့်စကားချင်းက အမျိုးအစား အကြောင်းအရာ တူနေပြီနဲ့တူတယ်၊ အရင်ပြောပြော နောက်ပြောပြော အရေးမပါပါဘူး၊ နောက်မှပြောလို့လည်း အခွင့်အရေး မနည်းဘူး၊ အရင်ပြောလို့လည်း အခွင့်အရေး ပိုရစရာအကြောင်းမရှိဘူး၊ ဦးဦးဖျားဖျားလည်း မဖြစ်ဘူး၊ ပိုလည်းမလေးနက်ဘူး၊ ဘာမှမထူးဘူး ...





ကဲ ... မိစိမ်း၊ နင် သိပ်ပြောချင်နေတာ အရင်ပြော"

စိမ်းသက်မီက နှင်းဆီတင်ကို မျက်စောင်းတစ်ချက်ထွကြည့်လိုက်ပြီးမှ သက်ပြင်းရှည်ကြီး ရှိုက်လိုက်ကာ အားယူရင်း ...

"ငါ့ဆီ ... ငါ့ဆီ ... ကိုမောင့်ဆီကစာတွေ လာနေတယ်"

"ဘာ ... အဲသလို လက်လွှတ်စပယ် အလွယ်ပြောတာကို မကြိုက်ဆုံးဘဲ၊ မကြိုက်ဆုံးဘဲ သိလား၊ ငါ့စကားနွားရနင် သိပ်ပြောထတ်တာ၊ ငယ်ကျင့်ကို မဖျောက်သေးဘူး၊ ပြောလိုက်ရင်ဖြင့် သူ့ပဲ အပိုင်အနိုင်"

"ငါ ဘာပြောလို့လဲ၊ ငယ်ကျင့်မပျောက်ထာက နှင်း၊ ထစ်ခုခုဆိုရင် ဖူးဖူးဝါးဝါး ထအော်တော့တာ၊ သူ့စိတ်ချည်းပဲ၊ ဟဲ့ ... ငါတို့က နင့်ကုမ္ပဏီက ဝန်ထမ်းမဟုတ်ဘူး နှင်းဆီ၊ သဘောပေါက်ပြီး နင့်လေကို ဘရိတ်အုပ်ထားဦး"

"နင် ဘာဖြစ်လို့ အရမ်းအရမ်း စကားဇိုပြောလဲ၊ စကားတစ်ခွန်းဟာ အသုံးအနှုန်း မှားတာလေးလောက်နဲ့ ဘယ်လောက်ထိ အဓိပ္ပာယ်ကွာသွား တာသွားတတ်သလဲ နင်သိရဲ့လား"

"ဘာလို့ ငါက မသိရမှာလဲ"

"ဒါဖြင့် နင် ဘာလို့ လက်လွှတ်စပယ်ပြောလဲ၊ ကိုကိုမောင့်အသုဘကို ငါတို့သုံးယောက်စလုံး မျက်မြင်ကိုယ်တွေ့ပို့ခဲ့ကြတယ်၊ နင်လည်း အသိဆုံး၊ ဒါနဲ့များ ဘာဖြစ်လို့ ကိုမောင့်ဆီကစာတွေ လာတယ်လို့ နင်ပြောရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



"စာအောက်မှာ ကိုကိုမောင်လို့ချည်း ရေးထားတာပဲလေ

ပြီးတော့ ကိုမောင့် လက်ရေးပဲလေ"

"အဲဒါနဲ့ ကိုကိုမောင် ဖြစ်ရောလား"

"ဒါတော့ အလွယ်ပြောလိုက်တာပေါ့ဟဲ့၊ ပြာဖြစ်သွားတဲ

လူကတော့ ဘယ်လိုလုပ် စာရေးနိုင်တော့မှာလဲ"

"အေး ... ဒါဖြင့် နင် တိတိကျကျပဲပြော၊ ကိုကိုမောင်လ

နာမည်ခံထားတဲ့ လူတစ်ယောက်က ရေးပို့နေတယ်လို့

စိမ်းသက်မီက မကျေမချမ်းနှင့် နှင်းဆီတင်ကို

ခေါင်းကြီးငဲ့ပြီး စိုက်ကြည့်နေပါသည်။ သူပဲ ဆရာမကြီးပုံနဲ့

ပိုတတ်တယ်ဆိုတဲ့ အမူအရာနဲ့၊ နည်းနည်းကို နှာတစ်ဖျားကျေ

ချင်တာ နှင်းဆီတင် အကျင့်။

"ကိုကိုမောင်လို့ နာမည်ခံထားတဲ့ လူတစ်ယောက်လ

ပြောရင်လည်း အတိအကျ မမှန်ဘူး နှင်းဆီ၊ အဲဒီသဘော

မဟုတ်ဘူး"

နှင်းဆီတင်ရော စိမ်းသက်မီပါ ထိပ်ထားထွေးဘက်

ငဲ့ကြည့်လိုက်ပါသည်။

"စာတွေရေးပို့နေသူက သူ့ကိုယ်သူ သူဟာ အရင်ဘဝတုန်

က ကိုကိုမောင်ပါလို့ ဆိုလိုတာ၊ သဘောက သူဟာ

ကိုကိုမောင် ဝင်စားတဲ့သူ"

နှင်းဆီတင်က နှာခေါင်းက လေထွက်တဲ့အသံနှင့်

ရှုံ့ခနဲ တစ်ချက်ရယ်ကာ ...





"ကိုကိုမောင် လူဝင်စားပေါ့ ... ဟုတ်လား၊ ယုံလား ...

နင်တို့"

"ဘာကိုလဲ၊ သူက အစစအရာရာ အားလုံးကို အတွင်းကျ

ကျ သိနေတာပဲ"

"ဝတမဆုံး ငါ မေးမယ်၊ ဒါကို နင်တို့အရင် အဖြေထုတ်

ကြ၊ လူဝင်စားဆိုတာ ရှိလား၊ တကယ်ပဲ ရှိလား"

"ရှိတယ်"

စိမ်းသက်မီက ချက်ချင်းပဲ ဖြေလိုက်ပါသည်။

စိမ်းသက်မီထံ မျက်ဝန်းနှစ်စုံ စုပြုံကျရောက်လာသည်။

"ငါတို့အမျိုးထဲမှာတောင် ရှိတယ်၊ အဲဒီကလေးဟာ စကား

တတ်ကတည်းက သူ့အဖေအမေကို မောင်ခင်မောင် ... မြမြ

ပဲ ခေါ်တာ၊ သူ့အဖေဘက်က အဘွား၊ အဲ ... အဲဒီဦးခင်

မောင်ရဲ့အမေသေလို့ ဝင်စားလာတာ"

"မောင်ခင်မောင် ... မြမြ ခေါ်တာနဲ့ လူဝင်စား ဖြစ်ရော

လား"

"တခြားအချက်အလက် အထောက်အထားတွေ အများကြီး

ရှိသေးတာပေါ့ဟဲ့၊ အဲဒီအဘွားကြီးက အရင်ဘဝက ကွမ်း

ညှပ်နဲ့ညှပ်မိလို့ ပြန်ဆွဲချုပ်ထားရတာ ဘယ်ဘက်လက်ညှိုး

တစ်ဆစ်က ကောက်နေတယ်၊ အဲဒီကလေးကလည်းမွေး

ကတည်းက ဘယ်ဘက်လက်ညှိုးလေးတစ်ဆစ် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါလာတယ်၊ အဘွားကြီးက ကွမ်းအရမ်းကြိုက်တာ၊ အဲဒီကလေးလေးက သူ့အမေအမေ ကွမ်းမစားဘဲနဲ့ ညှေ့သည်တွေ ဆွေမျိုးတွေလာလို့ ကွမ်းစားတဲ့သူ ပါလာရင် ကွမ်းဖတ်လေး တောင်းတောင်းစားတယ်”

နှင်းဆီတင်က နှာခေါင်းရှုံ့ပစ်ရင်း ...

“ဟင် ... ရွံလိုက်တာ”

“နှင်းရွံရင် နှင်တောင်းမစားရင် ပြီးတာပဲ၊ ငါကဝင်စားတဲ့အကြောင်းကို ရှင်းပြနေတာ”

“ခုထိ ဝင်စားတယ်လို့ကို ထင်စရာ ဘာမှမနိုင်လုံဘူး”

“နိုင်လုံတာကတော့ အဘွားကြီးက မသေခင်နည်းနည်းသူငယ်ပြန်သလိုမျိုး ဖြစ်ခဲ့တယ်၊ စိတ်ကစဉ်ကလျားနဲ့ပေါ့၊ သူ့ပစ္စည်းဘယ်သူများခိုးမလဲ ယူမလဲ။ ဟိုလူ့မယုံ ဒီလူ့မယုံနဲ့ အိမ်မှာလူလစ်ရင် သူ့လက်ဝတ်လက်စားတွေကို ခြံထဲမှာ ဟိုနားတူးမြှုပ်၊ ဒီနားတူးမြှုပ် လျှောက်ဖွက်ထားတာ၊ အိမ်သားတွေက သိလိုက်တာဆိုရင်လည်း ပြန်ယူသိမ်းထားလိုက်တာပေါ့၊ မသိလိုက်တာတွေလည်း ပျောက်ကုန်တာ မနည်းဘူး ...

အဲဒါကို အဲဒီကလေးက ခြံထဲမှာ ဟိုနားတူးလိုက် ဒီနားတူးလိုက်နဲ့ တစ်ခုပြီးတစ်ခု ပြန်ရတယ်၊ အဲဒီနေရာတွေ သူက သိနေတာ”





“ဒါတော့ ကလေးပဲဟယ်၊ ခြံထဲမှာ မြေကြီးတွေတူးဆွကစားရင်း ကံစွပ်သွားတဲ့အခါ အဘွားကြီးမြှုပ်တဲ့နေရာ တူးမိတာမျိုး ဖြစ်နိုင်တာပဲ၊ အဘွားကြီး ဝင်စားတယ်ထင်နေတဲ့ အိမ်သားတွေကလည်း ကလေးကို မြှောက်ပေးပြီး လက်ဝတ်လက်စားတွေ ဘယ်နားမြှုပ်ထားတာလဲ၊ ပြန်ရှာကြည့်ပါဦး ဘာညာနဲ့ တိုက်တွန်းမှာ သေချာတယ် ...

ကလေးကလည်း တူးရမယ်လို့ ယူဆပြီး ရမ်းသမ်းတူးတော့မှာပေါ့၊ တစ်နေရာမဟုတ် တစ်နေရာ ထွက်လာမှာပေါ့”

“ဟဲ့ ... နှင်းဆီ၊ နှင် ဒီလိုကဖျက်ယဖျက် လိုက်ပြောလို့ကတော့ ဘာကိုမဆို အပျက်အကက်က ပြောလို့ရတာချည်းပဲ၊ နှင် ပြောသလို တူးတိုင်း တစ်နေရာမဟုတ် တစ်နေရာတွေ့ရော ဆိုရင် အဘွားကြီး သေကတည်းက တစ်အိမ်သားလုံး တူးလိုက်ရှာလိုက်ကြတာ တစ်ခြံလုံးကို ငွစာကြဲနေတာ၊ တွေ့မှမတွေ့ဘဲ၊ ဒီကလေးကျမှပဲ တွေ့တာလေ ...

တခြားအမှုအကျင့် တူတာတွေလည်း အများကြီး၊ အဖြစ်အပျက်တချို့ကို မှတ်မိနေတာတွေ၊ ငယ်ပေါင်းမိတ်ဆွေတွေ နာမည်တပြီး ဘကြီးမောင်ကိုတို့ သေပြီလား၊ ဒေါ်ချစ် သားသမီးတွေ ဘယ်ရောက်နေလဲတို့ ပြန်မေးတတ်တာမျိုးတွေ ရှိသေးတယ်လေ၊ ကဲ ... ဘာပြောမလဲ၊ ပြော”



www.burmeseclassic.com

www.burmeseclassic.com



"မပြောတော့ပါဘူး။ ပြောလည်း နင်က ကဖျက်ယဖျက် ရှာကြံပြောတယ်လို့ပဲ စွပ်စွဲမှာ၊ ကဲ ... ထွေး၊ နင်ရောယုံလား၊ လူဝင်စားဆိုတာ တကယ်ရှိတယ်လို့"

"ငါ မသိဘူး၊ ငါတို့ နီးနီးစပ်စပ်ထဲမှာလည်း အဲသလိုပြောစရာတော့ မမြင်ဖူးဘူး၊ ဒါပေမဲ့ ရှေးလူကြီးသူမတွေကစပြီး ခုချိန်ထိ သူကတော့ လူစင်စား သူကတော့ ဘယ်သူဝင်စားတာလေ စသဖြင့် ပြောဆိုကြတာတွေတော့ ကြားဖူးနေတာပဲလေ ...

ငါ့အမှ သေချာမသိပေမယ့် မပြောတတ်ပေမယ့် ရှေးလူကြီးသူမတွေကတော့ အခြေအမြစ်မရှိ အလကား ဖြီးဖြန်းရမ်းသမ်း ပြောကြလိမ့်မယ်လို့ မထင်ဘူး၊ အဲဒါကြောင့် ငါ မမြင်ဖူး မကြုံဖူးပေမယ့် ရှိရင်လည်း ရှိနိုင်တာပဲလို့ပဲ လက်ခံထားတယ်"

နှင်းဆီတင်က မှန်တောတောလက်ပိုက်ကာ ရှေပြင်ကို စိုက်ငေးနေသည်။

"နင်ကတော့ လူဝင်စားရှိတယ်လို့ လုံးဝ မယုံဘူးဆိုတဲ့ သဘောပေါ့"

စိမ်းသက်မီ အမေးကို နှင်းဆီတင်က မဖြေပါ။

"လဝင်စားဆိုတာ လုံးဝမရှိဘူးလို့ နင် အခိုင်အမာယုံကြည် ိရင် အဲသလို ယုံကြည်လောက်တဲ့ သက်သေ ဘွေ ပြောပြ"



"ဟဲ့ ... အဲသလိုတော့ ဘယ်ဖြေစရာရှိမလဲ"

"ဒါဖြင့် နင်က မျက်စိမှိတ်ပြီး မယုံတာပေါ့"

နှင်းဆီတင်က စိမ်းသက်မီဘက် ဆတ်ခနဲလှည့်ရင်း ...

"ငါက လူတစ်ယောက် ငါ့ကို လိမ်လှည့်လှည့်ဖြားပြီး ကွယ်ရာမှာ ဟားနေမယ့် အမြစ်မျိုးကို မုန်းတယ် မိစိမ်း၊ ကိုကိုမောင် တစ်ခါလှည့်စားတာ ခံခဲ့ရပြီးပြီ၊ နောက်တစ်ခါ ကိုကိုမောင်ပါဆိုပြီး ရောက်လာတဲ့ တစ်ယောက်က ထပ်လှည့်စားတာ ခံရဦးမယ် ဆိုရင်တော့ ငါတို့သုံးယောက်ဟာ ရေမရှိတဲ့ချောင်း နှာခေါင်းဖော်ပြီး သေရုံပဲ ကောင်းတော့တယ်၊ ဒါကို နားလည်လား"

စိမ်းသက်မီက အနည်းငယ် တွေဝေသွားပါသည်။

"အယုံမလွယ်ဖို့ ငါက ပြောနေတာ"

"လူဝင်စားဆိုတာ တကယ်ရှိရင်လည်း ရှိနိုင်တာပဲလို့ လူဆရုံကလွဲပြီး ငါ ဘာကိုမှ အယုံမလွယ်သေးပါဘူး နှင်းဆီ၊ စာတွေကိုသာ လက်ခံရသေးတာ၊ လူကိုယ်တိုင်ရောက်လာမယ် ရောက်လာမယ်နဲ့ တကယ်ရောက်လာတာမှ မဟုတ်တာ၊ ပြီးတော့ သူ တကယ်ပဲ ကိုယ်ထင်ပြပြီး ရောက်လာပစေဦး၊ ကိုကိုမောင်သေလို့ ဝင်စားလာမယ့်သူဟာ အသက်နှစ်ဆယ်မပြည့်သေးတဲ့ သူတစ်ယောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမှာလေ၊ ငါတို့ သူ့ဆီမှာ လှည့်ဖြားခံရစရာ ဘာအကြော
မှ မရှိဘူး"

ထိပ်ထားထွေး စကားကို ကျန်တဲ့နှစ်ယောက်
အာရုံစိုက်ပြီး နားထောင်ရင်း စဉ်းစဉ်းစားစား ငြိမ်သက်နေကြ
သည်။

"ငါ သေချာစဉ်းစား တွက်ချက်ပြီးပြီ၊ ကိုကိုမောင် သေ
တာ နှစ်ပေါင်းနှစ်ဆယ်နဲ့ ခုနှစ်လရှိပြီ၊ ချက်ချင်းပဲ ဗိုက်
တစ်ခုထဲ ဝင်စားသွားတယ်ဆိုရင် ဒီကလေးဟာ အခု
အသက်နှစ်ဆယ်ပြည့်ဖို့ နှစ်လသုံးလလောက် လိုသေးတယ်"

"ဟုတ်တယ်"

"ဒါပေမဲ့ သူ့စာတွေထဲမှာ ... အင်း ... နင်တို့ဆီလည်း
တွေ့တွေ့လိုပဲနေမှာပါ၊ ရေးထားပုံက မင်းရယ် ကိုယ်ရယ်နဲ့
ရွယ်ရင့်တန်းတူကြီးတွေလို ရေးထားတာ"

"ဟုတ်တယ်"

သုံးယောက်သား ငြိမ်နေမိကြပြန်ပြီး နှင်းဆီတင်က
ပဲ စတင်ကာ ...

"မိစိမ်းနဲ့ ထွေး၊ သူဟာ လူဝင်စားမဖြစ်နိုင်ပါဘူးဆိုတဲ့
ဘက်က တွေးကြည့်ရင် ဘာအတွက်ကြောင့် ငါတို့သုံး
ယောက်ကို ချဉ်းကပ်လာတာလဲဆိုတာ နင်တို့ သေချာစဉ်
စားကြစမ်း"



"ငါလည်း စဉ်းစားကြည့်တယ်၊ အဖြေမရှိဘူး၊ သူ့အရွယ်
နဲ့ ငါတို့အရွယ် တွဲဖက်ဖို့လည်း မဖြစ်နိုင်ဘူး၊ သူ့မှာ
တခြားဘာအကျိုးအမြတ်မှလဲရစရာ ငါမမြင်ဘူး၊ အကြောင်း
ရင်းကို စဉ်းစားလို့ကို မရဘူး၊ ဒါကြောင့် ငါကတော့
တကယ်ပဲ လူဝင်စားဖြစ်နေလို့ အဖြစ်အပျက်တွေကို ပြန်
သိနေ အမှတ်ရနေပြီး တကယ်ရှာဖွေ ဆက်သွယ်လာတယ်
လို့ပဲ ထင်မိတာ"

"စိမ်း ပြောသလိုပဲ၊ သူ သိထားတာတွေက လွန်လွန်းအား
ကြီးတယ်၊ ငါ့ကို သူ ပြန်ပြောနေတဲ့ အတိတ်ကအကြောင်း
အရာတွေထဲမှာ ဘယ်လိုမှ တခြားလူမသိနိုင်တဲ့ အရေးမ
ပါတဲ့ စကားလုံးလေးကအစ တကယ်အမှန်ဖြစ်နေတယ်၊
နင့်ဆီမှာရော နှင်းဆီ"

နှင်းဆီတင်က ခေါင်းညိတ်ရင်း ...

"ဟုတ်တယ်၊ ကြက်သီးထရအောင် ကြောက်စရာကောင်း
လောက်အောင် အတွင်းကျကျ အသေးစိတ်စိတ် သိနေ
တာ"

"သိနေတာ ဘယ်ဟုတ်မလဲ၊ မှတ်မိနေတာလို့ ပြောပေါ့"

"မိစိမ်း ... နင်က လုံးဝ ကိုကိုမောင် ဝင်စားတဲ့သူလို့ပဲ
တစ်ထစ်ချ ယုံကြည်ထားလိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝဥဿုံယုံကြည်ဖို့ ငါးရာခိုင်နှုန်းလောက်ပဲ လိုတော့တယ်၊ ရာနှုန်းပြည့်လုနီးပါး ငါယုံကြည်တယ်၊ ယုံကြည်လောက်အောင်လည်း အသေးစိတ် အားလုံးသိတာ၊ ကိုကိုမောင်ဟာ ငါတို့အကြောင်းတွေ သူ့သူငယ်ချင်းတစ်ယောက်ယောက်ကို ပြောပဲပြောမိပါစေဦး၊ စကားတစ်လုံး မကျန်တော့ ပြန်ပြောနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ ကိုကိုမောင်ဟာ ရန်ကုန်မှာ အသိအကျွမ်း မိတ်ဆွေအပေါင်းအသင်းမှ သိပ်မရှိဘဲ ...

ရင်းရင်းနှီးနှီး ဆိုလို့ လုံးဝမရှိဘူး၊ အလုပ်သဘောဆက်ဆံပြောဆိုပြီး အပေါင်းပေါင်းတဲ့ မိတ်ဆွေမျိုးပဲ ရှိတာလေ"

"အဲဒါ ဟုတ်တယ် နှင်းဆီ၊ ငါလည်း အဲဒါကိုတွေးမိတယ်၊ နှင်တို့တောင်မှ မသိတဲ့ကိစ္စတွေ ငါနဲ့ပတ်သက်လို့ သူနဲ့ငါ နှစ်ယောက်တည်း သိခဲ့တာတွေအားလုံးကို အစုံသူသိနေတယ်၊ အဲဒါ သိပ်ထူးဆန်းတယ်၊ တခြားကသူ မသိနိုင်ဘူး၊ တကယ်ပဲမျှား လူဝင်စားလား မသိဘူး ... နှင့်ဆီလာတဲ့ စာတွေထဲမှာရော သူ အားလုံးသိမနေဘူးလား"

နှင်းဆီတင်က ခေါင်းကို မညိတ်ချင် ညိတ်ချင်ပုံစံနှင့် ညိတ်ရင်း ...

"ဟုတ်ပါတယ်၊ သိနေတယ်"





"ပြီးတော့ ရည်ရွယ်ချက်ပေါ့၊ တခြား ဘာရည်ရွယ်ချက်နဲ့ သူ စာတွေရေးပို့နေသလဲဆိုတာ စဉ်းစားမရဘူး၊ သူဟာ ကိုကိုမောင် ဝင်စားတာပါလို့ ပြောတဲ့အတွက် ငါတို့ဆီက ဘာအကျိုးအမြတ်မှ သူ မျှော်ကိုးစရာမရှိဘူးလို့ ထင်တယ်၊ တစ်ခုခုကို ရည်ရွယ်ပြီးလုပ်တာ မဟုတ်ဘူး ဆိုရင်တော့ သူ တကယ် ကိုကိုမောင် ဝင်စားခဲ့တာ ထင်တယ်လို့ပဲ ယူဆစရာရှိတာလေ"

"ထွေး ... နှင့်ဆီစာလာတာ ဘယ်နှစောင်ရှိပြီလဲ"

"ခုနစ်စောင်"

"ငါ့ဆီလည်း ခုနစ်စောင်ပဲ၊ နှင်းဆီ ... နှင့်ဆီရော"

"ခုနစ်စောင်ပဲပေါ့ ... တူတူပဲ၊ ဒီကောင်ကြည့်ရတာ တစ်ပတ်တစ်စောင် အားလုံးဆီ ပြိုင်တူပို့နေတာ ဖြစ်မှာပေါ့"

စိမ်းသက်မိက မဲ့မဲ့လေး ပြုံးရင်း ...

"အရင်ကတည်းက ကိုမောင်က ဒီလိုပဲလေ၊ သုံးယောက်လုံး အပေါ် မျှမျှတတ ညီညီညာညာပဲ မဟုတ်လား၊ ငါနဲ့အပြင်မှာ တစ်ကြိမ်တွေ့ရင် နှင်တို့နှစ်ယောက်နဲ့ပါ တစ်ကြိမ်စီ တွေ့တယ်"

"အာ ... နင်က နှင့်ကိုတစ်ကြိမ်တွေ့မိလို့ ငါတို့ကိုမတွေ့ချင်ဘဲနဲ့ ညီမျှအောင် တစ်ကြိမ်စီ တွေ့ပေးလိုက်တဲ့သဘော ဆိုလိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှမဆိုလိုဘူး၊ ရိုးရိုးပြောတာ"

"ရိုးပေလို့ပဲ၊ နှင့်ကိုမှ ကိုကိုမောင်က ဆင်းဆင်းရဲရဲလေး ပေမယ့် မေတ္တာစစ်နဲ့ချစ်တာ၊ ငါတို့ကိုတော့ သူဌေးသမီး တွေမို့လို့ ရလည်းအမြတ်ပဲဆိုပြီး တွဲတာဆိုတဲ့ စကားမျိုး ပြောပါဦးလား၊ ကြံဖန်ပြီးတော့ကို ဂုဏ်ယူတတ်တာ၊ သူ့ မှာအချစ်စစ် သူများကျ အချစ်တုတဲ့ ... ဟွန်း"

"ကိုမောင် ဒီလိုပဲ ပြောတာပဲဟာ"

"ဟုတ်ပဲ ... ဒီလိုပဲ လျှာအရိုးမရှိ ပြောတာချည်းပဲပေါ့၊ ငါ့ကို ပြောတော့ နှင့်ကျတော့ ဆင်းရဲလို့ ဂရုမစိုက်ဘူးထင်မှာ စိုးလို့ ဂရုစိုက်ပေးတာပါတဲ့၊ မွေးကိုကျတော့ နလပိန်းတုံး နဲ့ စကားလွဲရင် ဘာမှမတော်တဲ့ အတူအနေလေးမို့လို့ သူ့ ကို တစ်ဖက်သတ်လိုက်ပြီး ရွတ်ရွတ်ချစ်နေတာ သနားလို့ တဲ့ ... ဟွန်း"

ထိပ်ထားမွေး မျက်ခုံးတွေက တောက်ပြောင်လာ ရင်း ...

"အေး ... စိမ်းကိုတော့ နှင်ပြောသလိုပဲ ဟုတ်တယ်၊ အဆင့်အတန်းခွဲတယ် ထင်မှာစိုးလို့ ဂရုစိုက် ဆက်ဆံပေး တာပါတဲ့၊ နှင့်ကိုကျတော့ ကြောက်လို့တဲ့ဟေ့ ဒေါ်နှင်းဆီ တင်ရေ့၊ နှင့်တစ်ဖက်သတ်အချစ်ကို အလိုက်အထိုက်မတုံ့ ပြန်ဘူးဆိုရင် သတ်ပစ်မှာတောင် ကြောက်ရအောင် နှင်က ရွတ်တရွတ်မမို့လို့ ကြောက်လို့ နှင်နဲ့တွဲတာ သိပြီလား"



"ဘာ ..."

နှင်းဆီတင်သည် ထိပ်ထားမွေး စကားကို ဆတ် ဆတ်ခါနားကာ လက်သီးလေးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ် လိုက်ပါသည်။

"မရဘူး ... ဖြတ် ... ဖြတ်၊ သူတို့နှစ်ယောက်ကို ခုချက် ချင်းဖြတ်၊ ဘယ်သူမှ ကိုမောင် မချစ်ရဘူး၊ ရှိစီကိုပဲချစ် ရမယ်၊ မလိုချင်ဘူး၊ ဘယ်သူ့မှ မသနားနဲ့၊ ရှိစီကိုပဲချစ်၊ ရှိစီကိုပဲ သနား"

ငိုကာ ရှိုက်ကာ ထုကာ ရိုက်ကာ ကျွန်းသစ်မလေး လို မာန်ဖီခဲ့တဲ့ မြင်ကွင်းကို ကိုယ့်ဟာကိုယ်လည်း အမှတ်ရကာ အနာပေါ်တုတ်ကျသလို ဖြစ်သွားရတာပင်။

"ကဲ ... တော်ပြီဟာ၊ မွေးစိမ်းက တစ်ယောက် ငါ တို့ အပုပ်ချ မပြောကြပါစို့နဲ့၊ တကယ်တော့ ကိုမောင်ဟာ ငါတို့သုံးယောက်ကြားမှာ သစ္စာမရှိခဲ့တာပါ၊ ဒါပေမဲ့ ချစ် စိတ်တွေမွှန်ပြီး ကိုယ်ပဲမှပိုင်ဖြစ်ချင်တဲ့ အတ္တတွေကြီးပြီး ငါ့ကိုပဲချစ်တာ သူ့ကို အလကားလို့ ငါတို့ ကိုယ့်စိတ်ကို ကိုယ်လိမ်ညာလှည့်စား တွေးခဲ့ကြတာ ...

အဲဒီတုန်းက အသက်က ဆယ့်ခုနစ်၊ ဆယ့်ရှစ်၊ အခုအသက်က သုံးဆယ့်ရှစ် သုံးဆယ်ကိုးတွေ ရှိကြပြီ အရင်ကထက် ဦးနှောက်ရှိတယ်၊ ရင့်ကျက်တယ်၊ သူ့

www.burmeseclassic.com



အပေါ် မနာကြည်းနိုင်ဘဲ ချစ်မဝနိုင်တုန်း သေကွဲကွဲ
တော့ ခုထိ တသသ တမ်းတသလို ဖြစ်နေပေမယ့် အမှန်
တိုင်း မြင်ကြည့်ရင် ငါတို့ရဲ့နှလုံးသားနုနုနယ်နယ်လေး
တွေကို ကိုမောင်က ဆော့ကစားသွားခဲ့တဲ့သူပါ …

ငါတို့သာ နှစ်နှစ်ဆယ်လုံးလုံး ရန်သူကြီးတွေလို
ဖြစ်ခဲ့ကြတယ်၊ စဉ်းစားကြည့်ရင် ငါတို့ အရှုံးရှုံးတယ်
နစ်နာတယ်၊ ခုလည်း သုံးယောက်လုံးဆီ ဆက်သွယ်တယ်
ဆိုတာကို ငါ ဦးနှောက်တွေခြောက်ပြီး ဘာလုပ်ရမှန်းတောင်
မသိတော့ဘူး”

“ဘာလုပ်စရာလိုလို့လဲ၊ နင်က ဘာလုပ်ချင်လို့လဲ၊ နင်
လူဝင်စားက ဘဝဟောင်းကလူအတိုင်းပဲ သန္တာခပ်မှန်
ပဲ”

“အေး … ထားပါ၊ ငါလူဝင်စားလို့၊ နောက်မှသာ နင်
လည်းဆိုင်တဲ့ လူဝင်စား မဖြစ်ပါစေနဲ့ နှင်းဆီရယ်”

“ဘာ”

“ဟာ …၊ နှင်းဆီက အလကားနေ ဒေါပဲကန်နေတာပဲ
ကဲ … အခု ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်က
ကိုမောင့် လူဝင်စားပါဆိုပြီး ရှိနေပြီ၊ ငါတို့ ဘာဆက်လု
ကြမလဲ၊ အဲဒါကိုပဲ တိုင်ပင်ပါ”

“ဘာလုပ်စရာလိုလဲ၊ ဒီတိုင်းပဲပေါ့”





“ဒီတိုင်းပဲဆိုရင် ဒီကိစ္စကို နင် ဘာဖြစ်လို့ ငါတို့ကိုပြော
ချင်နေလဲ၊ စိတ်မဝင်စားရင် ပစ်ထားလိုက်ပေါ့ နှင်းဆီရဲ့”

“နင်တို့လည်း ပြောချင်တာပဲမို့လား”

“ဟုတ်တယ်လေ၊ ပြောချင်တယ်၊ ပြောချင်တဲ့အပြင် စာ
တွေဟာ ငါ့ဆီပဲလာတာ ဖြစ်ပါစေ၊ နင်တို့ဆီ မလာပါ
စေနဲ့တောင် ဆုတောင်းတယ်တယ်၊ ဘာဖြစ်လဲ အဲဒါ၊ သူ
ဘယ်တော့ ငါ့ဆီ လူ့အကောင်လိုက် သွားခနဲ လာပြမလဲ
ရင်တုန်ပန်းတုန်နဲ့ မျှော်လင့်နေတယ်၊ ဘာဖြစ်လဲ၊ ဟန်
ဆောင်စရာ မလိုပါဘူး၊ ရှင်းရှင်းပဲ၊ သူဟာ တကယ်ပဲ
ကိုမောင် ဝင်စားခဲ့တဲ့ သူလေးတစ်ယောက် ဖြစ်နေရင် ငါ
သူ့ကို ရှေ့လျှောက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံ
သွားမှာပဲ …

စိတ်တွေလှုပ်ရှားနေတာကို မလှုပ်ရှားချင်ယောင်
ဆောင်မနေဘူး၊ ဖုံးဖိမနေဘူး၊ ဘွင်းဘွင်းပဲ”

“အေးပေါ့၊ နင်က အိမ်ထောင်သည်၊ ကလေးအမေမကြီး
ကိုးဟဲ့၊ ငါတို့ထက်တော့ ပွင့်လင်းရဲတင်းဝံ့တာပေါ့”

“ဘာဆိုင်လို့လဲဟဲ့”

“နင်ပဲ အခုပြောနေတာပဲ၊ ဘွင်းဘွင်းပဲတွေ ရှင်းရှင်းပဲတွေ”

“အေးပါ၊ သူ တကယ်ပေါ်လာရင်သာ နင့်စိတ်တွေ ခိုင်
ပါစေ နှင်းဆီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့်"

"ဒီမှာ ငါတို့ တစ်ခုလောက် ကတိပြုကြရအောင်"

"ဘာလဲ ထွေး"

"သူ လူစင်စစ်နဲ့ တစ်ယောက်ယောက်ဆီကို ရောက်လာရင် ဖုံးကွယ်မထားကြေး၊ တစ်ယောက်ကို တစ်ယောက် အကြောင်းကြားကြရအောင်၊ ပြန်ပြောပြကြရမယ်ဟာ"

ထိပ်ထားထွေး စကားကို နှင်းဆီဗားင်နှင့် စိမ်းသက်မီက တစ်ယောက်ကိုတစ်ယောက် အကဲခတ်လိုက်ပြီးမှ ခေါင်းလေးတွေ အသာအယာ ညိတ်ဆတ်လိုက်ကြပါသည်။





၃

"မမ ... ဒီမနက် ဧည့်သည်တစ်ယောက် လာစရာရှိတယ်"

စိမ်းသက်မီက ကော်ဖီ သောက်နေရာမှ မော့ကြည့်

...

"ဘယ်သူလဲ အကြည်"

"ပန်းချီဆရာပါ ... မမ၊ မနေ့ကညက မမဧည့်ခံပွဲတစ်ခု သွားနေတုန်း အိမ်ဖုန်းကိုဆက်ပြီး သူ ဘယ်တော့ လူလာတွေ့ရမလဲဆိုလို့ ကျွန်မက ဒီမနက်ချိန်းလိုက်တာပါ၊ ဒီနေ့ဆို ထွင့်ထွင့်လည်း ကျောင်းပိတ်ရက်၊ မမကလည်း ဆိုင်ကို ဆယ်နာရီလောက်မှ သွားတာဆိုတော့ မနက်စောစော ရှစ်နာရီ ရှစ်နာရီခွဲလောက် အရောက်လာခဲ့ပါလို့ ကျွန်မ မှာလိုက်တာပါ"

အကြည်က ဒါမျိုးတွေလည်း စိတ်ချရအောင် စီစဉ်

တ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒါဖြင့် သားကိုသွားနှိုးထားလိုက်ပါဦး အကြည်ရယ်"

"ဟုတ်ကဲ့"

စိမ်းသက်မီက ကော်ဖီသောက်ရင်း ဒီမနက်ရောက်တဲ့ဂျာနယ်ကို ဆက်ဖတ်နေလိုက်ပါသည်။ သားနဲ့အကြည် ဆင်းမလာသေးခင်ပင် ခြံရှေ့က ဟွန်းတီးသံနှင့် ကားသံကြားလိုက်ရတာမို့ ...

"ဟဲ့ ... ညွန့်ညွန့်ရေ၊ ဘယ်ကဧည့်သည်လဲ ကြည့်ပါဦး"

"မမကြည်က ပန်းချီဆရာလာမယ် ပြောထားတဲ့ဟာလား မသိဘူး"

"ပန်းချီဆရာကတော့ ကားနဲ့လာမယ် မထင်ဘူး၊ နင်ခြံဝကို ကြည့်လိုက်စမ်း"

ညွန့်ညွန့်က ထမင်းစားခန်း ပြတင်းပေါက်မှပင် ခြံဝဆီသို့ မျှော်ကြည့်လိုက်ကာ ...

"အိမ်လာနေကျ ဧည့်သည်ကားတွေတော့ မဟုတ်ဘူး မမ၊ မမြင်ဖူးတဲ့ကားပဲ၊ ဦးထွန်း မေးနေတယ်"

စိမ်းသက်မီက ကော်ဖီကို မော့ချပြီး အိမ်ရှေ့တံခါးဝမှာရပ်ရင်း ခြင်ဆန်ခါတံခါးကိုဖြတ်၍ လှမ်းကြည့်နေစဉ် ဦးထွန်းက အိမ်ဘက်ပြေးလာကာ ...

"ပန်းချီဆရာ လာတယ်လို့ ပြောပါတယ် ဆရာမ"





"ပန်းချီဆရာ !!"

"ဟုတ်ကဲ့ ... ဖွင့်ရမလား ဆရာမ"

"ကားပေါ်မှာ သူတစ်ယောက်ပဲလား"

"သူတစ်ယောက်ပဲ ဆရာမ"

"အင်း ... အင်း ... ဖွင့်လိုက်ပါ"

စိမ်းသက်မီက မော်ဒယ်လ်မြင့်မြင့် အဖြူနှင့်နီညိုရောင်စပ် အိစုံစုံဂျစ်ပုံစံလှလှကလေးကို မျှော်ကြည့်ရပ်စောင့်နေပါသည်။ ကားက ဈေးခပ်ပေါပေါကား မဟုတ်။ ဘီးတွေမြင့်မြင့်နှင့် ဆန်းသစ်ခေတ်မီနေသည်။ ပန်းချီဆရာကလည်း ကားအပျံစားနဲ့ပါလား။ အင်းလေ ... ပန်းချီဆရာမှန်တိုင်း ရုန်းကန်ရလိမ့်မယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ ခုခေတ်မှာ ပန်းချီဆရာသူဌေးတွေ တစ်ပုံကြီးပါပဲ။ စီးပွားရေးလမ်းတွေ ပွင့်တာကိုး။ အနုပညာတွေဟာ နိုင်ငံတကာကို ထိုးဖောက်လာတာကိုး။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကတည်းက "ကိုကိုမောင်" ဆိုတဲ့ ပန်းချီဆရာဟာ တောင်ကြီးကနေ သူ့ပတ်အလစ်ကာကားလေးနဲ့ သူဆင်းလာခဲ့ပြီး ရန်ကုန်မှာ အခန်းတစ်ခန်းငှားပြီးနေတဲ့ သူဌေးသားမာစ်ပီပန်းချီဆရာပဲ။

ကားက ပေါ်တီကိုအောက် ထိုးရပ်လိုက်၍ စိမ်းသက်မီက ခြင်ဆန်ကာတံခါးကိုတွန်းပြီး အပြင်ကို ထွက်လိုက်ပါသည်။

www.burmeseclassic.com



ကားပေါ်ကဆင်းလာတဲ့ နုပျိုချောမောသော ဆွဲဆောင်မှုတစ်ခုနှ
လူရွယ်လေးကို စိမ်းသက်မီက စိုက်ခနဲကြည့်လိုက်မိသည်။

သူ့ကို ခပ်ရှုးရှူး ပြန်စိုက်ကြည့်ပြီး မြုံးပြလိုက်တ
လူရွယ်ကလေးရဲ့မျက်လုံးများက ရွှန်းလက်တောက်ပပြီး တစ်
တစ်ရာ ပျော်ဝင်နေတာလိုလို။ ပန်းချီဆရာဆိုတာနှင့်ပဲ ရှေးဖြ
မောင်းတွေ အောက်မေ့တသမိသလို ရင်ထဲလှုပ်ခတ်သွားတ
စိမ်းသက်မီက သူ့ရဲ့ဟန်မန်ကို ပြန်ထိန်းလိုက်ပါသည်။

"ကျွန်တော် နေဝန်းသစ်ပါ"

"ဟုတ်ကဲ့ ... မှတ်ကဲ့၊ လာပါဆရာ အိမ်ထဲကြွပါ"

စိမ်းသက်မီက ရှေ့ကပြန်ဝင်လာကာ သူက နောက
က လိုက်ပါလာပြီး ဧည့်ခန်းထဲ ရောက်လာပါသည်။

"ထိုင်ပါ ဆရာ"

"ဟုတ်ကဲ့၊ မမ ကျွန်တော့်ကို ဆရာလို့မခေါ်ပါနဲ့ခင်ဗျ

နေဝန်းသစ်ရဲ့ စိုက်ကြည့်နေတဲ့ မျက်ဝန်းများ
စိမ်းသက်မီကို ရင်းနှီးနေသည်။ စိမ်းမနွေ။ အရိပ်အယောင်တ
မျိုးဟာ သူ့မျက်ဝန်းမှာ တဖျပ်ဖျပ် တောက်ပလက်ဖြာနေပြီး
အရိပ်အယောင်က ထူးခြားဆန်းပြားလှပါသည်။ စိမ်းသက်မီသည
သူ့ကို မျက်လုံးချင်းဆိုင် လှမ်းကြည့်လိုက်မိရာက အံ့အားသ
သလို အငိုက်မိသွားရပါသည်။





ဒီချာတိတ်လေးရဲ့ စူးစိုက်ကြည့်ရှုပုံဟာ ဘယ်လို
များလဲ။ စိမ်းသက်မီက အနည်းငယ် ကယောင်ကတန်းနှင့် ...

"အစ်မရဲ့သားလေးကို သင်ဖို့ပါ၊ အစ်မက ဒေါ်စိမ်းသက်မီ
ပါ၊ သားကတော့ သက်ထွန်းမောင်တဲ့"

"သားသား ဘယ်အရွယ်ရောက်သွားပြီလဲ မမစိမ်း"

"ဟင်"

စိမ်းသက်မီသည် မျက်လုံးဝင်း ပြူးထွက်မလိုဖြစ်
ကာ ချက်ချင်း ကြွေပြန်ဆည်ပြီး ခန္ဓာကိုယ်ကို လှုပ်ရှားကာနေ
ရာပြင်ထိုင်လိုက်ရင်း ...

"ဆယ် ... ဆယ်နှစ်ရှိပြီ"

ကြည့်စမ်း။ မေးပုံက ...။ "သား ဘယ်အရွယ်ရောက်
သွားပြီလဲ မမစိမ်း" ဆိုတာ မတွေ့တာကြာတဲ့ သိဟောင်းကျွမ်း
ဟောင်းချင်း မေးမြန်းပြောဆိုပုံမျိုး မဟုတ်ဘူးလား။ သူ့အကြည့်
အပြုံးနှင့် လေယူလေသိမ်းတွေကပါ အရင်ကတည်းက စကားများ
စွာ ပြောဆိုဖူးခဲ့သူတွေလို ရင်းနှီးပြီးသား ဖြစ်နေတာ။

"သားက ပန်းချီနဲ့ အစိမ်းသက်သက်လား၊ ခုမှစသင်မှာ
လား၊ ဒါမှမဟုတ် နည်းနည်းပါးပါး သင်ဖူးပြီးသားလား
မမစိမ်း"

ကြည့်စမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



မမစိမ်း တဲ့။ ငါ့ကို ဒီလိုမခေါ်နဲ့လို့တောင် ပြေ
လိုက်ချင်အောင် ကသိကအောက် ဖြစ်လာသည်။ ကလေးကလ
ဆန်မှာစိုးလို့သာ။ သူ့ရင်းနှီးပုံက လူကိုစိတ်အနှောင့်အယှက်တော
ဖြစ်စေတာ။

စိမ်းသက်မီသည် မျက်မှောင်လေးယောင်ယောင်တ
ကာ ...

"သေချာမသင်ဖူးပါဘူး၊ 'ကျောင်းမှာ ကလေးတွေ
အနုပညာချိန် ရသချိန်ဆိုရင် ကျောင်းက ပန်းချီဆရာ
ပုံဆွဲကြတာပေါ့၊ သားကတော့ ဝါသနာပါတော့ အိမ်
လည်း ဆွဲဆွဲနေတော့ တခြားကလေးတွေထက် ဆွဲတ
အရောင်ခြယ်တတ်တယ် ...

အဲဒါ ဆရာမတွေက ပြိုင်ပွဲတွေ ဘာတွေရှိရင် ေ
ထည့်ပြီး ဝင်ဝင်ပြိုင်ခိုင်းတယ်၊ တစ်ခါတလေလည်း ဆုေ
ဘာလေး ရသွားတော့ သားက အားတက်ပြီး ဝါသနာလ
ပိုပြင်းပြလာတယ်ပေါ့၊ ဆရာနဲ့ သင်ပေးပါဆိုလို့ပါ၊ သ
ကျောင်းက ဆရာကလည်း သေချာသင်ပေးရင် ကလေ
ထူးချွန်နိုင်တယ်ဆိုတာနဲ့ ကျွန်မလည်း ဟိုဟိုဒီဒီေ
သိပ်လိုက်မပို့နိုင်တာနဲ့ အိမ်ကိုလာသင်ပေးမယ့် ဆရ
ခေါ်လိုက်ချင်တာပါ၊ ဒါကြောင့် ကြော်ငြာလေးထည့်လိ
တာ"



"အိမ်ခေါ်သင်တော့ လူကြီးမိဘ မျက်စိအောက်မှာတင်ဆို
တော့ ကောင်းတာပေါ့ ခင်ဗျာ"

စိမ်းသက်မီသည် ဆတ်ခနဲဖြစ်ကာ နေဝန်းသစ်ဆို
လူရွယ်ကို စူးစူးရဲရဲ ကြည့်လိုက်မိသည်။ ဒီစကားဟာ ကိုကို
င် နှင်းဆီတင်ရဲ့မိဘတွေအိမ်ကို ရောက်လာပြီး နှင်းဆီတင်
နဲ့ အချိုအချဉ်ပြောကြစဉ်က ပြောဖူးတဲ့ စကားမျိုး။ လုံးစေ
ပ်ဈေး မတူရင်တောင် ဒီအဓိပ္ပာယ်ပဲ။

နှင်းဆီတင်တို့အိမ်မှာ သင်မှာမို့ ပန်းချီဆရာစုံစမ်း
တွေတော့ နှင်းဆီတင်အိမ်ကိုပဲ ရောက်လာခဲ့တာပေါ့။ အဲဒီတုန်း
နှင်းဆီတင်၊ စိမ်းသက်မီနှင့် ထိပ်ထားထွေးတို့သည် အင်မတန်
ဆောင်ညို့ ငင်နိုင်စွမ်းတဲ့ ကိုကိုမောင် ဆိုတဲ့ ပန်းချီဆရာကို
ားက ဖြတ်လျှောက်ကြည့်လိုက်၊ အနီးကပ် မုန့်သွားချရင်း
ကြည့်လိုက်၊ ခန်းဆီးနောက်ကွယ်က ချောင်းကြည့်လိုက်၊ မတ်
ာ်ကြီး ပေါ်တင်ရပ်ကာ ပါးစပ်အဟောင်းသား ငေးမောလိုက်၊
ပ်မဆည်နိုင်ကြပဲ တစ်ပြိုင်နက် ယစ်မူးကျဆုံးခဲ့ကြတာဖြစ်သည်။

ကိုကိုမောင် ချောပုံ ချောနည်း ကြည့်ကောင်းပုံ
ည့်ကောင်းနည်းဟာ ပြလည်းမရ၊ ရွတ်ဆိုပြလည်းမရ။
ပြီးညို့နေတဲ့ မျက်ဝန်းရီရီတွေနှင့် ရှမ်းမျိုးနွယ်နှင့် ဂေါ်ရခါး
ကပြားဖြစ်တဲ့အတွက် ဘယ်လို ဘယ်လို မျက်စိထဲက
ာက်နိုင်အောင် လှမှန်းမသိလှတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရဲစိုအိထွေးနေတဲ့ နှုတ်ခမ်းလျားလျားလေးတာ အမြဲတမ်း ပြုံးတယ်ဆိုရုံကလေးလောက် တွန့်နေသည်။ အို ... ယစ်မူးစွဲလမ်းလိုက်ရတာဆိုတာ။ အဲဒီစွဲလမ်းမှုတွေနှင့်ပဲ သူငယ်ချင်းတွေ ရန်ဖြစ်ခဲ့ကြရသည်။

ဒါနဲ့ နေပါဦး။

အခု သူက အလုပ်လာလျှောက်တဲ့သဘော မဟုတ်လား။ တကယ်တမ်း မေးခွန်းတွေမေးမြန်းစူးစမ်းရမှာက စိမ်းသက်မီ မဟုတ်လား။ သူမေးတာတွေကို ကိုယ်က ပြန်ဖြေနေရတာ ဖြစ်နေပြီ။ စိမ်းသက်မီက ချောင်းလေးတစ်ချက်ဟန့်ရင်း ...

"ပန်းချီကျောင်းဆင်းလား မသိဘူး"

နေဝန်းသစ်က ပြုံးကာ ...

"မဟုတ်ပါဘူး၊ ပန်းချီကျောင်းမတက်ဖူးပါဘူး၊ ငယ်ကတည်းကတော့ ပန်းချီဆွဲလာတာ၊ ဆရာတွေနဲ့တော့ သင်ဖူးခဲ့ပါတယ်၊ ဝါသနာသက်သက်ပါ၊ ပန်းချီနဲ့ အသက်မွေးဝမ်းကျောင်းလည်း မလုပ်ပါဘူး ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်က မွေးကတည်းက ပန်းချီဝါသနာက ဝမ်းထဲမှာ ဝင်စားပြီး ပါလာသလိုမျိုး ပါလာတာ၊ လက်က တစ်ခုခုကိုကိုင်တတ်တဲ့ အရွယ်မှာ ရောင်စုံခဲတံတွေကိုင်ပြီး ရေးခြယ်တော့တာပါ၊ ဝမ်းတွင်းပါလို့ ပြောရမလားပဲ ခင်ဗျ"





ဝမ်းတွင်းပါလို့ ပြောရုံနဲ့ ကိုယ့်သားလေးကို ပန်းချီ ...ညာသင်ပေးဖို့ အရည်အချင်း လုံလောက်မလောက် စိမ်းသက်မီ ... ဘယ်လိုဆုံးဖြတ်နိုင်မှာလဲ။

"ဒါဖြင့် ဒီက ဆရာနေဝန်းသစ်ရဲ့ ပညာအရည်အချင်းကို ကျွန်မ ဘယ်လိုများ သိရနိုင်မလဲရှင်"

"ဘာစာရွက်စာတမ်း လက်မှတ်မှ မပါတော့ ကိုယ်တိုင်ကိုယ်ကျ ဆွဲပြမှပဲ မမစိမ်း သိနိုင်မှာပေါ့၊ တစ်ဆိတ်ခင်ဗျာ၊ ကျွန်တော့်ကို သားရဲ့ Drawing Book လေး ခဏငှားမလား၊ ခဲတံတော့ ပါပါတယ်"

စိမ်းသက်မီက အောက်ထပ် သားရဲ့စာကျက်ခန်း ...စားခန်း ပြလုပ်ထားတဲ့ အခန်းထဲက ပုံဆွဲစာအုပ်ကြီးကို ယူ ...ခဲ့ပေးလိုက်ပါသည်။ နေဝန်းသစ်က လှမ်းယူလိုက်ပြီး သူ့ရှပ် ...အင်္ကျီအိတ်ထဲက ပုံဆွဲခဲတံကို ထုတ်ယူလိုက်ပါသည်။

ခုမှပဲ စိမ်းသက်မီ သတိပြုမိသွားသည်မှာ သူ့အဝတ် ...အစား။ ...ရှပ်ပြူလက်ရှည်ကို တံတောင်ဆစ် ...ထိ သိမ်းသိမ်းရစ်ရစ် ခေါက်ဝတ်ထားကာ အောက်က ပိုးတွဲ ...ချည် ကချင်ဆင်အကွက်နှင့်။ ဖိနပ်မှာ ကချင်လွယ်အိတ်မပါ ...သယ်။ သူ့ရဲ့အဝတ်အစားက စိမ်းသက်မီကို စိတ်လှုပ်ရှားစေ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဟောင်းကို သတိရစရာ ဖြစ်စေသည်။ တစ်မျိုးပဲ။ တစ်မျိုးတော့ တစ်မျိုးပဲ။ ဒီသူငယ်ကလေးဟာ စိမ်းသက်မိရဲ့အာရုံကို တစ်ခုခုတော့ ထူးခြားစေသည်။ မုံဆွဲစာအုပ်ကို လက်မှာပိုက်ကာ ခဲတံနှင့် ရေးခြစ်နေပုံကလည်း ကိုကိုမောင် အတိုင်းပဲ။

စိမ်းသက်မိက သူ့ကို ငေးစိုက်ကြည့်နေမိကာ ကိုယ့်အတွေးနှင့်ကိုယ် ပျံ့လွင့်နေပါသည်။ သူ့ကိုကြည့်နေပေမယ့် သူ့ကိုမြင်တာလိုမျိုးလည်း မဟုတ်ဘဲ စိတ်နှင့်လူ မကပ်သလို မိနစ်တချို့ လွင့်မျောကုန်ဆုံးသွားခဲ့လျှင် ...

"မမစိမ်း"

"... ... ..."

"မမစိမ်း"

"အင် ... ဟင် ... ဟုတ်ကဲ့ ဆရာ"

နေဝန်းသစ်က တစ်ချက်ရယ်မောလိုက်ရင်း ...

"ကျွန်တော့်ကို ဆရာလို့မခေါ်ပါနဲ့ မမစိမ်းရဲ့၊ နေဝန်းသစ်လို့လည်း ခေါ်နိုင်တယ်၊ ဒါမှမဟုတ် တခြားတစ်မျိုးလည်း ခေါ်ချင်သလို ခေါ်နိုင်ပါတယ်၊ ရော ...၊ အကြမ်းခြစ်လိုက်တာလေးပါ၊ မမ ကြည့်ကြည့်ပါ"

စိမ်းသက်မိက သူ ကမ်းပေးလိုက်တဲ့ မုံဆွဲစာအုပ်ကို လှမ်းယူကာ ငုံ့ကြည့်လိုက်ပါသည်။





"ဟင်"

လူက တုန့်ခနဲပင် ဖြစ်သွားမိတဲ့အထိပင်။ တဒိတ်ဒိတ် ရင်တွေတုန်ခုန်ကာ နေဝန်းသစ်ကို အလန့်တကြား ကြည့်လိုက်မိပါသည်။

"မင်း ... မင်း ... ဒီပုံ ..."

"ဘာဖြစ်လို့လဲ မမစိမ်း"

စိမ်းသက်မိက ပုံကိုပြန်ငုံ့ကြည့်လိုက်သည်။ ပုံက စိမ်းသက်မိရဲ့ မျက်နှာပိုင်းပုံတူတစ်ပုံပင်။ ရင်ညွန့်လောက်အထိ ပါတဲ့ပုံ။ သူ့ရဲ့ခဲချက်များက ပြတ်ပြတ်ရှရှရှိကာ ပုံကအသက်ဝင် ပြင်ပြီး စိမ်းသက်မိနှင့်လည်း တူလှသည်။ ဒါပေမဲ့ ပုံထဲက ဆံပင်က ဖြောင့်စင်းအိသွယ်ကျနေတဲ့ ဆံပင်ရှည်ရှည်များ။ တကယ်တမ်း စိမ်းသက်မိရဲ့ဆံပင်က ခုအခါမှာ ပခုံးကျော်ရုံဖြတ်၍ အနွယ်လေးတွေ အဖျားခွေလိပ်ထားတဲ့ပုံပါ။

သူ့ဆံပင်ပုံကြောင့် စိမ်းသက်မိပုံက ဟိုးတုန်းက ကျောင်းသူဘဝ အပျိုဘဝ စိမ်းသက်မိနှင့် ပိုတူနေပါသည်။ အခု ထိုင်နေပုံကို ကြည့်ဆွဲလိုက်တာနှင့် မတူဘဲ ဟိုးအရင်ကပုံကို စိတ်ကူးနှင့်ပဲ ဆွဲလိုက်တာလိုလို။ ပုံအောက်ခြေတွင် ထိုးထားသော လက်မှတ်က ကိုကိုမောင့်လက်မှတ်တည်း။

စိမ်းသက်မိက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်မှတ်က ဘာလဲ"

နေဝန်းသစ်က ထိုင်ရာမထဘဲ စိမ်းသက်မီကို မော့ကြည့်နေပါသည်။ သူကြည့်နေတဲ့ မျက်ဝန်းများက နွေးထွေးလှိုက်လှဲနေသည်။

"မမစိမ်း"

"ဘာဖြစ်လို့ ကိုယ့်လက်မှတ် ကိုယ်မထိုးဘဲ မင်း ..."

စိမ်းသက်မီ အသံတွေက တုန်နေပါသည်။

"မမစိမ်း၊ ကျွန်တော် စာရေးတတ်ကတည်းက အဲဒီလက်မှတ်ကို ထိုးတတ်ခဲ့တာပါ"

"ဘာ ... မင်း ... မင်း ဘယ်သူလဲ၊ မင်း ဘာဖြစ်လို့ ဒီလက်မှတ်ကို သိတာလဲ၊ ပြီးတော့ မင်း ဘာတွေသိနေသေးလဲ"

"ကျွန်တော်သိတယ်၊ အကုန်သိတယ်၊ ကိုကိုမောင် သိသမျှ ကျွန်တော် အကုန်သိတယ် မမစိမ်း"

"ဘာ"

စိမ်းသက်မီသည် ပုံဆွဲစာအုပ်ကို စားပွဲပေါ်လွှတ်ချ၍ နေဝန်းသစ်ကို အထိတ်တလန့် တုန်လှုပ်စွာ ကြည့်နေမိပါသည်။ လူတစ်ကိုယ်လုံး တဆတ်ဆတ် တုန်တဲ့အထိ ချောက်ချားထိတ်လန့်မိကာ နှလုံးသားကတော့ ရင်ဘတ်ကိုဖောက်ပြီး အပြင်ကို အရှိန်နဲ့ ခုန်ထွက်လာတော့မလောက် ခုန်နေပါသည်။



"မမစိမ်း၊ အေးအေးဆေးဆေး ထိုင်ပါ၊ ကျွန်တော် ပြောပြမယ်"

"မင်း ... မင်းက ..."

"ထိုင်ပါ မမစိမ်း၊ ကျွန်တော်ပြောတာ နားထောင်ပါဦး"

စိမ်းသက်မီသည် ထိပ်ထားတွေးနှင့် နှင်းဆီတိုင်ကို ခပင် ဖုန်းဆိုက်ကာ ခေါ်လိုက်ချင်သော်လည်း ကိုယ်တစ်ယောက်တည်း အရင်သိရမှာကိုလည်း စိတ်ဝင်စားနေကာ နေဝန်းသစ်စကားအတိုင်း ဖျတ်ခနဲ ပြန်ထိုင်ချလိုက်သည်။

နေဝန်းသစ်က စိမ်းသက်မီကို ငေးစိုက်ကြည့်နေတာ ...

"ကျွန်တော် ငယ်ငယ်ကတည်းက မြက်ခင်းစိမ်းလေးဆိုတဲ့ နာမည်ကို စိတ်ထဲမှာ သိနေခဲ့တယ်"

စိမ်းသက်မီက လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်ကာ သူ့မျက်နှာကို မကြည့်ရဲ၍ အောက်တစ်ဖက်ကို မျက်လုံးလွှဲပြီး ကြမ်းပြင်ကိုသာ စိုက်ကြည့်နေမိသည်။

"စာတွေ ကျွန်တော် ပို့ခဲ့တာပါ"

"မင်း ... မင်း ... မင်း ... ဘယ်သူလဲ ... ဘယ်ကလဲ"

"ကျွန်တော် နေဝန်းသစ်ပါ၊ မန္တလေးကပါ၊ မန္တလေးမှာ မွေးဖွားကြီးပြင်းခဲ့တာပါ"

"ဒီကို ဘာလာလုပ်တာလဲ"

www.burmeseclassic.com



"ရန်ကုန်ကိုလာဖို့က ငယ်ငယ်ကတည်းက ရည်ရွယ်ချက် မျှော်လင့်ချက်ပါ၊ ခုမှလာရတာတောင် နောက်ကျနေတယ် ထင်မိတာပါ"

"မင်း ... မင်း ... အားလုံး သိနေတာလား၊ ညာမပြောနဲ့ နော်၊ ငါတို့က ကလေးတွေ မဟုတ်ဘူး၊ တစ်ယောက် ယောက်ဆီက သတင်းစကား ကြားသိထားဖူးပြီး အရှုးလာ လုပ်တာမျိုးတော့ မရဘူး၊ ဖမ်းချုပ်ပစ်မယ်"

"အဟင်း ဟင်း"

နေဝန်းသစ်က အတောမသတ် ရယ်မောနေပြီးလျှင် ...

"ကျွန်တော်က မြက်ခင်းစိမ်းလေးကို ဘာတွေများ လှည့်ဖြားမကောင်းကြံပြီး အကျိုးယုတ်အောင် လုပ်မှာမို့ ဖမ်းချုပ်ရမှာလဲ၊ ကျွန်တော် ကိုကိုမောင်ပါလို့ ပြောပြီး မြက်ခင်းစိမ်းလေးဆီက ပိုက်ဆံတွေချေးပြီး လိမ်ပြေးသွားရင်သာ ဖမ်းချုပ်လို့ရမှာ ...

ဒီမှာ မြက်ခင်းစိမ်းလေး၊ ကျွန်တော်က ကျွန်တော်ဟာ ကိုကိုမောင် သေပြီးတဲ့နောက် သူ့ဝိညာဉ်နဲ့ လူဖြစ်လာတဲ့ သူ ဖြစ်တယ်ဆိုတာ ခင်ဗျားကို ပြောပြရုံအပြင် သိစေရုံ အပြင် ဘာမှ အနှောင့်အယှက်ပေးမလို့ မဟုတ်ပါဘူး၊ မြက်ခင်းစိမ်းလေးဆီကလည်း ဘာမှ ရယူစရာ မရှိဘူး၊





ဘာမှမရယူဘူး၊ မမေ့နိုင်လို့ သတိတွေ ရနေလို့ ပြန်လာ တွေ့တာအပြင် ဘာမှမပိုပါဘူးဗျာ"

စိမ်းသက်မီသည် မူးမိုက်ပြီး ချွေးစေးတွေပြန်၊ လက်ဖျားအေးစက်လာ၍ ဦးခေါင်းကို ဆက်တီရဲ့နောက်မှီပေါ် မှေ့၍ မှေးတင်ထားလိုက်ရပါသည်။ ကတုန်ကယင်နှင့် ငိုချတော့ လိုက်မိတော့မလို ရူးတော့မလို ဖြစ်လာမိပါသည်။

"မင်း ... မင်း ... ကျေးဇူးပြုပြီး ညာတော့မပြောပါနဲ့၊ ကိုကိုမောင် ဝင်စားတယ်လို့ပြောတိုင်း ငါတို့က ယုံရမှာ လား"

"မြက်ခင်းစိမ်းလေး မယုံရင်လည်း ရတယ်၊ စိတ်ချမ်းသာ သလို ဆုံးဖြတ်ပါ၊ ကျွန်တော်ကတော့ မြက်ခင်းစိမ်းလေး ကို မမေ့နိုင်တော့ ရှာဖွေပြီး ရောက်မလာနိုင်ခင်စပ်ကြား မှာလည်း သတိတွေရပြီး အရမ်းမြင်ချင် တွေ့ချင်နေခဲ့တာ၊ အခုလို မြက်ခင်းစိမ်းလေးကို မကြာမကြာ တွေ့ခွင့်ရနေ မယ်၊ မြက်ခင်းစိမ်းလေးရဲ့သားကို ပန်းချီသင်ပေးခွင့် ရနေမယ်ဆိုရင် ကျေနပ်ပြီ ...

ဒီထက်ပိုပြီး ကျွန်တော် ဘာမှ မမျှော်လင့်ထားပါ ဘူး မြက်ခင်းစိမ်းလေး"

စိမ်းသက်မီက နားထင်လေးကို ညှပ်ကိုင်ရင်း နေဝန်း သစ်ကို စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်ပြည့်တော့မှာပါ"

"ကျေးဇူးပြုပြီး တို့ကို မြက်ခင်းစိမ်းလေးလို့ မခေါ်ပါနဲ့နော်၊ တောင်းပန်တာပါ"

"မမစိမ်းလို့ပဲ ခေါ်ပါ့မယ်"

လေကားမှ ဆင်းလာတဲ့ ခြေသံတချို့ကိုလည်း ကြားလိုက်ရ၍ စိမ်းသက်မီက ခပ်တိုးတိုးနှင့် ...

"ပြီးတော့ တို့ရဲ့အိမ်သားတွေကိုလည်း ဒီအကြောင်းတွေ လုံးဝမပြောပါနဲ့"

"မပြောပါဘူး မမစိမ်း၊ မမစိမ်း ဆန္ဒအတိုင်း နေပါ့မယ်၊ ကျွန်တော် မမစိမ်းကို တွေ့ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ"

စိမ်းသက်မီသည် ရှုန်းလက်နေတဲ့ နေဝန်းသစ်ရဲ့ မျက်ဝန်းများကို ဇဝေဇဝါ ငေးကြည့်နေမိပါတော့သည်။

"မေမေ"

"သားလေး ... လာ၊ မေမေနားထိုင်"

"ဒါ သားရဲ့မန်နေဂျာဆရာလားဟင် မေမေ"

စိမ်းသက်မီသည် ဘာဖြေရမယ်မသိအောင် ဦးနှောက်တွေ ရှုပ်ထွေးနေကာ နေဝန်းသစ်ကိုသာ လှမ်းကြည့်လိုက်မိတော့သည်။ နေဝန်းသစ်က သားကို ပြုံးပြလိုက်ရင်း ...





"ဟုတ်တယ်ကွ၊ ဦးက သားကို မန်နေဂျာသင်မယ့် ဆရာပဲ၊ ဒီကိုလာပါဦး"

သက်ထွဋ်မောင်က နေဝန်းသစ်ထံ လျှောက်သွားရင်း ...

"ဟာ ... ဒီမှာ မေမေပုံ၊ ဆရာ ဆွဲထားတာလား"

"ဟုတ်တယ်ကွ လာ ... သားက ဆရာ့ကို ပုံနည်းနည်း ဆွဲပြပါဦး၊ မင်း ဘယ်လောက်ဆွဲတတ်လဲ၊ ဆရာသိရအောင်လေ"

"ဟုတ်ကဲ့"

"သားနာမည်က ဘယ်သူတဲ့လဲ"

"သက်ထွဋ်မောင်ပါ"

"သိပ်ကောင်းတဲ့ နာမည်ပဲကွ"

စိမ်းသက်မီသည် ရှေ့ကလူနှစ်ယောက်ကို အံ့အားတသင့် ငေးမောနေမိတော့သည်။

❀ ❤ ❀



www.burmeseclassic.com

www.burmeseclassic.com



၄

"ဒါဖြင့် အခုပဲ အောက်ထပ်ဆင်းရင်း ဓာတ်မှန်ဝင်
လိုက်ပါနော်၊ ဒါမှ ကျွန်မ သန်ဘက်ခါ ပြန်ထိုင်တဲ့
ကြည့်လို့ရမယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"ဒီဆေးကတော့ အမေ့ကို ဆက်တိုက်ဆေးရဦးမှာပေါ့

"ဟုတ်ကဲ့ ... ဆက်တိုက်ထားပါ၊ သန်ဘက်ခါကျမှ
ရပ်မလား ဆက် On မလား ထပ်ပြောပါ့မယ်နော်"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးပါပဲ ဒေါက်တာ"

"ခွင့်ပြုပါဦး ဒေါက်တာ"

ထိပ်ထားထွေးက ခေါင်းလေး ညိတ်ပြလိုက်
ကျောမလေးတစ်ချက် ဆန့်ထုတ်အညောင်းဖြေကာ ...

"ရှိသေးလား သမီး"





နာ့စ်လေးကို လှမ်းမေးလိုက်ပါသည်။

"တစ်ယောက်ပဲ ရှိပါတော့တယ် မမ၊ သူက အစကတည်း
က နောက်ဆုံးမှဝင်မယ်လို့ ပြောထားတဲ့ လူနာ မမ"

"နောက်ဆုံးမှ ဝင်မယ်တဲ့လား"

"ဟုတ်"

"အင်း ... အင်း ... ခေါ်လိုက် ... ခေါ်လိုက်"

သူနာပြုလေးက တံခါးဝသို့သွားကာ ...

"ကိုနေဝန်းသစ် ဝင်လို့ရပါပြီ"

အခန်းတံခါးကို တွန်းဖွင့်ဝင်လာတဲ့ လူရွယ်ရဲ့
ပုံမားမားကိုကြည့်ကာ ထိပ်ထားထွေးက နောက်မှာများ အမေ
ဟုတ် အဖေ ပါသေးလား လှမ်းရှာမိသည်။

သူ့ပုံစံက ကျန်းကျန်းမာမာ စိုစိုပြည်ပြည် ခန့်ခန့်
ညားနှင့် လူမမာရုပ် ထွက်မနေလို့ပင်။ ဒါပေမဲ့ လူနာနာမည်
က "နေဝန်းသစ်"ဆိုလား။ သူမဲပြမှာ ထင်ပါရဲ့။ လူနာရဲ့
အဖြစ်လည်း ဘယ်သူမှ ပါမလာ။ သူ တစ်ကိုယ်တည်းသာ။

"ထိုင်ပါ"

ထိပ်ထားထွေးက ပြောရင်း လူနာမှတ်တမ်းစာအုပ်
ကြည့်လိုက်ပါသည်။ မှတ်တမ်းစာအုပ်ကလည်း အသစ်။

နေဝန်းသစ် (ခေါ်) ကိုကိုမောင်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တီးတိုးလေး အာမေဋိတ်ပြုလိုက်မိကာ ဖျတ်ခနဲဝ
ချက် မျက်လွှာလှန်ကြည့်လိုက်မိပါသည်။ နာမည်မှာ "ခေါ်" ခံ
နှစ်မျိုးပေးထားတယ်ဆိုရင် များသောအားဖြင့် နောက်က ဘိုနာမ
ဒါမှမဟုတ် တူးတူးတို့ ဘုတ်ဘုတ်တို့လို အိမ်နာမည်ဖြစ်တ
သည်။ ဒါမှမဟုတ်လည်း နာမည်ရဲ့အတို နေဝန်းသစ်(ခေါ်)နေဝ
အဲဒါမျိုးပေါ့။

ရိုးရိုးနာမည်နှစ်မျိုးကို "ခေါ်" ခံထားတာ ရှိတ
ပေမယ့် ရှားတဲ့အပြင် "နေဝန်းသစ်" လို့ မှည့်ပြီးကာမှ "ကိုကိုမော
လို့ ထပ်မှည့်တာမျိုးက ထူးနေတာပေါ့။ "ကိုကိုမောင်" မှည့်ပြ
ပိုဆန်းတဲ့အမည် "နေဝန်းသစ်" ကို နောက်မှထပ်မှည့်ရင်တစ်

နာမည်ချင်းက နေ့နံ့သင့်ပုံချင်းလည်းမတူ။ ဘ
ဖြစ်ဖြစ် ထူးကို ထူးခြားနေတယ်လို့ စိတ်ထဲထင်မိတဲ့ ဒီအမည
နောက်စာလုံးက "ကိုကိုမောင်" ဖြစ်နေတဲ့အတွက် ဖျတ်ခနဲ
လှုပ်ရှားသွားတာပင်။

"နာမည်က နေဝန်းသစ် ခေါ် ကိုကိုမောင် ... ဟုတ်လ

"ဟုတ်ကဲ့ မမထွေး"

ထိပ်ထားထွေးက တင်ကြိမ် ထပ်မံထူးဆန်း
လှုပ်သွားပါသည်။ သူ့ကိုယ်သူ "ထွေး" လို့သုံးတတ်သည်
နှာစ်လေးတွေ၊ ဟောက်စ်ဆာဂျင်တွေ၊ လုပ်ဖော်ကိုင်ဖက်ယေ
က "မမထွေး" ခေါ်တတ်ကြရာ နားမစိမ်းပါ။ သူလိုလူ
မမထွေး ခေါ်စရာလား။



ထိပ်ထားထွေးသည် သူ့ကို ရင်းနှီးနွေးထွေးတဲ့
ကဲဝန်းများဖြင့် စိုက်ကြည့်နေတဲ့ လူနာကို တစ်ချက်ပြန်ပြီး
တီထား အကဲခတ်သည်။ ဘာဖြစ်လို့ သူက အနှစ်နှစ်အလလ
င်းနှီးထားပြီးသူလို တရင်းတနှီး ပေါ့ပါးနေရတာလဲ။ ပြုံးပြီးကြည့်
ပုံက မှင်သေလှပါသည်။

"ဘာဖြစ်လို့လဲ"

"မမထွေး ... ကျွန်တော်က မမထွေးဆီမှာ အရင် consult
လုပ်တဲ့သဘောပါ၊ မမထွေးက အထွေထွေရောဂါကုဆို
တော့ မမထွေးဆီပဲ အရင်ဝင်ပြလိုက်ပြီး တခြားဘယ်သူနဲ့
ဆက်ပြကြည့်ရင် ကောင်းမလဲ၊ မမထွေး ညွှန်တာကို
လုပ်သွားမယ်လို့ စိတ်ကူးတာပါ ...

ကျွန်တော်က ... ဟို ..."

"နေပါဦး ..."

ထိပ်ထားထွေးက မျက်နှာခပ်တည်တည်နှင့် သူ့
ထားကို ဝင်ဖြတ်လိုက်ပြီး ...

"မင်းနဲ့ တို့နဲ့ လူသိတွေလား"

"... ... ..."

နေဝန်းသစ်က ပြုံးကာ ခေါင်းငုံ့လိုက်ပါသည်။

"သိဟောင်းကျွမ်းဟောင်းတွေကိုများ တို့က မမှတ်မိတာ
လား၊ ဘယ်တုန်းကများ ခင်မင်ရင်းနှီးဖူးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ်က ဝိပြင်ကြည်လင်သော အပြုံးတစ်ခု နှင့် ခေါင်းပြန်မော့လာကာ ...

"သိပ်ရှင်းနိုးခဲ့တဲ့ သိယောင်းကျွမ်းဟောင်းပါ"

ထိပ်ထားထွေး မျက်နှာက စိတ်တုန်လှုပ်မှုကြောင့် ကွက်ခနဲပျက်ကာ မျက်ဝန်းများကလည်း ရူးရူးရဲရဲ တောက်ပလာ ပါသည်။

"မမထွေး ... ကျွန်တော့်ကို မမှတ်မိတာ မထူးဆန်းပါဘူး ကျွန်တော်ကပဲ မှတ်မိနေ သိနေတာပါ၊ မမထွေး မှတ်မိနိုင် တာကတော့ နာမည်တစ်ခုပဲ ရှိတာပါ၊ ကျွန်တော် ကို မောင်ပါ စနေမလေး"

ထိပ်ထားထွေးသည် ဆတ်ခနဲပင် တုန်သွားက မျက်လုံးထောင့်ကလည်း နာ့စ်လေးရှိရာ စောင်းငွေခိုးကြည့်လိုက် မိပါသည်။ သူနာပြုလေးက နောက်နားက စားပွဲမှာ ထိပ်ထားထွေ စားဖို့မှာထားသည့် ကြာဆံကြော်ဘူးကို ပန်းကန်နှင့် ပြင်ဆင်ထည့် နေသည်။ လူနာကုန်လျှင် ဆေးရုံတက်နေသည့် ကိုယ့်လူနာတစ်ဦး ကို round လှည့်ရဦးမှာမို့ မလှည့်ကြည့်ခင် ဗိုက်ဖြည့်ဖို့ စားစရာ မှာထားတာပါ။

စားစရာပြင်နေပေမယ့် လူနာခပ်ငယ်ငယ်ချောချော ကိုတော့ စိတ်ဝင်တစားနှင့် တစ်ချက်တစ်ချက် လှမ်းကြည့်နေ ပင်။ မကြားတကြား ဖြစ်နေတဲ့ စကားတွေကိုလည်း စိတ်ဝင်စား နေပုံပင်။





"သမီးရေ"

"ရှင် ... မမ"

"အောက်ထပ်ကို လိုက်သွားလိုက်ပါ၊ ခုနက သားအမိကို အိတ်စ်ရေးရိုက်နိုင်းလိုက်တာလေ"

"ဟုတ်ကဲ့"

"သမီးပါစောင့်ပြီး အိတ်စ်ရေးကို အစိုပဲယူခဲ့၊ ခုချက်ချင်း ပဲ ကြည့်လိုက်ချင်လို့၊ အစိုကြည့်မယ်ပြောပြီး ယူခဲ့လိုက်၊ စောင့်ယူခဲ့နော်"

"ဟုတ်ကဲ့ မမ"

သူနာပြုလေးက တံခါးဖွင့်၍ ထွက်ခွာသွားပါသည်။ အခန်းထဲမှာ ထိပ်ထားထွေးနှင့် နေဝန်းသစ်သာ မျက်နှာချင်း ဆိုင်။

"ကဲ ... ပြော"

"ဗျာ ... ဘာကိုပြောရမလဲ စနေမလေး"

"စနေမလေးလို့ မခေါ်နဲ့၊ ပြီးတော့ စကားကိုလည်း သိက္ခာရှိရှိပြော၊ ငါ မင်းကို မွေးထုတ်နိုင်တဲ့ မင်းအမေ အရွယ်မှာ ရှိတယ်၊ အပိုတွေလျှောက်မပြောဘဲ လိုရင်းကို ပြော၊ မင်း ဘယ်သူလဲ"

နေဝန်းသစ်က မျက်နှာညှိုးသွားကာ သက်ပြင်းတစ် ချက် ချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နေဝန်းသစ် ဆိုတဲ့ မိဘပေးတဲ့ နာမည်နဲ့ မွေ

ဖွားကြီးပြင်းလာတဲ့ သူတစ်ယောက်ပါ"

"ဘယ်ကလဲ"

"မန္တလေးကပါ"

"ဒါ လိုက်စုံစမ်းမှာနော်၊ အားလုံး အတိအကျ ပြောနိုင်

လား"

"ဘာလို့ မပြောနိုင်ရမှာလဲ မမတွေး၊ မိဘအမည် နေရ

အားလုံး ရေးချပေးခဲ့မယ်၊ မမတွေးတို့က ဘာကို စိုးရိ

နေကြတာလဲ"

"စိုးရိမ်တာ မဟုတ်ဘူး၊ ဒါ သမားရိုးကျ ကိစ္စတစ်ခု

မဟုတ်တာ၊ ဒါကြောင့် မေးသင့်တာကိုမေးတာ၊ စာရေ

ရေးပို့နေတာ မင်းပေါ့"

"ဟုတ်ကဲ့"

"ဘာအတွက် ရေးပို့တာလဲ"

"ဘာအတွက်လဲဆိုတော့ ကျွန်တော် လူမှုန်းသိက္ခာတည်း

မှတ်မိနေတဲ့ သိနေတဲ့ အာရုံထဲကလူတွေကို လိုက်တွေ့

ရည်ရွယ်ချက်ရှိလို့ မြန်းခံနဲ့ လာမတွေ့လိုက်ခင် သဘော

ပေါက် လက်ခံနိုင်အောင် စာအရင်ရေးပို့ခဲ့တာပါ"

"မင်းက ဘာကို ဆိုလိုတာလဲ၊ မင်းက ကိုကိုမောင် ဝ

စားတယ်ပေါ့"



"ကျွန်တော် ကိုကိုမောင့်ဝိညာဉ်နဲ့ လူဖြစ်လာတာ"

"နားတွေအောင် ခေါင်းရှုပ်အောင် မပြောစမ်းပါနဲ့၊ ကိုကို

မောင် ဝင်စားတဲ့သူပေါ့၊ ဒီသဘောလား"

"အဲလိုပြောလို့ ရတယ်ဗျာ"

"ဒီတော့ ... မင်းမှတ်မိတာတွေရှိတယ်၊ ဒီလိုလား !!"

"ဟုတ်ကဲ့"

"မှတ်မိတဲ့ သက်ရှိထင်ရှားရှိသူတွေကို မင်း လိုက်ရှာခဲ့တယ်

ပေါ့"

"ဟိုတလောကမှ လိုက်စုံစမ်းဖြစ်တာပါ"

"မင်း ကိုကိုမောင်နဲ့ အမျိုးတော်လား"

"မတော်ပါဘူး၊ ကျွန်တော့်မိဘတွေလည်း သူ့ကိုမသိကြ

ပါဘူး"

"ကဲ ... ဒါဖြင့် အခု တို့တွေကို မင်းတွေ့ပြီ၊ ဘာဆက်

လုပ်မှာလဲ"

နေဝန်းသစ်က ထိပ်ထားတွေးကို စမ်းနည်းကြကွဲ

သော မျက်ဝန်းများနှင့် ကြည့်လိုက်ရင်း ...

"ဘာမှဆက်မလုပ်ပါဘူး၊ မမတွေးကိုလည်း ဘာအနှောင့်

အယှက်မှ မပေးပါဘူး၊ ကျွန်တော့်အာရုံတွေထဲမှာ အမြဲရှိ

ခဲ့တဲ့၊ ကျွန်တော် သိပ်ချစ်ခဲ့တဲ့ စနေမလေးကို မြင်ရရုံသက်

www.burmeseclassic.com



သတ် ရောက်လာတာပါ၊ အလွမ်းပြေ လာကြည့်ရ
စနေမလေးရယ်၊ တခြား ဘာမှရည်ရွယ်ချက် မရှိပါဘူ
ဘာများ ဒုက္ခပေးမလို့လဲလို့ သံသယမဝင်ပါနဲ့ ...

ဘယ်လောက်ထိ ချစ်ခဲ့ကြတယ်ဆိုတာ ခင်ဗျာ
မှတ်မိဘဲ မနေပါဘူး စနေမလေးရယ်၊ အဲဒီအချစ်တွေ
လွမ်းဆွတ်တမ်းတတဲ့ စိတ်သက်သက်နဲ့ စုံစမ်းရှာဖွေခဲ့တ
ပါ"

"တော်တော့"

ထိပ်ထားထွေး အသံက တုန်ယင်နေပါပြီ။ သူ့စကာ
တို့ကြောင့် ရင်ထဲမှာလည်း ပရမ်းပတာ တုန်ခါလှုပ်ယမ်းကုန်ပြ
တဒိန်းဒိန်း ခုန်နေသောရင်ကိုဖိကာ နဖူးပြင်မှာ စို့သီးလာတဲ့ခ
ဉတို့ကို တစ်ရှူးတစ်ရွက် ဖြုတ်ယူသုတ်လိုက်ရပါသည်။

"မင်း ... မင်း ... ဒါတွေ ဘယ်ကသိခဲ့လဲ"

"ကျွန်တော် လေးငါးနှစ်သားကတည်းက နည်းနည်း နည်
နည်း သိနေတာ၊ ဆယ့်လေးငါးနှစ်ရောက်တော့ အားလုံး
ရုပ်ရှင်တစ်ခုလို အသေးစိတ် ပြန်မြင် ပြန်သိနေပြီ၊ အ
အရာရာကို ကျွန်တော် မှတ်မိနေပါတယ်"

"မင်း လိပ်ခုံးထဲက အဆည်လှေကားဆီ သွားခဲ့သေးတ
မဟုတ်လား"





"ဟုတ်ကဲ့"

"ကဲ ... သိပ်သိရင် ပြောစမ်းပါ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်
က အဲဒီလှေကားထစ်မှာထိုင်ပြီး အဲဒီစာကို ငါရေးခဲ့တဲ့နေ့
က ဘာနေ့လဲ"

"စနေမလေး မွေးနေ့၊ ဆယ့်ရှစ်နှစ်ပြည့်တဲ့ မွေးနေ့"

ထိပ်ထားထွေးက အံကိုကြိတ်ထားလိုက်ရင်း ...

"အဲ ... အဲဒီနေ့က တို့ကို ... တို့ကို ... ကိုမောင် ဘာ
လက်ဆောင်ပေးခဲ့လဲ"

"လစ်တမဲင် စတက်သို (နှားကြပ်)"

ထိပ်ထားထွေး မျက်နှာသည် တင်းမာရာမှ လျော့
ကာ မျက်ကာ ရှေ့က နေဝန်းသစ်ကို ထိတ်လန့်တကြား ကြည့်
နေရင်းက မျက်ရည်တွေ လည်လာလေသည်။

"မင်း ဘာဖြစ်လို့ အားလုံး သိနေနိုင်တာလဲဟင်"

ထိပ်ထားထွေး အသံက တုန်ယင်နေပါသည်။

"ကျွန်တော်က သူပဲလေ စနေမလေး"

"ကျေး ... ကျေးဇူးပြုပြီး အဲသလို စနေမလေးလို့တော့
မခေါ်ပါနဲ့တော့၊ တောင်းပန်ပါတယ်"

"ရပါတယ် မမထွေး၊ ကျွန်တော် မမထွေးလို့ပဲ ခေါ်ပါ့
မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားထွေးသည် ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ အံ့သြထိတ်လန့်ခြင်းတွေနှင့် တစ်ခဏ ငေးမိုင်ငြိမ်တွေကာနေသည်။ ရုပ်ချင်းတော့ တစ်စက်မှ မတူပေမယ့် သူ့မှာလည်းပဲ ညို့ငင်နိုင်တဲ့ မျက်ဝန်းများနှင့်ပဲလေ။

ကိုကိုမောင်ဟာ စစတွေ့ချင်းနေ့မှာပင် ထိပ်ထားထွေးရဲ့ အသည်းနှလုံးတို့ကို မြင်မြင်ချင်း တွေးပိုက်သိမ်းကျုံးယူငင်သွားခဲ့တာပါ။ ထိပ်ထားထွေး တစ်ယောက်တည်းလည်း မကပါ။ သုံးယောက်လုံး။ ထိပ်ထားထွေးသည် ကြာမြင့်မပျက်အောင် မနည်းအားတင်းဆည်ဆောင်ရင်း ...

"ကဲ ... အခု မင်း ဘာဖြစ်လဲ နေဝန်းသစ်၊ ဘာနေမကောင်းဖြစ်လို့လဲ၊ တမင် တို့ကိုတွေ့ရဲ့သက်သက် ဝင်လာတာလား"

"ကျွန်တော် တခြားနေမကောင်းတာတော့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အဲဒီအာရုံတွေကိုပဲ စိတ်အနှောင့်အယှက် ဖြစ်ရတာပါ၊ ငယ်ငယ်ကဆိုရင် အိပ်မက်တွေလိုလို မြင်ဖူးတာတွေလိုလို မြင်ကွင်းတွေ ဖြစ်ရပ်တွေကို ပြန်ပြန် မြင်နေတာ ကြောက်စရာကောင်း ကောင်းခဲ့တယ် ...

အခုကတော့ မမထွေးကိုလည်း တွေ့ခွင့်ရအောင် လာတွေ့ရင်း မမထွေးကိုလည်း တိုင်ပင်ရင်းပေါ့၊ ကျွန်တော်ရဲ့ဒီအာရုံတွေအတွက် ကျွန်တော် ဆရာဝန်ပြဖို့ လိုလား



မှာင်း၊ စိတ္တဗေဒ ဦးနှောက်နဲ့ အာရုံကြောတို့ကို ပြရမလား မမထွေး"

ထိပ်ထားထွေးက သူ့ကိုတော့ ဂရုတစိုက် အကဲခတ်စေ့ငုနေရင်းကပင် ...

"လူဝင်စားတွေ ဆရာဝန် ပြကြကုကြတယ်လို့တော့ သိပ်မကြားဖူးဘူး၊ အဖြစ်အပျက်တွေကို အမှတ်ရနေတာ မှတ်မိနေတာကလွဲရင် တခြား ဘယ်လိုခံစားရသေးလို့လဲ"

"တခြားတော့ ဝေဒနာ မခံစားရပါဘူး၊ ဒါပေမဲ့ မှတ်မိလိုက်တဲ့ အခါမျိုးမှာ စိတ်ထဲမှာ အရမ်းလွမ်းသွားပြီး ဝမ်းနည်းတဲ့ တမ်းတတဲ့ ခံစားချက်မျိုးတော့ ခံစားရတယ်၊ အရမ်း သတိရလာတယ်"

ထိပ်ထားထွေးက ဆေးမှတ်တမ်းစာအုပ်ကို သူ့ရှေ့တွန်းပို့လိုက်ရင်း ...

"ဒါက မှတ်တမ်းထဲ ရေးမှတ်ရလောက်တဲ့ ဝေဒနာမဟုတ်ဘူး၊ အဲဒီ သတိရတာ လွမ်းဆွတ်တာတွေကို ကုတဲ့ ဆရာဝန်လည်း မြန်မာပြည်မှာ မရှိသေးဘူး"

နေဝန်းသစ်က ပြုံးတုံ့တုံ့ ဖြစ်သွားပြီး ...

"မမထွေး ကျွန်တော့်ကို အပေါင်းအသင်း မိတ်ဆွေတစ်ယောက်အဖြစ်တော့ လက်ခံနိုင်မယ် မဟုတ်လားဟင်"

www.burmeseclassic.com



"မင်းက ငါ့အပေါင်းအသင်း ဖြစ်ရမယ့် အစွယ်မှမဟုတ်
တာ"

"ဒါပေမဲ့ ခင်မင်မှုက အသက်အရွယ်နဲ့ မဆိုင်ပါဘူးဖျာ"

နေဝန်းသစ်ကို ဖျတ်ခနဲ ကြည့်လိုက်တဲ့ ထိပ်ထားထွေးသည် ရှန်းလက်တောက်ပသော သူ့အကြည့်တစ်စုံကြောင့် ချက်ချင်းပဲ တစ်ဖက်ကို မျက်နှာလွှဲဖယ်ပစ်လိုက်ရပါသည်။

✱ ❤ ✱





၅

နှင်းဆီတင်သည် လက်ကိုနောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေရင်း စိတ်ထဲမကျေချမ်းသလိုလို တနုံ့နုံ့ဖြစ်နေပါသည်။ ထိပ်ထားထွေး ဖုန်းဆက်ကာ ...

"ငါ့ဆီ သူလာတွေ့သွားပြီ နှင်းဆီ"

လှမ်းသတင်းပေးတော့ နှင်းဆီတင် ရင်တွေခုန်ကာ ...

"မိစိမ်းဆီကိုကော ..."

"လာသွားပြီတဲ့၊ ငါ့ထက်တောင်စောတယ်၊ ငါ သူ့ဆီဖုန်းဆက်လှမ်းပြောတော့ သူ့ဆီကို လာသွားပြီတဲ့"

"ဒါဖြင့် သူက သူ့ဆီလာလာချင်း ငါတို့ဆီကို လှမ်းအသိမပေးတဲ့သဘောပေါ့၊ ဒီမိန်းမက ဘာသဘောလဲ၊ လျှို့ထားချင်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီလာသွားတာလည်း ငါ့ဆီမလာခင်တစ်ရက်မှပါ၊ အရှိမ်းအချိန်မကွာပါဘူး၊ သူကလည်းဆက်တော့မလို့ပြောတယ်၊ ဒါပေမဲ့ အဲဒါအရေးမကြီးပါဘူး၊ ဒီအတိုင်းဆိုရင် နှင့်ဆီလည်း မကြာခင် လာလိမ့်မယ်ဆိုတာ ငါလှမ်းအသိပေးတာ"

ကြည့်စမ်း ...။

စိမ်းသက်မီထံ ပထမ ထိပ်ထားထွေးထံ ဒုတိယ ရောက်သွားခဲ့ပြီးပြီဆိုတော့ ကိုယ်က ဘိုင်းချိုးပေါ့။ နောက်ဆုံးလူပေါ့။ ဘာကြောင့် ကိုယ့်ထံ ပထမဦးဆုံးမရောက်ရတာလဲ။ ပြီးတော့ ခုဆိုရင် ထိပ်ထားထွေး ဖုန်းဆက်တာပင် နှစ်ရက်ခြားသွားပြီ။ ဘာသဘောလဲ။ သူ့ကို အရှုးလုပ်နေတဲ့သဘောလား။

နှင်းဆီတင်ကတော့ စိမ်းသက်မီထံသွားပြီး နောက်တစ်ရက် ထိပ်ထားမွှေးထံ ရောက်လာတယ်ဆိုတဲ့လူဟာ ထိပ်ထားထွေးအပြီး နောက်တစ်ရက် ကိုယ်ဆီရောက်လာတော့မှာပဲထင်ကာ အဲဒီနေ့က ရုံးမှာရော အိမ်မှာပါ သတိဝီရိယနှင့် စိတ်တထင့်ထင့်ရင်တခုန်ခုန်နှင့် မျှော်လင့်နေခဲ့သည်။

ရုံးသွားတော့ ဝတ်တာစားတာကအစ ဂရုစိုက်ပြီး ရွေးချယ်ဝတ်မိသေးသည်။ ဘယ်နေရာက ဘွားခနဲထွက်ပေါ်လာမလဲ မသိ၍ လမ်းပေါ်မှာ ရောက်နေမိုက်ဆိုရင်ပင် သတိထားပြီး



သတိလက်လွှတ်မဖြစ်အောင်နေသည်။ အားပတ်ဝန်းကျင်ကိုပါ ဂရုတစိုက် အာရုံဖြင့် ဖြန့်ကျက်ထားခဲ့သည်။

ဒါပေမဲ့ ပေါ်မလာ။

နောက်ထပ်တစ်ရက်။ ထို့အတူပဲပေါ်မလာ။ အဲဒီအခါမှာတော့ နှင်းဆီတင် ဒေါသထွက်ချင်လာပြီ။ ကိုယ်က ဘာမို့ ကိုယ့်ဆီရောက်လာဖို့ကို အချိန်ဆွဲနေရတာလဲ။ ဘာကြောင့် နောက်ဆုံးဖြစ်ရတာလဲ။ ဘာကြောင့် ခုထိရောက်မလာသေးတာလဲ။ စိတ်တွေလော ရင်တွေမောကာ ဒေါသနှင့်လူက ဒီရက်တွေမှာ ခက်ထန်နေခဲ့သည်။

သူ့ဟာသူ လူဝင်စားဖြစ်ဖြစ် လူလိမ်ဖြစ်ဖြစ် အရူးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုကိုမောင်နှင့်ပတ်သက်တဲ့ကိစ္စတစ်ခုကို ကိုယ်ဟာ နောက်ဆုံးမှ ထိတွေ့ကြုံကြိုက်ရတဲ့သူဖြစ်တာကို အင်မတန်အောင့်သက်သက်ဖြစ်မိသည်။ ဟိုနှစ်ယောက်ထံမှာလည်း ရှက်သလိုလိုဖြစ်မိသည်။

အရေးထဲ ဒီမနက်မှာ စိမ်းသက်မီထံက ဖုန်းလာသည်။

"ဟဲ့ ... နှင်းဆီ၊ နှင် သိပြီးပြီမဟုတ်လား"

"ဘာကိုလဲ"

"ဟိုချာတိတ် ငါနဲ့ ထွေးဆီလာသွားပြီဆိုတာ"

www.burmeseclassic.com

"သိသားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"နှင့်ဆီရော ခုထိ မလာသေးဘူးလား"

"အောင်မယ်လေးဟယ်၊ မလာတော့ဘာဖြစ်သေးတုန်း၊ ကြည့်ရတာ ကလိမ်ကကျစ်တစ်ခုခုဖြစ်ပါလိမ့်မယ်၊ အဲဒါကြောင့်သာ နှင့်တို့နှစ်ယောက်လို အိုသောင်ညက်မတွေဆီ ရောက်လာပြီး ငါ့ဆီကျတော့ ရောက်မလာရဲတာပေါ့၊ ငါက သူများပြောတိုင်း ယုံလွယ်တဲ့သူလည်းမဟုတ်၊ အလွယ်တကူဖြီးလို့နှပ်ချလို့ရမယ့်သူမဟုတ်တော့ လာရှော ရှိန်မှာပေါ့၊ လာတောင်လာရဲမယ်မထင်ပါဘူးဟာ"

"အေးပါ နှင့်ဆီရော လာသွားပြီလားလှမ်းမေးမိတာ မှားပါတယ် နှင်းဆီရယ် ...၊ နှင့်ရဲ့လေက အပေါ်ကဆင်းမှာမဟုတ်ဘူးဆိုတာ သိပြီးသားဖြစ်ရက်နဲ့ မေးမိတာကိုက ငါ့အမှား"

စိမ်းသက်မီက သူ့ကိုသြချကာ ဖုန်းချသွားခဲ့သည်။ ဒီလိုပဲ ဟန်ကိုယ့်ဖို့ပြောရပေမယ့် စိတ်ထဲမှာတော့ သူ့ဆီမလာနိုင်သေးတဲ့ (ဘယ်သူမှန်းမသိသေးတဲ့) အကောင်လေးကို ဒေါမနဿ တွေပွားကာ မကျေနိုင်မချမ်းနိုင် ကြိတ်မနိုင်ခဲမရဖြစ်နေရသည်မှာ ထိုင်မရ ထမရအောင်ပင်။

"ဒေါက် ... ဒေါက်"

"လာ"

"မမ"





ရွှေဝါက ဝင်လာကာ ...

"မမ ဆယ်နာရီမှာ လူတွေ့အင်တာဗျူးပါ"

"ဆယ်နာရီ !လူက ဘယ်နှယောက်လဲ"

"နှစ်ဆယ့်နှစ်ယောက်ရှိပါတယ်"

"လူနှစ်ဆယ့်နှစ်ယောက်ကို ဆယ်နာရီမှစပြီးဗျူးနေရင် ဘယ်တော့သွားပြီးမလဲ၊ နေ့လယ်စာစားချိန်ကိုခွနေမှာပေါ့၊ ရွှေဝါဟာလည်းလေ တစ်ခါတစ်ခါ ရှေ့နောက်မစဉ်းစားဘဲ လုပ်နေတော့တာပဲ"

စိက်တိုနေခိုက်ဖြစ်၍ မြည်တွန်တောက်တီးစရာ မရမကရှာပြီး နည်းနည်းပါးပါး ဆူပူလိုက်ပါသေးသည်။

"သိပ်စောရင်လည်း ဟိုတစ်ခါလို မမက ဘာမှ မပြင်ဆင်ရသေးဘူးလို့ ဖြစ်မှာစိုးလို့ပါ မမ၊ လူမကုန်သေးပေမယ့် ထမင်းစားချိန် ခဏ Break လုပ်ပြီး ရပ်လို့ရပါတယ် မမ"

"ပြီးရော"

နှင်းဆီတင်က နာရီလေးကို ငုံ့ကြည့်ရင်း ...

"စီစီတွေရော"

"ဒီမှာပါ မမ"

"ထားခဲ့တော့၊ အခု ကိုးနာရီတောင်ကျော်ပြီ၊ ရောက်နေကြပြီလား"

"တစ်ယောက်နှစ်ယောက်ပဲ ရောက်ပါသေးတယ် မမ"

www.burmeseclassic.com



"ပြီးရော ... ပြီးရော ထားခဲ့တော့"

ရွှေဝါ ပြန်ထွက်သွားလျှင် နှင်းဆီတင်က စားပွဲမှာ [illegible] ပြန်ထိုင်ကာ စီဗီလျှောက်လွှာတွေကို တစ်စောင်ပြီး တစ်စောင် [illegible] ခပ်သွက်သွက်လှန်ကာ ခပ်လျှမ်းလျှမ်း စစ်ကြည့်နေပါသည်။ ညာ[illegible] ဘက်ထောင့်မှာကပ်ထားတဲ့ ရောင်စုံမှတ်ပုံတင်ပုံရလေးတွေကို ကြည့်[illegible] သွားရင်းက ဥပမိရုပ်ကောင်းကောင်း ချောချောသန့်သန့်ကလေး[illegible] တစ်ယောက်ကို မြင်လျှင် စာရွက်ကိုလှန်ပြီး ကိုယ်ရေးအကျဉ်းကို[illegible] ဖတ်ကြည့်လိုက်ပါသည်။

"အမည် ... နေဝန်းသစ် (ခေါ်) ကိုကိုမောင်"

"ဟင်"

နေဝန်းသစ် ခေါ် ကိုကိုမောင်။ ကိုကိုမောင်က နောက်[illegible] က ကပ်ပါနေပုံမှာ တစ်မျိုး။ နှင်းဆီတင်က ထိုစာရွက်ကို တစ်[illegible] ရွက်ထပ်ကြားမှ ဆွဲထုတ်ယူလိုက်ကာ သက္ကရာဇ်ကို ဖတ်ကြည့်[illegible] လိုက်ပါသည်။

"၂၀–၁၀–၁၉၈၈"

နှင်ဆီတင်သည် လက်ချောင်းလေးတွေကို ချိုးက[illegible] နှစ်တွေ လတွေကို ကမန်းကတန်းရေတွက်ပေါင်းနုတ်ကြည့်လိုက်[illegible] ပါသည်။ ကိုကိုမောင်သေတာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလမှာလေ[illegible] ခန္ဓာကိုယ်တစ်ခုထဲကိုများ ချက်ချင်း ခုန်ကူးဝင်စားလိုက်မယ်ဆို[illegible] ရင် ဒီနှစ် ဒီလပိုင်းလောက်မွေးမှာပေါ့။





ဘုရားရေ ... သူပဲပေါ့။

နှင်းဆီတင်ထံရောက်လာပြီပေါ့။ သေချာတယ် သူပဲ။

[illegible] နှင်းဆီတင်သည် ကိုယ့်ဘက်က ပိုပြီးပိုင်နိုင်သေချာလို [illegible]ည်ဖြစ်ရာ ချက်ချင်းပဲ ဖုန်းကောက်နှိပ်ကာ ထိဝ်ထားထွေး [illegible]ါလိုက်ပါသည်။

"ဟယ်လို"

"ဟဲ့ ... ထွေး၊ ငါပါ နှင်းဆီပါ"

"အင်း ... ပြော"

"နင့်အိ ဟိုကောင်လေး ဆေးခန်းလာပြတော့ နာမည်က ဘယ်သူတဲ့လဲ"

"နေဝန်းသစ်တဲ့၊ နေဝန်းသစ် ခေါ် ကိုကိုမောင်တဲ့"

"အေး ... ဒါပဲ"

"ဟဲ့ ... ဟဲ့"

တစ်ဖက်ကခေါ်သံကို လျစ်လျူရှုကာ နှင်းဆီတင် [illegible]ုန်းပိတ်ပစ်လိုက်ပြီး ပျာယာခတ်သွားပါသည်။ စားပွဲကို [illegible]ရှင်း။ အံကျီဆွဲချ။ အံဆွဲထဲက မှန်ဝိုင်းထုတ်ကာ ကိုယ့် [illegible]ကိုယ် မှန်ကြည့်စစ်ဆေး။ ခေါင်းဖြီး။ စသည်ဖြင့် အရေး [illegible]တာတွေကို ကယောင်ကတမ်း ဆွတီးဆွတ လျှောက်လုပ် [illegible] တုန်ယင်လှုပ်ရှားနေတဲ့ရင်ကိုလည်း ဖိထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီ။ သူက အလုပ်လာလျှောက် ခုဆိုရင် ဒီလူငယ်လေးဟာ စိမ်းသက်မီအိမ်မှာ တစ်ပတ် တနင်္ဂနွေနှစ်ရက် စိမ်းသက်မီရဲ့သားကို ပန်းချီသင်ပေးဖို့ တူထားကြသည်။ ဘယ်ရမလဲ။ နှင်းဆီတင်ထံမှာ တ ငါးရက်ဖြစ်နေအောင် ဒီကောင်လေးကို အလုပ်ခန့်လိုက်မှ

ကိုယ့်အနား အချိန်များများရှိတော့ သူ့အ ကိုယ်အများဆုံးသိရမှာပေါ့။ ဘာအတွက်လဲ ဆိုတော့လ အတွက်ရယ်လို့ အတိအကျပြောမရပါ။ ဘာပဲဖြစ်ဖြစ် အပိုင်နိုင်ဆုံးနဲ့ အစစအရာရာကို ကိုယ်အသိဆုံးဖြစ်လို ပါတာပေါ့။ ကိုယ့်အတွက် အနှောင့်အယှက် ဖြစ်လာ အချိန်မရွေး အလုပ်ထုတ်ပစ်လိုက်လို့ရတာပဲ။

နှင်းဆီတင်က စားပွဲပေါ်မှဘဲလ်ကို တီး အတွက် ရွှေဝါက အခန်းထဲဝင်လာပါသည်။

"ရွှေဝါ … ဦးခင်မောင်ထွန်း ရှိတယ်မဟုတ်လ

"ဟုတ်ကဲ့ မမ"

"ဒါဖြင့် ကျန်တဲ့ စီဗီတွေကို ဦးခင်မောင် အင်တာဗျူးလုပ်ခိုင်းဖို့ စီစဉ်လိုက်တော့၊ တို့ ဒီတ တွေ့မယ်၊ နေဝန်းသစ်(ခေါ်)ကိုကိုမောင် ဆို

ရွှေဝါက သူ့လက်ထဲမှာတစ်စုံအပိုပိုက်ထာ ကို တဖျပ်ဖျပ်လှန်ကာ နေဝန်းသစ်ရဲ့စီဗီကို ကြည့်လိုက်





"ဒီလူက ခန့်ရမယ့်လူ ဖြစ်နေတယ် ရွှေဝါ၊ သူ့ကိုပဲ ခန့်လိုက်မယ်၊ ကျန်တဲ့လူတွေတော့ ပယ်ရတော့မှာပဲ"

"မမ … သူ့ပညာရေးက သချာအဝေးသင်နောက်ဆုံးနှစ်ရယ်၊ GCEA အောင်ထားတာရယ်၊ အပြင်မှာတက်နေတဲ့ ဒုန်ပျူတာဒီပလိုမာ တချို့ရယ်၊ ဒါပဲ ရှိတာဆိုတော့ အကောင့်တန့်ထ်(စာရင်းကိုင်)နဲ့တော့ တခြားစီဖြစ်နေတယ်နော်"

"ဒီတော့ စာရင်းကိုင်မခန့်ဘူးပေါ့၊ ဂျင်နရယ်လ်အနေနဲ့ခန့်ဖို့ တစ်ယောက်အနေနဲ့ရွေးလိုက်ရလိမ့်မယ်၊ ကွန်ပျူတာလည်း ကျွမ်းကျင်ပုံရပါတယ်"

"ဒါဖြင့် အကောင့်တန့်ထ်တော့ တစ်ယောက်ထပ်ရွေးရဦးမှာပေါ့နော် မမ၊ နှစ်ဆယ့်နှစ်ယောက်မှာ အကောင့်တန့်ထ်လျှောက်တာက ဆယ့်နှစ်ယောက်ပါ"

"အဲဒါ ဦးခင်မောင်ထွန်းကို ရွေးခိုင်းလိုက်တော့၊ တို့ မရွေးတော့ဘူး၊ တို့ အဲဒီ နေဝန်းသစ် တစ်ယောက်ကိုပဲ တွေ့တော့မယ်"

"ဟုတ်ကဲ့ မမ"

ရွှေဝါက သူ့သဘောကို နားမလည်သလို အံ့ဩမိသည်း စောဒကတွေတက်ပြီး ပြန်တော့မမေးရဲပါ။

www.burmeseclassic.com



"အပြင်မှာ လူစုံရင် နေဝန်းသစ်ကို အရင်လွှတ် ဦးခင်မောင်ထွန်းကိုလည်း အဆင်သင့်လုပ်ထားဖို့ပြော နေဝန်းသစ်နဲ့တို့ တွေ့ပြီးမှ ဦးခင်မောင်ထွန်းကို ဒီအ ခေါ်သွင်းလိုက်ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ရွှေဝါ ပြန်ထွက်သွားပြီးမကြာခင်မှာပင် တံခါး သံပေါ်လာကာ ရွှေဝါ ခေါင်းလေးပြူ၍ ဝင်လာပြီး ...

"မမ ... နေဝန်းသစ် လွှတ်လိုက်ပါမယ်"

"လွှတ်လိုက်"

နှင်းဆီတင်သည် ဆုံလည်ကုလားထိုင်ကြီးမှာ သောင့်သက်သာမှီထိုင်ကာ လက်ရန်းနှစ်ဖက်ပေါ် လက် လျော့ရဲရဲတင်ရင်း ဝင်လာတဲ့လူရွယ်ကို မှင်သေသေအား ဆီးကြိုစိုက်ကြည့်နေပါသည်။ ချောသန့် အထက်တန်းကျ ပြင်နှင့် ကလေးကချေတော့ လုံးဝမဟုတ်။

သူကလည်း အလာသားပင်။ အနည်းငယ်မျှ ရှန့်တန့်မဖြစ်ဘဲ လက်နှစ်ဖက်နောက်ပစ်ကာ နှင်းဆီ အပြုံးကလေးနှင့် ရှူးစိုက်ရင်ဆိုင်ပြန်ကြည့်နေပါသည်။ စား လာရှပ်ဖြူလက်ရှည်ချဝတ်ထားပြီး ကချင်ပိုးတွဲဆင်နှင့်ရုပ် မဆင်တူလှပေမယ့် သူဟာ ဟိုတုန်းက ကိုကိုမောင်ထက် သော ဆွဲဆောင်ညှို့ငင်နိုင်စွမ်းရှိပါသည်။





"ထိုင်"

နေဝန်းသစ်က အသာအယာ ဝင်ထိုင်လိုက်ပါသည်။

"ကဲ ... ပြော၊ မင်း ငါတို့ဆီ စာတွေပို့နေတာ ဘာရည်ရွယ် ချက်နဲ့လဲ"

"အခုက ကျွန်တော် အလုပ်လာလျှောက်တာပါ ရှီစီလေး"

"မခေါ်နဲ့ ရှီစီလေးလို့၊ မင်းခေါ်ခွင့်ရှိတဲ့နာမည်မဟုတ်ဘူး၊ မင်းကဘာလဲ၊ နေဝန်းသစ်တဲ့ ဟုတ်လား ဘာရည်ရွယ် ချက်နဲ့ ငါတို့ဆီ စာတွေရေးပို့နေတာလဲ ပြော"

"စိတ်ထဲမှာ ပေါ်လာတာတွေကို ရေးလိုက်တာပါ၊ တခြား ရည်ရွယ်ချက် မရှိပါဘူး"

"အရောက်လာခဲ့မယ်ဆိုတော့ ခုရောက်ပြီလေ ကဲ၊ ဘာလုပ် မှာလဲ"

"ဘာမှမလုပ်ပါဘူး မမနှင်းဆီ၊ ရှိနေတယ်ဆိုတာသိနေပြီး တစ်ချိန်လုံး အာရုံထဲမှာ မှတ်မှတ်ထင်ထင်သတိရတမ်းတနေ တာပါ၊ ကိုယ်သိပ်ချစ်ခဲ့တဲ့သူကို ပြန်တွေ့ခွင့်ရချင်တာက လွဲရင် တခြားမျှော်လင့်ချက်လည်း မရှိပါဘူး မမနှင်းဆီ၊ အခု မမနှင်းဆီကို ပြန်တွေ့ရတော့ ကျွန်တော် အရမ်းဝမ်း သာတယ်၊ စိတ်ထဲမှာကြည်နူးတယ်၊ ကျွန်တော် အခု ရင် တွေတောင်ခုန်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေလာပြောမနေစမ်းပါနဲ့ကွာ၊ မင်းရင်က ငါနဲ့တွေ့လည်းခုန်၊ ထိပ်ထားထွေးနဲ့တွေ့လည်းခုန်၊ စိမ်းသက်မိနဲ့တွေ့လည်းခုန်၊ အဲသလိုလား၊ အလကားနေ အချိန်ပြည့်ခုန်နေတာဆိုရင်တော့ ဆရာဝန်ပြကြည့်လိုက်ဦး၊ ဒီတစ်ခါ ထိပ်ထားထွေးနဲ့ သွားမပြနဲ့တော့၊ နှလုံးရောဂါအထူးကုနဲ့ပြလိုက်ချေ"

နှင်းဆီတင်ရဲ့ ဘောက်ဆတ်ဆတ် အပြောတွေကို သဘောကျသလို ပြုံးပြီးစိုက်ကြည့်နေတဲ့ လူရွယ်ကို နှင်းဆီတင်က မျက်စောင်းတစ်ချက် ထိုးလိုက်မိပါသေးသည်။ ရုပ်ရည်ချောင်းသာ မတူပေမယ့် ဟိုတုန်းက ကိုယ်ရန်စွာသမျှကို သည်းညည်းခံ ငုံ့ခံရင်း စိတ်ရှည်လက်ရှည်ပြုံးပြီး စိုက်ကြည့်နေတတ်ပုံက တူနေရတာမို့ နှင်းဆီတင် ရင်ထဲ ဖိုလှိုက်လာပါသည်။

"မင်း ငါ့ကို ကြည့်နေစရာမလိုဘူး၊ ပြောစရာရှိတာအကုန်ပြော"

"ဘာမှပြောစရာမရှိပါဘူးဗျာ"

"သေချာလား၊ မင်းသာ တကယ် ကိုကိုမောင် ဝင်စားလို့ လူဖြစ်လာတာဆိုရင် မင်း ငါ့ကို ပြောစရာတစ်ခုခုကို ရှိရမယ်"

"ထူးထူးခြားခြား ဘာမှ မရှိပါဘူး မမနှင်းဆီ"





"တကယ်မရှိဘူးလား"

"အခုတော့ ကျွန်တော် ဒီအလုပ်လိုချင်တယ်၊ မမနှင်းဆီနားနေခွင့်ရပြီး မမနှင်းဆီကို အမြဲမြင်နေခွင့်ရနေအောင်"

"ဒါ ဘာစကားလဲ၊ ဒါ ငါ့ကို ရိသဲ့သဲ့ပြောနေတာလား"

"ကျွန်တော့်အသက်အရွယ်နဲ့ မမနှင်းဆီကို ရိသဲ့သဲ့လုပ်ဖို့ မသင့်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ ရင်ထဲက တကယ့်ဆန္ဒကိုပြောနေတာပါ၊ ကျွန်တော် မမနှင်းဆီရုံးမှာ အလုပ်လုပ်ပါရစေနော်၊ မမနှင်းဆီကို တွေ့ခွင့်ရနေချင်လို့ပါ"

"မင်း ဒီလိုပဲ စိမ်းသက်မိကို တွေ့ခွင့်ရနေအောင် သူ့သားကို ပန်းချီသွားသင်မလို့ပေါ့ ဟုတ်လား"

"မမတို့ချင်း စကားပြန်မြောကြပြီပေါ့၊ ပြန်ခေါ်တယ်ပေါ့ ဟုတ်လား"

"ငါ့အပေါ် သစ္စာမရှိတဲ့သူငယ်ချင်းတွေကို ပြန်မခေါ်ချင်ပေမယ့် ခုလိုကိစ္စမျိုး ပေါ်ပေါက်လာတာက တစ်ကြောင်း၊ ပြီးတော့ တကယ်တမ်း သစ္စာအမဲ့ဆုံးလူက မင်း ... အဲ ... ကိုကိုမောင်ဆိုတာကို နားလည်တာကတစ်ကြောင်း၊ အသက်တွေလည်း ရင့်ကျက်လာပြီမို့ ပြန်ခေါ်လိုက်တယ်၊ ဒါပေမဲ့ ဟိုးအရင်က ချစ်ခင်စည်းလုံးမှု ဆိုတာကိုတော့ လုံးဝပြန်မရတော့ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက်ကြားထဲက ချစ်ခြင်းမေတ္တာက ပျ

သွားပါပြီ၊ သိပ်နမြောစရာကောင်းတယ်၊ ဒီအတွက် တရ

ခံဟာ ကိုကိုမောင်ပဲ၊ မင်းစိတ်ထဲမှာ နှင်းဆီဓာင်က ဟိုးတု

ကလို ကိုကိုမောင့်ကို အရူးအမူးချစ်နေဦးမယ့်သူ တမ်းတ

ဦးမယ့်သူလို့ ယူဆနေရင်တော့ မှားလိမ့်မယ်"

"ခင်ဗျားခဏကတော့ ဒီလိုစကားမျိုးပဲကြားရလိမ့်မယ်ဆို

လည်း ကြိုတင်မျှော်လင့်ထားပြီးသားပါ ရိုစီလေး"

"ရိုစီလေးလို့ ထပ်မခေါ်နဲ့တော့၊ အဲဒီနာမည်သံကြားရ

ငါ့ရင်ထဲမှာနာလို့ တစ်ခုခုပေါက်ကွဲမိရင် မင်း အဆိုးမဆို

ကဲ ... ငါနဲ့ ကိုကိုမောင် နောက်ဆုံး ဘယ်တုန်းကတွေ

သလဲဆိုတာရော မင်း မှတ်မိတဲ့အထဲပါသလား ပြောစမ်း

ဦး"

အဲဒီနေ့မှာ နှင်းဆီခင် ကိုကိုမောင့်အိမ်ကို တစ်ခြ

သွားတွေ့ခဲ့တာကို ကမ္ဘာလောကကြီးမှာ တစ်ဦးတစ်ယောက်

မသိနိုင်ပါ။

သုံးယောက်ကြားမှာ အကြိမ်အရေအတွက် အညီ

တွေ့ဆုံဖြစ်ခဲ့တဲ့ ကိုကိုမောင်ဟာလည်း အဲဒီနေ့မှာတော့ သူ

သွားတော့မှာမို့ ထိပ်တားတွေးတို့ စိမ်းသက်မိတို့နှင့် ထပ်

တွေ့ဖြစ်တော့ပါ။



"နယ်ပြန်မယ့်နေ့လေ"

နှင်းဆီတင်သည် နေဝန်းသစ်ကို စူးစူးရဲရဲစိုက်ကြည့်နေပါသည်။ နှုတ်ခမ်းလေးတွေ ပါးပြင်လေးတွေသည်ပင် အတွင်းစိတ်ရဲ့လှုပ်ရှားပြောင်းဆန်မှုကြောင့် တဆတ်ဆတ်တုန်ယင်ကာနေသည်။

"သိတယ်ပေါ့၊ အားလုံးသိတယ်ပေါ့"

"ကျွန်တော့်ကိုယ်ထဲမှာ ကိုကိုမောင့်ဝိညာဉ် ခိုဝင်နေတာပါ မမနှင်းဆီရယ်"

နှင်းဆီတင်က ပါးစပ်ထဲမှလေတချို့မှုတ်ထုတ်ရင်း တင်းကျပ်နေတဲ့စိတ်တွေကို လျှော့ချပစ်လိုက်သည်။

"ကောင်းပြီ၊ မင်းက ငါ့ကို တွေ့ချင်မြင်ချင်လို့ အလုပ်လာလျှောက်သလို ငါကလည်း မင်းကို ဆက်လေ့လာအကဲခတ်စရာတွေ အဖြေရှာစရာတွေရှိသေးလို့ အလုပ်ခန့်လိုက်တယ် နေဝန်းသစ်၊ မင်း မနက်ဖြန်ကစပြီး ဒီမှာ အလုပ်လာဆင်းနိုင်တယ်"

"ကျေးဇူးတင်ပါတယ် မမနှင်းဆီ၊ အမြဲတွေ့နေခွင့်ပေးတဲ့အတွက် ဝမ်းသာပါတယ်"

"ဝမ်းအသာစောနေဦးမယ်၊ ငါက မင်းဘာဆက်လုပ်မယ်ဆိုတာ သိရဖို့ မင်းကို အနားနားထားထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအတွင်းက မသိစိတ်ထဲမှာလည်း မမနှားမှာ အမြဲထားချင်တဲ့ မောင်းမထုတ်နိုင်တဲ့ခံစားချက် ရှိရင်ရှိမှာပေါ့ဗျာ"

"ပြန်တော့"

✱ ❤ ✱





၆

"မမ ဟိုတစ်နေ့က ညှော်သည်ပဲ လာပါတယ်"

လာပြောတဲ့ အေအက်စ်ဆရာဝန်မလေးရဲ့စကားကြောင့် ထိပ်ထားထွေးသည် မျက်နှာမထားတတ်အောင် တစ်မျိုးလေးဖြစ်သွားပါသည်။ တစ်စားပွဲတည်းထိုင်နေတဲ့ ထိပ်ထားထွေးနှင့် အတော်လည်းခင်တဲ့ ဒေါက်တာဇော်လင်းနိုင်က ပြုံးစိစိနှင့် တစ်ချက်မော့ကြည့်ကာ ...

"ဆင်ဖြူတော်မှီကြိုစုပ်ရတယ်ဆိုတာ ဒါပဲထင်တယ်နော် မမထွေး၊ မမထွေးနဲ့ တစ်ဝါဒ်တည်းကျတော့ ပွတာပဲ"

"မစ,စမ်းပါနဲ့ ဇော်လင်းနိုင်ရယ်၊ ငါ စိတ်ရှုပ်ရတဲ့ကြားထဲ"

"တကယ်စိတ်ရှုပ်လို့လား မမထွေးကလဲ၊ ဒါမျိုးတွေ မမထွေးအဖို့ ရိုးတော့ရိုးနေမှာပါ၊ ဆေးရုံကိုသာရောက်မလာတတ်လို့ ကျွန်တော်တို့ မသိရတာနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီချာတိတ်က အဲသလိုသဘောကြီးသက်သက် မဟုတ်ပါဘူးကွာ"

"အေးဗျ ကျွန်တော်လည်း နည်းနည်းတော့ အံ့အားသင့်နေတာ၊ ဒီကောင်လေးက ဘယ်အရွယ်ရှိပြီလဲဗျ၊ အလွန်ဆုံးရှိ ကျွန်တော်က အစိတ်လောက်မှန်းထားတာ"

ထိပ်ထားထွေး မျက်နှာတာ ပိုပြီးရက်သွေးဖြန်းရပြန်သည်။ ဒီအရွယ်ချာတိတ်က ဆရာဝန်အပျိုကြီးမမ လေးဆယ်နားနီးကို လာရစ်နေတဲ့ပုံစံပေါက်နေတာပေါ့။ တကယ်ဟမ်းကောင်လေး ကြေညာထားတဲ့ အသက်မှန်ကိုသာသိရင် တဲတွေးတောင်နင်သွားဦးမည်။

"ဆရာဇော်ရယ် ကျွန်မတို့မမက နုလွန်းအားကြီးတော့ သူက အသက်ဘယ်လောက်ရှိမှန်း မမှန်းတတ်ဘူးထင်ပါရဲ့၊ သနားပါတယ်"

"ဟဲ့ ... အဲဒီလိုမျိုးကြီး မဟုတ်ပါဘူးဆိုနေ"

"မမထွေးရယ် ... အဲလိုမျိုးကြီးမဟုတ်ဘဲနဲ့ တစ်ရက်ခြားတစ်ခါ နေ့လယ်တွေမှာ စားကောင်းသောက်ဖွယ်တွေ လာပို့ပေးနေပါ့မလား၊ ခုခေတ်ကလေးတွေ ကျွန်တော်တို့ထက်တောင်လည်ပါတယ်၊ ကိုယ်ရစရာမရှိရင် လိုချင်တာမရှိရင် ဘာမှ မရင်းနှီးမမြှုပ်နှံပါဘူး၊ စီးပွားရေးပါရဂူလေးတွေပါ"





"သီဟောင်းကျွမ်းဟောင်းတွေရဲ့ ဆွေမျိုးသားချင်းလေးပါဟယ်၊ ထင်ရာတွေပြောမနေပါနဲ့ ဇော်လင်းနိုင်ရယ်"

"ကဲ ... ကဲ ... ကျွန်တော်တို့ကို နောက်မှဖြေရှင်းလို့ရတယ်၊ ဟိုက လည်ပင်းညောင်ရေအိုးဖြစ်လောက်ပြီ၊ သွားလိုက်ဦး မမထွေးရေ"

ထိပ်ထားထွေးသည် ရေးမှတ်လက်စ ဘောပင်ကို ...်၍ပိတ်ပြီး စားပွဲပေါ်ချကာ ဘာမှ အရေးမကြီး မထူးခြားတဲ့ ...ျက်နှာထားမျိုးနှင့်ပင် ထိုင်ရာမှ ထထွက်လာပါသည်။ ဝါဒ်ရဲ့ ...း အပြင်ဘက်စင်္ကြံရှည်သွယ်သွယ်ကလေးမှာ အရင်နေ့တွေက ...တိုင်း အထုပ်တစ်ထုပ်ဆွဲ၍ရပ်နေသော နေဝန်းသစ်ကို အဝေးက ... လှမ်းမြင်နေရသည်။

သူ့အပြောအရ အသက်နှစ်ဆယ့်ပြည့်ဖို့ လပိုင်းအလို ...သေမယ့် ဆရာဝန်တစ်ယောက်ရဲ့ ယေဘုယျမျက်စိဖြင့်တော့ ...ကောင်လေးကို နှစ်ဆယ်ကျော်ပြီဟု ထိပ်ထားထွေးက သက်သေ ...ခံလောက်ဘဲထင်မြင်နေသည်။ သူများတွေက အစိတ်လောက် ...လို့ ဘာပဲဖြစ်ဖြစ်တော်သေးတာပေါ့။ နှစ်ဆယ်မပြည့်ဘဲ ...သ်ကျော်သက်ခေါ်လို့ရဆဲလို့များသိရလျှင် ဇော်လင်းနိုင်တို့ ...ဘက်ပြောင်ပွဲကျလို့ဆုံးမှာမဟုတ်။

"ကဲ ... မင်း ဒီလိုပဲ လာလာနေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကျွတ် ..."

"မမထွေး ဒီနေ့က ကြေးအိုးဆီချက်ဝယ်လာတာ၊ မမ
က ကြေးအိုးဆီချက်လည်း ကြိုက်တယ်လေ၊ ဟိုတုန်း
တော့လေ ရန်ကင်းက ရန်ကင်းကြေးအိုးဆိုတဲ့ ဆိုင်
မှာ သွားစားဖူးတာနော် မမထွေး၊ အခု ကျွန်တော်
ကောကောအိုကပဲ ဝယ်လာတာ"

ထိပ်ထားထွေးက နေဝန်းသစ်ကို စိုက်ကြည့်
သည်။ ဂျူတီကုတ်ဖြူဖြူရဲ့ အိတ်နှစ်ဖက်ထဲ လက်နှိုက်ပြီး ဖြ
သွယ်သွယ် မြင့်မြင့်လေးနှင့် ခြေတစ်ဖက်အားပြုရပ်နေတဲ့စတို
ကြောင့် ထိပ်ထားထွေးဟာ လှပပျိုမြစ်တုန်းပဲလို့ နေဝန်းသ
တွေးနေမိပါသည်။

သူတို့ချင်း သုံးယောက်လုံးဟာ တစ်ယောက်တ
လုံနိုင်အားကြတဲ့ အမျိုးသမီးတွေချည်းပင်။

"မမထွေး ပူတုန်းစားနော်"

"မင်း ဒါတွေ ဘယ်တော့ရပ်မှာလဲ နေဝန်းသစ်"

"ဘာဖြစ်လို့ရပ်ရမှာလဲ မမထွေး"

"ကျွတ် ... ပြောရခက်လိုက်တာ၊ ရှင်းရှင်းပြောရရင်
ကို ငါ ရက်ရက်စက်စက် ရှင့်ရှင့်သီးသီး ပေါက်မထုတ်





ပါဘူး နေဝန်းသစ်၊ မင်းက ကိုကိုမောင် ဝင်စားတယ်ဆို
တဲ့အသိတစ်ခုနဲ့တင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထောက်
ထားရမယ့်သူလို့ ခံယူထားလိုက်မိတယ် ...

အဲဒါကြောင့် ရှင့်ရှင့်သီးသီးလည်း ပြောမထွက်ဘူး၊
ဒါပေမဲ့ ငါ့စိတ်တွေ ကျဉ်းကျပ်တယ်၊ သူများတွေ အမြင်
မတော်ဘူး"

"မမထွေးက စိတ်သဘောနူးညံ့တယ်နော်၊ အရင်ကတည်းက
ကလေးလေးလို အပြစ်ကင်းစင်ဆုံးလေးပဲ၊ ပတ်ဝန်းကျင်ကို
ဆွေးနွေးမျိုးစပ်လို့ပြောထားလိုက်ပေါ့ မမထွေးရဲ့"

"ကဲ ... ပြောတယ်ထားပါ၊ မင်းက ဘာကြောင့် ဒီလိုမကြာ
ခဏလာတွေ့နေရတာလဲ၊ စားသောက်စရာတွေ ယူလာတာ
ထက် မင်းရဲ့သဘောထားက ငါ့ကို လာတွေ့နေတာပဲ"

"ဟုတ်တယ်၊ မမနှင်းဆီနဲ့က တစ်ပတ်ကိုငါးရက်မတွေ့
မဖြစ်တွေ့နေတာ၊ မမစိမ်းနဲ့က တစ်ပတ်နှစ်ရက်၊ မမထွေးနဲ့
က ဒီလိုမှလာမတွေ့ရင် တခြားတွေ့စရာအကြောင်းမှမရှိ
တာ၊ မမထွေးအပေါ် မတရားရာ ကျသလို ဖြစ်နေမှာပေါ့၊
မမထွေးဆီလည်း မလာဘဲမနေနိုင်ပါဘူး"

"မတရားရာကျလည်း ငါ ဘာမှ အပြစ်မယူဘူး၊ ဘာမှလဲ
မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမထွေးကမဖြစ်လည်း ကျွန်တော်က တွေ့ချင်သေးတ

"မင်း ကလေးလိုလို ခွေးလိုလို ရူးသလို ပေါ်သလ

လူကြီးတွေကို နေရထိုင်ရခက်အောင်လုပ်မနေနဲ့"

"မမထွေးကလည်း အဘွားကြီးအိုလေးလို ညည်းညူ

ပါနဲ့ဗျာ"

'အဘွားကြီးအိုလေးလို မညည်းညူနဲ့'ဆိုတာသ

လည်း ဟိုးလွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ထိပ်ထားထွေးကို ကိုကို

ပြောနေကျစကားပင်။ ထိပ်ထားထွေးက သက်ပြင်းတစ်ချ

က ...

"ကဲ ... ပေး"

နေဝန်းသစ်လက်မှ စားစရာအထုပ်တွေကို

ပြောင်းယူလိုက်ပါသည်။ နှုတ်ကတော့ ကိုယ်အနေခက်တာ

ကန့်ကွက်စကားပြောနေမိပေမယ့် ဒီကောင်လေးဟာ ကို

လာစရာအကြောင်းမရှိ၍ဆိုပြီး ကွက်ချန်မထားရစ်ဘဲ ခုလို

တကာအကြောင်းဖန်တီးကာ လာတွေ့နေပါလားဆိုတဲ့အသိ

နှစ်ခြိုက်သဘောကျသလိုဖြစ်တာအမှန်ပါ။

ကိုယ် ဒီအရွယ်ကို သူက လူပျိုပဲ လာလှည့်

လိုလို အများပတ်ဝန်းကျင်က ထင်မြင်မှာကိုတော့ ရှက်ရွံ့

မယ့် ဒီကောင်လေးကိုတွေ့ရင် ဝမ်းပဲသာသွားသလိုလို ဟိုတု

ခံစားချက်တွေပဲ အသစ်တစ်ဖန်နုပျိုဆန်းသစ်လာသလိုလို။ ဒီ



ကောင်လေးတစ်ယောက်အပေါ် ရင်ခုန်ဖို့ခက်ပေမယ့် အဖြစ်အပျက်

ပေါ်တော့ ရင်ခုန်သာယာကြည်နူးမိတာအမှန်ပင်။

မကြာမကြာ တွေ့ဖန်များတော့ ဒီကောင်လေးကို

ကိုမောင် ဝင်စားတဲ့ကောင်လေးလို့ပဲ စိတ်ခုန်းခုန်းချလက်ခံချင်

မိတာပင်။ ကိုယ့်ထံကချဉ်းကပ်သူ့ဘာစားမှာမဟုတ်ဘဲ သူကသာ

လိုက်တသိ တယုတယ ဂရုတစိုက်ရှိတာလေးတွေကို မိန်းမပီပီ

မိမူးမိသည်။

"ကဲ ... ပြန်တော့လေ"

"ခဏလေးပါ"

"ဘာခဏလေးလဲ"

"မမထွေးနဲ့ တွေ့ဆုံဖြစ်တဲ့အချိန်က အနည်းဆုံးပဲ"

"တစ်ချိန်လုံးတွေ့နေရတာက နှင်းဆီပေါ့ ဟုတ်လား"

"မမနှင်းဆီက ရေရေလည်လည်ရှိတာဗျ"

"မင်း ကိုကိုမောင်ဆိုရင် မင်းအသိဆုံးပေါ့"

"သိတာပေါ့၊ သူ့စိတ်ချည်းပဲဟာကို၊ ခုပဲ ကျွန်တော့်ကို မျက်စိဒေါက်ထောက်ပြီး အပြစ်ရှာကြည့်နေတာ၊ ဘယ်အချက်မှာ အများအယွင်းထွက်လာမလဲလို့ပေါ့၊ လျှပ်တစ်ပြက် စစ်ဆေးချက်တွေကလည်း ဆိုပ်ပရိုက်စ်ဝင်သလား မမေးနဲ့"

"တင်း ... ဖောင်း"

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီအောင်ပုံစံကို မြင်ယောင်ကာ ထိပ်ထားထွေး

ရယ်မောမိသည်။

"ကိုကိုမောင်လည်းပဲ နှင်းဆီနဲ့ တစ်ချိန်လုံး တကျက်ကျ

ဖြစ်နေခဲ့ရတာပဲ၊ တို့နဲ့ စိမ်းနဲ့ဆိုရင် ကိုမောင် စိတ်မ

ရဘူး၊ ရန်မဖြစ်ရဘူး၊ အင်း ... သူလည်း ဘာကြောင့်

စိတ်အရှုပ်အထွေးခံပြီး သုံးယောက်စလုံးနဲ့ ငြိတွယ်ခဲ့

ပါလိမ့်၊ ဘယ်သူကပဲမေးမေး ကျန်တဲ့နှစ်ယောက်ကိုလ

သနားတယ်ဆိုတဲ့ အဖြေမျိုးပဲ သူကပေးခဲ့တယ်၊ သူကို

တိုင်ကိုက မဝေခွဲနိုင်ခဲ့တာထင်ပါရဲ့"

ထိပ်ထားထွေးက အတိတ်ကို ရော်ရမ်းမှန်းသ

အဝေးကို ငေးမျှော်ရင်း တစ်လုံးချင်း ဆွေးဆွေးမြည့်မြည့်

သည်။

"တို့သုံးယောက်လုံးကလည်း ကိုမောင့်ကို ချစ်မြတ်နိုး

အစွဲကြီး စွဲလမ်းခဲ့ကြတာကိုး၊ တကယ်တော့ အာ

လေးယောက်လုံး အပြစ်ရှိခဲ့ကြတယ်၊ ကိုကိုမောင့်ကို သ

မရှိဘူးလို့ ရှုပ်စွဲမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်တွေလ

သစ္စာမဲ့ကြတယ်လို့ နားလည်ရမှာပဲ ...

ဒါပေမဲ့ တို့သုံးယောက်က ကိုယ့်ကိုယ်ကိုယ်

သစ္စာမဲ့တဲ့သူလို့ မထင်ကြဘူး၊ သူများကိုပဲ သစ္စာမဲ့



လို့ စွပ်စွဲချင်တာပေါ့၊ ကိုမောင် ဘယ်သူနဲ့ အရင်ဆုံးစချစ်

ခဲ့တယ်ဆိုတာ ဘယ်သူမှမှ မသိခဲ့တာ"

ထိပ်ထားထွေးက နေဝန်းသစ်ကို ပြုံးကြည့်ရင်း ...

"မေးတိုင်း မဖြေခဲ့ဘူးလေ၊ မင်းတော့ သိမှာပေါ့နော်

နေဝန်းသစ်"

နေဝန်းသစ်က ပြုံးတုံ့တုံ့လေး လုပ်နေပါသည်။

✽ ❤ ✽

"မမနှင်းဆီ ခေါ်တယ်ဆို"

တံခါးခေါက်ဝင်လာတဲ့ နေဝန်းသစ်ကို နှင်းဆီအောင်

မော့ကြည့်လိုက်ရင်း ...

"တံခါးပြန်ပိတ်လိုက်၊ ပြီးရင်ထိုင်"

"ဟုတ်"

"မင်း ထမင်းစားချိန်တွေကျရင် ဘာကိစ္စ အမြင်ကိုလစ်

ထွက်သွားတာလဲ"

"ကိစ္စလေးရှိလို့ပါ မမနှင်းဆီ၊ နေ့တိုင်းတော့ မထွက်ပါ

ဘူး"

"ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ်က ငြိမ်နေပါသည်။ အဆွေခံရပေ...
လည်း နှင်းဆီတင် ဆူတာကို နေဝန်းသစ်က ပန်းနှင့်ပေါက်သ...
ခပ်ပျော့ပျော့သာသဘောထားခံယူနိုင်သည်။ အပျိုကြီးမမစိတ်...
နေပုံဟာ တစ်မျိုးချစ်စဖွယ်ကောင်းသည်။

"ပြောလေ"

"......"

"မပြောဘူး ဟုတ်လား၊ ဟိုတစ်ခေါက်တုန်းကလည်း ...
ဆယ်ပေးပြုံးစိစိနဲ့ ရူးသလို ပေါသလိုလုပ်ပြီး မပြောဘူး၊ ...
မပြောလည်း ငါသိတယ် နေဝန်းသစ်၊ နင် ဘယ်ကို...
ဖြီး ဘာလုပ်တယ်ဆိုတာ ငါသိတယ်"

နေဝန်းသစ်သည် အတော်ရှယ်ချင်သွားကာ ...
ပြုံးဖြစ်သွားပါသည်။ အပြုံးရိပ်နှင့် ရွှန်းတောက်တဲ့မျက်ဝန်းများ...
နှင်းဆီတင်ကို စေ့စေ့ကြည့်နေရာ နှင်းဆီတင်က မျက်မှောင်ကု...
ရှင်း ...

"အောင်မာ ... ဘာလဲ၊ ငါ ဖြီးနေတယ်များ မင်းထင်...
လား"

"ဟင့်အင်း ... မထင်ပါဘူး မမနှင်းဆီ"

"မင်း ထိပ်ထားဆွေ့ ဆေးရုံကိုသွားတွေ့တာမဟုတ်လ...

"အဟင်း ... မမနှင်းဆီ နောက်ယောင်ခံ လိုက်ကြည့်...
ပေါ့"





"ရယ်စရာမဟုတ်ဘူး၊ ကြေးအိုးဆီချက်ဝင်မှာပြီး ထိပ်ထား
ဆွေ ဆေးရုံကို နင်သွားပို့တယ်၊ ဟုတ်တယ်မှလား"

"မမနှင်းဆီ လိုက်ချောင်းကြည့်ပြီးမှ ပြောတာပဲဗျာ၊ မဟုတ်
ဘဲ နေပါ့မလား"

"အဲဒါ ဘာလုပ်တာလဲ၊ မင်း စည်းကမ်းပျက်လှချည်လား၊
ရုံးချိန်မှာ ရုံးကထွက်ပြီး အလေနတော လျှောက်လုပ်နေတာ
ဘာသဘောလဲ"

"အလေနတောတော့လည်းမဟုတ်ပါဘူး မမနှင်းဆီရယ်၊
ရုံးချိန်လည်းမဟုတ်ပါဘူး၊ ထမင်းစားချိန်ပါ၊ ဦးခင်မောင်
ထွန်းတို့လည်း ရုံးကနေ အိမ်ပြန်ထမင်းစားတာပဲ"

"သူ့အိမ်က ဒီနဲ့ ဘာမှမဝေးလို့ အိမ်ပြန်စားတာ"

"ဒါပေမဲ့ ခုထိတောင် ပြန်မရောက်သေးဘူးလေ"

"မင်း ဘာမှ ဆင်ခြေမတက်နဲ့၊ ဦးခင်မောင်ထွန်းက
မန်နေဂျာ၊ ငါ ကုမ္ပဏီစထောင်ကတည်းကပါတဲ့လုပ်သက်
ရင့်ဝန်ထမ်း၊ မင်းကလူသစ်၊ မန်နေဂျာအဆင့်လည်းမရှိဘူး၊
မန်နေဂျာ ပြန်မရောက်သေးတာကိုထောက်ပြပြီး သူနဲ့တန်း
တူ အခွင့်အရေးလိုက်ယူစရာ ဘာအကြောင်းမှမရှိဘူး"

"အခွင့်အရေး မယူပါဘူး၊ တခြားလူတွေလည်း ဒီလိုပဲ
အပြင်ထွက်စားနေကြတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အပြင်ထွက်တာ Lunch စားဖို့မှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် Lunch time မှာထွက်တာပဲလေ မမနှင်းဆီ မမထွေးဆီမှာ ခဏအချိန်ဖြုန်းခဲ့ပေမယ့် ကျွန်တော်ဗိုက်ဖြ တာကို ကားပေါ်မှာ ဘာဂါနှစ်လုံးစားပြီး အချိန်ပိုမယူ ပြီးလိုက်တာ၊ တခြားဝန်ထမ်းတွေနဲ့ အပြင်မှာကြာ တူတူပါပဲ၊ ဘာအခွင့်အရေးမှ ပိုမယူပါဘူး"

ကိုကိုမောင်မို့လို့လည်း အခွင့်အရေး ပိုမပေးဘူး တာ သိပါတယ်"

"ဒါ ဘာစကားလဲ"

"မမနှင်းဆီက ကိုကိုမောင်ကိုမုန်းတယ်မဟုတ်လား၊ နေ ဆုံးနေ့က ပြောခဲ့တာလေ၊ ကိုမောင်ကို မုန်းတယ် အဲဒါကြောင့် ကျွန်တော်ကလည်း အမုန်းခံရတာနဲ့အ ခပ်ကုပ်ကုပ်ပဲ နေပါတယ်ဗျာ၊ အခွင့်အရေးယူပြီး ထေ ကြွမနေပါဘူး"

နှင်းဆီတင်က နေဝန်းသစ်ကို ဒေါသနှင့် စိုက်ကြ နေပါသည်။ သင်းက နေ့လယ်တစ်ခေါက်ထွက်ပြီး ထိပ်တား ကို သူကြိုက်တတ်တဲ့ ဖွယ်ဖွယ်ရာရာတွေ ဝယ်ခြမ်းပြီးသွားဆက် တယ်လေ။ ထိပ်တားတွေးက တရုတ်စာ အင်မတန်ကြိုက်တ တဲ့သူဖြစ်သည်။



လူကသာပိန်တာ။ ငယ်ကတည်းက အစားစုံကို ပါးစပ်မပိတ်စတမ်းစားပြီး မုန့်ကြိုက်တဲ့ထိပ်ထားတွေးကို ကိုမောင် ဟာ အမြဲမုန့်တစ်ခုခုဝယ်သွားနေကျ။ မုန့်ပေးပြီးကြိုက်ထားတာလေ။

"မင်းက ထိပ်ထားတွေးကို အမြဲ ခုလို ရိက္ခာထောက်ဆက်ရတာ ဘာသဘောလဲ ဟင်"

"မမနှင်းဆီနဲ့ မမစိမ်းက ကျွန်တော်တွေ့ခွင့်ရနေတာယ်လေ၊ တွေ့ဖို့အကြောင်းကိစ္စရှိနေတယ်၊ မမထွေးနဲ့က တွေ့စရာ အကြောင်းကိစ္စ အထူးအထွေမရှိဘူးလို့ဖြစ်နေတော့ ခုလို တကူးတကသွားမှာပဲ တွေ့ဖြစ်မှာပေါ့၊ သွားရင်းနဲ့ မမထွေး ကြိုက်တတ်တဲ့မုန့်လေး စားစရာလေး ဝယ်သွားတဲ့သဘော ပါ"

"မတွေ့ဖြစ်တော့ရော ဘာဖြစ်လို့လဲ"

"ကာစ်ယောက်တည်းကို မတွေ့ဖြစ်ဘဲ ကွက်ချန်ထားခဲ့ရ မှာက သူ့အပေါ် ဘယ်တရားရာကျမှာမလဲ မမနှင်းဆီ"

"တောက် ... မင်းရဲ့ စီမီဖတ်ကာတည်းက မွေးနေ့က အောက်တိုဘာလဆန်း ဆိုတာတွေ့ပြီးသားပဲ၊ ကိုကိုမောင်က စက်တင်ဘာလကုန်လေ၊ Libra ရာသီဖွားတွေလေ၊ ချိန်ခွင် ကြီးတွေ ဟွန်း၊ တရားမျှတမှုကို ဦးစားပေးတဲ့သူတွေပေါ့ ဟုတ်လား၊ မိန်းမသုံးယောက်ကြားမှာ မျှမျှတတလေး လှည့်စားသွားတာလေ ...

www.burmeseclassic.com



တစ်ယောက်ဆိုတစ်ယောက်တည်းကိုပဲ မရွေးချယ်နိုင်အောင်ဖြစ်ရတာက ဘယ်လိုဟာမျိုးလဲဟင်၊ ပြောပြစမ်း"

နေဝန်းသစ်က နှင်းဆီတင်ကို နူးညံ့စွာပြုံးကြည့်နေပါသည်။

"ငါ့ကို အဲသလိုကြည့်မနေနဲ့၊ မင်းဖြေစမ်းပါ၊ ငါတို့သုံးယောက်ထဲက တစ်ယောက်တည်းဆီကိုပဲ ရွေးပြီး မင်းပြန်လာလို့မရဘူးလား၊ အရင်ဘဝက သစ္စာမရှိတောင် နောင်ဘဝမှာတော့ သစ္စာရှိလိုစိတ်ကလေးများ မပေါက်ခဲ့ဘူးလားဟင် လူဝင်စားကြီးရယ် ပြောစမ်းပါဦး"

နေဝန်းသစ်သည် နှင်းဆီတင်ရဲ့ အပါန်းအဟောက်အမာန်အမဲတွေကို ပန်းနဲ့ပေါက်တဲ့အလားသာ။ နည်းနည်းကလေးမှ ဗွေမယူမနာကျင်ပေ။ သူ့ကြိမ်းမောင်းပုံက ချစ်စရာခင်စရာတောင် ကောင်းနေသေးတာ။

"သုံးယောက်ထဲမှာ အရင်အတိုင်း ခင်ဗျားက သဝန်အတိုဆုံးပဲနော်"

"တော်စမ်း၊ သုံးယောက် ... သုံးယောက်ဆိုတာ ယှဉ်ယှဉ်ပြောလိုက်တိုင်း အမြဲတမ်း သတ်ပစ်ချင်စိတ်ပေါက်လာတယ်ဆိုတာ မင်းသိထား"



"မမနှင်းဆီ အဲဒီလောက်သတ်ပစ်ချင် သေစေချင်နေလို့များ ကိုကိုမောင် သေခဲ့ရတာလားတောင် မပြောတတ်ဘူးနော်"

"ဘာ ..."

နှင်းဆီတင် ဝုန်းခနဲထရပ်လိုက်ပါသည်။ နေဝန်းသစ်က ရှေ့ကခုံမှာထိုင်နေရက်ပုံစံမှ နှင်းဆီတင်ကို အံ့အားတသင့်မော့ကြည့်နေမိပါသည်။ ဒေါသကလည်းကြီးပါ့ ဒေါ်နှင်းဆီတင်ရယ်။

"မင်း ... မင်း ... ဘာသဘောနဲ့ ဒီလိုစကားမျိုးကိုပြောရတာလဲ"

နှင်းဆီတင်သည် တဆတ်ဆတ်တုန်ကာ မျက်လုံးတပြူးဝိုင်းလျက် မျက်ရည်များပင် ပြည့်လျှံအိုင်လာသည်။

"မမနှင်းဆီက ခဏခဏသတ်ပစ်ချင်နေတာမဟုတ်လား"

"သုံးယောက်စလုံး သတ်ချင်ကြတာချည်းပဲ၊ ဒီလောက်သစ္စာမရှိတဲ့သူကို၊ ငါ့တစ်ယောက်တည်းကို လာစွပ်စွဲမနေနဲ့"

"မမထွေးနဲ့ မမစိမ်းက အဲသလောက်ကြီး တစ်ခါမှမပြောပါဘူးဗျာ"

"ဒီသုံးယောက်ထဲမှာ စိတ်ထဲရှိတာအရင်းတိုင်းထုတ်ပြောတဲ့သူက ငါပဲရှိတာ၊ ဟိုနှစ်ယောက်က စိတ်ထဲကပဲကျိတ်ပြီး သေစေချင်နေတာ တူတူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သုံးယောက်လုံးက ချစ်တယ်လည်းဆိုသေး ဒီလောက်တောင် သေစေချင်နေကြမှတော့ မသေဘဲခံနိုင်ရိုးလားဗျာ၊ တကယ်တော့ ကိုကိုမောင်သာ တောင်ကြီးမပြန်ဖြစ်ခဲ့ရင် ဒါမှမဟုတ် ပြန်ရင်းနဲ့ ခုလိုမသေခဲ့ရင် ဒီအချိန်မှာ ဘယ်သူနဲ့များ ပေါင်းဖက်နေမလဲဟင် မမနှင်းဆီ"

နှင်းဆီတင်က နေဝန်းသစ်ရဲ့ မျက်လုံးထဲ စူးစူးရဲရဲစိုက်ကြည့်ရင်း ...

"နေဝန်းသစ် ... မင်း ကိုကိုမောင့်ဆွေမျိုးဆက်ထဲက မဟုတ်တာ သေချာလား"

"သေချာတယ်"

"ညာတော့မပြောနဲ့နော်၊ မင်းပြောတဲ့ မင်းရဲ့ဇာတိမွေးရပ်မန္တလေးကိုလည်း လိပ်စာနဲ့တကွ စုံစမ်းဖို့ ငါက လူလွှတ်ထားပြီးပြီ၊ မင်း တစ်စုံတစ်ခုကြောင့် ယာလိမ်ညာ ခြိမ်းခြောက်နေတာဆိုရင်တော့ ငါက ရဲကိုတိုင်ပစ်မှာ"

"ကျွတ်"

နေဝန်းသစ်က ခေါင်းတစ်ချက် ယမ်းပစ်လိုက်ရင်း ...

"အဖအမည် ဦးနေသစ်၊ အမိအမည် ဒေါ်ခင်ဖြူစင်၊ မွေးချင်းမရှိတဲ့ တစ်ဦးတည်းသောသား၊ ကိုကိုမောင်နဲ့လည်း



ဘယ်လိုဆွေမျိုးတော်စပ်မှုမှမရှိဘူး၊ သူ့ဘာသူ မေမေ့ဗိုက်ထဲ မဆီမဆိုင် ဝင်စားလာတာ၊ ကျွန်တော့်အဖေနဲ့အမေနဲ့ မန္တလေးမှာ မသိတဲ့သူ မရှိပါဘူး ...

စိတ်ကြိုက်စုံစမ်းကြည့်ပေါ့ဗျာ၊ ခင်ဗျားတို့ကို ခြိမ်းခြောက်ချဉ်းကပ်ပြီး ဘာမှ ရယူစရာအကြောင်း မရှိဘူး၊ ကျွန်တော် ဒါတွေသိလို့ သိတယ်လို့ လာပြောတာတစ်ခုပဲရှိတာ၊ ဘာမှုနဲ့ ဖမ်းချင်လဲ၊ ခင်ဗျားကိုမှ ကျွန်တော်က အမှုတစ်ခုခုတပ်ပြီး ဖမ်းမယ်ဆိုရင် ဖမ်းလို့ရဦးမယ်"

"ဘာပြောတယ်၊ မင်း ... မင်းက ငါ့ကိုများ ဘာမှုနဲ့"

"မမနှင်းဆီကမှ ကျွန်တော့်ကို မကြာမကြာခြိမ်းခြောက်တယ်၊ စွပ်စွပ်စွဲစွဲ အသရေဖျက်တယ်လေ"

"အောင်မာ ... အောင်မာ"

"ကိုကိုမောင်ဟာ ငယ်ငယ်လေးတည်းက မိဘမဲ့၊ အမေက သေတယ်၊ အဖေက အိမ်ထောင်သစ်နဲ့ နိုင်ငံခြားကို အပြီးထွက်သွားတယ်၊ ဒါပေမဲ့ ချမ်းသာတဲ့အဘွားရှိတော့ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးလူလူ ကြီးပြင်းလာတယ်၊ ဒါတွေ မမနှင်းဆီတို့အားလုံး သိကြတယ် မဟုတ်လား ...

စီးပွားလည်းမရှာဘဲ သူ့ဝါသနာပါတဲ့ ပန်းချီတစ်ခုပဲ သူ့ဘဝတစ်လျှောက်ဆွဲခဲ့တယ်၊ သူ့မှာ ကျွန်တော့်အရွယ်

www.burmeseclassic.com



တူသားဆွေမျိုးလည်း ဘယ်နည်းမှမရှိဘူး၊ မျိုးဆက်ပြတ်သွားပြီပေါ့၊ ဒီတော့ ကျွန်တော်က သူ့အမျိုးမို့ ဒီကိစ္စတွေ သိနေတာမဟုတ်ဘူး၊ သူ့အမျိုးဖြစ်ပစေဦး ဒီလိုအသေးစိတ်တွေ ဘယ်လိုလုပ်ပြီးတော့ ကျွန်တော် သိမှာလဲ၊ မမနှင်းဆီ စုံစမ်းလည်း ခိုင်မာတောင့်တင်းတဲ့ ကျွန်တော့်ဆွေမျိုးရဲ့ ကောင်းသတင်းတွေပဲ ရမှာပဲ"

နှင်းဆီတင်က နေဝန်းသစ်ကို မျက်ဝန်းများမှေးကျဉ်းပြီး အကဲခတ်နေပါသည်။ ဒီရုပ်ဖြူ ဒီကချင်ပုဆိုးနဲ့ချည်းတွေ့ရဖန်များလာတော့ တစ်ခါတစ်ခါများ ရုပ်ချင်းလည်း မဆင်လှတဲ့သင်းကို ကိုကိုမောင်ပဲများလားလို့ပင် ကယောင်ကတမ်း ထင်ယောင်ထင်မှားဖြစ်မိတတ်သည်။

ကြည့်ရင်းကပဲ ကိုကိုမောင်ဖြစ်သွားသလိုလို။

ထိုအခါမျိုးတွင် ရင်ထဲဆွတ်ကြင်ပြီး ခုထိ ဟိုနှစ်ယောက်အပေါ် သံယောဇဉ်နွယ်ယုက်ဟန်ပြတဲ့ သင်းကို ဆွဲဆောင်ထုနက်ပစ်ချင်လာသည်။ အဆုံးမတော့ နှင်းဆီတင်သည် ဒီကောင်လေးဟာ ကိုကိုမောင်လူဝင်စားဖြစ်ဖြစ် နေဝန်းသစ်သီးသန့်ဖြစ်ဖြစ် ဟိုနှစ်ယောက်နှင့်မပတ်သက်စေလိုပေ။

"ဒီမှာ နေဝန်းသစ်၊ မင်း ဒီအပတ် စနေ တနင်္ဂနွေ အိုဗာတိုင် ဆင်းရလိမ့်မယ်"





"ဗျာ ... ဘာအတွက်လဲ"

"ဘာအတွက်ရှိမလဲ အလုပ်လုပ်ဖို့ပေါ့၊ ငါ ကိုစည်သူတို့ ဒေါ်မိမိစိုးတို့ သူတေတို့အုပ်စုတို့လည်းပဲ အိုဗာတိုင်မ်ခေါ်ထားတယ်"

"အာ ... သူတို့က အထည်ချုပ်နဲ့ Export ပိုင်းလေ၊ ဘာဆိုင်လို့လဲ"

"ငါ့ကုမ္ပဏီလက်အောက်ချည်းပဲလေ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဘက်ခြမ်းက ဘာအလုပ်ကြွေးမှလမရှိသလို အရေးတကြီး လုပ်ဖို့လိုတာလည်း ဘာမှမရှိဘူး၊ အလုပ်အားလုံးကိုနိုင်နင်းပြီး နောက်ဆုံးအခြေအနေအထိ အစစအဆင်သင့် ပြီးစီးနေတာပဲ၊ ဘာအိုဗာတိုင်းမ်ဆင်းစရာ အကြောင်းရှိလို့လဲဗျာ ...

ကိုစည်သူတို့တောင် စနေနေ့ မနက်တစ်ပိုင်းလေးပဲ ခေါ်ထားတာမဟုတ်လား၊ တနင်္ဂနွေမပါပါဘူး၊ ကျွန်တော့်ကျမှ ဘာအတွက်နဲ့ စနေတနင်္ဂနွေနှစ်ရက် ဖြစ်ရတာလဲ၊ မမစိမ်းအိမ်က ပန်းချီသင်တန်း ပျက်အောင်များလားဗျာ"

"မင်းက အလုပ်ရှင် အထက်လူကြီးကို စောဒကတက်နေတာလား၊ စွပ်စွပ်စွဲစွဲတောင် ပြောလိုက်သေးတာပေါ့လေ"

"မမနှင်းဆီ ... ကျွန်တော် အိုဗာတိုင်းမ်မဆင်းနိုင်ဘူး၊ မမနှင်းဆီ ပြီးချင်တဲ့အလုပ်ကို ဒီနေ့အားလုံးပြော၊ ဒီကြာသ



www.burmeseclassic.com

www.burmeseclassic.com



ပဘေး သောကြာနှစ်ရက် အားလုံးပြီးစီးအောင် လုပ်သွားမယ်၊ အလုပ်ပြီးမှ အိမ်ပြန်မယ်”

နှင်းဆီတင်သည် မမစိမ်း အိမ်က ပန်းချီသင်တန်းပျက်အောင်များလားဆိုတဲ့ ဓာတ်သိဟောကိန်းထုတ်သလို နေဝန်းသစ်ရဲ့စကားကို အနည်းငယ်လည်း ရှက်သွားရတာဖြစ်ရာ ...

“ပြီးမယ်ဆိုရင်ပြီးရော၊ ဟွန်း ... အိုဗာတိုင်းမ်လည်းမဆင်း ထမင်းစားချိန်လည်း လစ်ထွက်ချင်”

စကားကို အောက်ကလိအာနှင့်ပင် လျှော့ချလိုက်ရပါသည်။

“ကျွန်တော် သွားလို့ရပြီလား မမနှင်းဆီ”

“သွားလို့ရပြီ၊ ထမင်းစားချိန်အပြင်ထွက်တာ သူများတွေထက် တစ်မိနစ်မှ မိုနောက်မကျပါစေနဲ့ ဒါပဲ”

✱ ❤ ✱





၇

စိမ်းသက်မီသည် သားလေးရဲ့စာဖတ်ခန်းထဲမှာ နှစ်
ာက်အတူပန်းချီဆွဲနေတဲ့ နေဝန်းသစ်နှင့်သားကို မမြင်ကွယ်ရာ
်နေရာမှ ချောင်းကြည့်ရင်း စိတ်တွေကြည်နူးချမ်းသာနေပါသည်။

အခန်းတံခါးက ဖွင့်ဟထားတာဖြစ်ရာ အခန်းဝက
်လျှောက်လိုက် ချောင်ကွယ်က ချောင်းမြောင်းလိုက် ဖြတ်
ျှောက်တုန်း နေဝန်းသစ်က မော့ကြည့်မိုးမြလျှင် ကယောင်
ာက်ချား ပြန်မြိုးပြလိုက်။ နေဝန်းသစ် ရောက်နေချိန်တို့တွင်
ယ်လိုမှ ဂနာမငြိမ်နိုင်အောင်ပင်။

အသက်နှစ်ဆယ် ကောင်ကလေးတစ်ယောက်အပေါ်
ယ်လိုမှ မရိုးမသားစိတ်မမွေးသော်လည်း စိတ်ထဲ အမြဲလှုပ်ရှား
ါသည်။ သူ့ထံကို ဆိုမောင် တစ်ပုံစံနဲ့ ပြန်လာတာယ်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ်ချ ယုံကြည်ယူမှတ်ထားပါသည်။ အမျိုးစုံဥာဏ်သုံးပြ
ဆင်ခြင်စဉ်းစားကြည့်ပြီးပြီ။ ကိုမောင်ဝင်စားတာမှမဟုတ်ရင် ဘယ
လိုမှ ဒီအသေးစိတ်တွေ သိနိုင်စွမ်းမရှိတာ။

နေဝန်းသစ်ဟာ ကိုမောင်ဝင်စားလာတာ။ ကိုမော
ကိုယ်ပွား။ ကိုမောင့်ဝိဉာဉ်ပူးဝင်နေတာ။ ကိုမောင့်ရဲ့နောက်တ
ဘဝ။ ဤအသိဖြင့် ဖြစ်နေသောသံယောဇဉ်သည် တစ်စထက်တ
သူကလေးအပေါ်ဖွဲ့နှောင်နေသည်။ ပေါင်းစပ်နိုင်ကြဖို့ဆိုတာ
စိတ်ကူးယဉ်လို့မရမှန်း နားလည်သည်။

အရင်လိုပတ်သက်မှုမျိုးကိုလည်း တကယ်ပဲရယူ
တာမဟုတ်ပါ။ သို့ပေမဲ့ နေဝန်းသစ်ကိုတော့ အရိပ်တကြည့်ကြ
ကြည့်မဝရှိတော့သည်။

“မမ”

“ဟင် ... အေး”

“ဒီနေ့ဟင်းက ကြက်သားနဲ့အာလူးရယ်၊ ငါးဖယ်သုပ်
ဒန့်ဒလွန်သီးနဲ့ငါးခြောက်ကို ကုလားဟင်းချက်ထား
မမ၊ တခြားဘာလုပ်ဦးမလဲ”

“ငါ မနေ့က ပုစွန်တုပ် ဝယ်လာတယ်လေ အကြ
ကို ... အဲ ... နေဝန်းသစ်က ပုစွန်တုပ်ကြိုက်တယ်၊
တုပ်က ချက်ရသိပ်မြန်တယ်၊ အကြည်ကြက်သွန်အ



သွားထောင်းထား၊ ငါ ခုဝင်လာချက်မယ်၊ အဖြူထည်ဆီပြန်
လေးပဲ”

အကြည်က စိမ်းသက်မီကို ခေါင်းညိတ်ပြရင်းက
အစ်ချက်တော့ အကဲခတ်မိသည်။ နေဝန်းသစ်က ပုစွန်တုပ်ကြိုက်
ယ်လို့ဆိုရအောင် ဘယ်တုန်းကကျွေးဖူးလို့ ကြိုက်မှန်းသိရတာလဲ။
ပြောပုံက ဟိုအရင်ကတည်းကပဲ သိသလိုလို။ ဒီပန်းချီဆရာနှင့်
တ်သက်လျှင် သူ့အိမ်ရှင်မရဲ့အမူအရာတို့က ထူးခြား၍ အနည်း
ယ်တော့ ဂရုအစိုက်ပိုနေတယ်လို့ ထင်မိသည်။

သို့သော်လည်း ဒါဟာ သူ့ကိစ္စမဟုတ် ... လို့ပဲ
သဘောထားလိုက်ရပါသည်။

“အကြည်”

“ရှင်”

“အနှစ်လေးရအောင် ကြက်သွန်များများထောင်း”

“ဟုတ်ကဲ့”

စိမ်းသက်မီက ညှော်နံ့ဆီလာကာ ကိုယ့်ကိုယ်ကိုယ်
အမငြိမ်အောင် လက်ပိုက်ပြီးထိုင်နေလိုက်ပါသည်။ ဟိုတစ်ရက်က
အောင်သွားသွင်းခဲ့တဲ့ နေဝန်းသစ်ရဲ့လက်ရာ စိမ်းသက်မီပုံတူ
ပန်းချီလေးကို ညှော်ခန်းက စားပွဲတစ်ခုပေါ် ထောင်ထားရာ
ကို လှမ်းပြီးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင်က ကိုမောင်ဆွဲပေးတဲ့ ပုံတူလေးတွေရှိ
ဖူးပါရဲ့။ ဒါပေမဲ့ အိမ်ထောင်ကျခါနီးမှာ ဖျက်ဆီးပစ်ခဲ့ရသည်
သူများလည်း အပ်ထားဖို့မဖြစ်။ အိမ်ယူလာလည်း ခင်ပွန်းသည်
မမြင်အောင်ဖွက်ထားဖို့မလွယ်။ လွယ်ရင်တောင် ဖွက်ထားမိပြ
တစ်ချိန်မှာ ခင်ပွန်းသည် ဘွားခနဲ့ရှာတွေ့သွားခဲ့လျှင် ကြုံတွေ့
မယ့်ပြဿနာမျိုးကို မလိုလား။

ထို့ကြောင့် ကိုမောင့်ရဲ့စာတွေ စာတံပုံတွေ ပန်းချီ
တွေအားလုံးကို မျက်ရည်လည်ရွဲ ဖျောက်ဖျက်ပစ်ခဲ့ရပါသည်
ဟိုမိန်းမနှစ်ယောက်ထံမှာတော့ ရှိရင်ရှိကောင်းပါရဲ့။

"တူတူ ... တူတူ"

ဟော ... ဖုန်းလာပြီ။ နှင်းဆီတင်နှင့် ထိပ်ထားဆွေ
တစ်ယောက်ယောက်ပဲဖြစ်မှာ။ ဒီအချိန်ဆိုဆက်ပြီ။ စကားမရှိစကား
ရှာ မေးကြမြန်းကြပြီ။ ကိုယ်ဖြင့် သူတို့ထံ မဆက်ဖြစ်ပါဘူး
နှင်းဆီတင်တို့များတော့ လွန်ပါသည်။ တစ်ပတ်လုံး သူ့ထံရုံးဆေ
တက်ခိုင်းထားပြီးတာတောင်မှ မကျေနပ် မရောင့်ရဲနိုင်သေးဘာ

"ဟယ်လို"

"မိစိမ်းလား"

"အေး ... မှတ်တယ်၊ ဘာထိစ္စလဲ နှင်းဆီ"

"အောင်မာ ... နှင်တ ငါဖုန်းဆက်တာကိုပဲ မကြိုက်သလို
ဘာလိုလို့နဲ့"





"မကြိုက်မရှိပါဘူးဟယ်၊ အနှစ်နှစ်ဆယ်လုံးလုံး မခေါ်မပြော
ခဲ့ကြဘဲ ခုမှပဲ စနေ တနင်္ဂနွေတိုင်း နင်ဖုန်းဆက်စိပ်နေတာ
ငါက အံ့သြနေလို့ပါ"

"ဘာအံ့သြစရာရှိလဲ၊ ခုလို ပြန်စကားပြောဖြစ်ပြီ ဆိုမှတော့
ပြောစရာ ဆိုစရာ ကိစ္စဆိုတာ ပေါ်လာတတ်တာပဲပေါ့"

"ခု ဘာကိစ္စလဲ"

"နင် တီချယ်ဒေါ်ဝင်းဝင်းအေး ဖုန်းနံပါတ်သိလား"

"အမယ်လေးနော် ရှာရှာဖွေဖွေ မသိပါဘူး၊ ငါနဲ့အဆက်
အသွယ်ရှိတယ်လို့ နင့်ဘယ်သူကပြောလို့လဲ၊ ဒီလိုကိစ္စမျိုး
ဆိုရင် နင် ငါ့ဆီမဆက်ဘဲ မမြင့်မြင့်ဦးတို့ ဘာတို့ဆီဆက်
ရမှာပေါ့"

"နင့်ဆီ အရင်ဆက်ကြည့်တာပေါ့၊ နင်မသိရင်တော့ မမြင့်
မြင့်ဦးဆီ ဆက်မှာပေါ့"

"ငါမသိနိုင်ဘူးဆိုတာ နင် တွေးနိုင်ပါတယ်ဟာ၊ ဘာကိစ္စ
ရှိလို့လဲ"

"နေမကောင်းဘူးကြားလို့၊ ငါ ပိုက်ဆံကနည်းတော့မလို့ပါဟဲ့၊
နင်ရော ကန်တော့ဦးမလား"

"အင်း ... တီချယ် ဒေါ်ဝင်းဝင်းအေးတော့ ကန်တော့ချင်
သားဗဲ"

"ဒါဖြင့် ငါ နင့်ဆီ ပိုက်ဆံလာကောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟား ဟား ဟား ... နှင်းဆီရယ်၊ ရုတ်တရ
အလန့်တကြားဟယ်၊ ဖွတ်ပဲအိမ်လာကောက်တော့မှာလာ
နင်လာကောက်ချင်ရင် နက်ဖြန် တနင်္လာနေ့ကျမှ ငါရတ
ဆိုင်မှာလာကောက်၊ ငါ အခု မအားဘူး"

"နင်က အိမ်မှာနေရင်း မအားရအောင် ဘာလုပ်နေလို့
အပိုတွေ၊ ရုံးဖွင့်ရက်တွေ ငါ မလာအားဘူး၊ စနေတနင်္ဂနွေ
နင့်အိမ်လာကောက်နိုင်မယ်၊ ဒီနေ့လည်း မလာပါ
ဖြစ်မနေစမ်းပါနဲ့၊ နောက်အပတ်မှလာမယ်"

"နင်ဟာ ဖွတ်ကိုဖွတ်ပဲ၊ မသိရင် ခက်ဦးမယ် နှင်း
ရယ်"

"မသိမှတော့ခက်ပြီပေါ့၊ ဘာမှညည်းမနေနဲ့၊ ငါ ဖွတ်
ဖ ၇ အရင်ကတည်းက နင်သိပြီးသားပဲဟာ"

စနေတနင်္ဂနွေဆိုတာ ဒီရက်လေး အိမ်မှာနေရတာ၊ အ
များသေးတယ်ဟဲ့၊ အားအားယားယား ဖြစ်နေတာ
မဟုတ်ဘူး နင်သိထားဖို့က"

"ကဲ ... ပြောပါ၊ အခု ဘာအလုပ်ရှုပ်နေလဲ"

"နေစန်းသစ်ကို ထမင်းကျွေးဖို့ ပုစွန်တုပ်ကြီးဟင်းချ
တယ်၊ နင်လုပ်လို့ ဟင်းအိုးကပ်တော့မယ်၊ ကဲ ...
နောက်အပတ်မှ လာရင်လည်းလာ"



စိမ်းသက်မီသည် တမင်တကာညစ်ပြီး ဖုန်းကို တကယ်ချပစ်လိုက်ပါသည်။ ဟိုဘက်မှာ နှင်းဆီတင်တော့ တဆွေ့ဆွေ့ကို ခုန်နေတော့မှာပါ။

"တူတူ ... တူတူ"

ကဲ ... ကြည့်တော့။

သင်းပဲ မရမကပြန်ခေါ်လေသလား၊ ထိပ်တော့ထွေးလားတော့မသိ။

"ဟယ်လို"

"ဟဲ့ မိစိမ်း၊ ငါပါ ထွေးပါ"

အသံနွဲ့နှောင်းနှောင်းလေးနှင့် ထိပ်ထားထွေး။ ဒီမိန်းမ ဒီလိုပဲ ဒီလိုအိညှောင်ကျွားလားနဲ့ပဲ ကိုကိုမောင့်ကို မခုတ်တတ်တဲ့ ကြောင်ကလေးလို အမြဲချွဲပျစ်နေတာ။

"ပြော ... ပြော"

"ငါ နင့်ဖုန်းကို ခေါ်နေတာ မအားဘူး၊ နင် ဘယ်သူနဲ့ ပြောနေတာလဲ"

"ဘယ်သူရှိမလဲ မိနှင်းဆီပေါ့၊ စနေတနင်္ဂနွေဆိုရင် နင်နဲ့ နှင်းဆီပဲ ငါ့ဆီဖုန်းဆက်နေတာ တစ်ယောက်တစ်လှည့်နဲ့၊ အနှစ်နှစ်ဆယ်စလုံးများ အသံတိုက်နေခဲ့ပြီးတော့ ခုတော့လည်း ဖုန်းဆက်စရာကိစ္စတွေက ရှိနေလိုက်ကြတာ၊ စနေတနင်္ဂနွေတိုင်းပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီရက်က နင်အားတယ်ဆိုပြီး ဆက်တာပါဟဲ့"

"နင်ကော အောဖ်မို့လို့လား"

"ဒီနေ့တော့ အောဖ်မဟုတ်ပါဘူးဟာ၊ ငါ ဆေးရုံကဆ

နေတာပါ။ နောက်တစ်ပတ်စနေနေ့တော့ ငါ ဂျူတီအော

လေ၊ ညနေတော့ ဆေးခန်းတွေရှိတယ်၊ မနက်ပိုင်း နင့်

ငါ လာမလို့"

"ဘာကိစ္စနဲ့လဲ"

"တီချယ်ဒေါ်ဝင်းဝင်းအေး နေမကောင်း ..."

"အမယ်လေးနော် ... အမယ်လေး ... တီချယ်လ

အကြောင်းပြကောင်းကြီးကိုဖြစ်လို့၊ တီချယ်နေမကော

တာ နင်က ဘာလုပ်မလို့လဲ"

"ငါ နင့်ဆီ အလှူငွေလာကောက်မှာ"

"နင်က အဲဒီအလုပ်မျိုးတွေလုပ်လို့လား၊ အဲဒါ မမြင့်မြင့်

တို့လုပ်နေကျဟာတွေ မဟုတ်လား"

"အေး ... ခုလည်း နင့်ဆီကကောက်ပြီးရင် မမြင့်မြင့်ဦး

ပဲ ပေးလိုက်မှာပါ"

"နင်နဲ့ နှင်းဆီ လုကောက်ကြတော့မှာပေါ့ ဟုတ်လ

ဟိုမိန်းမကလည်း ငါ့ဆီက တီချယ့်အတွက် အလှူ

နောက်အပတ်လာကောက်မယ်တဲ့ ခုပဲပြောတာ"

"ဟုတ်လား သုံးယောက်ဆိုတာပေါ့၊ ကောင်းသားပဲ"



"နှင်းဆီ ကောက်မယ်ဆိုရင်ပြီးရော၊ ငါ မလာတော့ဘူးလို့

များ ပြောမလားလို့၊ တစ်ယောက်ကောက်ရင် ရပြီလေ"

"ဘာပဲဖြစ်ဖြစ် နင့်အိမ်လည်း ရောက်ဖူးသွားတာပေါ့ဟယ်၊

တစ်ခါမှ မရောက်ဖူးဘူး မဟုတ်လား"

"နင်တို့ တော်တော်တရားကျဖို့ကောင်းတဲ့ မိန်းမတွေနော်၊

နေဝန်းသစ် ငါ့အိမ်မှာ ပန်းချီသင်တန်းရှိတဲ့နေ့မှ များ

တမင်တကာ ရွေးပြီးလာကြသလားလို့၊ သိပ်ပြီးဟန်ဆောင်

ကောင်းမနေကြပါနဲ့ဟာ၊ တစ်ယောက်ရဲ့ဟိုးဗိုက်ထဲအထိ

တစ်ယောက်သိခဲ့တာ ငယ်ငယ်ကတည်းကပါဟာ"

"သိရင်လည်းပြီးတာပဲဟာ၊ ငါတို့သုံးယောက်နဲ့ နေဝန်းသစ်

နဲ့ အတူတူဆုံရတာလည်းပဲ တစ်မျိုးကောင်းတာပဲမဟုတ်

လား၊ သူ့ကို ပိုအကဲခတ်လို့ရတယ်"

"ဘာတွေအကဲခတ်ဦးမှာလဲ၊ သူဟာ ကိုမောင်ထက်ယဉ်စား

ပဲ၊ နင်တို့ ဘာမှ သိပ်သံသယရှိမနေနဲ့၊ သံသယရှိနေရင်

လည်း သူနဲ့ မဆက်ဆံကြနဲ့"

"နင်တစ်ယောက်ပဲ ဆက်ဆံမယ်ပေါ့"

"ဟုတ်တယ်လေ၊ ငါက သူ့ကို ယုံကြည်တာပဲ"

"ငါလည်း ယုံကြည်တဲ့ဘက်က များပါတယ် စိမ်းရယ်၊

ယုံတယ်ပဲပြောပါတော့ဟာ၊ ဒါပေမဲ့ လူဝင်စားဆိုတာကို

တကယ်တပ်အပ်ကြီး မကြုံဖူးလို့ ဇဝေဇဝါဖြစ်နေမိတာပါ၊

ယုံယုံမယုံယုံဟယ် သူ့ကိုမြင်ရတာ ကိုမောင် ပြန်ရှင်သန်

www.burmeseclassic.com

www.burmeseclassic.com



လာသလိုပဲ၊ ရုပ်ချင်းမတူပေမယ့် အထဲကစိတ်ဓါတ်ဉာဉ်ချင်း တူလို့ပဲလား မသိဘူး၊ တစ်ခါတလေ သူ့ကို ကိုမောင်လို့ တောင် အထင်မှားမိတယ်"

"ထွေး ... နှင့်ကို သူ ထူးထူးခြားခြား ဘာပြောသေးလဲ"

"ဘာမှမပြောပါဘူး၊ ဘာကိုဆိုလိုတာလဲ"

"ဟိုလေဟာ ... သံယောဇဉ်မကုန်တဲ့ စကားမျိုးပေါ့နော် အဲလိုမျိုး"

"အဲလိုစကားမျိုး မပြောပါဘူး"

ထိပ်ထားထွေးက ခဏတိတ်သွားပြီးမှ ...

"ဘာလဲ ... နှင့်ကို ပြောလို့လား"

"မပြောပါဘူး"

"နှင် မှန်မှန်ပြောနော် မိစိမ်း၊ ဒါဖြင့် ဘာဖြစ်လို့မေးတာလဲ"

"ဒီလိုပဲသိချင်လို့မေးတာပေါ့ဟဲ့၊ ငါ့ကိုတော့ ဟိုးအရင်က အတိတ်အကြောင်းအရာစကားတချို့ပြောပေမယ့် ခုလော လောဆယ်အတွက်တော့ အဲသလိုသံယောဇဉ်စကားတွေ မပြောပါဘူးဟာ၊ ငါက ငါများ ကလေးအမေမုဆိုးမဖြစ် သွားလို့ မပြောတာလား နှင်တို့ကိုတော့ ပြောသလားလို့ သိချင်လို့ပါ"

"ငါ့ကိုလည်း မပြောပါဘူးဟာ"

* ❤ *





နှင်းဆီတင်နှင့် ထိပ်ထားထွေးတို့ရဲ့ ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့် ခြံထဲဝင်လာကြပါသည်။ ကားပေါ်ကနေ ခြင်းကြီးခြင်းငယ် ချိုင့်ကြီးချိုင့်ငယ်နှင့် ဆင်းလာကြတဲ့ နှင်းဆီတင်နှင့် ထိပ်ထားထွေးကို စိမ်းသက်မိက အိမ်ပေါက်ဝမှမဲ့ရွဲ့ရင်း ...

"ဟဲ့ ... နှင်တို့ ဘုန်းကြီးကျောင်းနဲ့များ မှားဝင်လာလား"

"ဘာဖြစ်လို့လဲ"

"လက်ထဲမှာ ဆွမ်းချိုင့်တွေလားလို့ပေါ့"

"နှင်နော် ငရဲကြီးဦးမယ်"

"ဒါဖြင့် အနှစ်နှစ်ဆယ်ကွဲကွာပြီး ပထမဦးဆုံးအကြိမ် ငါ့အိမ်ပေါ်တက်အလာမှာ ဒီချိုင့်ကြီးချိုင့်ငယ်က ဘာလုပ် ကာလဲ"

နှင့်အိမ်ရောက်တုန်း နှင်နဲ့ငါတို့နဲ့ ထမင်းလက်ဆုံစားရ အောင်ပေါ့၊ မစားရတာကြာပြီမဟုတ်လား၊ ထွေးလည်း ဒီလိုပဲ ငါတို့ အကြံတူနေတာ နေမှာပေါ့"

"ဪ ... ငါစားဖို့ပေါ့"

"နှင့်အိမ်မှာ ထမင်းစားဖြစ်မှတော့ဟာယ် ထမင်းဝိုင်းက လူကုန်အတွက်ပေါ့၊ နှင့်သားလေးလည်း တူတူစားကြတာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသက်မီက နှုတ်ခမ်းကိုမဲ့ကာ မရယ်ချင့်ရယ်ချင် ရယ်ရင်း ...

"နေ၀န်းသစ်အတွက်ရော မပါဘူးလား"

ထိပ်ထားထွေးက မျက်နှာလေးရှုံ့တိုးရှုန့်တန့်နှင့် ...

"နေ၀န်းသစ်က ငါ့ဆီ ဆေးရုံကို လာလာပြီး စားစရာ သောက်စရာတွေ လာလာပို့ပေးတာ မနည်းတော့ဘူးဟဲ့၊ ဒီတော့ ငါလည်း တစ်ကြိမ်တလေ သူ့ကိုပြန်ကျွေးသင့် တယ်မဟုတ်လား၊ နင့်အိမ်မှာ နေ၀န်းသစ် မနက်စာထမင်း စားနေကျဆိုတာသိလို့ ထမင်းစားအမီ တမင်တကာထည့် ယူလာခဲ့တာပါဟယ်"

"အဲလို ပွင့်ပွင့်လင်းလင်း ပြောတော့လည်း ပြီးတာပဲ၊ နှင်းဆီ ကတော့ ငါနဲ့ ငါ့သားပဲ စားဖို့ဆိုတော့ နင့်ချိုင့်ကို ဖယ် ထားလိုက်မယ်၊ ညစာကျမှ ငါစားပစ်လိုက်မယ်"

နှင်းဆီတင်က မျက်နှာသုန်မှုန်သွားကာ ...

"နင် အဖော်ကတတ်ဖိုးကတတ်ဖွဲ့ လုပ်တယ်ပေါ့ ဟုတ်လား မိစိမ်း၊ အဲလိုလုပ်ရတာ ပျော်တယ်ပေါ့၊ စကားဆိုတာ ကြားကောင်းအောင်တော့ ပြောရသေးတာပေါ့ဟဲ့"

"ငါတို့ကြားမှာ ကြားကောင်းအောင်ပြောနေစရာမလိုပါဘူး ဟာ၊ အမှန်အတိုင်းပြောဖို့ပဲ လိုတယ်"



"ဟုတ်တယ်ဟယ်၊ နေ၀န်းသစ်စားဖို့ ချက်လာတယ်၊ နင် ဒါပဲကြားချင်တာမဟုတ်လား၊ ဒီလိုပြောမှကျေနပ်မှာ လား"

"မကျေနပ်ပါဘူး၊ ငါ့သားကို ပန်းချီလာသင်ပေးလို့ ငါက ကျေးဇူးတင်တဲ့အနေနဲ့ ထမင်းကျွေးတာ၊ ထွေးကလည်း သူ့ကို ကျွေးတာများလို့ ပြန်ကျွေးတာတဲ့၊ နင်ကကျတော့ ဘာကြောင့်ကျွေးမှာလဲ၊ နင့်လက်အောက်ငယ်သား နင့်ဝန် ထမ်းကို နင် ဒီလိုချိုင့်ကြီးချိုင့်ငယ်သယ်ပြီး ဘယ်သူ့ကျွေး ဖူးလို့လဲ၊ နင်က ကျွေးစရာအကြောင်းမရှိဘဲနဲ့ ကျွေးတာ"

"အောင်မာ ... ငါ့ကျမှ ဘာကြောင့်အကြောင်းမရှိရမှာလဲ၊ ယုတ်စွအဆုံးဟယ်၊ နင်တို့နှစ်ယောက်ပဲ လုယက်ကျွေးနေ ကြပြီး ငါက မကျွေးဘဲနေရင် ငါ့ကို ကပ်စေးနည်းမ မသ ထားလို့ မကျွေးဘူးထင်နေဦးမယ်၊ နင်တို့ပဲ သူနဲ့ပြေလည် ငါ့ကျ မပြေလည်စေချင်တဲ့ သဘောလား"

"နင်ကကော ပြေလည်ချင်လို့လား၊ နင်ပဲ မယုံသင်္ကာတွေ ဖြစ်နေပြီးတော့"

နှင်းဆီတင်က ထမင်းစားခန်းထဲ သူ့အိမ်သူ့ရာလို ခပ်ပိုင်ပိုင်ဝင်သွားပြီး ချိုင့်ကို စားပွဲပေါ်တင်လိုက်ပြီး ...

"ငါ မနက်လေးမှာ ရုံစမ်းခိုင်းထားတာ သိရပြီ"

"ဘာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာတွေ အကုန်မှန်တယ်၊ အမေက ဦးနေသစ် အမေက ဒေါ်ခင်ဖြူစင်၊ '......'ဟိုတယ်ပိုင်တယ်၊ ချမ်းသာကြတယ်၊ အနုပညာတထဲက မဟုတ်ဘူးဟဲ့"

"ငါက သူ့ဥပဓိရုပ်မြင်ပြီးကတည်းက လူလိမ်လူညာမဖြစ်နိုင်တာသိပြီးသား၊ နင့်လို လှမ်းစုံစမ်းနေဖို့တောင် မလိုဘူး"

"ဒီလိုမိန်းမျိုးပေါ့၊ အလိမ်ခံထိတော့မှ ဒူးနဲ့မျက်ရည်သုတ်နေရမှာ၊ မျက်စိမှိတ်ပြီး ယုံစရာလား၊ စုံစမ်းတာ ဘာဖြစ်လဲ"

"ကဲ ... တော်ပါတော့ဟာ၊ နင် စုံစမ်းပြီးလို့ သူ့ကို အမှန်အကန်လို့သိရပြီးရင် ပြီးတာပဲ မဟုတ်လား"

"ငါစုံစမ်းတာက သူ့နာမည် သူ့မိဘ သူ့စီးပွားရေး သူ့နောက်ခံကို စုံစမ်းတာလေ၊ သူက လူဝင်စားဟုတ်မဟုတ် ဆိုတာတော့ ဘယ်လိုစုံစမ်းမှာလဲ၊ ဒါကိုတော့ အတိအကျ ဘယ့်လိုမှ မသိနိုင်ဘူး"

စိမ်းသက်မီက နင်းဆီတင်ကို စိတ်မရှည်သလို ခွေကြည့်ကာ ...

"ကဲ ... လူဝင်စားဟုတ်ရင် ဘာဖြစ်လဲ၊ မဟုတ်ရင်ကော ဘာဖြစ်လဲ၊ ဟုတ်လည်း ဒီတိုင်းပဲ မဟုတ်လည်းဒီတိုင်းပဲ၊ ဘာမှထူးလာတာလဲ မဟုတ်ဘဲနဲ့"



"ဟဲ့ ... မဟုတ်ရင် သူက ဘာကြောင့် လူဝင်စားပါလို့ အသိပေးပြီး ချဉ်းကပ်လာသလဲ ဆိုတာ အကြောင်းရင်းတစ်ခုခု ရှိရတော့မှာပေါ့၊ သူ ဘာကိုစုံစမ်းဖို့လာသလဲ ဆိုတာ ငါတို့ စဉ်းစားရတော့မှာပေါ့၊ ပေါ့ဆလို့မရဘူး"

"စုံစမ်းဖို့ !"

ထိပ်ထားထွေးက ဇဝေဇဝါရေရွတ်ရင်း ...

"ငါတို့ဆီက သူကဘာများစုံစမ်းလို့ရမှာလဲဟယ်၊ ဘာစုံစမ်းစရာရှိလို့လဲ၊ ငါတို့က ကိုယ့်ဟာနဲ့ကိုယ် ကိုယ့်ဘဝကို အေးအေးချမ်းချမ်း သိက္ခာရှိရှိဖြတ်သန်းနေတဲ့ အမျိုးသမီးတွေပဲ၊ လူဆိုးဂိုဏ်းကြီးတွေ မှောင်ခိုရာဇဝတ်ကြီးတွေ ဘိန်းဘုရင်ကြီးတွေမှ မဟုတ်တာ၊ ဘာစုံစမ်းစရာရှိလို့လဲ"

"ဩော် ... စကားအဖြစ် ပြောရတာပေါ့ဟယ်၊ သူရောက်လာပုံက သမားရိုးကျမဟုတ်ဘဲ ထူးဆန်းတယ် မဟုတ်လား"

စိမ်းသက်မီက ဟင်းချိုင့်တွေလွယ်နေသော အကြည်ဘက်လှည့်၍ ...

"အကြည်ရေ ... ပန်းချီချိန် ပြည့်တော့မယ်၊ နေ့ဝန်းသစ်ဖို့ ရေနွေးကြမ်းလေးနှပ်ထားလိုက်တော့ ကောက်ညှင်းမွေးလေးနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက်ပုံစံလေးနှင့် ပြောလိုက်တဲ့ စိမ်းသက်မီကို နှင်းဆီတင်က 'သည်းရန်ကော' ဆိုတဲ့အကြည့်မျိုးနှင့် မလိုတမာ ကြည့်သည်။ စိမ်းသက်မီက အနေခက်သွားသလိုလေးနှင့် ...

"နေဝန်းသစ်က မန္တလေးသားလေးမို့လားမသိဘူး၊ ရေနွေး ကြမ်းသောက်တတ်တယ်၊ ထမင်းစားရင်း ရေအေးမသောက် ဘူး ရေနွေးကြမ်းပဲ သောက်တတ်တာဟဲ့"

"ဟော ... အဲဒါကွဲလွဲချက်ပဲ"

နှင်းဆီတင်က စားပွဲကို လက်ဝါးနှင့်ပုတ်ရင်း ပြော လိုက်ကာ ...

"ကိုမောင်က အအေးသိပ်ကြိုက်တာ၊ ရေဆိုရင်တောင် ရိုးရိုးရေမသောက်ဘူး၊ အအေးနေမှလေ၊ ရေနွေးကြမ်းဆိုတာ သူ လုံးဝမကြိုက်တဲ့ဟာပဲ"

"အဲဒီတော့ ဘာဖြစ်လို့လဲ"

"ကွဲလွဲနေပြီလေ၊ ကိုမောင် ဝင်စားတာ မဖြစ်နိုင်ဘူး"

"ဝင်စားတယ်ဆိုတာနဲ့ရော အရင်ဘဝကအတိုင်း အပြုအမူ အကျင့်အကြံ ခလေ့စရိုက် အစားအသောက်ကအစ တစ်ရာ မကျန် အဖိုးမတ်ချတူပါ့မလား နှင်းဆီရယ်၊ အဲလိုတော့ မဟုတ်ဘူးထင်တယ်၊ အရင်ဘဝရဲ့အဖြစ်အပျက်အကြောင်း အရာတချို့ကို ပြန်မှတ်မိနေတာကလွဲရင် အမေအသစ် ဗိုက်ထဲက ထွက်လာတဲ့ လူအသစ်မို့ဟာ ကွဲလွဲတာရှိဦးမှာ ပေါ့"



"ဟော"

စိမ်းသက်မီက ထမင်းစားပွဲမှ ထ,ရပ်လိုက်ရင်း အိမ်ရှေ့ဘက် မျှော်ကြည့်ကာ ...

"လာပြီ၊ သင်လို့ပြီးပြီ"

သူတို့သုံးယောက်လုံး ညှိမ်နေးဘက် ခပ်သွက်သွက် ထွက်လာပြီး နေဝန်းသစ်ကို ဆီးကြိုလိုက်ကြပါသည်။

"ဟာ ... လိုနေ့တောင်လန့်သွားတယ်၊ မမနှင်းဆီရော၊ မမ ထွေးရော ရောက်နေတာကိုး"

ထိပ်ထားထွေးက နူးညံ့ဖြူစင်သောအပြုံးလေးနှင့် ...

"ဟုတ်တယ်၊ စိမ်းအိမ်မှာ စနေ တနင်္ဂနွေဆိုရင် နေဝန်း သစ် ထမင်းစားတတ်တာ သိတာနဲ့ ဟင်းချက်လာတာ၊ ဆေးရုံကို မင်းလာကျွေးတာချည်းစားနေရတာ မဟုတ်လား၊ မမထွေးက လူကြီးဖြစ်ပြီး ကိုယ်ကျွေးတဲ့အလှူညီမရှိသေး ဘူးဖြစ်နေတော့ ကြိုကြိုက်တုန်း စားစေချင်တာနဲ့ ..."

မင်းတော့ ကြိုက်မကြိုက်မသိပေမယ့် ကိုမောင်က တော့ဆိတ်သားကို အနှစ်လေးတွေနဲ့ အိအိလေးနပ်တာကို အရမ်းကြိုက်တာ၊ မီးအေးအေးလေးနဲ့ တစ်နေကုန်နပ်ထား တာလေ၊ နောက် ငါးသလောက်ပေါင်းဆိုလည်း ကိုမောင် သိပ်ကြိုက်တာ၊ ကင်းကင်းငါးသလောက်ဆုချုကြီးတွေ Patientတစ်ယောက်ဆီက အစစ်ရတာနဲ့ ဖေါ်းလင်လေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလာတယ်၊ ငါးသလောက်ပေါင်း ကျိုးတူးတူးလေး…
ကြိုက်လားမသိဘူး”

နှင်းဆီတင်သည် ထိပ်ထားထွေးရဲ့ ချိုချိုသာသာ… တီတီတာတာပြောနေတဲ့အသံကို အမြင်ကတ်သလို မျက်လုံး… ပြူးပြီးကြည့်နေပါသည်။ ကိုမောင့်တုန်းကလည်း သင်းပဲအချွဲ… အသံက အီညှသလား မမေးနဲ့။

ဒီအသံ ဒီအပြောအဆိုတို့နဲ့ပဲ ကိုမောင့်ကို ဆွဲ… ဖြားယောင်းတာပဲလေ။

ကိုမောင့်တုန်းက ထားပါတော့ ကိုယ်က ဆယ်… သက်ကလေးပဲဖြစ်နေလို့ ကိုယ့်ထက်ကြီးတဲ့သူကို အချွဲပို… ကြည့်ကောင်းပါသေးရဲ့။ ခုတော့ အသက်က လေးဆယ်နားကပ်… များ ခေါက်ချိုးယယ်တဲ့ ကောင်ကလေးကိုပြောတဲ့ အသံက … နှယ်ဖြစ်နေရတာလဲ။

ကိုယ်လည်းမပြောတတ် ပြောမထွက်၊ ပြောတဲ့သူ… လည်း အမြင်တွေကတ်ကာ နားမခံသာဖြစ်နေပါသည်။

“အား … ကြိုက်တာပေါ့၊ ငါးသလောက်ပေါင်းတို့ ဆီ… သားနပ်တို့ဆိုတာ ကျွန်တော်အကြိုက်ဆုံးဟင်းတွေပဲ… မမထွေးရဲ့၊ တကယ်ကြိုက်တာ၊ အားရပါးရစားမယ်၊ … သလောက်ပေါင်း ကျိုးတူးတူးလေးတွေကို ထမင်းနဲ့န… စားရင် အရမ်းအရသာရှိတာ”



နှင်းဆီတင်က နေဝန်းသစ်ကိုပါ မျက်စောင်းထိုးကြည့်မိသည်။ သောက်ကျိုးနဲ့။ ဘုန်းကြီးရှူးနဲ့လေလွှားပဲ။ ဒီဘက်က တုံ့ပြန်တဲ့အသံကလည်း အသက်ပါလှသည်မှာ မစားရသေးဘဲနဲ့တောင် စားသောက်ပြီးလို့ အဆီတောင်ရစ်နေတဲ့အသံမျိုး။

“ထမင်းစားပြီးရင် သောက်ဖို့တော့ သံပရာသီးလေးကို ကောင်းကောင်းဖျော်မှပဲ အကြည်ရေ အခွံဘက်ကပါလှည့်ပြီးညှစ်ထည့်၊ ချိုချဉ်မွှေးလေးပေါ့၊ ဒီနေ့အဖို့တော့ ဟင်းတွေက ရှယ်ချည်းမို့ စားပြီးရင် အဆီရစ် သွေးတက်တော့မယ်နဲ့ တူတယ်”

တစ်ယောက် တစ်ပေါက် ဖော်ရွေနေသံကြားထဲမှာ အသံထိတ်နေတဲ့ နှင်းဆီတင်ကို နေဝန်းသစ်က လှမ်းကြည့်ရင်း …

“မမစိမ်းလက်ရာကတော့ မကြာမကြာ စားနေရတာ၊ မမထွေးလက်ရာတော့ ဒီနေ့သိရမယ်၊ မမနှင်းဆီလည်း မစားရတာကြာတဲ့ သူငယ်ချင်းတွေလက်ရာကို မြည်းပေါ့”

“အောင်မာ … ငါက သူများဟင်းနဲ့စားဖို့လာတာမဟုတ်ဘူး၊ ငါမှာလည်းဟင်းချိုင့်ပါတယ်၊ ငါးရံ့အချက်လာတယ်၊ ကြက်ပေါင်ချည်းပဲ ရိုးစ်လုပ်လာတယ်”

နှင်းဆီတင်ကား သင်းကလေးကို သူများထက် လျှော့သော ကျွေးလိုမွေးလိုစိတ် အမှန်ရှိပေမယ့် နှုတ်ကတော့

www.burmeseclassic.com



ပျူငှာချွဲနွဲ့မဆိုတတ်ပေ။ ဘောက်ဆတ်ဆတ် စိမ်းတောင့်တော သာပြောတတ်ပြီး ဟိုတုန်းကကော အခုကော ကိုယ်ဟာ နားဝင် ဖွယ်ရာစကားတို့နှင့် ကိုမောင့်ကို (သင်းကလေးကို) မဆွဲဆောင်နို ပါလားရယ်လို့ ဝမ်းနည်းအားငယ်ချင်သလို ဖြစ်မိလေသည်။

"ကြက်ပေါင်ရိုးစ်က ဟိုတုန်းက အန့်တီလုပ်ကျွေးတ အရမ်းကောင်းတာ၊ မမနှင်းဆီ အန့်တီ့လက်ရာမီရင်တော စားကောင်းဦးမှာပဲဗျာ"

ဟုတ်သည်။ ပန်းချိုကို နှင်းဆီတင်အိမ် စုရပ်လုပ်ပြ သင်ခဲ့ကြတာမို့ ထမင်းစားဖြစ်လျှင် နှင်းဆီတင်အိမ်မှာချည်းပင် နှင်းဆီတင် အမေကလည်း ဘိုစာကောင်းကောင်းလုပ်တတ်သည် စိမ်းနှင့် ထွေးက ကိုမောင့်ကိုကျွေးချင်တာရှိရင် အိမ်ကယူလာရတာ ဒါကိုလည်း သူ မှတ်မိသားပဲကိုး။

"ကဲ ... ကဲ ... စားကြစို့"

ထမင်းဝိုင်းတွင် သားလေး သက်ထွန်းမောင်ကတော့ အကြည် နွယ်ပေးခွံ့ကျွေးနေကျမို့ အကြည်နှင့်ပဲ စားပွဲတစ်ဖက်ထိ မှာ ပြီးနေပါသည်။ အမျိုးသမီးသုံးယောက်တို့မှာတော့ တစ်ယောက် တည်းသော ယောကျ်ားပျို နေဝန်းသစ်ကို သူ့ထက်ငါ အပြိုင်အဆို အလုအယက်လို့ ဆိုရမလောက် ဟင်းခပ်ပေး အရိုးထွင်ပေး အသာ နွှင်ပေး ရေနွေးထည့်ပေး တစ်ရှူးယူပေးနှင့် မျက်စိနောက်ရလောက် အောင်ပင်။



တစ်ယောက်တည်း ဆိုရင်တော့ စိမ်းသက်မီလည်း လောက်ကြီး အနီးကပ် မြှုစုယုယပြီးမကျွေးဝါ။ ခုလိုကျတော့ သုံးယောက်ဆုံနေတော့ ကိုယ်ကမှ မပြုစုမယုယရင် ကိုယ်နဲ့ပဲ မ်းပြီး နောက်ကောက်ကျ ကျန်ရစ်ရတော့မလိုကို အပြိုင်အဆိုင် ဖြစ်နေတာမို့ ဗိုပိုသာသာ လွန်လွန်ကဲကဲ လုဂရုစိုက်နေကြတာ ပင်။

"အား ... အခုနေ ကျွန်တော့်ကို တစ်ခုခုထပ်ကျွေးမယ့်သူ ပေါ်လာရင်တော့ အဲဒီလူကိုတောင် သတ်ပစ်မိတော့မယ် ထင်တယ်"

သံပရာရည်ပါသောက်ချအပြီး ဗိုက်ကလေးပွတ်ရင်း ပြောတဲ့လူရွယ်ကလေးကို အမျိုးသမီးသုံးယောက်တို့သည် ချစ်စနိုး ယ်မောကျိုစယ်ကြလေသည်။ သူတို့မျက်စိထဲမှာ ဒီကောင်လေး ာ ကိုကိုမောင်နှင့် ရုပ်ချင်းမဆင်တူပေမယ့် ကိုယ်နဲ့ တစ်နည်း စ်ဖုံ ပတ်သက်စပ်ဆိုင်တဲ့သူလို့ပင် ထင်မြင်ပါသည်။

ကိုယ့်ရဲ့ဆိုင်သူ။ သူ့ဟာသူ ကြီးကြီး ငယ်ငယ်၊ ယ်နှင့်သက်ဆိုင်သူကတော့သက်ဆိုင်သူပဲ။ မသက်ဆိုင်လိုလျှင် ျှ ဘက်ကလည်း ဇာကူးဇာကရာဖွေပြီး အရောက်လာဖို့မရှိဘူး ။ ကိုယ်တွေမှာလည်း ကိုယ့်အရွယ်နှင့်ကိုယ် ခပ်တန်းတန်း နေရုံသာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သံယောဇဉ်တွေမကုန်ဆုံးလို့ကို၊ စွဲလမ်းမှု ကို မေ့မရသေးလို့ကို သူတို့ရဲ့ရင်ခုန်သံတွေ အသစ်တစ်ဖန်မွေး ထွေးကြရတာပဲ မဟုတ်လား။

နေဝန်းသစ် ပြန်သွားလျှင် ထိပ်ထားထွေးနှင့် နှင်း ဆီတင်တို့ပါ ပြန်ရန်ပြင်ဆင်ရင်း ညှော်ခန်းတစ်နေရာမှာထော ထားတဲ့ စိမ်းသက်မီရဲ့ပုံတူပန်းချီကိုတွေ့ကာ ...

"ပန်းချီပါရမီပါတာအစ တူနေတာနော်၊ ဒါကတော့ လိ ညာလို့မရတာ၊ သူလည်း တကယ့်ကို ပန်းချီတော်တာ နော် နှင်းဆီ"

နှင်းဆီတင်က စိမ်းသက်မီရဲ့သားလေး သက်ထွ မောင်ကို ကြည့်ကာ ...

"နင့်သားကကော တကယ်ပန်းချီဝါသနာပါတာလား၊ န က အတင်းတိုက်တွန်းပြီး ဆရာခေါ်သင်တာလား"

"အောင်မာ ... နေဝန်းသစ် ရောက်လာမယ်လို့ ဘယ်သ က ကြိုသိလို့ အတင်းတိုက်တွန်းပြီး ခေါ်သင်ရမှာလဲ၊ သူ ဟာသူ ဝါသနာပါတာဟဲ့၊ နင် တော်တော်သူများ မကောင်းတွေးတတ်ပါလား နှင်းဆီရယ်"

သက်ထွဋ်မောင်လေးက သူ့အမေပေါင်ပေါ်ထိုင် ရာမှ ...



"မေမေ ... မေမေ ... ဒီနေ့ ဆရာ ပန်းချီသင်နေတုန်း ဆရာ့ဆီ ဖုန်းလာတယ်သိလား၊ ဆရာ့ကို ရဲကဆက်တာ"

"ဟင် ... ဘာ၊ စိမ်း နင့်သား ဘာပြောတာလဲ၊ ရဲကတဲ့"

နှင်းဆီတင်က အလန့်တကြားမေးပါသည်။

"ဟုတ်တယ် အန်တီ၊ ဆရာပြောတာ သားကကြားတာ၊ ရဲလားတဲ့၊ ရဲဘယ်တော့လာမှာလဲတဲ့၊ အဲဒါ ရဲကဆက်တာပေါ့"

နှင်းဆီတင်ရဲ့ပင့်တင်ထားတဲ့မျက်ခုံးကြီး ပြုတ်ကျပြီး သက်ထွဋ်မောင်ကို ပွစိပွစိလုပ်လိုက်တာကို စိမ်းသက်မီနှင့် ထိပ်ထားထွေးတို့ ပြုံးစိစိဖြစ်ရသည်။

* ❤ *

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားဖွေး သည်ခမ်းနားလှတဲ့ အိမ်ကွင်းအပြင်အဆင်ကို မျက်လုံးလေးဝေ့ဝဲ အကဲခတ်ကြည့်ရှုမိတာ ...

"နေဝန်းသစ်က အခု ဒီမှာ အဘွားနဲ့နေတာပေါ့"

"ဟုတ်ကဲ့ မမဖွေး"

"မိဘတွေကတော့ မန္တလေးမှာပဲပေါ့"

"ဟုတ်ကဲ့"

"ဒါဖြင့် မင်း ရန်ကုန်ကို မလာခင်တုန်းက အဘွားက သူ့ဟာသူ တစ်ယောက်တည်း နေတာပေါ့"

"ဟုတ်၊ အဘွားက ဒေါ်ကြီးမှုန်နဲ့ နှစ်ယောက်တည်းနေတာ၊ အဘွားက အသက်ခြောက်ဆယ့်လေးနှစ်ပဲရှိသေးတာ၊ ကျန်းလည်းကျန်းမာတယ်လေ၊ ခရီးလည်းသွားသလားမမေးနဲ့ ဘာရောဂါမှမရှိဘူး၊ ခုမှပဲ"



"အခုကလည်း အစားလေးနည်းနည်း မသန့်လိုက်လို့ပါ၊ ခဏနေ ကောင်းသွားမှာပါ၊ Food poison သဘောပဲပေါ့"

ထိပ်ထားဖွေးက နေဝန်းသစ်ရဲ့အဘွား ဒေါ်ခင်ခင်ချိုရဲ့လက်ကကဒရစ်ပ်ပိုက်ကို ဆေးရည်စက် အနေအမြန် တစ်ချက်ချိန်ချိန်လိုက်ပါသည်။ အဘွားက မောပန်းနွမ်းလျှစွာ အိပ်မောကျနေပါသည်။

"မမဖွေး ဆေးခန်းမထိုင်တာ ဒီတနင်္ဂနွေတစ်ရက်တည်းဆို၊ ဒီရက်လေး ကျွန်တော့်ကြောင့် မနားရဘူး ဖြစ်သွားပြီ အားနာလိုက်တာ"

"ခြည်ဘ် ... အားနာစရာမဟုတ်ပါဘူး နေဝန်းသစ်ရယ်၊ မိတ်ဆွေချင်း ကူညီရမယ့်ဝတ္တရား ရှိပါတယ်"

ဒီနေ့အဖို့ နေဝန်းသစ် အပြင်ကိုရောက်နေတုန်းမှာက ဒေါ်ကြီးမှုန်ထံမှ ဖုန်းဝင်လာတာဖြစ်သည်။ အဘွား အီးသည်းပန်း၊ အန်လည်းအန်ကာ မျော့ပြီးချွေးစေးတွေထွက်လျက် ရောက်ရာထဲ လဲနေသည်ဆိုတာပင်။ နေဝန်းသစ် ချက်ချင်း အိမ်ပြန်ပြီးကာ အိမ်မှာအသင့်ရှိတဲ့(သူ မနက်စောစောထ,ပြေးပြီး ပြန်ရောက်တဲ့အခါ သောက်နေကျ) ဓာတ်ဆားထုပ်ပဲ ဖျော်တိုက်ထားကာ ထိပ်ထားဖွေးဆီ တန်းပြီးဖုန်းဆက်လိုက်မိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းခေါ်သွားဖို့က အဘွားပုံစံကြောင့် ချိုပွေ့သွားရတော့မယ့် အနေအထား။ အသက်ကြီးသူမို့ ဆေးရုံဖမ်းတင်ထားလိုက်မှာမျိုးလည်း (တတ်နိုင်ရင်တော့) မဖြစ်ချင်တဲ့အတွက် ထိပ်ထားထွေးကို အရင်ဆုံးသတိရလှမ်းပြောလိုက်တာ။ ထိပ်ထားထွေးက ချက်ချင်းပဲ လိုအပ်သည်ထင်တာတွေ သယ်ဆောင်ပြီးရောက်လာပါသည်။

"မမထွေး"

"ဟင်"

"ထမင်းစားမလား၊ ဗိုက်ဆာနေရောပေါ့"

"ဟင့်အင်း ... မဆာဘူး၊ ဆေးခန်းထိုင်ရက်တွေဆိုရင် ညစာစားရတာ အမြဲကိုးလိုးကန့်လန့်လေ၊ မိုးချုပ်တာများတယ်၊ ဒီအချိန်ဆိုရင် သိပ်မဆာသေးဘူး"

"အိုဗာတင်းတစ်ခွက်လောက်သောက်ပါလား၊ မမထွေးက အိုဗာတင်းတို့ မိုင်လိုတို့ ကြိုက်တယ်မဟုတ်လား"

ထိပ်ထားထွေးက အမှတ်တရပြောလာပြန်တဲ့ နေဝန်းသစ်ကို ပြုံးစိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်ပါသည်။

"ဒေါ်ကြီးမှုန်၊ မမထွေးဖို့ အိုဗာတင်းတစ်ခွက်၊ မမထွေး အပူဖျော်မလား အအေးဖျော်မလား"

"အအေးဖျော်ပေးပါ"



"ပြီးရင်တော့ ထမင်းစားပြီးမှပြန်နော် မမထွေး၊ ဒါက ကြာဦးမယ်မဟုတ်လား"

"အင်း ... သုံးနာရီလောက်တော့သွားမှာ၊ ရှစ်နာရီခွဲ ကိုးနာရီမှ ပြီးမှာပေါ့"

"မမထွေး အပြန်မိုးချုပ်ပြီ"

"ရပါတယ် ကိစ္စမရှိဘူး"

နေဝန်းသစ်က ထိပ်ထားထွေးကို ရွှန်းရွှန်းလေးစိုက်ကြည့်နေရင်း ...

"မမထွေး"

"ဟင်"

ထိပ်ထားထွေးက နေဝန်းသစ်ရဲ့အကြည့်ဆန်းကြောင့် ...နည်းပါးပါး ရင်ထဲအနေခက်ပြီး မရမ်းမတော်ဖြစ်လိုက်ရသေးသည်။ ဆန်းဆန်းမဟုတ်ပေမယ့် ရိုးရိုးလည်း စိတ်ဆိုတာ လှုပ်...တဟက်တာပဲလေ။

"ဟိုလေ မမထွေး"

"ပြောလေ နေဝန်းသစ်"

"ကျွန်တော့်မေမေက အသက်လေးဆယ့်သုံးနှစ်ပဲ ရှိသေးတယ်၊ မမထွေးတို့ထက် လေးနှစ်လောက်ပဲ ကြီးတာပေါ့နော်၊ မမထွေးတို့မှာ အသက်အရွယ်အရ ရင့်ကျက်တဲ့ဂုဏ်ပညာဂုဏ်အဆင့်အတန်းတွေနဲ့ တကယ်ဆိုရင် ကျွန်တော့်

www.burmeseclassic.com



လေးစားကြည်ညိုရမယ့် နေရာတွေမှာပါ၊ ဒါပေမဲ့ အခု မမထွေးတို့နဲ့ ဆက်ဆံတဲ့အခါမှာ ကျွန်တော့်ဘက်က မရို မသေ မလေးမစားဆက်ဆံပြောဆိုမိတာမျိုးများရှိခဲ့ရင် ကျွန်တော့်ကို ခွင့်လွှတ်ပါနော်”

ထိပ်ထားထွေးက ပြုံးရင်း ...

“နေဝန်းသစ်က မရိုမသေမလေးစားတဲ့ အပြုအမူအပြော အဆို မရှိပါဘူး၊ တောင်းပန်စရာမရှိပါဘူးကွယ်”

“မမထွေးတို့ အပေါ် ကျွန်တော် ဘာရည်ရွယ်ချက်မှ မထားပါဘူး၊ အဲဒါကိုတော့ မမထွေး ယုံကြည်လက်ခံပေး ပါ”

“ယုံပါတယ်၊ မင်းကို သံသယမကင်း အစိုးရိမ်ကြီးတာက နှင်းဆီပါပဲ၊ ဒါကလည်း သူ့နဂိုဗီဇကိုက aggressiveဖြစ် တတ်တဲ့ Type မို့ပါ”

နေဝန်းသစ်က ခေါင်းငုံ့ကာ ပြုံးပြုံးကလေးပဲထိုင် နေသည်။

“အင်း ... တကယ်တော့ အံ့သြစရာပဲနော်”

“ဘာအလဲဟင် မမထွေး”

“တို့တွေ ကြံဖန်မိတ်ဆွေဖြစ်ဖို့ဖန်လာတဲ့ ကံကြမ္မာပေါ့ တကယ်တော့ တို့အရွယ်တွေနဲ့ မင်းလို နှစ်ဆယ်ပတ်လည် ကောင်လေးတစ်ယောက် ရင်းနှီးခင်မင်ဖို့ဆိုတာ အင်မတ





အခွင့်အလမ်းရှားရှားပါ၊ ဒီအရင်က မင်းက မန္တလေးမှာပဲ တစ်သက်လုံးနေခဲ့တာလား”

“ဟုတ်ကဲ့၊ အဘွားဆီ နှစ်နှစ်ကို တစ်ကြိမ်လောက်တော့ မေမေနဲ့ဖြစ်ဖြစ် ခဏတစ်ဖြုတ်ရောက်ပါတယ်၊ တောက် လျှောက် မန္တလေးမှာပဲ”

“မန္တလေးမှာပဲ ဆယ်တန်းအောင် မန္တလေးမှာပဲအဝေးသင် ပေါ့”

“ဟုတ်ကဲ့”

“ပန်းချီသင်တာကကော”

“မန္တလေးမှာပါပဲ၊ သင်တန်းရယ်တော့မဟုတ်ပါဘူး မမထွေး ရာ၊ ဖေဖေတို့ မေမေတို့နဲ့ ဟိုးအရင်ကတည်းက ခင်မင် လက်စ ပန်းချီဆရာတစ်ယောက်ပါ၊ ဆွေတွေမျိုးတွေလို ခင်ကြတော့ ကျွန်တော်နဲ့လည်း ငယ်ငယ်ကတည်းက သိ ကျွမ်းရင်းနှီးနေ သူ ပန်းချီဆွဲရင် မြင်နေပေါ့ ...

အစကတည်းက ပိုးကလည်းပါနေတော့ မြင်ရင်းနဲ့ပဲ နည်းနည်းပါးပါးတော့ တတ်နေတာပါ၊ အဲဒီဦးလေးဆီမှာ ခဲခြစ်ရင်ဘယ်လို အရောင်သွင်းရင်ဘယ်လို နည်းနည်းပါးပါး သဘောလောက်ပဲပေါ့၊ နီးနီးလေးနေကြတော့ အမြဲသွား ကြည့်နေရင်း လက်ပွန်းတတီးနဲ့ တဖြည်းဖြည်းကျွမ်းကျင် လာတာမျိုးပါ မမထွေးရယ်”



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒါပေမဲ့ လက်ရာက ဝါရင့်ပန်းချီဆရာပါပဲ၊
ဆန်းတယ်နော်၊ ဒီလူသေလို့ ဝင်စားလာတယ် ဆိုတဲ့
တစ်ယောက်ဟာ အရင်လူရဲ့တတ်ကျွမ်းတဲ့ပညာပါရမီ
ပါ သယ်ဆောင်လာနိုင်တာလား ...

တို့သုံးယောက်လုံးမှာ ကိုမောင် ဆွဲပေးခဲ့တဲ့ ပုံ
ကားလေးတွေ ရှိကြတယ်၊ စိမ်းကတော့ မရှိတော့ဘူး
လက်ထပ်ခါနီးမှာ အားလုံးဖျောက်ဖျက်ပစ်လိုက်တော့
ပြောတယ်၊ တို့မှာလည်း ရှိသေးတယ်၊ နှင်းဆီမှာလည်
ရှိသေးတယ်၊ အံ့သြစရာကောင်းတာက မင်း အခု စိမ်း
အသစ်ဆွဲထားတဲ့ပုံရဲ့လက်ရာဟာ တို့ကို ကိုမောင်ဆွဲ
ထားတဲ့လက်ရာတွေနဲ့ အတူတူပဲ"

"ဟုတ်လား မမထွေး၊ လက်ရာပါတူလား"

"ဟုတ်တယ်၊ နောက်ကြုံရင် နေဝန်းသစ် ကြည့်ချင်
တို့ပြပါ့မယ်၊ လောကကြီးမှာ ဖြစ်ရပ်မှန်တွေဟာ က
တစ်ရဲ့ ပုံဝတ္ထုတွေထက် ဆန်းကြယ်တတ်တယ် ဆို
တကယ်ပဲနော်"

"မမထွေးကတော့ မမနှင်းဆီလို မဟုတ်ဘဲ ကျွန်တော်
ယုံတယ်ပေါ့နော်"

ထိပ်ထားထွေးက ပြုံးရင်း ...



"ယုံတယ်ဆိုရာမှာ နေဝန်းသစ်ရယ် ... မင်းဟာ လူဝင်စား ဖြစ်တယ်မဖြစ်ဘူးဆိုတာကို ယုံတာမယုံတာထက် မင်းဟာ တို့အပေါ်မှာ ဒုက္ခပေးဖို့တော့ရောက်လာတာ မဟုတ်နိုင်ဘူး လို့ ယုံနေတာမျိုးပါ ...

နှင်းဆီကိုလည်း မင်း ဘယ်လိုမှသဘောမထားပါနဲ့၊ တကယ်တော့ ငယ်ငယ်တုန်းက တို့သုံးယောက်ဟာ သူငယ် ချင်းတစ်စုထဲ ပတ်ပြီးလှည့်စားသွားတဲ့ ကိုမောင့်ရဲ့သား ကောင်တွေဖြစ်ခဲ့ကြတာပါ၊ ကိုမောင် ဝင်စားပါတယ်ဆိုတဲ့ လူတစ်ယောက် ရုတ်တရက် ပေါ်လာတဲ့အခါ ဘယ်သူ လဲ၊ ဘာသဘောလဲ၊ ဘာရည်ရွယ်တာလဲ၊ ဘာလိုချင်လို့လဲ ဆိုတာ မိန်းမပီပီ စိုးရိမ်ကြီးမိကြတာပါပဲ ...

အခုကျတော့လည်း မင်းက တို့ဆီက ဘာမှ ရယူ ချင်စရာ မရှိလောက်ပါဘူး ဆိုတာ သေချာနေတာပဲလေ၊ စီးပွားရေးအရဆိုလည်း မိဘတွေက မန္တလေးမှာ မျက်နှာ ဖုံးပဲတဲ့၊ အခု မမျှော်လင့်ဘဲ အဘွားနဲ့ ဆုံဖြစ်ရတဲ့အခါကျ တော့လည်း တကယ့်ဂုဏ်သရေရှိ အသိုင်းအဝိုင်းပဲဆိုတာ ပိုသေချာသိလာရတော့ ...

ရေစက်ပေါ့ နေဝန်းသစ်ရယ်၊ တို့တစ်တွေ ဒီလိုဆုံ တွေ့ပတ်သက်ကြဖို့ ရေစက်ရှိတဲ့သူတွေမို့ ပတ်သက်ကြတာ ပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ်က ငြိမ်းချမ်းနူးညံ့စွာပြောနေသော ထိ

ားတွေးကို ငေးကြည့်ရင်းငြိမ်နေပါသည်။ တကယ်တော့ ဒီအမျိုး

သမီးကြီးသုံးယောက်ကို သူလာမဆက်သွယ်ဖြစ်ဘူးဆိုလည်း သူ့မှ

ဘာမှမဖြစ်ပါ။ သူလာရောက်ဆက်သွယ်လိုက်တာဟာ တည်ငြိ

နေကြတဲ့ သူမတို့ရဲ့ဘဝတွေကို ရှုန်းရင်းဆန်ခတ် လှုပ်ရှားသွာ

အောင်လုပ်သလို အရာများကျခဲ့ပြီလား။

သို့ပေမဲ့ သူ့ထံမှာ မကောင်းတဲ့သဘောထားမှမ

တာပဲလေလို့ တွေးရသည်။ တကယ်တော့ သူ့အခေါ်တွေလော

အရွယ်ရှိတဲ့ ဂုဏ်သရေရှိအမျိုးသမီးများပဲ။

ဒီအကြောင်းတွေ သူပြောပြလိုက်တုန်းက ‘ရဲ’က

“နင် သွားမလုပ်စမ်းပါနဲ့ နေဝန်းရယ်၊ သူတို့

သူတို့ အေးအေးချမ်းချမ်းရှိပါစေ၊ ရင်တွေဘာတွေတုန်ကုန်ကြ

မယ်”လို့ ဖျက်ခဲ့တဲ့ကြားက သူက ရလိုသွားရောက်ဆက်သွယ်

ခဲ့တာကို ဘယ်သူမှမသိစေခဲ့။ ချစ်သော ရဲကိုပင် မပြောဘဲ

ထားခဲ့တာလေ။

✱ ❤ ✱



စိမ်းသက်မီသည် ကျောင်းဝင်းထဲက ကားရပ်နေကျ

နေရာမှာ ကားကိုရပ်လိုက်ကာ နောက်ခန်းထဲကခြင်းနှင့်ကြွပ်ကြွပ်

အိတ်ကို တံခါးဖွင့်ယူလိုက်ပါသည်။ တရားစမ္မအရိပ်ကြောင့်

ကျောင်းဝင်းက တိတ်ဆိတ်ငြိမ်းချမ်း အေးမြနေပါသည်။

မေမေ တရားစခန်းဝင်နေရာ ဤကျောင်းသို့ တစ်လ

နှစ်ကြိမ်ရောက်မြဲပါ။ စိမ်းသက်မီက တစ်ပတ်တစ်ကြိမ်လောက်

လာချင်ပေမယ့် မေမေက နှစ်ပတ်မှတစ်ခါ လာခိုင်းတာမို့ နှစ်

ပတ် တစ်ခါသာလာရသည်။ ဆရာတော်ကြီးကပ်ဖို့ သစ်သီး၊

မုန့်ပုံးများနှင့် မေမေစားဖို့ အချိုအချဉ်မုန့်ပဲသရေစာလေး၊ ဖျော်ရည်

ဗူးအေးလေး၊ အိမ်က အကြည် ကြော်ထည့်ပေးလိုက်တဲ့ ငါးကျည်း

ခြောက်ဘာလချောင်ကြော်လေးတို့ ယူလာပါသည်။

ခြင်းနှင့်အိတ်ကိုဆွဲကာ လှည့်အထွက်မှာ မလှမ်း

မကမ်း၌ မြင်လိုက်ရသောကားကြောင့် စိမ်းသက်မီက အံ့ဩသွား

ပါသည်။ ‘နေဝန်းသစ်ရဲ့ကားပဲ။ သူ ဘာလာလုပ်ပါလိမ့်။

စိမ်းသက်မီ ဟိုဟိုဒီဒီ မျက်ဝန်းဝေ့ဝဲရှာဖွေကြည့်နေ

စဉ် ဇရပ်တစ်ဆောင်ရဲ့ဝရန်တာသို့ထွက်လာသော အဘွားကြီးတစ်

ယောက်နှင့် နေဝန်းသစ်ကို လှမ်းမြင်လိုက်ရပါသည်။ ပုံစံက ထို

အဘွားထံ တစ်စုံတစ်ရာ လာပေးပြီး နေဝန်းသစ်က ပြန်တော့မည့်

www.burmeseclassic.com

www.burmeseclassic.com



ဟန်။ ဝရန်တာမှာ ခဏနှုတ်ဆက်ကာ နေဝန်းသစ်က ထိုဇရပ်နံဘေ
ကပ်ရပ်ထားတဲ့ သူ့ကားပေါ်တက်သွားပါတော့သည်။

စိမ်းသက်မီက အဘွားကြီးထံ တစ်ချက်လှမ်းကြ
ကာ ခုချက်ချင်းသိလိုစိတ်ဖြစ်လာတာမို့ မုန့်တွေ ခြင်းတွေ ကာ
ပေါ်ပြန်တင်ပြီး ကားထဲခဏပြန်ဝင်ထိုင်ကာ ဖုန်းကို ထုတ်လို
ပါသည်။ နေဝန်းသစ်ကတော့ သူ့ကို မမြင်တော့ဘဲ သွားပြ
အမြဲတမ်းမြင်နေကျ ရုပ်ဖြူလက်ရှည်၊ ပုဆိုးတို့နှင့်မဟုတ်
မနက်စောစောစီးစီး ရုံးမသွားခင် စိမ်းပြာရောင်စပို့ရှပ်လေးနှ
Jeanဘောင်းဘီဝတ်ထားတဲ့ နေဝန်းသစ်ပုံစံဟာ ပိုပြီးနုနယ်နေ
သည်။

နေဝန်းသစ် လာတွေ့တဲ့ အဘွားကြီးဟာ မေမေနှ
တစ်ဆောင်တည်းပင်။ နှစ်ယောက်ခန်းဆောင်မို့ မေမေ့အခန်း
အတူနေတဲ့အခန်းဖော်တော့မဟုတ်ပါ။ ဒါပေမဲ့ အခန်းချင်းက
ရက်။ မေမေနှင့်လည်း ခင်မင်ကျွမ်းဝင်တာသိရပြီး စိမ်းသက်မီနှ
ပင် နှစ်ကြိမ် သုံးကြိမ် စကားပြောဆို နှုတ်ဆက်ဖူးပါသည်။

“ဟယ်လို”

“ဟဲ့ ... ထွေး၊ ငါပါ စိမ်းပါ”

“ဟယ်လို”

“ထွေး ငါပါ၊ နင် ဆေးရုံမသွားရသေးဘူးမို့လား၊ စကာ
နည်းနည်း ပြောလို့ရမလား”





“စိမ်းလား၊ ငါ ဆေးရုံမှာ၊ လိုင်းသိပ်မမိဘူးဟဲ့၊ အခုမှ
နိုက်ဂျူတီထွက်မှာမို့လို့ ခဏလေးနေပြန်တော့မှာ၊ အပြင်
ရောက်မှ ပြန်ဆက်လိုက်မယ်”

“မဆက်နဲ့၊ ငါ တစ်ခုပဲ မေးချင်လို့ ခဏပဲ”

“ဘာလဲ နင့်အသံက ပြတ်တောက်တောက်နဲ့”

“နေဝန်းသစ်ရဲ့အဘွားကို ဟိုတလောက နင် ဆေးသွားကု
ပေးရတယ် မဟုတ်လား”

“အေး”

“အဘွားနာမည် ဘယ်လိုခေါ်လဲ”

“ဟမ်”

“နေဝန်းသစ် အဘွားနာမည်လေ”

“သြော် ... ဒေါ်ခင်ခင်ချိုတဲ့”

“သြော် ... ဒေါ်ခင်ခင်ချိုတဲ့လား”

“အေး ... ဘာဖြစ်လို့လဲ”

“ဘာမှမဟုတ်ဘူး ဒါပဲ”

“ဟဲ့ ... နင်သိချင်တာလည်းသိရော ဖုန်းတန်းမချနဲ့”

“နောက်မှပြောတော့မယ်၊ အရေးမကြီးဘူး ဒါပဲ ... ဒါပဲ”

“ဟဲ့ ... စိမ်း”

စိမ်းသက်မီက ဖုန်းကိုပိတ်ချလိုက်ကာ ခြင်းတွေ
...န်ဆွဲ၍ ဇရပ်ဘက်လျှောက်လာပါသည်။ ဟီဟိ ... ထွေးတော့



www.burmeseclassic.com

www.burmeseclassic.com



အသည်းတယားယားနဲ့ ဒေါ်ပွပြီးကျန်ခဲ့မှာပဲ။ အခု အချိန်မှမရှိ တာ၊ လိုင်းကလည်း ကြည်တစ်ချက် မကြည်တစ်ချက်မို့ပါ။ ညကျမှပဲ ပြန်ဆက်ပြီး ပြောပါတော့မည်။

စိမ်းသက်မီက မေမေ့အခန်းထဲဝင်လာကာ မေမေ့ အခန်းဖော် အန်တီကြီးကိုလည်း မုန့်တချို့ခွဲပေးရင်း သရက်သီး သနပ်ထုပ်သုံးလေးထုပ်ထဲက တစ်ထုပ်ကိုယူကာ ...

"မေမေ ဟိုဘက်ခန်းက အန်တီကြီးက ဒေါ်နုနုဆိုလား ဒေါ်နွဲ့နွဲ့ဆိုလား သရက်သီးသနပ်ကြိုက်တာဟာလေ"

"သြော် ... ဒေါ်နွဲ့နွဲ့လေ ဘာဖြစ်လို့လဲ"

"သမီး သရက်သီးသနပ်တစ်ထုပ် သွားပေးလိုက်ဦးမယ် နော် မေမေ"

"ထားခဲ့လေ၊ မေမေ ပေးလိုက်ပါ့မယ်၊ ခုနပဲ ထရားထို က ပြန်လာကြတာဆိုတော့ မနက်စာစားဖို့ ထမင်းဆော ဘက်များ သွားပြီလားပဲ"

"ခုပဲတွေ့ခဲ့တယ် မေမေ၊ သမီးပဲ သွားပေးလိုက်မယ်နော်

စိမ်းသက်မီက ပြောလည်းပြော ထ,လည်းထ ဖ

ဖက်ခန်းကို ခပ်သုတ်သုတ် ကူးလာခဲ့ပါသည်။

"အန်တီဒေါ်နွဲ့နွဲ့"

အခန်းဝမှ အသံပြုလိုက်၍ အဘွားကြီးက ဖ ကြည့်လာကာ ...





"ဘယ်သူလဲကွယ့် ... လာ လာ"

"အန်တီ သမီးက ဟိုဘက်ခန်းက ဒေါ်ရီရီရဲ့သမီးပါ"

"သြော် ... အေး ... ထိုင် ... ထိုင်သမီး"

"မေမေ့ဖို့ လိုတာလေးတွေလာပေးရင်း အန်တီ့ဖို့လည်း သရက်သီးသနပ်လေးမျှခဲ့မလို့ပါ၊ အန်တီက သရက်သီး သနပ်ပါမှ ထမင်းစားတတ်တာလို့ မေမေပြောဖူးလို့ပါ"

"သြော် ... သရက်သီးသနပ်လား၊ သာဓုကွယ် ... သာဓု သာဓုပါ၊ ဒီနေ့တော့ သရက်သီးသနပ်တွေ ရနေတာပဲ၊ သမီးက အခြောက်သနပ်လား အစိမ်းသနပ်လား"

"အခြောက်သနပ်ပါ အန်တီ"

အား ... အဲဒါပိုကြိုက်တာ၊ ဒီမှာလေ ခုနကတစ်ယောက် က လာတော့ပို့ပေးသွားတယ်၊ ယောကျ်ားလေးဆိုတော့ မဝယ်တတ်ဘူးနဲ့တူပါတယ်၊ အတူတူပဲမှတ်လို့ထင်ပါရဲ့၊ အစိမ်းသနပ် ဝယ်လာတာကွယ်၊ စားတော့စားပါတယ်၊ ပို့ပေး ရှာတာပဲ ကျေးဇူးတင်ရသေးတယ်၊ ငါးရံ့ခြောက်တွေ လည်းပါရဲ့၊ ရယ်ဒီမိတ်တွေပါ၊ ပြီးရင် ဒေါ်ရီရီ့လည်း မျှ ပေးရဦးမယ်"

"ဟုတ်ကဲ့ အန်တီ၊ ခုနက အိမ်ကလားမသိဘူး၊ လာပို့တာ မြင်လိုက်ပါတယ်၊ ကောင်လေးတစ်ယောက်"

"အင်း ... အင်း ... ဟုတ်တယ်၊ ခုပဲပို့သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... သူ့ကို သမီးကမြင်ဖူးပြီးသိနေတာ၊ နေဝန်းသ
များလား"

"နေဝန်းသစ် ... နေဝန်းသစ်၊ ဟုတ်တယ် ... ဟုတ်တယ်
နာမည်လေးက အင်မတန် အတိတ်နိမိတ်ကောင်းတယ်"

"အန်တီ့မြေးလား၊ အမျိုးပဲလား"

"အမျိုးတော့မဟုတ်ပါဘူး သမီးရဲ့၊ မြေးမလေးရဲ့သူငယ်ချ
ပေါ့၊ သူတို့ချင်း တော်တော်ခင်ကြတာလေ၊ မြေးမလေ
က သူ့အဘွားရိပ်သာကို ဘာလေးသွားပို့ပေးလိုက်ပါဆိုရ
သူငယ်လေးက လာပို့ပေးရှာတယ်၊ နှစ်ခါရှိပြီ"

"သြော် ... အဘွားမြေးမလေးက ရန်ကုန်မှာမရှိဘူးလား"

"မြေးမက မန္တလေးမှာလေ၊ အန်တီတို့လည်း မန္တလေးဘ
ဒီကလေးလည်း မန္တလေးကပဲ သမီးရဲ့၊ သူတို့နဲ့က
စဉ်မျိုးဆက် ခင်ကြပါတယ်၊ အဘိုး အဘိုးချင်း ခင်ကြ
မိဘချင်းခင်ကြပေါ့၊ သူတို့ကလေးတွေချင်းလည်း ဆ
ခင်နေကြတယ်၊ ဒီကလေးကလည်း မန္တလေးပဲနေတာ
ဟိုတလောကမှပဲ သူ့ပညာရေးကိစ္စနဲ့ သူ ရန်ကုန်လာနေတာ
ပြောတယ်"

"သြော်"

"သမီးနဲ့လည်း ခင်ကြသလား"





"ဟုတ်ကဲ့၊ ကျွန်မရဲ့သားလေးကို သူက အိမ်မှာ ပန်းချီ လာသင်ပေးနေတာပါ အန်တီ"

"သြော် ... ဟုတ်လား၊ ပန်းချီတွေဘာတွေဆွဲတတ်တယ်တဲ့ လား"

"ဟုတ်ကဲ့ အန်တီ၊ သူတို့ဆွေမျိုးစဉ်ဆက်ထဲမှာရော ပန်းချီ ဆရာတွေ ဘာတွေများ ရှိသလား မသိဘူးနော်"

"သူတို့အမျိုးထဲတော့ ပန်းချီဆရာမရှိပါဘူးကွယ်၊ သူ့အဖေ ဘက်က အဘိုးအဘွားတွေနဲ့ အန်တီကခင်တာပေါ့၊ မျိုးရိုး ထဲမရှိပါဘူး၊ သူ့အမေဘက်ကမျိုးရိုးကလည်း ပညာတတ် မျိုးရိုးပဲ၊ ပညာရေးပဲလေ့လာလိုက်စားကြတယ်၊ အနုပညာ သည်တော့မပါဘူးကွယ့် ...

သူ့ဟာသူ ဝါသနာပါပြီးလေ့လာလိုက်စားရင်း တတ် ကျွမ်းတာပဲ ဖြစ်ပါရဲ့သမီးရယ်၊ ထက်ထက်မြက်မြက်က လေးပါပဲ၊ ရည်လည်းရည်မွန်တယ်၊ ခုခေတ် ဒီအရွယ်လူပျို သားလေးတွေ ဂျစ်တိဂျစ်ကန်နဲ့ရယ်လေ၊ ဒီကလေးတော့ အတော်သားပဲ သမီးရဲ့"

"ဟိုလေ အန်တီ့ဆီမှာ မေးချင်တာလေးရှိလို့"

"ဘာများလဲ သမီး"

"စပ်စပ်စုစုပေါ့ အန်တီရယ် ... အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုပါ ... စပ်စုပါ၊ ဘာများလဲ"

"အန်တီ နေဝန်းသစ်ကို ငယ်တည်းက သိလားဟင်"

"သူနဲ့တိုက်ရိုက်အရင်းအချာကြီးမဟုတ်လည်း သူ့ဘိုး
နဲ့က ဝင်ထွက်နေကြတာဆိုတော့ မျက်စိအောက်မြင်
နေတာပဲလေ၊ သူ့အကြောင်းလည်း နည်းနည်းပါးပါးသိ
တာပေါ့၊ သမီးက ဘာကိုသိချင်လို့လဲ"

"ဟိုလေ အန်တီ၊ သူက တစ်ယောက်ယောက် ဝင်စား
မျိုးဆိုတာများ အန်တီ သိလားလို့ပါ"

စိမ်းသက်မီသည် ထွက်လာတဲ့အစကို ဆွဲဆု
ဘာပဲသိရသိရ မလွှတ်တမ်းလိုက်ချင်တော့ရာ ဖွတ်ပဲ စွက်
ဖက်ဖက်မေးချင်လိုက်ပါသည်။

"ဟင်"

အဘွားကြီးက မျက်ခုံးပင့်၍ အံ့အားသင့်သွား

"လူဝင်စား !!"

"ဟုတ်ကဲ့ တစ်ယောက်ယောက်ဝင်စားတယ်လို့များ သူ
မျိုးဘိုးဘွားမိဘတွေ ပြောသံဆိုသံကြားဖူးလားလို့
ဟုတ်လား၊ အန်တီ အဲဒါတော့မကြားဖူးဘူး သ
ပြောသံမကြားဖူးသေးဘူး၊ ဟုတ်လား၊ ဒီကလေးက
စားလား"

"မေးကြည့်တာပါ အန်တီ"





"သမီးက ဘယ်ကကြားထားလို့လဲ"

"ဟို ... ဟိုဒင်းပါ အန်တီ၊ ကြားသားတယ် ဆိုတာထက် သူက ဟိုးအရင်က ပန်းချီဆရာတစ်ယောက် ခုတော့ ကွယ်လွန်သွားပါပြီ၊ အဲဒီတစ်ယောက်နဲ့ အချက်အလက်လေးတွေ တိုက်ဆိုင်တာမျိုး ဒီပန်းချီဆရာမရှိသေခင်က သိခဲ့တဲ့ သူတွေကို သူပါ သိကျွမ်းနေသလို ဖြစ်နေတာမျိုး ကြောင့်ပါ၊ ဟုတ်များဟုတ်လားလို့၊ အန်တီတို့က ငယ်ကတည်းက သိတဲ့သူတွေဆိုလို့ မေးကြည့်တာပါ"

ကိုယ်က သူ့ထံက စကားနှိုက်ထုတ်ပြီး သိရမလား ထင်သော်လည်း ခုတော့ အဘွားကြီးက တပြန်စိတ်ဝင်စားပြီး သူ့ဘက်က မေးမြန်းစပ်စုလာတဲ့မေးခွန်းတွေကိုသာ စိမ်းသက်မီမှာ မယုတ်မလွန် လှည့်ပတ်ဖြေနေလိုက်ရပါသည်။ အဘွားကြီးက နေဝန်းသစ်နှင့်ပတ်သက်ပြီး ဤလိုသတင်းထူးမျိုး လုံးဝသိမထားပါပေ။

"တစ်ခုတော့ရှိတယ် သမီးရဲ့၊ တချို့တွေကလည်း ကိုယ့်သားသမီးမွေးမြစ် လူဝင်စားဆိုတာကို အပြင်ကို သတင်းမလွှင့်ဘဲ ဖုံးဖုံးဖိဖိ ထားတာမျိုးရှိတတ်တာပဲ၊ လူသိမခံချင်ဘူးပေါ့ကွယ်၊ အဲဒါကြောင့်ပဲများ ဆွေမျိုးတွေ မပြောကြသလို ကြလား မသိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ၊ ဒီလိုမေးကြည့်တာတော့ သူတို့ဆွေမျိုး သားချင်းတွေကို မပြောပါနဲ့နော်၊ တော်ကြာ မကြိုက်ကြမှာ စိုးလို့ပါ၊ ကျွန်မကလည်း မသေချာဘဲ ရမ်းမေးကြည့်ရုံ သက်သက်ပါ"

"အေးပါ ... အေး အေး"

❋❤❋





# ၉

"ဒေါက် ... ဒေါက်"

"ဝင်ခဲ့ပါ"

နှင်းဆီတင်က နေဝန်းသစ်များလားဟု ထင်လိုက်ပါသည်။ ခုနက နှင်းဆီတင် ရုံးအရောက်မှာ ခန်းမထဲဝင်ဝင်လာချင်း ဟိုးတစ်ဖက်ထောင့်က နေဝန်းသစ်နှင့် အကောင့်တဲန်ထ် ကိုမြတ်မိုး တို့ရဲ့စားပွဲတစ်တွဲရှိရာဆီ မျက်ဝန်းတစ်ချက် ဝေ့ကြည့်ခဲ့ပြီးသား။

အရင်နေ့တွေက နှင်းဆီတင်ရောက်ချိန် မျက်လုံး ဝေ့လှမ်းကြည့်လိုက်လျှင် အမြဲရောက်နှင့်နေကျဖြစ်တဲ့ နေဝန်းသစ် ကို သူ့စားပွဲမှာ မတွေ့ခဲ့ရ။ ဒါကြောင့် ခွေဝါ့ကိုပင် ...

"ဒီနေ့ ဘယ်သူ ခွင့်ယူသေးလဲ"

"မယူထားပါဘူး မမ၊ ဘယ်သူ့ဆီကမှ ခွင့်တိုင်မထားပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နောက်ကျတာပေါ့။ နောက်ကျတဲ့အတွ
နှင်းဆီတင်ထံ ဖြေရှင်းချက်လာပေးပြီဟု ထင်လိုက်တာ။

"အစ်မ ကျွန်တော်ပါ"

"သြော် ... ကိုမြတ်စိုး၊ ပြော"

အသက် သုံးဆယ့်ငါးလောက်အရွယ် အကော
ထဲန့်ထံဟာ နှင်းဆီတင်ကို ကြောက်ရှာပါသည်။ ဝန်ထမ်းတွေ
ယောကျ်ားဆို မျက်နှာသာသိပ်မပေးတာရယ် ကိုမြတ်စိုးနှင့် နေဝ
သစ်က လူသစ်တွေမို့ အချိန်မကြာလှသေးရာ ဘော့စ်ဖြစ်သူ
တရင်းတနှီးလည်း မရှိသေးတာရယ်ကြောင့် ဖြစ်ပေမည်။

ခုလည်းပဲ လက်နှစ်ဖက်နောက်ပစ်ကာ ရွံ့တွန့်တွ
နှင့် ...

"အစ်မ ... နေဝန်းသစ် ခွင့်တိုင်လို့ပါ"

"ဘယ်လို"

"ဒီနေ့ သူ့ကိစ္စလေးရှိလို့ ရုံးမလာနိုင်ဘူးတဲ့၊ အဲဒါ ဖု
လှမ်းဆက်ပြီး အစ်မကို ပြောပေးဖို့ အကြောင်းကြားလို့ပါ"

နှင်းဆီတင်က စိတ်တိုသွားကာ မျက်မှောင်တွန့်
ရင်း ...

"အဲဒါကို သူက ရှင့်ဆီခွင့်တိုင်တယ် !!"

"ဟုတ် ခင်ဗျ"





"ရှင့်ဆီ ဘာကြောင့် သူက ခွင့်တိုင်ရတာလဲ၊ ရှင်က အကောင့်တဲန့်ထံပဲလေ၊ ရှင်ကကော ဘာကြောင့် သူ့ရဲ့ ခွင့်တိုင်မှုကို လက်ခံထားလိုက်ရတာလဲ"

"ဗျာ ... ကျွန်တော်က ... ကျွန်တော်က ဟို ... အစ်မကို လာပြောမလို့ပါ"

"ဒီလိုလုပ်လို့ ဘယ်ရမလဲ"

နှင်းဆီတင်ရဲ့အသံမာမာကြောင့် ကိုမြတ်စိုးက ခေါင်း မဖော်ရှာ။

နှင်းဆီတင်သည် သူ့ကိုမပြောမဆိုနှင့် နေဝန်းသစ် ရုံးမတက်တာကို ဒေါသတွေ ခပ်ဖျဉ်းဖျဉ်း ထွက်လာရပါသည်။ နှုတ်က အကောင်းတစ်ခွန်းမှ မပြောသော်လည်း နှင်းဆီတင်သည် နေဝန်းသစ်ကို မြင်နေကျအချိန် မြင်နေကျနေရာမှာ မမြင်ရလျှင် သိပ်နေလို့ထိုင်လို့မရပေ။

ထမင်းစားချိန် အပြင်ထွက်တာတောင် သိပ်နှစ်သက် တာမဟုတ်။ အများတကာ သူ့သူ့ကိုယ်ကိုယ် ထွက်နေကြတာမို့သာ မပြောသာ။ သူ့မျက်စိအောက်ပဲ နေစေလိုသလို ဖြစ်နေမိပါသည်။ တဖြည်းဖြည်း စနေတနင်္ဂနွေတွေမှာပါ စိတ်က သင်းထံ လှမ်းလှမ်း ရောက်ပြီး ထိပ်ထားတွေးထံမှတစ်ဆင့် သိထားရတဲ့ သူ့အဘွား လိပ်စာ အိမ်အနားကို ကားတစ်ပတ်နှစ်ပတ်လောက် ပတ်မောင်း မိတတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားထွေးနှင့် စိမ်းသက်မီထံ ဖုန်းဆက်ကာ ဆက်ကာ ဘာသတင်းထူးများကြားရမလဲ စနည်းနာရသေးသည်။ အကြောင်းမရှိဘဲ သူ့ကို ကိုယ့်ရုံးခန်းထဲခေါ်ဖို့ မသင့်တဲ့အတွက် ရှေ့ခါကတစ်ဆင့်ခေါ်ကာ ခိုင်းစရာမရှိ ရှာကြံခိုင်းရတာတို့ လုပ်ထားတဲ့အလုပ်ကို အပြစ်ရှာ ဆူပူရတာတို့ လုပ်ရသေးသည်။

ကိုယ့်ကိုယ်ကိုယ်ပင် သေချာနားမလည်နိုင်အောင်ပင်။ ကိုယ်ဟာ သူ့ကို မုန်းတီးပြီး မယုံသင်္ကာဖြစ်နေလို့ မျက်စိဒေါက်ထောက်ကြည့်နေတာလား။ သူ့ထံက ကိုကိုမောင်ရဲ့ အမှတ်တရ အပြောအဆိုလေးတွေကို ကြားလို၍ပဲ အလကားနေ အနားခေါ်မိတာလား။

မယုံတစ်ဝက် ယုံတစ်ဝက် စိတ်တွင် သင်းကို မျက်စိအောက်က အပျောက်၊ ချင်သလို ဖြစ်နေမိသည်မှာလည်း ခက်ရချည်ရဲ့။ သင်းကို ဒီနေ့အဖို့ မတွေ့ရဘူးလို့ စဉ်းစားမိသည်နှင့် ဒေါ်သက စထွက်လာတော့တာပင်။

"သူ ဘာဖြစ်လို့တဲ့လဲ၊ နေမကောင်းလို့လား"

"ဟို ... သူ ဖျက်မရတဲ့ ကိစ္စလေးတစ်ခုရှိလို့တဲ့ အစ်မ"

"ဩော် ...၊ အဲဒီတော့ သဘောက ရုံးဆိုတာကတော့ ဖျက်လို့ရတဲ့ ကိစ္စပေါ့"

"ဗျာ ... အဲ ... အဲသလိုတော့ ..."





နှင်းဆီတင်သည် သင်း နေမကောင်းဘူးလားတွေးမိပြန်တဲ့အခါ စိတ်တွေပူသလို ဖြစ်လာမိပြန်သည်။ နေဝန်းသစ်ဟာ ထီးဆောင်တတ်တဲ့သူ မဟုတ်။ သူ့မှာ ထီးမရှိဘူးလို့တို့ သိထားရတာ။ မိုးရွာနေလျှင် သဲသဲဖွဲ့ဖွဲ့ မိုးထဲ ဒီအတိုင်း လျှောက်တတ်သူပင်။

သူ့ကားနဲ့သူ ဆိုတော့လည်း တမျှော်တခေါ် လမ်းလျှောက်သွားရတဲ့ခရီး မရှိဘဲ ကားပေါ်ကအဆင်း အဆောက်အအုံထဲ ပြေးအဝင်၊ အဆောက်အအုံထဲက အထွက် ကားပေါ်ပြေးအတက်ဆိုတာမျိုးပဲ ခဏတဖြုတ် မိုးထဲဖြတ်သန်းလျှောက်ရတာ ဆောက်ရှိရာ သင်းက ဂရုမထား။

ရုပ်အကျီဖြူပေါ် မိုးပေါက်လေး တစိုစို၊ ခေါင်းဆံပင်ပေါ် မိုးစက်လေးတလက်လက်နှင့် တွေ့ရတတ်တာမကြာကြာ။ ကဲ ... အခုဖျားပြီလားမှ မသိတာ။ ဖျက်မရတဲ့ကိစ္စလေးက ဆရာဝန်ပြဖို့ပဲလား ဘာလား။ ဆရာဝန် ပြမယ်ဆိုရင်တော့ သင်းဟာ ထိပ်ထားထွေးဆီပဲ တန်းပြေးဖို့က များနေတာပဲ။

မနာလိုလုံးက ရင်ဝမှာဆို့ကာ နှင်းဆီတင် မျက်နှာဆ ပိမှုန်တေလာပါသည်။

"ရှင် ကျွန်မကို ဒီလိုလေး တစ်ဆင့်လာတိုင်လိုက်လို့ မရဘူးလေ ကိုမြတ်စိုး၊ ကဲ ... အခု ရှင် သူ့ဆီပြန်ဆက်သွယ်၊ ကျွန်မဆီကို တိုက်ရိုက်ဆက်သွယ်ပြီး ခွင့်တိုင်ဖို့ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်မကို တိုက်ရိုက်အကျိုးအကြောင်း ရှင်းပြပါလို့ ပြောပါ”

“ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ”

ကိုမြတ်စိုး ပြန်ထွက်သွားလျှင် နှင်းဆီတင်က သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်း ချလိုက်ပါသည်။ ကိုကိုမောင်ဟာ ဖျားခဲနာခဲ နေမကောင်း ဖြစ်ခဲ့တဲ့သူ ဖြစ်ပေမယ့် အဲဒီနေ့ကတော့ ...။ သူ ကွယ်လွန်မယ့် နောက်ဆုံးတွေ့ခဲ့တဲ့ နေ့ကတော့ သူ ဖျားနေခဲ့တယ် မဟုတ်လား။

နှာတွေစေး ချောင်းတွေဆိုးနေခဲ့တာလေ။ ဒါပေမဲ့ အဲဒီတုန်းကတော့ ဆောင်းတွင်း။ ဘာကြောင့်ပဲဖျားဖျား နေမကောင်းဖြစ်ဖြစ် အဲဒီသူဖျားနေတဲ့ မျက်နှာဟာ နှင်းဆီတင်အဖို့ နောက်ဆုံးမြင်ခဲ့ရတဲ့ ပုံရိပ်ပဲ မဟုတ်လား။ ကိုကိုမောင့်အကြောင်း ပြန်စဉ်းစားလိုက်တိုင်း တခြားသော အဖြစ်အပျက်တွေ ပုံရိပ်တွေထဲ နောက်မှ အစီအရီ ပေါ်လာတတ်ပြီး အရင်ဆုံး အာရုံထဲ မှတ်မှတ်မိမိ ဝင်လာတတ်တာက နောက်ဆုံး တွေ့မြင်လိုက်ရတဲ့ ဖျားနေတဲ့ မျက်နှာသွေးရောင် လျှမ်းလျှမ်းကိုပဲလေ။

“တူတူ ... တူတူ ...”

နှင်းဆီတင်က မြည်လာတဲ့ ဟဲန်းဒ်ဖုန်းကို ကောက်ယူကြည့်လိုက်ပြီး လေသခပ်မာမာနှင့်ပင် ...

“ဟယ်လို”





“မမနှင်းဆီ”

“ဘယ်သူလဲ”

ဖုန်းနံပါတ် မြင်ကတည်းကလည်းသိ၊ အသံကြားတော့လည်း ထပ်သိပြီးသေချာနေပေမယ့် ကြိုသိနေတယ် မဖြစ်ချင်ပြန်ကာ နှင်းဆီတင်က ခပ်မာမာပဲ ထပ်မေးလိုက်ပါသည်။

“မမနှင်းဆီ၊ ကျွန်တော်ပါ”

ဒီတစ်ခါတော့ ဘယ်က ကျွန်တော်လဲ၊ လုပ်ဖို့သိပ်သိသာတော့မည်ဖြစ်၍ ...

“နေဝန်းသစ်လား”

“ဟုတ်ကဲ့”

“အေး ... ဘယ်လိုဖြစ်တာလဲ”

“မမ ... ခွင့်တိုင်တာမျိုးလောက်ကို မမဆီဆက်ရင် မမအာရုံနောက်ရုံပဲ၊ သွားရှုပ်သလိုဖြစ်မယ်ဆိုပြီး ကျွန်တော်က ကိုမြတ်စိုးကိုပဲ လှမ်းပြောလိုက်တာပါ”

“ရုံးပျက်မှာကို အကောင့်တဲ့နိတ်ဆီ ခွင့်တိုင်ရတယ်လို့ ဘယ်ကုမ္ပဏီရဲ့ စည်းမျဉ်းထဲ မင်းဖတ်ဖူးလို့လဲ”

နေဝန်းသစ်ထံမှ ရယ်သံသဲ့သဲ့လေး တိတ်တခိုးထွက်လာသည်။ သူလေးဟာ ကိုမောင့်လိုပင်။ ဘယ်အခါမှ စိတ်ညစ်ညူး ဆင်းရဲနေတယ်မရှိဘဲ အဆူအဆောင့် ခံနေရလဲ ပြုံးကျဲ ပြုံးကျဲနှင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီစည်းမျဉ်းတွေ ဘာတွေ ကျွန်တော် ဘာမှမသိ
ဘူး မမရယ်၊ မမ အလုပ်ရှုပ်သွားမှာ စိုးတာတစ်ခုပါပဲ
ဘယ်သူ့ကို ခွင့်တိုင်ရမယ်ဆိုတာလည်း ကျွန်တော်ရ
မသိပါဘူး"

တကယ်တော့ ဘယ်သူ့ထံ ခွင့်တိုင်ရမည်ရယ် အတိအကျ သတ်မှတ်ထားတဲ့ စည်းကမ်းလည်း နှင်းဆီတင် ရှိတာမဟုတ်ပါ။ ဝန်ထမ်းတို့ဟာ ရုံးပျက်လျှင် ကိုယ်နဲ့နီးစပ် ဝန်ထမ်းကတစ်ဆင့် ခွင့်စာထည့်ပေးလိုက်တာတို့ ခွင့်စာပဲဖြစ်ဖြ နှုတ်နဲ့တိုင်တာဖြစ်ဖြစ် နှင်းဆီတင်ထံ ရောက်လာရတာပဲ ဖြစ် မယ့် ကြုံရာနီးစပ်သူနှင့် တစ်ဆင့်တိုင်လိုက်ကြတာချည်းသာ

"ကဲ ... ထားပါ၊ မင်း ဘာဖြစ်တာလဲ၊ နေမကောင်းတ
လား"

"နေကောင်းပါတယ် မမနှင်းဆီ"

"ဟုတ်ကဲ့လား၊ မနေ့က မင်း မိုးစိုသေးတယ် မဟုတ်လာ
ပြန်ခါနီး ငါ လှမ်းမြင်လိုက်သားပဲ"

"ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး မမ၊ နေကောင်းပါတယ်"

"ကောင်းရင်ပြီးရော ဘာကြောင့် ရုံးပျက်တာလဲ"

"ဟိုလေ ... မမနှင်းဆီ၊ ကျွန်တော် ကိုယ်ရေးကိုယ်တ
ကိစ္စလေး ရှိလို့ပါ"





အောင်မာ ...။ သင်းကများ ကိုယ်ရေးကိုယ်တာတဲ့။ ယ်ရေးကိုယ်တာဆိုတာနဲ့ပဲ ပြီးသွားရောလား။

"ဘာကိစ္စလဲပြော၊ မင်း ပြောသလို လုံးချပြီး ပြောမယ်ဆို
လို့ကတော့ အားလုံးက ကိုယ်ရေးကိုယ်တာချည်းပဲပေါ့"

"ဟိုဟာပါ မမရယ်၊ သူငယ်ချင်းတစ်ယောက် မန္တလေးက
လာလို့ ကားဂိတ်မှာ သွားကြိုပေးရတာပါ"

"မန္တလေးကကားတွေက ဒီအချိန်ဆိုရင် ဝင်ပြီးတာကြာပြီ
ပဲ၊ မနက်စော ဝင်ကြတာပဲဟာ၊ ရုံးတောင်ပျက်စရာမလိုပါ
ဘူး"

"ပြီးတော့ ... ဟိုဒင်း ... သူ့ကိစ္စတွေလည်း လိုက်လုပ်
ပေးနေရလို့ပါ မမနှင်းဆီ"

"သူ့ကိစ္စတွေ မင်းက ဘာကိစ္စ လိုက်လုပ်ပေးရတာတုန်း"

"ငယ်သူငယ်ချင်းလည်းဖြစ်၊ ရန်ကုန်မှာ့ကားသိပ်မစီးတတ်
သေးလို့ပါ"

"တက္ကစီငှားစီး ဖြစ်တာပဲ၊ စီးတတ်ဖို့မှ မလိုတာ၊ မင်းပြော
နေပုံဆိုရင် မိန်းကလေးများလား"

"ဟုတ်ကဲ့ ... မိန်းကလေးပါ"

"ဘာ"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဒေါသတကြီး အော်ဟစ်မိတ
နေဝန်းသစ်က အံ့အားတသင့် ပြန်ရှေ့ရွတ်လိုက်မှ နှင်းဆီတ
လေသံကို လျှော့လိုက်ကာ ...

"ရုံးချိန်လစ်ပြီး ရည်းစားနဲ့ လျှောက်လည်နေတာမျိုး
နေဝန်းသစ်"

"ဗျာ ... ဟို ... အဲလိုမဟုတ်ပါဘူး မမနှင်းဆီ၊ သူ
စရာလေးတွေက တောင်ရယ် မြောက်ရယ် ဖြစ်
ကျွန်တော်က ..."

"ဘယ်တောင်နဲ့ ဘယ်မြောက်လဲ"

"ဗျာ ...၊ ဪ ... သူ့ကိုတော့ ကြိုပြီးပါပြီ၊ အ
တည်းမယ့်အိမ်ပို့ပြီး ခဏနေရင် သူ့အဘွား တရား
ဝင်တဲ့ဆီ လိုက်ပို့ပေးရမယ်၊ ပြီးရင် ဟို ... သူ့ရဲ့
ကိစ္စ ..."

"ဪ ... ဪ ... သူ့တာဝန်အားလုံး မင်း တာ
တာမျိုးပေါ့၊ ဟုတ်လား"

"ဟို ... သူ တစ်ယောက်တည်း ဘယ်လိုမှ ..."

"ခွင့်က ဘယ်နရက်တောင် ယူမှာလဲ"

"ဒီနေ့ တစ်ရက်ပါပဲ မမနှင်းဆီ"

"ဒါဖြင့် ပြီးရော၊ မင်း နောက်တစ်ခါဆိုရင် တို့
ရိုက်ခွင့်တိုင်ပါ"





"ဟုတ်ကဲ့ မမနှင်းဆီ"

နှင်းဆီက ဖုန်းပိတ်လိုက်သလို တစ်ဖက်မှာ နေဝန်း
ကလည်း ဖုန်းကို ခလုတ်နှိပ်ပိတ်လိုက်ရင်း ခေါင်းကို စိတ်
သလို ကုတ်ဖွလိုက်ပါသည်။ ဘေးမှာထိုင်နေတဲ့ "ရဲ"က နေ
သစ်ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ရင်း ...

"ရစ်နေတာပေါ့လေ ... ဟုတ်လား"

"အေးဟာ ... သူက နည်းနည်းရစ်တတ်တယ် ရဲရ"

"ငါ့ကို လာကြိုပေး လိုက်ပို့ပေးနေရတာကိုပဲ သူက
မကြည်ဖြူ သလိုလို မကြိုက်သလိုလို လုပ်နေတာလား၊
ဒီဘက်မှာ နင်ပြောနေတာ တစ်ဖက်တည်းပဲ ကြားရပေမယ့်
ငါ မှန်းကြည့်လို့ ရတယ်နော် နေဝန်း"

"ကျန်တဲ့နှစ်ယောက်က အေးဆေးပဲဟ၊ သူကပဲ နည်းနည်း
ရင့်တယ်"

"နင်ဟာလေ ... ငါတားနေတဲ့ ကြားထဲက လျှာရှည်တာ၊
ဘာမှအကျိုးမရှိနိုင်တဲ့ကိစ္စတစ်ခုကို နင် ... နင် ... ငါမ
သိအောင် တိတ်တိတ်ကွွသွားလုပ်ဦး၊ ကဲဟယ် ... လစ်ရင်
လစ်သလို သိပ်ကဲတာပဲ"

ရဲသည် နေဝန်းသစ်လောက်တော့ ငယ်ကတည်းက
။ ခုလည်း တအုံးအုံး တဖတ်ဖတ် ထုရိုက်ပစ်လိုက်ပါသည်။
တတည်းက ရဲကိုဆို အမြဲသည်းခံ အနိုင်ကျင့်ခံ ဗိုလ်ကျခံထတ်



www.burmeseclassic.com

www.burmeseclassic.com



မြဲ သဘောကောင်းလေး နေဝန်းသစ်က "အား ... နာတယ် အား ... တကယ်နာတယ်ဟ" အော်ဟစ်နေရုံထက်ပို၍ မျက် တစ်ချက်မပျက်ပါ။

"နည်းနည်းကလေးတောင် မယုံရဘူး"

"မယုံရတာ မဟုတ်ပါဘူး ရဲရာ၊ ဒါက နင့်ကိုသစ္စာဖော တဲ့ကိစ္စမျိုးလည်း မဟုတ်ဘဲနဲ့"

ရဲက နေဝန်းသစ်ရဲ့ နားရွက်တစ်ဖက်ကို ဆွဲ လိုက်ရင်း ...

"သစ္စာဖောက်တာ မဟုတ်မှန်းတော့ သိတာပေါ့ဟဲ့၊ ဒ က အသက်လေးဆယ်နားနီး အမျိုးသမီးတွေကို၊ နင် သစ္စာဖောက်ပါ့မလဲ၊ နင့်အမေနီးပါးတွေကို၊ ငါကသ လုပ်ပါနဲ့ တားထားတဲ့ကြားက ခိုးလုပ်တာကို မုန် နင် ဒီလိုခိုးလုပ်ရင် ငါ မသိဘဲ ဘယ်တုန်းကများ ပေါ်တာပဲ၊ ပိလည်းမပိရိဘဲနဲ့"

"ခုဟာကတော့ ငါ မပိရိတာ မဟုတ်ပါဘူး၊ နင် ပြ ပြီး သိသွားတာလေ"

"ဩော် ... နင်က ပိရိချင်သေးတာ၊ ပိရိချင်သေးတာ ဟုတ်လား ... ကဲ ... ကဲ ..."

ရဲက နေဝန်းသစ်ရဲ့ နှာသီးဖျားကို ဆွဲလိမ်ပစ် ပြန်ပါသည်။





"အား ... နာတယ်ဟာ၊ တော်ပြီဟာ ... နင်ကလည်း"

"ကဲ ... အခုတော့ နင် သွားပတ်သက်မိပြီးမှ ဘယ်လို ပြန်ပြီး ရှန်းထွက် နုတ်ထွက်မှာလဲ ... ဟင်"

"ဒီလိုပဲ တစ်နေ့သောအခါ ခပ်လျှိုလျှိုလေးနဲ့ ကိုယ်ယောင် ဖျောက်လိုက်မှာပေါ့၊ အလွယ်ကလေးပါ၊ တစ်သက်လုံး အပေါင်းအသင်း မိတ်ဆွေတွေလို ဖြစ်သွားလည်း ဘာဖြစ် လဲဟာ၊ သူတို့က ခင်စရာကြီးတွေပါ"

ရဲသည် နေဝန်းသစ် လက်မောင်းကို ဆိတ်ကာ ဆိတ်ကာ ...

"ခင်စရာကြီးတွေ၊ ခင်စရာကြီးတွေတဲ့၊ နင် စဉ်းစားကြည့် စမ်း နေဝန်း၊ သူတို့ဟာ သူတို့ဘာသာ သူတို့ဘဝမှာ ဣန္ဒြေရရ အခြေကျကျ ဂုဏ်သရေရှိရှိ ရပ်တည်နေကြတဲ့ အမျိုးသမီးကြီးတွေပါ၊ ခုလောက်ဆို သူတို့ရင်ထဲတွေမှာ ဘယ်လောက်တောင် လှုပ်ရှားဖြောင်းဆန်နေကြမလဲ၊ နင် ဟာ အနည်ထိုင်နေတာကို အလကားသက်သက် သွားမွှေ နှောက် လှုပ်ခတ်ပြီး အနည်တွေ ထလာအောင် လုပ်နေတဲ့ သူပဲ ..."

အနည်ထ,လာတော့မှ နင်က တစ်ခါ ခြေရာဖျောက် သွားဦးမှာ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကလည်း သူတို့ဟာ သူတို့ရဲ့ရင်ခုန်သံတွေ ပျောက်ဆုံးသွားတာကို ရင်နဲ့အမျှ



www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ကြရပြီးပြီ၊ ခုတစ်ကြိမ်ဆိုတော့ နှင် နည်းနည်းမသနား
ဘူးလားဟာ”

“ရဲ ... ငါလည်း သနားတယ်ဟ၊ သူတို့သုံးယောက်လုံး
သိပ်ခင်ဖို့ ချစ်ဖို့ကောင်းတယ်၊ ငါနဲ့ ဆုံကြတွေ့ကြရ
အတွက် သူတို့ စိတ်လှုပ်ရှားကြရှာတယ်”

ရဲက သက်ပြင်းလေးတစ်ချက်ချရင်း ...

“နှင် အခုကစပြီး ရုပ်တန်းကရပ်လိုက်ရင် ကောင်းမ
ထင်တယ် နေဝန်း”

“စဉ်းစားလိုက်ဦးမယ်ဟာ၊ ကဲ ... အဘွားဆီ အရင်သွ
လိုက်ကြစို့”

❋ ❤ ❋

ငယ်သူငယ်ချင်းဘဝကနေ ချစ်သူတွေ ဖြစ်လာ
တာမို့ နေဝန်းသစ်နဲ့ ရဲတို့ဟာ တစ်ယောက်အကြောင်းတစ်ယော
အစင်းသိ အတွင်းသိ။ ဒေါ်နှင်းဆီတင်၊ ဒေါ်ထိပ်ထားဈေ
ဒေါ်စိမ်းသက်မိတို့ထံ သူ သွားတွေ့ဖို့ ကြံစည်နေတုန်းက
ခါးခါးသီးသီး ကန့်ကွက်တားဆီးခဲ့ပါသည်။

ခုတော့ ... နေဝန်းသစ် ဒီအမျိုးသမီးကြီးများ
သွားရောက်ပုံကို ကြံဖန်ပြီး သိရသည်မှာ အဘွားဆီကတစ်





ပါ။ မေမေက အဘွားထံကို တစ်လတစ်ကြိမ်တော့ မှန်မှန်ဖုန်း
ဆက်သွယ်နေကျဖြစ်ရာ နောက်ဆုံးတစ်ရက် ဖုန်းဆက်လိုက်စဉ်
က အဘွားထံမှ မမျှော်လင့်ဘဲ သိခဲ့ရတာ။

-“ဖြူဖြူရေ ... ရဲရဲ့သူငယ်ချင်းလေ၊ သရက်သီးသနပ်တို့
ငါးခြောက်ဖုတ်တို့ လာပို့ပေးသွားပြီ၊ ကျေးဇူးတင်ကြောင်း
သေချာပြောလိုက်ပါတယ်၊ ဒါနဲ့ ဒီကောင်လေးအကြောင်း
ညည်း ဘာတွေများ သိသေးလဲ ဖြူဖြူ”

“မေမေ ဘာကိုပြောတာလဲ၊ ကိုယ့်မျက်စိအောက် ကြီးလာ
တာပဲ၊ သိသင့်သလောက်တော့ သိပါတယ်”

“ဒီကောင်လေးက လှူဝင်စားဆိုတာ ဟုတ်လား”

“ဟင် ...၊ ဘယ်လိုလှူဝင်စားလဲ”

“လူဝင်စားဆိုမှ လူဝင်စားပေါ့၊ ဘယ်သူဝင်စားတယ်တော့
ငါလည်း သေသေချာချာ မသိဘူးလေ၊ ညည်းတို့များ သိ
ထားသလားလို့”

“ပေါက်ပေါက်ရှာရှာ မေမေရယ်၊ ဖြူတော့ တစ်ခါမှ
မကြားမိပါဘူး၊ မေမေက ဘာကိုသိလို့ ပြောတာလဲ၊ တစ်
ယောက်ယောက်က တစ်ခုခု ပြောလို့လား”

“ငါနဲ့ တစ်ရေပ်တည်း ဟိုဘက်ခန်း ဒီဘက်ခန်းနေတဲ့
ဒေါ်ရီရီ ဆိုတဲ့ အမျိုးသမီးရဲ့သမီးက မေးလို့”

“ဘယ်လိုမေးတာလဲ မေမေ”



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း အဲဒီကောင်လေး နေဝန်းသစ်နဲ့ သိတယ်တဲ့၊ ပြီးတော့ ဒီကောင်လေးက ဟိုးအရင်က သူတို့နဲ့သိကျွမ်းတဲ့ ပန်းချီဆရာတစ်ယောက်နဲ့ တူတယ်ဆိုလား။ တိုက်ဆိုင်တယ်ဆိုလား၊ ရေရာအောင် မေမေလည်း မပြောတတ်ပါဘူး၊ ဒါပေမဲ့တော့ အဲဒီမိန်းကလေးက နေဝန်းသစ်ကို လူဝင်စားလားလို့ ထင်နေတာတော့ အမှန်ပဲ၊ မေမေ မသိဘူး ဆိုမှ စကားလျှော့ချသွားတာ ...

ညည်းတို့ရော ဒီအကြောင်းမျိုး မကြားဖူးဘူးလား"

"တစ်ခါမှ မကြားဖူးပါဘူး မေမေရယ်"

"ဒါဖြင့် မဟုတ်လို့ နေမှာပေါ့၊ ဟုတ်ရင်တော့ သမီးတို့က သူ့အကြောင်း အတော်သိသားပဲဟာ၊ ကြားပြီးသား ဖြစ်မှာပေါ့"

"မေမေ့ကို လာမေးတဲ့ မိန်းကလေးက ဘယ်သူတဲ့လဲ"

"နာမည်တော့ မသိဘူး၊ ဟိုဘက်ခန်းက ဒေါ်ရီရီ သမီး၊ ရည်ရည်မွန်မွန်လေးပါ၊ သမီးတို့ထက်ငယ်လှ ခြောက်နှစ် ခုနစ်နှစ်ပေါ့၊ မိန်းကလေးငယ်လေး မဟုတ်ဘူး"

ထိုစကားတွေကို မေမေ့ဆီကတစ်ဆင့် ရဲကပြန်ကြားသိရတာပါ။ မေမေက ကြုံကြုံဖန်ဖန် ကြားရတယ်ရယ့်လို့ ရယ်မောစရာ အကြောင်းအရာတစ်ခုလို ပြန်ပြောပြခဲ့တာ။ မေမေက



ဘာမှမသိပေမယ့် ဤစကားတွေကြားသည်နှင့် ရဲကတော့ မရယ်နိုင်ဘဲ နေဝန်းသစ်တော့ ဟိုအမျိုးသမီးကြီးတွေကို သွားတွေ့ပြီဆိုတာ ဒက်ခနဲ သိလိုက်ပါသည်။

ဟိုအမျိုးသမီးကြီး သုံးယောက်ထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့။ သူတို့ကလွဲလို့ နေဝန်းသစ်ကို လူဝင်စားလားလို့ မေးမည့်သူရယ်လို့ လောကမှာ ရှိမှာမရှိဘဲ။ ဒီကိစ္စကို နေဝန်းသစ်ထံ ဖုန်းနှင့်လှမ်းမေးရင်တောင် နေဝန်းသစ်က ငြင်းရင် ငြင်းနေဦးမှာ။

အဲဒီတော့ ရဲက သူ့ကျောင်းကိစ္စနှင့် ပတ်သက်ပြီး ရန်ကုန် ဆင်းလာရမည့်ရက်ကို ကိုယ့်ဟာကိုယ် ရွှေ့နည်းနည်းတိုးပစ်လိုက်ပြီး ခပ်မြန်မြန် ထွက်လာခဲ့တော့တာ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း ဆူပူကြိမ်းမောင်း ခေါက်နက်လိမ်ဆိတ်ပစ်ပြီးပြီ။

ခုမှ အဘွားရဲ့ဇရပ်ကို ရဲလာလည်ရင်း အဘွားကို ပြန်မေးကြည့်ရင်းနဲ့မှ နေဝန်းသစ်က ပြောသည်။

"သိပြီ၊ အဲဒါ မမစိမ်းပဲ၊ မမစိမ်းအမေက တရားစခန်းဝင်နေတာ သိထားတယ်"

"ဒေါ်စိမ်းသက်မိပေါ့"

"ဟုတ်တယ် ရဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော် ... အူယားလိုက်တာ၊ မမစိမ်းတဲ့"

"နင်က အသက်အရွယ်ကို သိနေတော့ အန်တီလို့ခေါ်ရမယ့် အရွယ်တွေလို့ သတ်မှတ်နေတာကိုး၊ သူတို့ကို နင်မြင်လိုက်ရင် ဘယ်လိုမှ အန်တီလို့ခေါ်ဖို့ မဖြစ်ဘူးဆိုတာ သဘောပေါက်လိမ့်မယ်၊ အရမ်းနုပြီး အရမ်းလှကြတာဟ"

"သုံးယောက်စလုံး အရမ်းလှကြတာချည်းပဲလား"

"အေး၊ တစ်ယောက်တစ်မျိုး လှပုံမျိုးနဲ့ တစ်မျိုးစီလှတယ်၊ ဘယ်သူအလှဆုံးလို့လဲ ပြောရခက်တယ်"

ရဲက နေဝန်းသစ်ကို မော့ကြည့်လိုက်ရင်း ...

"သူတို့ရဲ့ သဘောထားတွေက နင့်အပေါ် ဘယ်လိုလဲဟင်"

"ဒေါ်နှင်းဆီတင်ကတော့ နည်းနည်းတင်းမာတယ်၊ ကျန်တဲ့နှစ်ယောက်ကတော့ ကိုကိုမောင့်ကိုယ်ပွားဆိုတဲ့ အသိနဲ့ အရမ်းဂရုစိုက်တယ် နွေးထွေးတယ်ဟ"

သူတို့နှစ်ယောက် ရဲရဲ့အဘွားဇရပ်မှ ထွက်လာကာ ကားပေါ်တက်လိုက်ကြပါသည်။ ကျောင်းဝင်းထဲက ကားအထွက် လမ်းပေါ်အတက်မှာ ကားရှင်းအောင် ဘယ်ညာကြည့်စောင့်နေဆဲ ရဲက ...

"နေဝန်း ဟိုဘက်က အနက်ရောင်ကားထဲက နင့်ရဲ့မဒီကြီးတစ်ယောက်ယောက်များလားဟင်"





နေဝန်းသစ်က ကားကို ကွေ့တက်ရင်း ရဲပြတဲ့ကားကို ကမန်းကတန်း လှည့်ကြည့်လိုက်ပါသည်။ ကွေ့ပြီးနောက် နောက်ကြည့်မှန်က ဆက်ကြည့်ရင်း ...

"အား ... အဲဒါ ဒေါ်နှင်းဆီတင်ပဲ၊ ဘာလုပ်နေပါလိမ့်၊ နင်က ဘယ်လိုလုပ်ပြီးသိလဲ"

"စတီယာရင်ကိုင်ပြီး မျက်နှာတင်းတင်းနဲ့ နေကာမျက်မှန်ကြီးနဲ့ သူ့ပုံစံက ထူးခြားနေတာကို၊ အရမ်းလည်းလှတဲ့ အမျိုးသမီးဆိုတော့ သူတို့ထဲက တစ်ယောက်ယောက်ပဲ တန်းထင်လိုက်တာ၊ သူ နင့်ကို နောက်ယောင်ခံလိုက်ပြီး လာစောင့်ကြည့်တာ ဖြစ်မှာပဲ နေဝန်း"

နေဝန်းသစ်နှင့် ရဲသည် သူတို့ကားနောက်က ခပ်လှမ်းလှမ်းခွာကာ လိုက်ပါလာတဲ့ကားကို နောက်ကြည့်မှန်မှတစ်ဆင့် တစ်ချက် တစ်ချက် လှမ်းကြည့်ရင်း သက်ပြင်းကိုယ်စီချနေမိကြသည်။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ငါ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ"

ထိပ်ထားထွေးနှင့် စိမ်းသက်မိက နှင်းဆီတင်ကို စိုက်ကြည့်နေကြပါသည်။

"ဖုန်းဆက်ခွင့်တိုင်တော့လည်း သူ့မိန်းကလေး သူငယ်ချင်းကို ဟိုဟိုဒီဒီ ပို့ပေးစရာရှိလို့လို့ ပြောတာ၊ အဲဒီမိန်းကလေး သူငယ်ချင်းဆိုတာ တကယ်တော့ သူ့ရည်းစားပဲ"

"နှင်က ဘာဖြစ်လို့ မျက်စိနဲ့ တပ်အပ်မြင်တာလဲ၊ ဘယ်နားမှာ ဘယ်လိုဆုံလို့လဲ"

"ငါ လိုက်ချောင်းကြည့်တာ"

"နှင် လိုက်ချောင်းတယ် ! "

ထွေးက အံ့အားတသင့် ရေရွတ်ပါသည်။





"ဟုတ်တယ်၊ အဲဒီသူငယ်ချင်းကို သူ့အသွား တရားဇရပ် လိုက်ပို့ရမယ်ဆိုတာ ပြောတော့ ငါ့ဦးနှောက်ထဲမှာ ဟိုတစ်ပတ်က စိမ်းပြောတာ သွားသတိရလိုက်တာနဲ့ စိမ်းကို ဖုန်းလှမ်းဆက်ပြီး အဲဒီတရားဇရပ်က ဘယ်ကျောင်းမှာလဲ လှမ်းမေးလိုက်တာ"

"သြော် ... နှင်လိုက်သွားဖို့ကိုး၊ ငါက ဘာလုပ်ဖို့မေးတာလဲ မေးတော့ ဘာမှမလုပ်ဘူးဆိုပြီး ချက်ချင်းလိုက်ချောင်းတယ်ပေါ့လေ"

"ဟုတ်တယ် ... ဘာဖြစ်လဲ"

"နှင် လိုက်ချောင်းတာ သူ မသိဘူးလား"

"မသိဘူးလို့တော့ထင်တာပဲလေ၊ အတိအကျတော့ မပြောတတ်ဘူး"

"ဘာလုပ်မလို့ လိုက်ချောင်းတာလဲ"

"သူ့သူငယ်ချင်းလို့ ပြောပေမယ့် မိန်းကလေးတစ်ယောက်ဆိုတော့ စိတ်ထဲမှာထင့်ပြီး မသင်္ကာတာနဲ့ လိုက်ချောင်းတာပဲ၊ ငါထင်တဲ့အတိုင်းပဲ၊ အဲဒါ သူ့ရည်းစားသေချာတယ်၊ ဘုန်းကြီးကျောင်းဝင်းထဲက လက်တွဲပြီးလျှောက်လာတာ၊ မြို့ထဲရောက်တော့လည်း သူတို့ ဟိုဝင်ဒီထွက်နဲ့ ဘယ်နားသွားသွား လက်ချောင်းတွေက ချိတ်လို့ တွဲလို့ချည်းပဲ၊ ဖြုတ်ကို မဖြုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသက်မီနှင့် ထိပ်ထားထွေးက ဒေါသသံတုန်ခဲ
လာတဲ့ နှင်းဆီတင်ကို ငြိမ်ပြီးငေးကြည့်နေမိကြပါသည်။

"ဟဲ့ ... နင်တို့ ဘာလဲ၊ အိပ်ငိုက်နေတာလား"

"နေ့လယ်ကြောင်တောင် အိပ်ငိုက်စရာလား၊ နင်ပြောတာ
စဉ်းစားပြီး ငြိမ်နေတာပေါ့၊ ငြိမ်နေတိုင်း ငိုက်တာလား
အလကားနေ ဒေါသထွက်နေတာပဲ"

"မငိုက်ရင် ပြောကြဦးလေ"

"ဘာပြောရမှာလဲ"

"ဒီကိစ္စကို ငါတို့ ဘာဆက်လုပ်ကြမယ်၊ ဘယ်လိုလုပ်ကြ
မယ်ဆိုတာ"

ထိပ်ထားထွေးက မျက်ခုံးလေးပင့်ရင်း ...

"ဘာကို ဘယ်လိုဆက်လုပ်ရမှာလဲ၊ ဘာလုပ်စရာရှိ
ဒီတိုင်းပဲပေါ့ဟယ်"

နှင်းဆီတင်က ထိပ်ထားထွေးကို မကျေမနပ်
လှမ်းကြည့်လိုက်တာမို့ စိမ်းသက်မီက ဝင်ကာ ...

"အသက်နှစ်ဆယ်ပတ်လည် ကောင်လေးတစ်ယောက်
ဟာသူ ရည်းစားထားနေတဲ့ကိစ္စကို ငါတို့က ဘာလုပ်
ရမှာလဲ နှင်းဆီ"

"နင်တို့ပြောတာက ဒီတိုင်းပဲ သစ်တုံးတွေလို လက်ပို
ကြည့်နေရမယ်ပေါ့"





"လက်ပိုက်ကြည့်မနေလို့ နင် ဘာလုပ်ချင်လို့လဲ နှင်းဆီ၊
ဘာလုပ်လို့ ရလို့လဲ"

နှင်းဆီတင်သည် ထိပ်ထားထွေးရော စိမ်းသက်မီကိုပါ မကျေနပ်တဲ့အကြည့်နှင့် ခပ်တင်းတင်းကြည့်ရင်း ...

"နင်တို့နှစ်ယောက်က နေဝန်းသစ်ရှေ့ ရောက်ရင်တော့
ဆတ်ဆတ်တုန်ပြီး နင်တို့သာလျှင် သူ့အပေါ် သံယောဇဉ်
အကြီးဆုံး၊ စေတနာအရှိဆုံးလိုလို ပျာပျာသလဲတွေ ဖြစ်ပြ
နေပြီးတော့ ကွယ်ရာကျတော့ ဒီလိုပဲလား၊ နင်တို့ အပိုတွေ
ဟန်ဆောင်နေတာပေါ့"

"နှင်းဆီ ... နင်တွေးနေတာတွေ နည်းနည်းဝေးနေပြီ၊
ကိုမောင်ကိုယ်ပွားဆိုပြီး ငါတို့ သူ့ကို အချိန်လေးတစ်လ
နှစ်လနဲ့ သံယောဇဉ်တွယ်တယ်၊ အဲဒါ ဘာဖြစ်လဲ၊ စေတနာ
ရှိတယ်၊ ကျွေးချင် မွေးချင်တယ်၊ နွေးနွေးထွေးထွေး
ဆက်ဆံချင်တယ်၊ သူနဲ့တွေ့နေရရင် စိတ်တွေလှုပ်ရှားနေ
တယ်၊ ပျော်နေမိကြတယ်၊ ဟိုးတုန်းက ပုံရိပ်တွေ အသစ်
လို ပြန်မြင်လာပြီး ရင်တွေခုန်ရတယ်၊ အဲဒါ ဘာဖြစ်လဲ ...

အဲဒါက အဲဒါပဲလေ၊ ဒါပေမဲ့ လက်တွေ့ဘဝတစ်ခု
မှာ သူက ကိုကိုမောင်မှ မဟုတ်တာ၊ နေဝန်းသစ်လေ၊
သူ့အသက်က နှစ်ဆယ်လေ၊ သူ့မှာချစ်သူရှိနေနိုင်တာပဲ၊
အဲဒီ တကယ့်ဖြစ်ရပ် အခြေအနေကိုလည်း ငါတို့လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရမှာပေါ့၊ ငါတို့ ဘာလုပ်လို့ရမှာလဲ၊ လုပ်စရာလည်း အကြောင်းမရှိဘူး”

နှင်းဆီတင်က စိမ်းရဲ့စကားကို ခေါင်းယမ်းပစ်လို ရင်း ...

“မိစိမ်း ... နှင်ဟာလေ ပါးစပ်ကနေသာ ကြားတော အောင် ကူကြွေ့ဆယ်ပြောနေပေမယ့် သူနဲ့တွေ့ရင်တော ငါတို့သုံးယောက်ထဲမှာ ဆတ်စလူးအခါဆုံး”

“ဘာ”

“ဟုတ်တယ်၊ မျက်စိကိုနှောက်နေတာပဲ ဆတ်စလူးခါ တာ၊ နေဝန်းသစ် ဘေးကနေ ရေဖန်ခွက်လေး အအေး ခွက်လေးချရင် သူ့ပခုံးကိုတောင် နှင့်ကိုယ်လုံးနဲ့ ပွတ်တို မိတော့မယ်၊ လက်သုတ်ပဝါ ပေးတာတောင်မှ နှင်ကို တိုင် ပါးစပ်ကို တို့သုတ်ပေးတော့မယ် ထင်ရတာ မကော တတ်လို့ လက်ထဲထည့်ပေးရတာမျိုး”

“အောင်မာ ... ငါ့ကျပြောနေတယ်၊ နှင်ကျတော့ ရုံး သူ့ကို ခေါ်ခိုင်းလိုက် ခေါ်ဆူလိုက်၊ နှင့်အခန်းထဲချေ ခေါ်ခေါ်ထည့်နေတာ မဟုတ်လား၊ နှင်က စနေတနင်္ဂ ကျ အကြောင်းမရှိ အကြောင်းရှာ၊ ငါ့အိမ်နားရောက် ရေသောက်ချင်သလိုလို ရှူးပေါက်ချင်သလိုလိုနဲ့ ရုတ်တရ ဝင်လာရတဲ့ပုံဖမ်းပြီး ငါတို့ကို လာလာချက်ကက်လို့၊ နှင်ချ





သိတယ်မထင်နဲ့၊ ငါ နေဝန်းကို ရုံးမှာအဆင်ပြေလား၊ အလုပ်များလား တစ်ခွန်းနှစ်ခွန်း အစ်လိုက်ရင် နှင် ဘာ အကြံနဲ့ ဘာတွေခေါ်လုပ်နေတာ ဘူးပေါ်သလို ပေါ်တာပဲ၊ ငါလည်း သိတယ်နော် ... ဟွန်း”

“အဲဒါ ဘာဖြစ်လဲ၊ ခိုင်းစရာရှိလို့ ခေါ်ခိုင်းတာ၊ ဆူစရာ ရှိလို့ ခေါ်ဆူတာ၊ ငါနဲ့တွေး သူ့ကို ဘယ်လောက်ပဲဘာ လုပ်လုပ် နှင့်ကိုတော့ မမီနိုင်ဘူးဟဲ့၊ ငါတို့က အပျိုကြီး စစ်စစ် ထွတ်ထွတ်လေးတွေ၊ နှင်က ကလေးတစ်ယောက် အမေ မုဆိုးမ၊ အအိုကြီး၊ အပျိုကြီးနဲ့ အအိုကြီး ဘယ်ဟာ က ရဲရဲတင်းတင်းကြီး နေရဲသလဲ အားလုံးသိတယ်”

“ဘာ ...၊ အအိုကြီးက နေဝန်း သွားလေရာ နောက်ယောင် ခံမလိုက်ဘူးဟဲ့၊ အပျိုကြီး နှင်ကသာ လိုက်နေတာ”

“လိုက်တော့ ဘာဖြစ်လဲ၊ နှင့်မှာ ခေါ်တာတောင်မှ နေဝန်း တဲ့၊ အဖျားလေးဆွတ်ပြီး ခေါ်ရတာ၊ နှင် သူ့ဘေးနားရှိနေ ရင် မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေတာများ မျက် လုံးကြီးတွေ ကျွတ်ကျပြီး ကြမ်းပေါ်လိမ့်နေတော့မယ့် အတိုင်းပဲလေ”

“နှင် ... နှင်သာ ...”

“ကဲ ... တော်ကြစမ်းပါဟာ၊ စိတ်ရှုပ်လိုက်တာ၊ နှင်တို့ ဘာကိုငြင်းနေတာလဲ၊ ဘာအကျိုးရှိလို့လဲ၊ နေဝန်းသစ်

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဘယ်သူ ဘယ်လိုရှိရှိ ဘာတွေဖြစ်နေနေ တ
သော်အခါ နေဝန်းသစ်ရော ငါတို့ရောဟာ ကိုယ်
ကိုယ် တစ်ယောက်တစ်လမ်း သွားကြရမှာပဲ၊ ငါတို့ရဲ့
ဆုံးပန်းတိုင်က တစ်နေရာတည်း သွားဆုံနေမှာ မဟုတ်
ဒါကို နားလည်ထားရမှာပေါ့ ...

သူ့လမ်းပေါ်သူ ကိုယ့်လမ်းပေါ်ကိုယ် ရှိရင်း
ကိုပဲ တစ်ယောက်အပေါ်တစ်ယောက် မေတ္တာစေတ
သံယောဇဉ်ထားကြတယ်၊ ဒါပဲပေါ့၊ ဒါ သူ့ဆီက
ရနိုင်သမျှ အကုန်ပဲလေ"

"ဒါဖြင့် သူက ငါတို့ဆီ ဘာကြောင့် ရောက်လာ
လဲ၊ ငါတို့ဆီတော့ ရှာဖွေရောက်လာခဲ့ပြီးမှ အခုတေ
က ရည်းစားနဲ့"

"နှင်းဆီ ... နင် ရောနေပြီ၊ နင့်အတွေးတွေ လိုင်းပူး

"ဟုတ်တယ်လေ၊ ရည်းစားရှိရင် ငါတို့ဆီ ရောက်
နဲ့၊ ငါတို့ဆီ လာဆက်သွယ်ရင်လည်း ရည်းစားမ
ဒါပဲပေါ့"

နှင်းဆီတင်သည် ခါးခါးသီးသီးကို ဆတ်
နေပါသည်။

"နှင်ဆိုလိုတာက ဘာလဲ၊ နေဝန်းက နင့်ကိုပဲ
ထားပေါ့၊ အဲလိုလား"





"မိစိမ်း ... နင် ... နင်နော်"

နှင်းဆီတင်သည် စားပွဲကို ဗြန်းခနဲပုတ်ကာ ဝုန်း
ထရပ်လိုက်၍ ထိပ်ထားထွေးက လိုက်ထ,ပြီး အတင်းဆွဲဖိ
ချုပ်ခိုင်းလိုက်ရပါသည်။ စားသောက်ဆိုင်လေးထဲက စားပွဲတချို့
မသိမသာ လှည့်၍အကဲခတ်ကြသည်။

"တောက် ... နင် မရှက်ဘူးလား နှင်းဆီ၊ နင် ဒီအသက်
အရွယ်ကြီးနဲ့ လူပုံအလယ် ဖက်သတ်မလို့လား"

"သူ ... သူ ငါ့ကိုပြောတာ ဟိုးတုန်းတစကားအတိုင်းပဲ၊
ဟိုးတုန်းက ပြောသလိုပဲ၊ ငါ့ကို ဟိုတုန်းကလည်း သူက
'ကိုမောင်က နင်တစ်ယောက်နဲ့ပဲ ချစ်ရမယ်ပေါ့၊ အဲလိုလား'
ဆိုတဲ့ စကား တစ်ထေရာတည်း ပြောခဲ့တာ၊ ငါနဲ့ချစ်နေ
မှန်းသိရက်နဲ့ နင်တို့နှစ်ယောက်လုံး ကိုမောင့်ကို အကပ်ခံ
ခဲ့ကြတာလေ၊ သစ္စာဖောက်မတွေ"

"ဒီစကားမျိုး ငါတို့လည်း ပြောနိုင်တာပဲ နှင်းဆီ၊ သုံး
ယောက်လုံးက 'ငါနဲ့ချစ်နေမှန်း သိရက်နဲ့ ကျန်တဲ့နှစ်
ယောက်က သစ္စာမဲ့ပြီး ကိုမောင်နဲ့ ဖြစ်ကြတယ်'လို့ ပြော
နိုင်တဲ့သူချည်းပဲ၊ နင့်ကို အရင်ဆုံး ပရိုပို့စ်လုပ်တယ်၊ နင်
အရင်ဆုံး အဖြေပေးပါတယ်လို့ ဘယ်မှာလဲ သက်သေ"

"ဒါဖြင့် ပြောလေ၊ ကိုမောင့်ကို နင် အဖြေပေးတဲ့နေ့စွဲ"

ထိပ်ထားထွေးက ခေါင်းယမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပြောမလဲ၊ ငါပြောတဲ့နေ့ထက် နင်က စောအော
ကြောအောင် ပြောမှာပေါ့၊ ဘယ်သူမှ ဒီနေ့စွဲကို ဖွင့်ပြေ
မှာ မဟုတ်ဘူး၊ နင်မေးမနေနဲ့"

စိမ်းသက်မိက နှင်းဆီတင်ကို စိတ်လည်းပျ
ကရုဏာလည်းသက်သလို ကြည့်ရင်း ...

"မရှိတော့တဲ့ ကိုမောင့်ကိစ္စကို ပြန်အစဖော်ပြီး ရန်မဖြ
ကြပါစို့နဲ့ နှင်းဆီ၊ ခုချိန်ကျမှ ကိုယ်ကပထမလူ ဖြစ်လည်
ပဲ ဘာမှမထူးတော့ပါဘူး၊ အခု နေဝန်းနဲ့ ပတ်သက်
ကိစ္စကိုပဲ နင် အမှန်မြင်နိုင်အောင် ကြိုးစားစမ်းပါ"

"ငါက ဘာမှားနေလို့လဲ"

"နေဝန်းမှာ သူ့ဟာနဲ့သူ ရည်းစားရှိနေတာကို စိတ်မကော
သလို ခံစားရရင်တောင်မှ နင်နောက်ဆုံးတော့ ကြည်
လိုက်ရမှာပဲ နှင်းဆီ၊ ဒါကို စစ်ဆင်ရေးကြီးလို ငါတို့ဘ
လုပ်ကြမလဲဆိုပြီး သုံးယောက်ဆုံ တိုင်ပင်နေစရာတော
မလိုပါဘူး၊ ဘာမှလဲ လုပ်လို့မှရပါဘူး"

နှင်းဆီတင်သည် မျက်နှာမျှား နီမြန်းကာ ...

"ဒါဖြင့် သူ ဘာဖြစ်လို့ ငါတို့ဆီ ပြန်လာသေးလဲ"

"လာချင်လို့ လာတာပေါ့ဟာ၊ လာတာကလည်း ငါတို့
ရည်းစားပြန်လုပ်ဖို့ လာတာမှ မဟုတ်တာ"



"အဲဒါဆိုလည်း လာမဆက်သွယ်ဘဲ မပေါ်လာဘဲ အစက
တည်းက နေလိုက်ပါတော့လား"

"နှင်းဆီ၊ နင်က သူ့ကို ဘယ်လောက်တောင် မျှော်လင့်
ထားလို့လဲ၊ နင် ဘာဖြစ်ချင်နေတာလဲ"

"သတ်မစ်ချင်တာ၊ သူ့မှာ ရည်းစားရှိနေရက်က ငါတို့ဆီ
လာပြီး အရူးလုပ်သွားတာကို လက်သင့်မခံနိုင်တာ၊ သူက
ငါတို့ကိုများ ဘာမှတ်နေလို့လဲ၊ သူဆော့ကစားချင်တိုင်း
ဆော့ကစားလို့ ရတဲ့အရုပ်တွေများ မှတ်နေလား"

"စိတ်လျှော့လိုက်စမ်းပါ နှင်းဆီရယ်"

"မလျှော့နိုင်ဘူး၊ နှင်းဆီတင်တို့က စိတ်လျှော့ရိုးထုံးစံလည်း
မရှိဘူး၊ ကိုယ့်ကို အရူးလုပ်တယ် လှည့်စားတယ်ထင်ရင်
မှတ်လောက် သားလောက်အောင်တော့ ပညာပေးရမှာပဲ၊
ကလဲ့စားချေမှာပဲ"

ထိပ်ထားတွေးနှင့် စိမ်းသက်မိက နှင်းဆီတင်ကို
ပါးစပ်လေးတွေ အဟောင်းသားနှင့် အံ့အားတသင့် ငေးစိုက်ကြည့်
နေမိကြသည်။ အပြင်းအထန် ခံစားပေါက်ကွဲနေတာ။ ဘယ်လို
ဖြစ်လို့လဲ။ ကိုယ်တွေ ကိုယ်တိုင်လည်း ကိုကိုမောင့်ကို ရူးမလို
ရူးမလောက် ချစ်ခဲ့ကြတာ မှန်ပေမယ့် နှင်းဆီတင့်ကတော့
တကယ့်ကို အရူးတစ်ပိုင်း ဖြစ်နေခဲ့တာ။

www.burmeseclassic.com



မူလစိတ်ရင်းခံကလည်း မာကျောခက်ထန်တဲ့ ဗီဇဆိုတော့ ဘာကိုမဆို လေပြင်းမုန်တိုင်းလို အပြင်းအထန် ခံစားတုံ့ပြန်တတ်တော့တာ။ ကိုမောင့် အသုဘတုန်းကဆို့လည်း အဲသလိုပင်။ ရန်ကုန်ကနေ တောင်ကြီးအပြန် ရန်ကုန်ကထွက်လို့ ထောက်ကြံ့နားရောက်ရုံမှာ ကိုကိုမောင် ကားအက်ဆစ်ဒန့်ထိဖြစ်ခဲ့တာပါ။

ကားပေါ်မှာ သူ့ခရီးဆောင်အိတ်ရောမှတ်ပုံတင်ပါပါတဲ့အတွက် ဆေးရုံကြီးနှင့် ယာဉ်မှူစစ်ရဲတို့မှပင် တောင်ကြီးက သူ့အသွားထံ အကြောင်းကြားခဲ့သည်။ အသွားလိုက်လာပြီး သင်္ဂြိုဟ်ခဲ့ရပါသည်။

သင်္ဂြိုဟ်တော့လည်း ရန်ကုန်မှာ အသိုင်းအဝိုင်းမရှိ၍ လူကနည်းနည်းလေးနှင့်သာ။

အဲဒီတုန်းက ကြဲတော့ သုသာန်မှာ။

ကိုကိုမောင့်အသွား၊ ရန်ကုန်က အသိမိတ်ဆွေလေးငါးဦး၊ နာရေးကြော်ငြာမြင်လို့ ကိုမောင်နေရာ ရပ်ကွက်ထဲမှ လိုက်ပို့ကြတဲ့ အိမ်နီးနားချင်း ဆယ်ယောက် အယောက်နှစ်ဆယ်။ ပြီးတော့ နှင်းဆီတင်၊ ထိပ်ထားထွေး၊ စိမ်းသက်မီ။ သူတို့သုံးယောက်ဟာ အဲဒီအချိန်မှာ မခေါ်နိုင် မပြောနိုင် ရန်ဖြစ်ထားတာ နှစ်လလောက်ရှိကြပြီ။





အသီးသီး ကိုယ့်ရဲ့တက္ကသိုလ်တက်ဖက် တခြားသူငယ်ချင်းတွေ အဖော်ခေါ်ပြီး လာကြတာ။ လူပရိသတ်က ဘယ်သူတွေလဲ ဘာတွေလဲ စူးစမ်းကြတာကိုရှက်၍ ကိုယ့်အဖော်နှင့်ကွယ်ကာ ခိုးပြီးကျိတ်ရှိုက်ငိုနေရချိန်မှာ နှင်းဆီတင်က ရုတ်တရက် ကြဲတောသုသာန်က အဆောင်နံ့ရဲ့ အုတ်နံရံကို ခေါင်းနှင့်ပြေးဆောင့်ကာ အကျယ်ကြီး အော်ငိုပစ်လိုက်တာ။

တစ်ဦးတည်းသော ငိုကြွေးနေသူ ဆွေမျိုးဖြစ်တဲ့ ကိုကိုမောင့် အသွားပင် အံ့အားတသင့် အလန့်တကြား။ နှင်းဆီတင်ဟာ စိတ်တွေကြီးပြီး သတိလစ်မတတ် ငိုယိုသောင်းကျန်းလာ၍ နှင်းဆီတင်ကို အဖော်လိုက်လာပေးတဲ့ သူငယ်ချင်း နှစ်ယောက်ကပဲ အတင်းဖက်ချုပ် ခေါ်ဆောင်သွားကြတော့တာပင်။

"နှင်းဆီ၊ နေဝန်းသစ်ဟာ ကိုကိုမောင် မဟုတ်ဘူးနော်၊ ကိုကိုမောင်တုန်းက နာကျင်သလို နင် နာကျင်နေလို့ဘယ်ဖြစ်မှာလဲ"

စိမ်းသက်မီသည် နှင်းဆီတင် ဖြစ်နေပုံကို လန့်လည်းလန့် ကရုဏာလည်း သက်ကာ ဖျောင်းဖျတဲ့လေသံလေးနှင့်ပြောမိပါသည်။

"နင်ပြောတော့ လူဝင်စားဆိုတာ ရှိတယ်ဆို၊ နေဝန်းသစ်ဟာ ကိုကိုမောင် ဝင်စားတာ ဖြစ်နိုင်တယ်ဆို၊ ကိုကိုမောင့်ဝိညာဉ်ပူးကပ်နေတာဆို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက သတ်သတ်လေ၊ ဝင်စားတာဟာ အရင်လူ ပြန်ဖြစ်တာမှ မဟုတ်တာ"

"ကိုကိုမောင့်ဝိညာဉ် ပူးကပ်ဝင်နေပါတယ်ဆိုရင် ကိုကိုမောင့်စိတ်၊ ကိုကိုမောင့် ခံစားချက် ရှိရမှာပေါ့"

"နှင်းဆီ !! "

စိမ်းသက်မီနှင့် ထိပ်ထားထွေးတို့ နှင်းဆီတင်ကို တအံ့တဩနှင့် ပြိုင်တူအာမေဍိတ်ပြု ရေရွတ်မိကြသည်။

"သူ အနားရောက်လာချင်ဝှန်းကလည်း ရောက်လာလိုက်ပြီး ခုမှကျ သစ်စိမ်းချိုး ပြန်ချိုးလို့တော့ ဘယ်ရမလဲ၊ လွယ်လွယ်လေး နှပ်ထားခဲ့လို့ ရမယ်ထင်နေလား"

"သူရောက်လာတာကိုက ငါတို့ကို ရည်းစားပြန်တော်ဖို့ ရောက်လာတာမှ မဟုတ်တာ နှင်းဆီ၊ သံယောဇဉ်ကြီးတဲ့ သိဟောင်းကျွမ်းဟောင်းကို လာပြန်တွေ့တဲ့ သဘောပဲလေ၊ သူ ငါတို့ကို သစ်စိမ်းချိုး ချိုးသွားဖို့လည်း အကြောင်းမရှိပါဘူး"

"နှင်းဘာသိလို့လဲ၊ သစ်စိမ်းချိုးက ချိုးနေပြီ၊ ချိုးသွားပြီ"

"ဘယ်လို ချိုးတာလဲ ! "

"ဟိုတစ်နေ့က သူ့ရည်းစားကိုကြိုဖို့ ခွင့်ယူလိုက်တာကစပြီး ခုထိ ရုံးလည်းမတက်တော့ဘူး၊ ခွင့်တောင် ထပ်မတိုင်ဘူး"





"ဟာင် ... ဟုတ်လား၊ ဘယ်နရက်ရှိပြီလဲ"

"ဒီနေ့ပါဆို လေးရက်၊ နက်ဖြန် ရုံးပိတ်တယ်၊ နှင့်အိမ်လာရမယ့်နေ့၊ ဒီကြားထဲ နှင့်ဆီရောလာသေးလား ထွေး"

"မလာဘူး"

"ကဲ ... တွေ့လား၊ မနက်ဖြန် မိစိမ်း အိမ်ကိုလာမလာ ကြည့်လိုက်၊ မလာဘူးဆိုလို့ကတော့ နေ့စဉ်းသစ်ဟာ နောင်ဘယ်တော့မှ ထပ်ပေါ်လာတော့မယ်မထင်ဘူး၊ အဲဒါ ငါတို့ကို သစ်စိမ်းချိုး ချိုးတာပေါ့ဟဲ့၊ သူ လာပတ်သက်ချင်ရင် လာပတ်သက်လိုက်ပြီး မပတ်သက်ချင်တော့ ကိုယ်ရောင်ဖျောက်လိုက်တာ ကောင်းတဲ့ အမူအကျင့်လား၊ ဒီလိုလုပ်စရာလား ...

ငါတို့ကို သက်သက်မဲ့ လာဆော့ကစားသွားတာ သက်သက်ပဲ မဟုတ်ဘူးလား၊ ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် နေနေတဲ့ ငါတို့ကို သူ နှလိုလာပြီး မှောက်ချည်လှန်ချည် ဆင်ရာလုပ်လို့ ဘယ်ရမလဲ၊ ငါတို့က ငြိမ်ခံနေစရာလား"

ထိပ်ထားထွေးက တွေးဆဆနှင့် ...

"သူ့ကောင်မလေး ရောက်လာတယ်ဆိုတော့ သူ့ကောင်မလေးကမျိုး သဘောမတူလို့လား၊ ငါတို့ဆီ ဝင်ထွက်သွားလာနေတာကို ကောင်မလေးက မကြိုက်လို့များလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တာပဲ ထွေး၊ ငါတို့က ဘယ်အရွယ်တွေပဲ ဖြစ်နေနေ သဝန်တိုတတ်တဲ့ ကောင်မလေးမျိုးဆိုရင် တိုမှာပဲပေါ့၊ ပြီးတော့ နှင်းဆီ ... နှင် အဲဒီနေ့က နောက်ယောင်ခံလိုက်ကြည့်တာကိုပါ ကောင်မလေး မြင်သွားနိုင်တယ်၊ ဒီအမျိုးသမီးတွေ ရှုပ်ရှုပ်ယှက်ယှက်နဲ့ အနှောင့်အယှက်ပဲလို့ မြင်ရင် မြင်သွားမှာပေါ့"

"အောင်မာ ... သူက ဘာမို့လဲ၊ သူက နောက်မှပေါ်တဲ့ ရွှေကြာပင်ပါ၊ ငါတို့ကသာ ကိုမောင့်ရဲ့ ဟိုးပထမဆုံး မူလလက်ဟောင်း ချစ်သူတွေ"

"နှင်းဆီ"

"နှင် ရောနေပြီ နှင်းဆီ၊ နှင်လက်ခံရမှာက နေဝန်းသစ်ဟာ ကိုမောင် မဟုတ်ဘူး ဆိုတာပဲ"

"နားမလည်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ ခွင့်မလွှတ်ဘူး"

"စိတ်လျှော့ပါ နှင်းဆီရယ်၊ ဘာဖြစ်လို့ နှင် ကိုယ့်စိတ်ကို ကိုယ် ဒုက္ခပေးချင်နေရတာလဲ"

နှင်းဆီတင်က ဝိတ်တာကို လက်ဖျောက်တီးခေါ်ပြီး ဘီလ်တောင်းလိုက်ပါသည်။

"မနက်ဖြန် နှင့်ဆီလာမလား ငါ သိချင်တယ်၊ မလာဘူးဆိုရင် ငါတို့ကို သူ လှည့်ဖြားကစားသွားပြီ သေချာတယ်၊





နှင်တို့ဘာသာနှင်တို့ ဗွေယူယူ မယူယူ ငါဗွေယူတယ်၊ လုံးဝခွင့်မလွှတ်ဘူး ... ဒါပဲ"

"နှင်းဆီ ... နှင် တစ်ခုခုလုပ်မယ်ဆိုရင် ငါတို့ကို တိုင်ပင်ပါဟာ၊ တစ်ယောက်တည်း ထင်ရာလျှောက်မလုပ်နဲ့ဦး"

ထိပ်ထားထွေး ပြောနေတုန်းပင် နှင်းဆီတင်က စားပွဲပေါ် ပိုက်ဆံချရစ်ပြီး သူ့အရင် ထ,ပြန်သွားပါသည်။

* ❤ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

စိမ်းသက်မီနှင့် ထိပ်ထားထွေးတို့သည်လည်း ဒီကြားထဲ နေ့ခင်းသစ်ရဲ့ဖုန်းကို တစ်ယောက် တစ်ကြိမ်စီတော့ ခေါ်ဖြစ်ကြပါသည်။ ဒါကလည်း သူတို့ဆီပါ လုံးဝမလာတော့တဲ တကယ်အဆက်ပြတ်သွားသလို ဖြစ်သွားတဲ့ နေဝန်းသစ်ကြောင့် အကျိုးအကြောင်းသိရဖို့ ဆက်တော့ ဆက်သင့်တယ် ထင်လို့ပင်။

ဖုန်းကို ကိုင်တာကိုက မိန်းကလေးသံ ဖြစ်နေပါသည်။ မိန်းကလေးသံက ရှိရိုကျိုးကျိုး ချေချေငံငံလေးပင်။

"ဖုန်းမှားနေပါတယ်ရှင်"

"ဒီဖုန်းနဲ့ ဒီလူကို အစ်မကြီးတို့ အကြိမ်ကြိမ် ဆက်ဖူးပါတယ်၊ ဖုန်းမှားတယ်ဆိုတာ ဟုတ်ပါ့မလား သမီး"

"ဟုတ်ပါတယ်ရှင်"



စိမ်းဆက်တော့လည်း ဤသို့ အလားတူ။ ထွေးဆက်တော့လည်း ဤသို့အလားတူပင်။ စိမ်းနှင့် ထွေး တစ်ယောက်ကို တစ်ယောက် အကျိုးအကြောင်းတော့ လှမ်းပြောဖြစ်ကြသည်။

"ငါ့ကိုလည်း အဲဒီအတိုင်းပဲ ပြောတယ်၊ ဒါပေမဲ့ ငါထင်တာတော့ နှင်းဆီတွေ့တဲ့ သူ့ရည်းစားလေး ဆိုတာပဲ ဖြစ်မှာပါ၊ ဖုန်းကို သူ ယူကိုင်ထားတာမျိုး နေမှာပေါ့၊ နေဝန်းက ချက်ချင်းလက်ငင်းကြီး သို့ဖုန်းကို မကိုင်စရာ ဘာအကြောင်းရှိလဲ၊ သူ့ကောင်မလေးက သိသွားပြီး ငါတို့နဲ့ လာပတ်သက်တာကို မကြိုက်လို့ နေပါလိမ့်မယ်"

"အေးဟယ်၊ ကောင်မလေးကလည်း သဝန်တိုလွန်းအားကြီးပါတယ်၊ ငါတို့နဲ့ ခင်မင်ပတ်သက်တော့ ဘာဖြစ်သွားမှာမို့လဲဟယ်"

"ထွေး ... နင် သူ့အိမ်ရောက်ဖူးသားပဲ၊ တစ်ခါလောက်သွားပြီး စနည်းနာကြည့်ရင်ကော"

"ပုန်းနေတဲ့သူကို ဖွတ်လိုက်ရှာ ဆွဲထုတ်တယ်ဆိုတာမျိုး ဖြစ်သွားမှာပေါ့၊ ဘယ်ကောင်းပါ့မလဲ စိမ်းရယ်၊ သူ မလာချင်လို့ မလာတော့တာ မဟုတ်လား"

"အခုဟာက ငါ့စိတ်ရင်းထဲက တကယ့်ခံစားချက်အမှန်က စိတ်တောင်ပူနေမိတာ ထွေးရဲ့၊ သူ ပုန်းနေတာကို မိအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းချင်တဲ့စိတ် မဟုတ်ပါဘူး၊ ငါတို့မသိတဲ့ ဘာတွေဖြ
နေလဲ၊ ဘာအခက်အခဲတွေ ရှိနေလဲ သိချင်တာ၊ သုံးဖ
လောက် ငါတို့အနားမှာ နီးနီးကပ်ကပ် နေသွားပြ
ရုတ်တရက် ကိုယ်ဖျောက်လိုက်ပုံက ထူးဆန်းနေတာ ...

ငါတို့အားလုံးကလည်း သူ့ကို ခင်မင်လိုလားကြ
တယ်၊ သံယောဇဉ်ကြီးကြတယ်ဆိုတာ သူ သိရက်သားနဲ့
ဒီလို ဒီလိုကြောင့် ကျွန်တော် ရုံးအလုပ်ကထွက်မယ
သားကို ပန်းချီလာမသင်ဖြစ်တော့ဘူးနော်လို့ ပြောထွက်
မရတာမှ မဟုတ်ဘဲ၊ ဘယ်သူက နှုတ်ဆွဲထားလို့ ရမှာလဲ

ပြီးတော့ နေဝန်း ပုံစံက မိကောင်းဖခင်သား၊ ယ
ကျေးရည်မွန်တဲ့ ကောင်လေးပဲ၊ လမ်းခွဲအဆက်ဖြတ်
ဆိုရင် သေသေချာချာလေး နားလည်အောင် အသိ
ပြောပြပြီး လုပ်လို့ရတာပဲ၊ ငါတို့မသိတဲ့ ကိစ္စတစ်ခု
နေမယ်လို့ကို စိတ်ထဲမှာ ထင်နေတယ် ...

ကျန်တာတွေ ဥပမာ ... ကိုမောင် ဝင်စားတာ
ဘာတွေကို မေ့ဖျောက်ထားကြည့်လိုက်စမ်း၊ အရမ်းခ
မိတ်ဆွေတစ်ယောက် ဘာသတင်းမှ မကြားရဘဲ သူ့
လည်း ဆက်မရ၊ လူလည်းပေါ်မလာတော့ဘဲ ဖြစ်သွား
မျိုးဟာ စိုးရိမ်စိတ်ပူစရာ အခြေအနေမျိုး မဟုတ်



အကျိုးအကြောင်း စုံစမ်းသတင်းမေးသလိုမျိုး ကိုယ်သွား
လိုက်ရင် ဘာမှ မကောင်းမရှိပါဘူးဟယ် ...

နင်နဲ့ သူ့အဘွားဆိုရင် သုံးကြိမ်လောက် တွေ့ဖူး
တယ်၊ နင် သူ့အသက်ကို ကယ်ထားတယ်၊ နင်သွားလိုက်
ရင် အဘွားကကောင်းကောင်းဆီးကြိုဧည့်ခံမှာပါ၊ အဘွား
ဘာသိထားလဲ ဆိုတာလည်း ငါတို့သိရတာပေါ့”

စိမ်းရဲ့ထက်ထက်သန်သန် နားချစကားတွင် ထွေး
လည်း အနည်းငယ်စဉ်းစားစိတ်ပါလာတော့ကာ ...

“အင်း ... ဒါဖြင့်လည်း နင်ပါလိုက်ခဲ့၊ ငါတစ်ယောက်
တည်း သွားရမှာ ကြောက်တယ်”

“လိုက်မှာပေါ့”

ဤသို့ဖြင့် စိမ်းသက်မီနှင့် ထိပ်ထားထွေးတို့ နှစ်
ယောက်သည် ထိပ်ထားထွေး အော့ဖ်ဖြစ်တဲ့ နံနက်ခင်းတစ်ပိုင်း
မှာ ထိပ်ထားထွေး သုံးကြိမ်ရောက်ဖူးတဲ့ နေဝန်းသစ်အဘွားရဲ့
အိမ်ကို ရောက်သွားကြပါသည်။ အဘွား ဒေါ်ခင်ခင်ချိုက ထိပ်
ထားထွေးကို ဝမ်းသာအားရပင် ဆီးကြိုဧည့်ခံသည်။

“ဒီဘက်နားရောက်ရင်း အန်တီရော နေကောင်းရဲ့လားလို့
သိချင်လို့ ဝင်လာတာပါ၊ နေဝန်းသစ်နဲ့တောင် မတွေ့ဖြစ်
ကြတာကြာလို့၊ အန်တီ့သတင်းလည်း မမေးဖြစ်ဘူးလေ”

www.burmeseclassic.com



"နေကောင်းပါတယ် သမီးရယ်၊ ကျေးဇူးလည်း တင်ပါ
တယ်၊ အန်တီတို့အရွယ်နဲ့ ဒီအထက်လှန်အောက်လှ
သဘောဖြစ်တာ အခန့်မသင့်ရင် သေတောင်သေနိုင်မယ်
ကိစ္စ၊ သမီး ကယ်တဲ့အသက်ပဲ ရှိတယ်၊ မတွေ့ပေမယ့်
အန်တီ အမြဲဘုရားရှိခိုး မေတ္တာပို့တယ် ..."

နေဝန်းကိုတောင် မနေ့တစ်နေ့ကပဲ မေးမိသေးတယ်
ဒေါက်တာမလေးနဲ့ ခုထိလော တွေ့သေးလားလို့၊ နေဝန်း
ကလည်း သူ့ကိစ္စတွေ သူရှုပ်ပြီး မတွေ့တာကြာပြီ ပြော
ပါတယ်"

"ဟုတ်ကဲ့ အန်တီ မတွေ့ဖြစ်ဘူး၊ နေဝန်း ဘာတွေအလုပ်
ရှုပ်နေပါလိမ့်"

"သူတို့ ထွက်ဖို့ရက်လည်း နီးလာတော့လေ၊ နောက်လ
ပဲ သွားကြမှာ၊ သူ့မိဘတွေတောင် ဒီလကုန်လောက်လိုက်
လာကြမှာပေါ့"

"နေဝန်းက ဘယ်သွားမှာလဲ အန်တီ"

"ဩော် ... သမီး မသိဘူးလား၊ စကားမစပ်မိတာနေမယ်
အင်္ဂလန်သွားကြမယ်လေ၊ သူ ဒီပလိုမာပြီးထားတဲ့ ကွန်
တာ အင်ဂျင်နီယာရင်းပဲ ဘွဲ့ဆက်တက်မှာ၊ ဒီကဖြေ
ဒီပလိုမာတွေ အောင်ပြီးပြီ၊ ရဲရဲလည်း အတူပဲထွက်မ
ရဲရဲ သိလား"





"ဩော် ... မိန္ဒလေးကလာတဲ့ သူ့ကောင်မလေးပေါ့တယ်"

"ဟုတ်တယ်လေ ... ဟုတ်တယ်၊ ကောင်မလေးကလည်း
ဒီနိုင်ငံနဲ့မတော်သက်တဲ့ကျောင်း ... တက်မှာ၊ အင်္ဂလန်မှာက
အန်တီတို့ အမျိုးတွေလည်းရှိ၊ ရဲရဲတို့အမျိုးတွေလည်း
ရှိကြတယ်၊ အမျိုးတွေလည်း ရှိခဲ့ရှိတော့ အခွင့်ပြေတာ
ပေါ့၊ သူတို့ခေတ်ကတော့ မညာရှာတဲ့ခေတ်ပဲလေ၊ ဟုတ်
တယ်မဟုတ်လား၊ စာသင်ချင်တဲ့စိတ် ထက်သန်ကြတာ
ချီးကျူးရမယ်၊ အန်တီ သူ့အရွယ်တုန်းက သူ့အမေကို
တောင် မွေးပြီးနေပေါ့"

ဒေါ်ခင်ခင်ချိုက ဖော်ဖော်ရွေရွေ ပြောဆိုရင်း သူ့
စကားသူ သဘောတကျ ရယ်မောနေပါသည်။

"ရဲရဲ ဖိုတာလောကမှ ရောက်လာတော့ ပါစ်ပို့ထဲကအစ
ခုမှပဲ ပြေးလွှားလုပ်ကိုင်နေကြတာ၊ ဒီရက်ပိုင်း အလုပ်ရှုပ်
ပြီး တစ်နေကုန် အိမ်မကပ်ပါဘူး၊ မိုးလင်းရင် ထွက်သွား
တာ၊ တစ်နေကုန် ရဲနဲ့အတူ လုပ်စရာရှိတာလုပ်၊ ရဲရဲတို့
အိမ်မှာပဲ စားသောက်၊ ကောင်မလေးအဒေါ်အိမ် ရှိတယ်
လေ၊ ညမိုးချုပ်မှပဲ နေဝန်းက ပြန်လာတယ်၊ သူနဲ့တွေ့
ချင်ရင် ဖုန်းဆက်မချိန်းရင်တော့ ညဘက်မှ၊ စိတ်ချရတာ
သမီးရဲ့၊ ဖုန်းဆက်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ဖုန်းနံပါတ်က ဆက်မရဘူး အန်တီ၊ မိန်းကလေး[illegible] နဲ့ ဖုန်းမှားနေတယ်ဆိုတာနဲ့ ထပ်မဆက်ဖြစ်ပါဘူး"

"ဪ ... ရဲရဲကို ပေးထားတာပါ၊ ရော ... ရော ... [illegible] စာအုပ်မှာကြည့်၊ သူ့လက်ကိုင်ဖုန်းနံပါတ်အသစ်က [illegible] မှာ၊ နံပါတ်အသစ်ဆိုတော့ အန်တီတောင် အလွတ်မရသေး[illegible] ဘူး၊ ရေးမှတ်ထားရတယ်၊ အိမ်မှာနေရင်း ဟိုတစ်ခါ[illegible] နေမကောင်း ထိုင်မကောင်းဖြစ်ရင် သူ့ပဲ ဖုန်းဆက်ခေါ်[illegible] ရမှာ မဟုတ်လား၊ ဟိုဖုန်းက သူ့အပိုင်၊ ဒီဖုန်းက ရဲ[illegible] ကိုင်ဖို့ ...

• သူ့ဖုန်း ရဲရဲကို ပေးကိုင်ထားတာတဲ့၊ ဒါကြောင်[illegible] သမီးဆက်တော့ ရဲရဲဆီ ရောက်သွားတာပဲနေမယ်"

ထိပ်ထားထွေးက ဖုန်းနံပါတ်အသစ်ကို ဖုန်းထဲထည့်[illegible] မှတ်လိုက်ပါသည်။

ထွေးရော စိမ်းရောဟာ ရှင်ရှင်လန်းလန်း မရှိနိုင်[illegible] တော့ဘဲ နေဝန်းသစ် နိုင်ငံခြားထွက်တော့မယ်ဆိုတာ သိရ၍ ရင်[illegible] ထဲ ဟာဆလိုလို ဝမ်းပဲနည်းသလိုလို မှိုင်တွေတွေ ဖြစ်သွားကြ[illegible] ရပါသည်။ နောက်လထဲဆိုတာဟာ ဘာကြာတော့မှာမှတ်လို့။

"အန် ... အန်တီ ... နေဝန်းက ကျောင်းပြီးရင်တော့[illegible] မြန်မာပြည် ပြန်လာဦးမှာ မဟုတ်လားဟင်"



အသံတုန်တုန်နှင့် ဝင်မေးလိုက်တဲ့ စိမ်းသက်မီကို ဒေါ်ခင်ခင်ချိုက တအံ့တသြ လှည့်ကြည့်လိုက်ရင်း ...

"ဪ ... ဒီသမီးကကော နေဝန်းနဲ့ ခင်တာပဲလား"

"ဟုတ်ကဲ့၊ နေဝန်းက ကျွန်မရဲ့သားလေးကိုလည်း အိမ်မှာလာပြီး ပန်းချီသင်ပေးနေပါတယ်"

"ဪ ... ဪ၊ နေဝန်း ပြောဖူးသား၊ မိတ်ဆွေတစ်ယောက်ရဲ့ကလေးကို ပန်းချီသင်ပေးတယ်ဆိုတာ၊ ဪ သမီးကိုး၊ ဒေါက်တာနဲ့လည်း သူငယ်ချင်းပေါ့"

"ဟုတ်ကဲ့ပါ"

"အင်း ... နေဝန်းတို့က ပြန်လာမှာပါ၊ သူတို့ရည်ရွယ်ချက်က ဟိုမှာ အလုပ်လုပ်ဖို့ မဟုတ်ဘူး၊ ပညာသင်ပြီးပြန်လာမယ်၊ ဒီကျ လက်ထပ်ကြပြီးရင် အင်္ဂလန်နဲ့ချိတ်ဆက်ထားတဲ့ သင်တန်းကျောင်းတစ်ခု သူတို့ဖွင့်မယ်၊ အဲဒီသင်တန်းကျောင်းက ဒီကနေ ဖြေနိုင်မှာတွေအတွက်လည်း သင်ကြားစာမေးပွဲကျင်းပပေးပြီး ဟိုကတက္ကသိုလ်ကောလိပ်တွေကိုလည်း ဒီကနေ ကျောင်းသားဆက်သွယ်ပို့ပေးနိုင်တဲ့ ပညာရေးဝန်ဆောင်မှု လုပ်ငန်းမျိုးပေါ့၊ စာသင်ကျောင်းရော ဝန်ဆောင်မှုရော၊ သူတို့ ဒီလိုလုပ်ဖို့ စီစဉ်ထားကြတာမို့လို့ ပြန်လာမှာပါ"

www.burmeseclassic.com



ထိုနေ့က ထိပ်ထားထွေးနှင့် စိမ်းသက်မိ နှုတ်ဆိ
ဆိတ် ခပ်တိတ်တိတ် ပြန်လာကြပြီး ကားပေါ်မှာလည်း ခပ်
တိုင်တိုင်။ ဘယ်လိုပဲဖြစ်စေ သူတို့ ချစ်ခင်သံယောဇဉ်ဖြစ်ရ
ကိုမောင့်ကိုယ်ပွားကလေးက အိမ်ထောင်တွေ ဘာတွေ ပြု
မယ်သတင်း ကြားရသည်မှာ ပူဆွေးနှမြောတသဖို့တော့ ကော
သားပင်။

"ဒါဖြင့် သူ့ကိစ္စတွေနဲ့သူ ရှုပ်နေလို့ မလာတာပေါ့
"ဒီလိုချည်းလည်း မဟုတ်ဘူး ထွေး၊ အဲဒါဆိုရင် သူ
ဆက်ပြီး ကျွန်တော် အလုပ်ရှုပ်နေလို့ မလာနိုင်သေးဘူ
ပြောလိုက်ဖို့ အလွယ်ကလေးပဲဟာ။ ရှောင်တာတော့
တာပဲဟာ၊ အကြောင်းရှိကို ရှိတယ်၊ သူ့ကောင်မလေ
လည်း ပုံမှန်ဆိုရင် သူ့ဆီဖုန်းဝင်လာပြီး နေဝန်းသ
မေးတဲ့အခါ ကျွန်မဆီမှာ ဖုန်းရောက်နေလို့ပါ၊ ကိစ္စ
(......)ကို ဆက်လိုက်ပါ စသဖြင့် ပုံမှန်ဆိုရင် ပြောရ
လေ၊ သူ မသိဘူးဆိုပြီး လမ်းပိတ်ချလိုက်တာဟာ ပျော
ပျောက်တာတော့ ပျောက်တာပဲဟာ"
"အေးဟယ် ... ငါတို့က ဘာများလုပ်မိတာမို့ပါလိမ့်ဟ

* ❤ *





"နင်တို့ မွေ့ယူယူ မယူယူ၊ ငါ ယူတယ်၊ ခွင့်မလွှတ်ဘူး"
"ကိုယ်ကို အရူးလုပ်တယ် လှည့်စားတယ် ထင်ရင် မှတ်
လောက်အောင်တော့ ပညာပေးရမှာပဲ၊ ကလဲ့စားချေမှာပဲ"
"ငါတို့ကသာ ကိုမောင်ရဲ့ ဟိုးပထမဆုံး မူလလက်ဟောင်း
ချစ်သူတွေ"

စသည်ဖြင့်သော စကားမျိုးတွေကို ပြောဆိုခဲ့တဲ့
နင်းဆီတင်ကိုတော့ စိမ်းနှင့် ထွေးက ရက်တရက် ဒီအကြောင်း
တွေ မပြောရဲသေး။ သူ့ချစ်သူ ကောင်မလေးနဲ့ နှိုင်းခြားသွား
ကြတော့မယ်၊ ပြန်လာရင် လက်ထပ်ကြမယ် စသည်ဖြင့်တွေ
ကြားသိရလျှင် နင်းဆီဟာ စိမ်းနှင့် ထွေးလောက်သော ရှိမ်းဆွတ်
သလိုလို ဝမ်းနည်းသလိုလို နှမြောတသ သဝန်တိုလိုဖြစ်နေမှာမဟုတ်
ဘဲ ဘုန်းဒိုင်းကြီးမှာပဲ ကြောက်ရသည့် ဖြစ်ပေခဲ့သည်။
သို့သော်လည်း ကိုယ်ကမပြောသော်လည်း အားရင်အား
သလို မိန်းမ နေဝန်းသစ် အသွားအိမ်မှား လှည့်ပတ်ကားမောင်းလိုက်
ချောင်းမြောင်းလိုက် လုပ်နေတဲ့ နင်းဆီတင်ဟာ တစ်နေ့သောအခါ
မှာ နေဝန်းသစ်ကို သွားခိုန် ရှာဖွေတွေ့ရှိသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က နှင်းဆီတင်သည် ဗိုလ်တထောင်ဘုရားကအပြန်၊ မမျှော်လင့်ဘဲ ရှေ့နားမှာ နေဝန်းသစ်ကားကို တွေ့လိုက်တာဖြစ်သည်။ တွေ့သည်နှင့် စိတ်တွေလှုပ်ရှားသွားပြီး ထိုကားနောက်ကို လိုက်တော့တာပင်။ ကားနံပါတ်က မှန်ပေမယ့် နေဝန်းသစ် ပါမပါ၊ သူမောင်းတာ ဟုတ်မဟုတ် မျက်စိနှင့်သေချာချင်သေးရာ နောက်က ဒလကြမ်းလိုက်ပြီး မြို့ထဲမီးပွိုင့်တစ်နေရာမှာ ဘေးချင်းယှဉ်လိုက်သည်။

လှမ်းကြည့်လိုက်တော့ နေဝန်းသစ်ရယ် သူ့ကောင်မလေးရယ် ရှေ့ခန်းမှာ တန်းလို့တွေ့နေတော့တာပင်။ သူတို့ချင်းက စကားပြောနေပြီး ဒီဘက်ကို ရုတ်တရက် သတိမပြုမိကြ။ မီးစိမ်းပြီး ထွက်ကြမယ်လုပ်မှ နေဝန်းသစ်ကားက အထမြန်မြန်နှင့် ရှေ့ကို နှာတစ်ဖျား ကျော်ထွက်သွားပြီးနောက် ဘာရယ်မဟုတ် ဘေးဘက်ငဲ့ကြည့်တဲ့ ကောင်မလေးက နှင်းဆီတင်ကို မြင်သွားတာဖြစ်သည်။

ကောင်မလေးကလည်း နှင်းဆီတင်ကို ချက်ချင်းမှတ်မိကာ နေဝန်းသစ်ကို ပြောလိုက်ပုံရပါသည်။ မျက်ခြည်ပြတ်ပြေးဖို့ ကြိုးစားတဲ့ နေဝန်းသစ်ရဲ့ကားနောက်က နှင်းဆီတင်ရဲ့ကား။ ဘာလုပ်ဖို့အတွက် လိုက်တာရယ်လို့ ကိုယ့်ကိုယ်ကိုယ်ရေရေရာရာ မသိသော်လည်း အပြင်းမောင်းပြေးဖို့ကြံတဲ့ ကားနောက်သို့ သူကလည်း အပြင်းလိုက်ပါသည်။



လိုက်ရင်းက စိတ်တွေ တက်ကြွလှုပ်ရှားလာကာ

ပထမ ထွေးထံ ...။

"ဟော့ ထွေး ... ငါ အခု ဘာလုပ်နေလဲ သိလား"

"ဘာလုပ်နေလဲ"

"ငါ နေဝန်းသစ်ကားနောက်က လိုက်နေတယ်၊ ဘယ်လိုပဲ ရှောင်ပုန်းပုန်း အခု သူတို့နှစ်ယောက်ပါတဲ့ကားက ငါ့ရှေ့မှာ ကားယားကြီး၊ ဟား ဟား ဟား"

"နင်က ဘာလုပ်ဖို့ လိုက်နေရတာလဲ နှင်းဆီ၊ သူတို့သိလား"

"သိတာပေါ့၊ ရှေ့က မောင်းပြေးနေတာတန်းလို့၊ ငါက မီရင် ရှေ့ကဖြတ်ပိတ်ထားပြီး သင်းကို ငါ ပြောချင်တာ ပြောလို့ရအောင် လိုက်နေတာ"

"နှင်းဆီ ... နင် စိတ်အေးအေး ထားစမ်းပါဟာ၊ ခုလို ‌ပ်တာ ဘာအကျိုးမှ မရှိပါဘူးဟာ၊ ဒီလိုကြီးလိုက်နေတော့ ဘယ်ကောင်းမလဲဟာ၊ ကိုယ်က လူကြီးဖြစ်ပြီးတော့၊ နောက်ပြီး ဟိုကောင်မလေး အမြင်မှာလည်း သိက္ခာကျပါတယ် နှင်းဆီရာ"

"ကျကျပေါ့ဟာ၊ ဟား ဟား၊ မတားနဲ့ လုံးဝမရဘူး၊ ငါ့ကို တရားမချနဲ့၊ ငါ့ကို အရူးလို ကစားသွားတဲ့ကောင်ကို တစ်ခုခုတော့ သိအောင်ပြောရမှာပေါ့ဟာ၊ ဒါပဲ ... ထွေး"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ... စိမ်းထံ။

"စိမ်း ... ငါပါ"

"ပြော"

"ငါ ဘာလုပ်နေလဲ နင်သိလား"

"ဘယ်သိမလဲ"

"ငါ နေဝန်းသစ်နဲ့ သူ့ကောင်မလေးကားနောက်က လိုက်နေတယ်"

"ဘာ ... နင် နောက်ကလိုက်နေတယ်"

"အေး၊ နင်တို့ကောင်လေးတော့ နောက်ကနေ သူ့ကိုသတ်မယ့်လူဆိုးကား ပါလာသလို အတင်းမောင်းပြေးနေလေရဲ့"

"နင်းဆီ ... နင် စကားနောက်တရားပါ၊ နိမိတ်မရှိတာတွေ မပြောနဲ့၊ နင် ဘာလုပ်ဖို့ လိုက်နေတာလဲ"

"သူတို့ကို ကျော်တက်ပြီး ဖြတ်ပိတ်မယ်၊ ဒါမှစကားပြောလို့ရမှာ၊ ငါတို့သုံးယောက်ကိုယ်စား ပက်ပက်စက်စက်တဲ့ ပြောပစ်မှာ"

"နင်းဆီ ... နင် ဒီလိုလုပ်တာ ဘာမှအကျိုးမရှိဘူး"

"လာပြန်ပြီ နောက်တစ်ယောက်၊ နင်တို့က ဘာကို အကျိုးရှိတယ် ခေါ်တာလဲ၊ သင်းကို ဒီအတိုင်း လွှတ် ထားလိုက်ရင်သာ ငါတို့အကျိုးယုတ်တာ၊ သူ့ ကစား





ရတဲ့ မိန်းမစားတွေ မဟုတ်ဘူးဆိုတာ ကျောင်းမှန်းကန်မှန်းသိအောင် ပြပေးမှ ငါတို့မှာ အကျိုးရှိမှာပေါ့"

"မဟုတ်ဘူး နင်းဆီ၊ နင် မှားနေပြီ၊ ဆက်မလိုက်ပါနဲ့ သူငယ်ချင်း၊ နင် ရပ်လိုက်ပါဟာ၊ နင် သူ့ကို တစ်ခုခု ပြောချင်ရင် နောက်မှသတ်သတ်သွားပြောပါ"

"တမင်တကာ ရှောင်နေတဲ့ကောင်ကို ဘယ်လိုလုပ်ပြီး ပြောလို့ရမှာလဲ၊ အခု ကားရပ်ပြောလည်း ဒီစကားပဲ၊ နောက်မှပြောလည်း ဒီစကားပဲလေ၊ ဘာထူးလို့လဲ"

"အခု နင် သူ့နောက်က လိုက်နေတဲ့ကိစ္စက အန္တရာယ်များတယ် နင်းဆီ၊ နင့်အတွက်ရော သူ့အတွက်ရော အန္တရာယ်များတယ်၊ နင် ရပ်လိုက်ပါ၊ ဆက်မလိုက်ပါနဲ့"

"လိုက်မှာပဲ၊ သူ့ကားနဲ့ခုမှ တစ်ခါလေး ရှားရှားပါးပါး တွေ့တာ"

"နင်းဆီ ... နင် ..."

"ငါ့ကိုမတားနဲ့ စိမ်း၊ နင်တို့နှစ်ယောက်လို အီညောင်ညက်နဲ့ ကိုယ့်ကိုဘာလုပ်လုပ် ငြိမ်ပြီးငုံ့ခံနေမယ့်မိန်းမ မဟုတ်ဘူး နားလည်လား၊ နင်တို့သာ အညံ့စားမိန်းမတွေ"

"ဟဲ့ ... ညံ့တာတွေ တော်တာတွေ ဒီအချိန်မှာ လာငြင်းခုန်မနေနဲ့၊ နင့်စိတ်တွေလည်း ဒေါသတွေသင့်ပြီး သိပ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားနေတယ်ဟာ နှင်းဆီ စိတ်လျှော့ပြီး နှင့်ကားကို ရောက်ရာအရပ်မှာ ရပ်ကျန်ခဲ့ပါ”

“နိုး၊ နိုးပဲ စိမ်း၊ ငါ ရအောင်လိုက်မှာပဲ”

“နှင်းဆီ ... ကိုမောင်ဟာ ကားအက်ဆစ်ဒဲန့်ထ်နဲ့ ဆုံးခဲ့တာနော်၊ နှင် မေ့ပြီလား၊ နှင် ဘယ်လိုဖြစ်နေလဲ၊ နှင် နေဝန်းသစ်ကိုရော ဒီလိုအဖြစ်မျိုးနဲ့ ကြုံတာမျိုး ဖြစ်စေချင်လို့လား ဟင် ... နှင်းဆီ”

“ဟား ဟား ဟား”

“နှင်းဆီ ... နှင် ဘယ်လိုရယ်နေတာလဲ”

“ဟား ဟား ... လောကကြီးမှာ နှင်တို့မသိသေးတာတွေ အများကြီးရှိသေးတယ်ဟဲ့ အ,ပတုံးမလေးတွေရဲ့”

“ဘာတွေလဲ၊ နှင် ဘာကိုပြောတာလဲ”

“မသိချင်နဲ့ ငါလည်း မပြောနိုင်ဘူး၊ နှင်လက်ခံထားဖို့က သစ္စာမဲ့တဲ့ ယောက်ျားတွေ ကမ္ဘာမြေကြီးပေါ် ရှင်သန်နေရင် မြေကြီးလေးတယ် စိမ်း”

“ဘာ”

“သေလေ ကောင်းလေ၊ မြေကြီးပေါ့တယ်၊ နားအေးတယ်”

“နှင်းဆီ”





“သူပါ အက်ဆစ်ဒဲန့်ထ်ဖြစ်သေလည်း ငါ ဝမ်းမနည်းဘူး၊ ကိုမောင် သေတာကိုလည်း ငါလုံးဝဝမ်းမနည်းခဲ့ဘူး”

“နှင်လား ဝမ်းမနည်းတာ၊ နံရံကိုတောင် ခေါင်းနဲ့ဆောင့်ငိုခဲ့တာ၊ နှင် ရူးမတတ် ခံစားခဲ့ရတာလေ နှင်းဆီ၊ နှင် မမေ့ပါနဲ့”

နှင်းဆီတင်သည် စိမ်းသက်မီ ပြောလိုက်မှ အတိတ်ကို ပြန်လည်မြင်ယောင် တမ်းတကာ မျက်ရည်တွေ လျှံတက်လာသည်။

“နှင် ဘယ်လောက်တောင် ခံစားခဲ့ရလဲ၊ နှင် ရူးမီလောက် ခံစားခဲ့ရတယ်လေ၊ နေဝန်းသစ်မှာ ဘာအပြစ်မှ မရှိပါဘူးဟာ၊ နှင် ဖြေရှင်းချင်ရင် အေးအေးဆေးဆေး ငါတို့အားလုံးဆုံပြီး ဖြေရှင်းကြရအောင်ပါ”

“အဲဒါလည်း တစ်မျိုးပေါ့၊ လောလောဆယ်မှာတော့ ငါ့ကိုမြင်လို့ တမင်လွှတ်အောင် မောင်းပြေးနေတဲ့ကောင်ကို လုံးဝအလွှတ်မပေးနိုင်ဘူး၊ မိအောင်လိုက်မယ်၊ သူကမှ ကားကို သူ့ဟာသူ မရပ်တာ၊ ငါက ရပ်အောင်ကိုလုပ်မှာ”

“နှင်းဆီ ... နှင် သူ့ဆီဖုန်းဆက်ပြီး ကားရပ်ခိုင်းလိုက်ပေါ့ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းက ဘယ်တုန်းက ဆက်လို့ရလို့လဲ၊ သူ့ဟာမက ငြင်းချပစ်တာချည်းပဲ"

"အခု သူကိုင်ထားတဲ့ ဖုန်းနံပါတ်အသစ်ကို ငါ ရထားပါတယ်၊ နင် မှတ်လိုက်၊ ပြီးရင် ဆက်ကြည့်လိုက်ပေါ့"

"ဘာ ... နင်က သူ့ဖုန်းအသစ် ရရက်သားနဲ့ ငါ့ကိုမပြောဘဲ လျှို့ထားတယ်ပေါ့လေ"

"ခုမှရတာပါဟာ တကတဲမှပဲ၊ ငါလည်းမဆက်ရသေးပါဘူး၊ နင် အခုဆက်ကြည့်လိုက်ပါ၊ ချော့ပြောပြီး ကားကို ရပ်ခိုင်းလိုက်ပေါ့"

❋❤❋





၁၂

"ကျွတ်"

ရဲက နေဝန်းသစ်ကို မျက်စောင်းလှည့်ထိုးရင်း ...

"စိတ်ရှုပ်ဖို့ ကောင်းလိုက်တာဟာ၊ အဲဒီမိန်းမကြီးက ကြောက်စရာကြီး၊ နင့်အပြစ်ပဲ သိရဲ့လား နေဝန်း၊ နင် သူ့ မခံမရပ်နိုင်အောင် တခြားဘာတွေ ငါ့ကိုမပြောဘဲ လုပ်ထားသေးလဲ၊ မှန်မှန်ပြောစမ်း"

"ဘုရားစူးပါစေဟာ၊ နင့်ကိုပြောပြီးသလောက် အကုန်ပါပဲ၊ ကျန်တဲ့နှစ်ယောက်နဲ့ တန်းတူပါပဲ၊ သူ့ကျမှ ဘာမှပိုပြီး မလုပ်မိပါဘူး"

"ငါ နင့်ကိုမပြောဘူးလား၊ ဒီအမျိုးသမီးသုံးယောက်ဟာ မြောက်မြောက်သနားစရာကောင်းတယ်လို့၊ ဒီ ကိုကိုမောင်ကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ကြတာပဲလို့၊ ဒီစာတွေဖတ်ရပြီးကတည်းက ငါ ပြောတယ်၊ အချစ်ကြီးတဲ့၊ ဒဏ်ရာဒဏ်ချက်ရှိဖူးတဲ့ မိန်းမ တစ်ယောက်ကို နှစ် အနှာပေဟာင်း ဆွမိပြီ နေဝန်း”

“ကျန်တဲ့နှစ်ယောက်ကိုလည်း ... ငါ ...”

“လူဆိုတာ တစ်ယောက်စိတ်နဲ့ နောက်တစ်ယောက်စိတ် တူတာမှ မဟုတ်တာ၊ သူက ပိုခံစားထားရ၊ ပိုဒဏ်ရာရခဲ့ ရလို့၊ ဖြစ်မှာပေါ့၊ ဟဲ့ ... ဟဲ့ ... အမယ်လေး ... ဖြည်း ဖြည်းကျော်တက်စမ်း၊ တောက် ... ငါ နင့်ကို အရမ်းစိတ် တွေတိုလာပြီနော် နေဝန်း”

နေဝန်းက ရှေ့ကကားတစ်စီးကို ပန်းတက်ဝေ့ဝိုက် ကျော်ချလိုက်၍ ကားထဲ ယိမ်းယိုင်သွားရာ ရဲက အော်ပစ်လိုက် မိသည်။

“ရှေ့ကားက ဘေးချမလိုလိုနဲ့ ပြန်တက်လာလိုက်လို့ပါဟာ”

“ငါ ကြောက်လာပြီ၊ စိတ်လည်းညစ်လာပြီ နေဝန်း၊ နင် ကားကိုရပ်ရင် ရပ်ပေးလိုက်တော့ဟာ”

“ငါ မျက်ခြည်ဖြတ်မလို့ဟ၊ ငါ့ကားပျောက်သွားရင် သူ ဘယ်ဆက်လိုက်လို့ ရမလဲ”

“မျက်ခြည်ပြတ်မှာလည်း မဟုတ်ဘူး၊ သူကလည်း နင်နဲ့ အပြိုင် ဒလကြမ်းလိုက်နေတာ၊ နင့်ထက်တောင် ရဲသေ





တယ်၊ နှစ်ယောက်လုံး ဒုက္ခရောက်ကုန်မယ်နော်၊ နင်လေ နင် ... ကိုယ့်အမေလောက်နီးပါးအရွယ် မိန်းမကြီးတွေကို သက်သက်မဲ့ ဝေဒနာသွားပေးတယ်၊ နင် ဓာတ်ကလေး ရယ်ရ ပျော်ရရုံ၊ ဂိမ်းမ်တစ်ခု ကစားသလို နင် သွားလုပ် တယ်”

“ငါက ဘာမှမကောင်းတာ မရည်ရွယ်ပါဘူးဟာ”

“မရည်ရွယ်ပေမယ့် နင်ကသက်သက်သွားဆော့တာ၊ သွား ကစားတာ၊ ဟိုက တကယ်ခံစားချက် ပြင်းထန်ခဲ့ရတဲ့ မိန်းမတွေဟ၊ ခုဘယ်လိုလုပ်မလဲ၊ ကျားနာလိုဖြစ်နေတဲ့သူ နဲ့ကျတော့ ပျော်စရာမကောင်းတော့ဘူးမှလား”

နေဝန်းသစ်သည်လည်း တကယ်ပဲ ရှုံ့မဲ့ချေးပြန်ပြီး စိတ်ညစ်နေပါသည်။ မမနှင်းဆီကို ကားရပ်ပေးပြီး ရင်ဆိုင်တွေ့ ရှင်းလိုက်ဖို့ မျက်နှာလည်းပူ၊ ကြောက်လည်းကြောက်၍ ဆိုင်မဆိုင်ဘဲ ရှောင်ပုန်းတဲ့နည်းနဲ့ပဲ အချိန်ဆွဲနေမိတာပင်။

မကြာခင်မှာတော့ သူ နိုင်ငံခြားထွက်သွားတော့မှာ မဟုတ်လား။

ဒီအမျိုးသမီးသုံးယောက်အကြောင်း သူစသိကတည်း က စိတ်တွေဝင်စားကာ ဓာတ်လမ်းလေးတစ်ခုထွင်ပြီး သူ ...းချည် ...ဖို့၊ အပျော်စိတ်ကူးယဉ်ခဲ့တာ။ ဒါကို ရဲက ကန့်က...ကတာဖြစ်

www.burmeseclassic.com



ခဲ့၍ သူ့မှာ မလုပ်ဖြစ်ဘဲ ရှိရာက ...။ သူက On Line က ရမယ့် စာမေးပွဲတစ်ခုအတွက် ရဲထက် လေးလလောက်စော ရန်ကုန်ဆင်းရဖို့ ဖြစ်လာသည်။

ရန်ကုန်ရောက်တော့ သူ နှစ်နဲ့ချီ စိတ်ဝင်စားခဲ့ အဲဒီအမျိုးသမီးသုံးယောက်ကို စုံစမ်းရှာဖွေသွားကြည့်ဖြစ်ပါသည် အင်မတန် ချောမောလှပဆဲ ဂုဏ်သရေရှိ အမျိုးသမီးသုံးယော ကို မြင်တဲ့အခါ သူ့စိတ်ထဲ ခင်မင်ရင်းနှီးစိတ်ကလည်း အခံရှိ သား ဖြစ်တာရယ်။

ထာဝစဉ် လူတကာကို နောက်ကာ ပြောင် ပျော်ပျော်ပါးပါး နေတတ်တဲ့ သူ့စရိုက်ရယ်၊ ဒီလိုကလေး လု ကြည့်ရင် ဘယ်လိုတွေများ တုံ့ပြန်လာမလဲလို့ စိတ်ဝင် တက်ကြွနေတဲ့ စိတ်ကြောင့်ရယ်။ ပုံပြင်ဆန်ဆန် သူ စိတ်ကူး ကြည့်ဖူးတဲ့ ဇာတ်လမ်းကလေးနဲ့ ချဉ်းကပ်ဖို့ ရဲ မသိအောင် ဖြတ်လိုက်တာ။

ခဏတဖြုတ် သုံးလလောက် သူတို့အနား ရစ် ဝဲလှည့်နေလိုက်ပြီး မကြာခင် နိုင်ငံခြားကို နှစ်နှစ်ကျော် သုံး ထွက်သွားရမှာမို့ သူတို့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွား မဲ့လို့ ပေါ့ပေါ့ဆဆကလေး သူ့စိတ်မှာ ...

"တီတီ ... တီတီ"





နေဝန်းသစ်သည် ဖုန်းမြည်သံကြောင့် လန့်ကာ စတီယာရင်ပေါ် ခေါင်းမှောက်ခါသွားပါသည်။ ဖုန်းကို ကမန်းကတန်းကြည့်ကာ သူ့မျက်နှာ ရှုံ့မဲ့သွားလျှင် ...

"ဘယ်သူလဲ"

"ဟိုလေ ..."

"ဒေါ်နှင်းဆီတင်လား"

"အေးဟာ"

"ဖွင့်လိုက်၊ စကားပြောလိုက်"

"နင်ကလည်းဟာ"

"နင်သရဲဘောမကြောင်နဲ့ နေဝန်း၊ နင် လုပ်တုန်းကလုပ်ပြီး"

"ငါ သူ့ကို မျက်နှာပူပြီး အားနာတာက ပိုတာပါဟာ၊ ကြောက်တယ်ဆော့ ဘယ်ဟုတ်ပါ့မလဲ၊ သူ့ စိတ်တွေတိုပြီး ဒေါသတကြီး ခံစားနေမယ့် မျက်နှာကို ငါမကြည့်ရက်လို့ပါဟာ"

"ဖုန်းနားထောင်လိုက်၊ ရှောင်မနေနဲ့တော့"

နေဝန်းသစ်က သက်ပြင်းတစ်ချက်နှင့် ဖုန်းဖွင့်ကာ မရဲတရဲ ထူးလိုက်ပါသည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"နေဝန်းသစ်လား"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ"

"နင် ဘာအချိုး ချိုးတာလဲ"

မျက်စိစုံမှိတ်ပြီး ကျုံးအော်တဲ့ အသံမျိုးကြီး[...] အော်ပစ်လိုက်၍ နေဝန်းသစ်မှာ တုန်ကနဲ လန့်ဖျပ်သွားရတဲ့အ[...] ပင်။

"ဟို ... ဟို ... မမနှင်းဆီ ..."

"နင် ဘာအချိုး ချိုးတာလဲ၊ ငါတို့ကို နင် ဘာများမှတ်[...] သလဲ၊ အလုပ်ကိုလည်း ဝင်ချင်ဝင် ထွက်ချင်ထွက်၊ ငါ[...] ကိုလည်း ဆက်သွယ်ချင်ရင်ဆက်သွယ် မဆက်သွယ်[...] ရင် အဆက်အသွယ်ဖြတ် ရှောင်ပုန်းပြီး နင်လုပ်ချင်တ[...] လုပ်လို့ရရိုးလား"

"မမနှင်းဆီ ... ကျွန်တော် ... ကျွန်တော် မမနှင်းဆီတို့[...] လာတောင်းပန်ပါဦးမယ်ခင်ဗျာ"

နေဝန်းသစ်မှာ ကိုယ့်အပြစ်နှင့်ကိုယ် တောင်းပ[...] ရပါတော့သည်။

"ဘာတောင်းပန်မှာလဲ၊ နင် တောင်းပန်လည်း ခွင့်မ[...] ဘူး၊ နင်က ငါတို့ကို နင်ကစားစရာ အရုပ်တွေများ [...] နေတာလား ... ဟင်"



"မမနှင်းဆီ"

"နင့်ကားကို ခုချက်ချင်း ရပ်လိုက်စမ်း"

"ဟို ... ကျွန်တော် ..."

နှင်းဆီတင်ရဲ့အသံဟာ ကျယ်လောင်ပေါက်ကွဲလွန်း[...] ဖုန်းထဲကပင် လျှံထွက်ကာ ဒေါသမာန်ထိုင်တဲ့ ရဲပင် ကြားနေရ[...]ပါသည်။

"နေဝန်း ... နင် ကားရပ်ပေးလိုက်တော့ဟာ၊ ပြီးရင်ထိုင် ရှိခိုးလိုက်၊ တောက်"

"ဒီနားရပ်လို့မှ မရဘဲဟ"

"ဘာ ...၊ ဘာရပ်လို့ မရဘူးလဲ၊ နင်က အခု ဘယ်သွား နေတာလဲ၊ မြို့ပြင်ထွက်နေတာလား"

နှင်းဆီတင်က နေဝန်းသစ် ရဲဘက်ကိုလှည့်ဖြေလိုက်[...]တို ဖုန်းထဲမှကြားပြီး စကားဖြတ်အော်လိုက်ပါသည်။

"ဟုတ် ... ဗျာ ... မဟုတ်ပါဘူး၊ ကျွန်တော် မင်္ဂလာဒုံ"

နှင်းဆီတင်သည် ဒေါသတွေကြားကပင် ရုတ်တရက် [...]န့်သွားပါသည်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကိုလည်း ခုချက်ချင်း [...]ခနဲ ရောက်သွားသလို အဖြစ်အပျက်ကို အာရုံထဲ ဖျတ်ခနဲ [...]ခနဲ ပြန်ကာမြင်လာသည်။ အဲဒီမနက်က ဘယ်သူမှ မသိခဲ့ဘဲ [...]င်းဆီတင် ကိုမောင် မှားနေတဲ့ ခြံကလေးဆီ ရောက်သွားခဲ့သေး[...]ယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီတင် ရောက်လာမှ အိပ်ရာကနိုးတဲ့ ကိုမော
က ငိုကြွေးရန်တွေ့နေတဲ့ နှင်းဆီတင်ကို ထုံးစံအတိုင်း ချော့
နှစ်သိမ့်ပြီး မျက်နှာသစ်ဖို့ ရေချိုးခန်းခဏဝင်သွားပါသည်။ အဲ
အချိန်မှာ၊ အဲဒီအချိန်မှာပဲပေါ့။

နှင်းဆီတင်သည် ကိုကိုမောင့်ကားသော့ကိုယူ၊
ဝင်းထဲ သစ်သားအိမ်လေးရဲ့ နံဘေးမှာပင် ရပ်ထားတဲ့ ကိုကိုမော
ပတ်ဘလစ်ကာကားလေးကိုဖွင့်၊ ကားဘောနက်ကိုဖွင့်၊ ဘရိတ်
ဆီသွားတဲ့ ဘရိတ်ဆီပိုက်ကို နုပ်ကလေးလှည့်ကာ ချောင်အော
လုပ်ပြီး ဆွဲထုတ်။ ဘရိတ်ဆီပိုက်က ဆီတွေဟာ မြေပေါ် တစ
စက် တတောက်တောက် ယိုကျကုန်။

ကားကို ဟန်မပျက် ဘောနက်ပိတ်၊ တံခါး
ခတ်၊ အိမ်ပေါ်ပြန်တက်လာ သော့ပြန်ထားပြီးတဲ့နောက် ကို
ရေချိုးခန်းက ထွက်လာပြီး မကြာခင်ဘဲ နှင်းဆီတင် ပြန်ခဲ့သ
ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ မုန်းတယ်ဆိုတဲ့ စကားကိုယ
စိတ်လိုက်မာန်ပါ အကြိမ်ကြိမ်ရေရွတ်ငိုရှိုက်လို့။

အဲဒီနေ့ မွန်းလွဲပိုင်းမှာ ကိုယ့်ကားကိုယ်မောင်း
ရန်ကုန်က ထွက်ခွာသွားခဲ့တဲ့ ကိုမောင်ဟာ ထောက်ကြံ့
ပဲ ရောက်ရုံမှာ ကားအက်ဆီးဒင့်နဲ့ထိနှင့် ...။

"အို"





နှင်းဆီတင်သည် ကားမောင်းရင်း တဆတ်ဆတ်
တုန်လာကာ ကယောင်ချောက်ချား ချွေးများ ပြန်လာပါသည်။
ဟို ... ကိုမောင်။ ကိုမောင် သေတာ နှင်းဆီကြောင့် ဆိုတာ
လောကကြီးမှာ ဘယ်သူများ သိသေးသလဲ။ နေဝန်းသစ်ကော။
ကိုမောင် သိသမျှကိုပဲ သူသိတာဆိုရင် ဒီကိစ္စဟာ ကိုမောင် မသိ
အောင် နှင်းဆီတင် လုပ်ခဲ့တဲ့ ခိုးကြောင်ခိုးဝှက်ကိစ္စမို့ သူ သိမှာ
မဟုတ်ဘူးပေါ့။

ဒါကို သူသိ မသိ ဆိုတဲ့ သံသယတွေးဟာလည်း
နှင်းဆီတင် အနား နေဝန်းသစ် ရောက်လာကတည်းက ရင်ထဲ
ရှန်းရင်းဆန်ခတ် တိတ်တဆိတ် လန့်စေခဲ့တဲ့ အတွေးပဲ။ သူဟာ
အချို့သော လျှို့ဝှက်သည်းဖိုဇာတ်လမ်းတွေမှာလို နှင်းဆီတင်ရဲ့ပြစ်မှု
ကို ဖော်ထုတ်ဖို့ ရောက်လာတဲ့သူလားလို့တောင် သင်္ကာမကင်း
ဖြစ်ခဲ့မိတာ။ အဲဒီကြားကပဲ ဟိုးတုန်းက အမှတ်တရ အဖြစ်အပျက်
များစွာတို့ကို အတိအကျသိကာ ပြန်ပြီးပြောတတ်တဲ့ နေဝန်းသစ်
ရဲ့စကားတွေကြား မိန်းမူးယစ်မောခဲ့ရတာတွေ။

သူ့ကို စိတ်လည်းလှုပ်ရှား၊ သူ့ကြောင့်လည်းရင်ဖို၊
သူ့အပေါ် ယုံလည်းမယုံရဲ။ ခံစားချက် အထွေအပြားနှင့် တစ်
ယောက်တည်း စစ်ဖြစ်နေရတဲ့ ရင်ထဲကဝေဒနာတလင်းပြင်ဟာ
အကျိုးအပဲ့ အကြေအမွတွေနှင့် စုတ်ပြတ်သတ်လို့ နေခဲ့ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"နေဝန်း"

"ဗျာ"

"မင်း ... မင်း ဘယ်ကိုသွားနေတာလဲ၊ ထောက်ကြံ့ကို သွားနေတာလား"

"မသွားပါဘူး၊ ကျွန်တော်က ထောက်ကြံ့ ဘာဖြစ်လို့သွားရမှာလဲ၊ မင်္ဂလာဒုံလေယာဉ်ကွင်းကို သွားနေတာပါ၊ မမနှင်းဆီ ... ကျွန်တော် ... ကျွန်တော် မမနှင်းဆီကိုလာတွေ့ပါ့မယ်၊ ဆက်မလိုက်ပါနဲ့တော့နော်၊ အန္တရာယ်များပါတယ်၊ မမနှင်းဆီ စိတ်တွေသိပ်လှုပ်ရှားနေတယ်"

နှင်းဆီတင်ရဲ့လေသံကို ကြားရသူတိုင်း အရှုးတစ်ပိုင်း တုန်လှုပ်နေတာကို ရိပ်မိကြမှာချည်းပင်။

"နေဝန်းသစ် ... မင်း ရပ်လိုက်ပါ၊ မင်းကားရပ်လိုက်ပါ [illegible] ကလေး၊ ကိုမောင်လေ ... ကိုမောင်ဟာ ငါ့ကြောင့် ... [illegible] ကြောင့် ထောက်ကြံ့မှာ ကားအက်ဆစ်ဒဲန့်ထ်ဖြစ်ပြီး ..."

တစ်ဖက်က ဖုန်းကိုပြောရင်း နေဝန်းသစ်ကားနောက်က အမီလိုက်နေတဲ့ နှင်းဆီတင်သည် ရှစ်မိုင်လမ်းဆုံမီးပွိုင့်တွင် မီးမဝါခင်လေး အမီဖြတ်ကျော်လိုက်တဲ့ နေဝန်းသစ်ကားကို [illegible] ကြည့်နေမိတာမို့ ကြားကခံနေတဲ့ သူ့ရှေ့ကတစ်စီးကို သတိမပြု [illegible] တဲ့ တစ်ခဏမှာ ထိုကားက ဝါသွားတဲ့ မီးပွိုင့်ကြောင့် ရုတ်တရက် ဘရိပ်အုပ်လိုက်ပါသည်။



နောက်က အရှိန်နှင့် ခပ်ပြင်းပြင်း လိုက်လာတဲ့ နှင်းဆီတင်ရဲ့ကားမှာ အနီးကပ်မှ ရှေ့ကားဘရိတ်မီးနီလင်းလာတာကိုမြင်ကာ ရုတ်တရက် သူ့အရှိန်ကြောင့် ဘရိတ်အုပ်မရတော့ပါ။ ထိုကားကို နောက်ကဝင်မတိုက်အောင် အတင်းကွေ့တက်ကျော်ဖြတ်ပစ်လိုက်ရရင်းက အရှိန်မထိန်းနိုင်ဘဲ ရှေ့ဘက်ယာဉ်ကြောက ကားတန်းဆီ ဒလကြမ်း ခေါင်းထိုးဝင်သွားရပါသည်။

❋ ❤ ❋

နှင်းဆီတင်ရဲ့ခုတင်နံဘေးမှာထိုင်ပြီး စိတ်မကောင်းခြင်းကြီးစွာ စိုက်ကြည့်နေမိကြသူတို့မှာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြပါသည်။ နံရိုးတစ်ချောင်းကျိုးသွား၍ ခွဲစိတ်လိုက်ရသော ... ဆီတင်ရဲ့အခြေအနေက စိုးရိမ်စရာမရှိဘူးလို့ ဆရာဝန်ကြီးက ပြောမှပင် သက်မချနိုင်ကြတာ။

သတိမလည်တစ်ချက် လည်တစ်ချက်တွင် တဖွဖွ ရေရွတ်နေခဲ့တဲ့ စကားများကြောင့် ထိပ်ထားထွေးရော စိမ်းသက်မိပါ ရင်ကိုဖိကာ ဘုရားတခဲ့ရသည်။

"ကိုမောင့်ကားကို ဘရိတ်အုပ်မရအောင် ငါလုပ်လိုက်တာ၊ ကိုမောင့်ကားကို ဘရိတ်ဆီပိုက် ဖြုတ်ထားလိုက်တာ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်သေတာ ရိုစီကြောင့်၊ ကိုမောင့်ကို ရိုစီ သတ်တာပါ"

မမျှော်လင့်တဲ့ ကယောင်ကတန်း စကားတို့ကြောင့် အံ့လည်းသြ၊ အလန့်တကြားလည်းဖြစ်၊ ပါးစပ်ပဲ ပြေးအုပ်ပြီးပိတ်ရတော့မလို၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စိမ်းနှင့်ထွေးတို့ ခေါင်းနပန်းကြီးရသေးသည်။ လုပ်ရက်လိုက်တာလို့လည်း အံ့လည်းသြ၊ ဒီကိစ္စမျိုးကို မျိုသိပ်ကျိတ်မြှိုပြီး ဒီတိုင်းထိန်ချန်ထားလိုက်ရမှာလား။ နှစ်နှစ်ဆယ်ကြာမှ အစပြန်ဖော်ရမှာလား။

နှင်းဆီတင်ကို အံ့သြခါးသီးကာ အလန့်တကြားဒေါသဖြစ်သွားကြပေမယ့် ခုချိန်ကြီးကျမှ ထောင်နန်းစံရမှာမျိုးတော့ မမြင်လိုတာ သူငယ်ချင်းနှစ်ယောက်လုံးရဲ့ တူညီတဲ့အတွေးပါ။

"မမနှင်းဆီက ဒီကိစ္စကြောင့် သူများထက် ပိုခံစားနေခဲ့ရမှာပဲနော်၊ ကျွန်တော် ပေါ်လာတော့ တော်တော်သွေးပျက်ခဲ့မှာပဲ၊ ဒါပေမဲ့ ဒီကိစ္စက မမနှင်းဆီ ထင်နေသလိုမဟုတ်ပါဘူး၊ ဦးကိုကိုမောင်က တစ်ဖက်က ကားတစ်စီးနဲ့တိုက်မိပြီး ကားတိမ်းမှောက်သွားတာ မှန်ပေမယ့် အဲ့ဒါ ဘရိတ်မမိလို့ မဟုတ်ပါဘူး၊ သူ့ဟာသူ ဖြစ်ချင်လို့ ဖြစ်တာပါ၊ အခန့်မသင့်လို့ နှစ်ဖက်လုံးလည်း အရှိန်ပြင်းလို့ ဖြစ်ရိုးဖြစ်စဉ် ကားတိုက်မှုပါ"





စိမ်းနှင့် ထွေးတို့က မျက်ရည်အစွန်းအစတို့ တို့သုတ်ကာ ...

"မင်းက ဘယ်လိုလုပ် သေချာတာလဲ နေဝန်း"

"ဦးကိုကိုမောင်က မမနှင်းဆီ ပြန်သွားပြီးတဲ့နောက်ပိုင်း ခရီးဝေးသွားမှာမို့ ကားကို ဘောနက်ဖွင့် ပြန်စစ်ခဲ့တယ်၊ ဘရိတ်ဆီပိုက်ပြုတ်နေတာ တွေ့တယ်၊ ပြန်တပ်တယ်၊ ဘရိတ်ဆီဖြည့်တယ်၊ ပြန်ပြုပြင်လိုက်နိုင်တဲ့အပြင် အဲဒါ မမနှင်းဆီ လုပ်သွားတာလို့လည်း သူ မသိပါဘူး၊ မတော်တဆ ဖြစ်နေတာ သူ စစ်မိလို့မြင်တာ တော်ပါသေးရဲ့လို့ပဲ တွေးတာ၊ ဒါတွေ သူ့ဒိုင်ယာရီထဲပါတယ်၊ အဲဒီဒိုင်ယာရီကိုဖတ်တုန်းကတည်းက ကျွန်တော်လည်း မတော်တဆပဲလို့ထင်တာ၊ အခုမှ မမနှင်းဆီ ပြောမှသာ ကျွန်တော်လည်း သိတာ ...

အိမ်ကမထွက်ခင် တစ်နာရီလောက်အထိ ဦးကိုကိုမောင်က ဒိုင်ယာရီ ရေးသွားသေးတာပါ၊ တစ်ရက်ရဲ့အဖြစ်အပျက် အသေးစိတ်တိုင်းကို ဒိုင်ယာရီရေးခဲ့တာ၊ ရန်ကုန်က အဖြစ်အပျက်တွေအတွက်ရေးတဲ့ ဒိုင်ယာရီစာအုပ်တင်လေးအုပ်ရှိတယ်၊ ဒါတွေ ကားမှောက်တော့ ကားပေါ်မှာ အတူပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုမောင်ရဲ့အသွား အသွားလာချတော့ အသွား နဲ့အတူပါလာတဲ့ ဦးကိုကိုမောင်ရဲ့ သူငယ်ချင်းက ဦးမင်းဝေဆိုတဲ့ ပန်းချီဆရာပဲ၊ ကျွန်တော့်ကို ပန်းချီသင်ပေးခဲ့တဲ့ သူပါ၊ ဦးကိုကိုမောင်ရဲ့ပစ္စည်းတွေ သူ သိမ်းယူသွားခဲ့တယ်၊ အဲဒီအပြင် တောင်ကြီးအိမ်က ဦးကိုကိုမောင် စုထားတဲ့ စာအုပ်တွေ၊ ပန်းချီနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ၊ ပန်းချီကားတွေပါ ဦးကိုကိုမောင် အသွားဆီက တောင်းယူခဲ့တာ ...

ကျွန်တော် ငယ်ငယ်တည်းက သူ့အိမ်ဝင်ထွက်ပြီး သူ့ပန်းချီဆွဲတာ လေ့လာသင်ယူနေတုန်းကတည်းက ဦးကိုကိုမောင်ပိုင်တဲ့ စာအုပ်စာတမ်းတွေ ထင်းရှူးသေတ္တာနဲ့နှစ်လုံးဟာ ဦးမင်းဝေ အိမ်မှာ၊ ကျွန်တော် ဖတ်ချင်တာဆွဲလွှဲယူဖတ်နေကျ၊ ရန်ကုန်က ဒိုင်ယာရီလေးအုပ်၊ တောင်ကြီးမှာပဲကျန်တဲ့ ဒိုင်ယာရီအဟောင်းတွေ အားလုံး ကျွန်တော် ဖတ်ခဲ့ရတယ် ...

ဦးကိုကိုမောင်က စာရေးကလည်းကောင်းတော့ သူ့ရဲ့ အသေးစိတ် မှတ်တမ်းတွေက ကျွန်တော့်မျက်စိထဲ ရုပ်ရှင်ပြသလိုကို ပေါ်ပြီးစွဲနေတာပါ”

ရဲက သက်ပြင်းလေးတစ်ရှိုက်နှင့် ...





“သူက အဲဒီလေးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို အကြိမ်ကြိမ်ဖတ်ပြီး အရမ်းစိတ်ဝင်စားတာပဲ၊ ကာယကံရှင်ယောက်ျားသေသွားတော့ အမျိုးသမီးသုံးယောက် ဘာတွေဆက်ဖြစ်ကြလဲ သိပ်သိချင်တယ်၊ သူ့ကိုယ်သူ ကိုကိုမောင် ဝင်စားတယ်လို့ ဇာတ်လမ်းဆင်ပြီး သွားတွေ့မယ်လို့ သမီးကို ပြောကတည်းက သမီး တားခဲ့တာ ...

မလုပ်ပါနဲ့၊ ခုလောက်ဆို တည်ငြိမ်နေမယ့် သူတို့ဘဝတွေကို သွားပြီးမလှုပ်ခတ်ပါနဲ့လို့ တားခဲ့ပါတယ်၊ သူကိုက အရမ်းစိတ်ဝင်စားခဲ့တာ၊ ခုတော့ ကြည့်စမ်း ... နေဝန်း၊ နောက်ဆက်တွဲ အကျိုးဆက်တွေ ရုပ်ဆိုးပန်းဆိုးဖြစ်တယ်၊ ဒေါ်နှင်းဆီတင် ခုလိုဖြစ်ရတာ နင့်ကြောင့်”

နေဝန်းသစ်က မျက်ရည်ကြည်ယှက်သမ်းတဲ့ မျက်လုံးအစုံနှင့် ...

“မမနှင်းဆီ သတိရလာရင် ရှိခိုးကန်တော့ပြီး တောင်းပန်မှာပါ၊ မမထွေးနဲ့ မမစိမ်းလည်း ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ၊ ကျွန်တော် ဘာကိုမှ ဆိုးဆိုးဝါးဝါး နစ်နစ်နာနာ မရည်ရွယ်ခဲ့ပါဘူးဗျာ”

ထိပ်ထားထွေးနှင့် စိမ်းသက်မီက နေဝန်းသစ်ကို သက်ပြင်းကိုယ်စီရှိုက်ရင်း ငေးကြည့်နေမိကြပါသည်။ ရှိပါစေ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ခွင့်လွှတ်ပါသည်။ မေ့မယူနိုင်ပါ။ ကိုကိုမောင့် ကိုယ်ပွား လေးလို့ ယုံကြည်ပြီး ထားခဲ့မိတဲ့ သံယောဇဉ်ကတောင် အလွယ် ဖြတ်ဖို့ ခက်နေပြီဟာ။

"သိပ်လည်း စိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ နုလို မင်းရောက်လာပြီး ဒီကိစ္စတွေ ဖြစ်လိုက်မှ နှင်းဆီ ဘယ်လို လုပ်ခဲ့တယ် ဆိုတာလည်း သိရတယ်၊ သူ့စိတ်ထဲ သူ့ရင် ထဲ အနှစ်နှစ်ဆယ်လုံးလုံး အပြစ်ကြီးကြီးနဲ့ တနုံ့နုံ့တမြည့် မြည့် ခံစားနေခဲ့ရတဲ့ ဝေဒနာကြီးရှိမှန်းလည်း သိခဲ့ ရတယ် ...

အဲဒီဝေဒနာကြီးက ခုဆို ပျောက်ပျက်တော့မှာ လေ၊ မင်းဆီက သိရမယ်၊ ဒိုင်ယာရီတွေလည်း သက်သေ ပြနိုင်မယ်၊ သူ့အပြစ်နဲ့ သေရတာ မဟုတ်ဘူးလို့ သူ သိခွင့်ရ ဖြေသိမ့်ခွင့်ရသွားမှာဟာ ဒီကိစ္စကြီး တစ်ခုလုံးက နောက်ဆုံးရတဲ့ အကျိုးအမြတ်ပဲ ...

တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးအမြတ်ပါ၊ နှင်းဆီ အခုခဏ ဝေဒနာခံစားလိုက်ရပေမယ့် တစ်သက်လုံး ကျိတ် ခံစားလာရတဲ့ ဝေဒနာပျောက်ကင်းသွားတော့မှာလေ၊ ဒါ ဟာ မင်းသာရောက်မလာရင် သူ ဘယ်လိုမှ မရနိုင်တော့ မယ့် စိတ်ချမ်းသာမှုပဲလေ နေဝန်း"





"ကျေးဇူးတင်ပါတယ် မမထွေး၊ ကျွန်တော့်ကို ခွင့်လွှတ် တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မမစိမ်းရော ... ကျွန်တော့် ကို တစ်ခုခု ပြောစရာ မရှိတော့ဘူးလားဟင်"

"ရှိတယ်"

စိမ်းသက်မီ မျက်နှာလေးက ပြောပြရခက်တဲ့ ခံစား ချက်တစ်စုံတစ်ရာကို ဖော်ပြနေကာ ခပ်ငေးငေး ခပ်ဆွေးဆွေး။

"မေးချင်တာ တစ်ခုရှိတယ်၊ ထွေးတို့ နှင်းဆီတို့လည်း သိပ်သိချင်ကြမယ့် ပဟေဠိပဲ၊ မင်းက ဒိုင်ယာရီဖတ်ထား ရတဲ့သူမို့လို့ ဟိုးတစ်ချိန်က ဘယ်လိုမှ အဖြေမသိနိုင်ခဲ့တဲ့ ပုစ္ဆာတစ်ခုကို မင်းကိုပဲ မေးရတော့မယ်"

"မေးပါ မမစိမ်း"

"နှင်းဆီတင်၊ ထိပ်ထားထွေး၊ စိမ်းသက်မီ ဆိုတဲ့ သူ့ အတွက် ရူးသွပ်ခဲ့ကြတဲ့ မိန်းကလေးသုံးယောက်ထဲမှာ ကိုမောင်ဟာ ဘယ်သူ့ကို တကယ်ချစ်ခဲ့တာလဲ၊ သနားလို့ မငြင်းပယ်နိုင် မရှောင်နိုင်ခဲ့တဲ့ နှစ်ယောက်က ဘယ်သူလဲ၊ သူ့နှလုံးသားထဲက ပထမဦးဆုံး ဖူးပွင့်လာတဲ့ အချစ်စစ် အချစ်မှန်ကို တကယ်တမ်း ဘယ်သူ့ကို ပေးခဲ့တာလဲ ...

အဲဒါကို ... အဲဒါကို ... သိပါရစေ၊ ဘယ်တုန်းက မှ ကိုမောင် မဖြေခဲ့တဲ့ ဒီအဖြေဟာ သူ့ဒိုင်ယာရီတွေထဲ

www.burmeseclassic.com



မှာတော့ ရှိကောင်းပါရဲ့၊ မင်း ရှာတွေ့ပြီး ဖတ်ပြီးလောက်မှာပါ နေဝန်းသစ် ...

ကိုမောင့်ချစ်သူအစစ်ကို သိပါရစေ"

တိမ်သွားတဲ့ စိမ်းသက်မီ အသံအဆုံးမှာ နေဝန်းသစ် မျက်နှာပြင်ပေါ် ကျရောက်လာသော [illegible]မျှော်လင့်ဇောနှင့် အကြည့်နှစ်စုံတို့ဟာ မျက်လွှာချ ငြိမ်သက်[illegible]နေတဲ့ နေဝန်းသစ်ရဲ့အမူအရာတွင် စိတ်ရှည်လက်ရှည် နှစ်မြောစောင့်စားလျက်ရှိကြတော့သည်။

❋ ❤ ❋

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com